www.burmeseclassic.com

# ပြတ်ငြိမ်း

# ဘဝကိုကြွက်ခြေခတ်ခဲ့ရပေမယ့်

(ဒုတိယအကြိမ်)

MICHAEL AVALLONE

# Madame



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ မဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မောင်ငြိမ်း

(မြန်မာပြန်)

# ဘဝကိုကြက်ခြေခတ်ခဲ့ရပေမယ့်

## MADAME X

By

**MICHAEL AVALLONE**

စီစဉ်သူ ■ ရည်မွန်ဦး

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၀၈၃/၂၀၀၃ (ဂ) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၆ / ၂၀၀၄ (၁) |
| မျက်နှာဖုံးပန်းချီ | ကိုကိုနိုင် |
| ကွန်ပျူတာစာစီ | အောင်စေ |
| | အမှတ် – ၂၁၈၊ ဆိပ်ကမ်းသာလမ်း၊ |
| | ကျောက်တံတားမြို့နယ်။ |
| ပုံနှိပ် | ဒေါ်ခင်လှ (စာပေလောက) |
| | အမှတ် –၁၇၃၊ ၃၃ လမ်း |
| | ကျောက်တံတားမြို့နယ်။ |
| အတွင်းဖလင် | ကိုဦးနှင့်ညီများ |
| ထုတ်ဝေသူ | ဦးမြင့်ဆွေ (ငြိမ်းအေးစာပေ) |
| | ၁၁၅၁၊ အောင်သုခလမ်း၊ |
| | ၄၀–ရပ်ကွက်၊ မ/ဒဂုံမြို့နယ်။ |
| ထုတ်ဝေသည့်ကာလ | ၂၀၀၄–ခုနှစ်၊ ဇန်နဝါရီလ |
| | (ဒုတိယအကြိမ်) |
| အုပ်ရေ – ၅၀၀ | တန်ဖိုး – ၇၅၀ |


BURMESE CLASSIC

" စကားပိတ်ဆက် "

ဆရာမြတ်ငြိမ်း၏ ဘဝကိုကြက်ခြေခတ်ခဲ့ရပေမယ့် ဘာသာပြန်လုံးချင်းဝတ္ထုကို ၁၉၈၇ခုနှစ်၊ စက်တင်ဘာလတွင် စည်သူစိုးစာပေမှ ပထမအကြိမ် ထုတ်ဝေဖြန့်ချိခဲ့သည်။

ယခုတဖန် ရည်မွန်ဦးစာပေမှ ဘဝကိုကြက်ခြေခတ်ခဲ့ရပေမယ့် ဘာသာပြန်လုံးချင်းဝတ္ထုကို ဒုတိယအကြိမ်အဖြစ် စာဖတ်ပရိသတ်တို့ ဖတ်ရှုနိုင်ရန် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

ရည်မွန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ရည်မွန်ဦးစာပေမှ ထွက်ပြီးစာအုပ်များ

၁။ ညီသော်လှ ■ အမေရိကန်ဘီလျံနာ (၄၀)

၂။ ကြည်အေး ■ ကျွန်မပညာသည်

၃။ တင့်ဇော် ■ ရာဘီမြစ်ကိုဖြတ်သန်းခြင်းနှင့် အိန္ဒိယဝတ္ထုတိုများ

၄။ ကြည်အေး ■ မီ

၅။ ကြည်အေး ■ အပြင်ကလူ

၆။ မြတ်ငြိမ်း ■ ဘဝကိုကြက်ခြေခတ်ခဲ့ရပေမယ့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

ဟော်လီပါကာအတွက်တော့ အိပ်မက်တစ်ခု လက်တွေ့အကောင်အထည် ပေါ်လာခြင်းပင်။

သူ့ဘဝ တစ်လျှောက်လုံး စိတ်ကူးယဉ် တမ်းတခဲ့သည့် မျှော်မှန်းချက်တစ်ရပ် ရှိခဲ့၏။ ရွှေရောင်ဝင်းပြက် ရွှန်းလက်သော အနာဂတ်ကို ပိုင်ဆိုင်လိုသည့် ဘဝအိပ်မက်။ ခုတော့ သည်ဘဝ အိပ်မက်သည် တကယ့် နေအလင်းရောင်ထဲတွင် ပြက်ပြက် ထင်ထင်ကြီး ဖြစ်ထွန်း ပေါ်ပေါက်လာပြီကော။ ကြည့်လေ။ ဘော်ငွေရောင် အနားကွပ်များဖြင့် ရိုးလ်စ်ရွိုက်စ်ကားကြီး။ သီးသန့်ဝတ်စုံ ဆင်မြန်းထားသည့် ယာဉ်မောင်းသူ။ တောင်ကုန်း တောင်ကမူများပေါ်မှ စိမ်းရောင်စို ကျေးလက်ရှုခင်းများ။ သည်မြင်ကွင်း အားလုံးက မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြားပင် ကျိန်းစပ်လောက်အောင် တောက်ပနေသည့် အဖြစ်။ ဒါတွေကို သက်တွေ့ဘဝမှာ တကယ်ကြုံတွေ့နေတာ ပါကလားဆိုတာ ဘယ်လို လုပ် ရှင်းပြရမလဲ။ သည့်ထက်မက ပို၍ ယုံတမ်း ပုံပြင်ဆန်နေသည်မှာ သူ့နံဘေးတွင် ကပ်ထိုင်နေသည့် ရွှေမင်းသားလေး။ လှပချောမွေ့သော ရွှေမင်းသားလေးက ပြုံးနေသည်။ ကတ္တီပါဖုံး ကုရှင်ကြီးပေါ်တွင် ထိုင်ရင်း သူ့လက်ကို မလွှတ်စတမ်း ဆုပ်ကိုင်ထားသည်။ ရွှေလက် မြဲမြဲတွဲထားသည်ကို ဘယ်သောအခါမျှ ပြန်မဖြုတ်ချင်တော့သည့်ပုံ။ တကယ်တော့ အိပ်မက်တစ်ခုပါပဲ။

ဟုတ်သည်၊ အိပ်မက်ပဲ ဖြစ်မည်။ ဘာ့ကြောင့်ဆို သူ့ဘဝမှာ ရိုးလ်စ်ရွိုက်စ်ကားကြီးဆိုတာ မရှိခဲ့။ ယာဉ်မောင်းဆရာဆိုတာ မရှိခဲ့။ စိမ်းရောင်စို တောင်တန်းတွေဆိုတာ မရှိခဲ့။ ပို၍ သေချာသည်မှာ ပဉ္စမမြောက် ကလေတန်အင်ဒါဆင် ဆိုသည့် လူတစ်ယောက် မရှိခဲ့။ အင်း၊ ကလေတန်အင်ဒါဆင်ဆိုတဲ့ နာမည်က ရွှေမင်းသားလေးနဲ့ လိုက်လျောညီထွေ မရှိလိုက်တာနော်။

'ဟော၊ ရောက်ပါပြီဗျား မြစိမ်းမြိုင်ကို၊ မြစိမ်းမြိုင်က သိပ်နွေးနွေး ထွေးထွေးကြီးတော့ မရှိလှဘူး၊ ဒါပေမယ့် နေချင့်စဖွယ် အိမ်ကြီးပါ'

ကလေတန်က တစ်ချက်ရယ်ရင်း ပြော၏။ သူ့အသံက ကြည်နူး တက်ကြွနေသည့် အသံ။ အကြင်နာဆက်ကဲနေသည့် အသံ။

မိုးကောင်းကင်ဆီသို့ ထိုးထွက်နေသည့် ထည်ထည်ဝါဝါ သံဝင်းတံခါးကြီးက ဤအိမ်ကြီးမဟာသည် မြစိမ်းမြိုင် ဖြစ်ကြောင်း ကြေညာမောင်းခတ်နေ၏။

ဖိတ်ဖိတ်တောက် ရိုးလ်စ်ရွိုက်စ်ကားကြီး သံဝင်းတံခါးကြီးထဲသို့ လျှောခနဲ ဝင်သွားသည်။ ကားလမ်း တစ်ဖက်တစ်ချက်တွင်





စိုက်ထားသည့် သစ်ပင်ကြီးများက ကားလမ်းကို ကိုင်းချင်းဆက် အုပ်မိုးထားသည်။ သူတို့စီးလာသည့် ကားကြီးသည် အသက်ရှူသံမျှ သော စက်သံဖြင့် သစ်ရိပ်များအောက်တွင် ခရီးဆက်နေ၏။ ကုန်းပေါ် သို့ လှမ်းကြည့်လိုက်လျှင်မူ အိမ်ရာဆောက်လုပ်ရေး စာအုပ် ကြော်ငြာများတွင် ဖော်ပြလေ့ရှိသည့်အိမ်ကြီးရခိုင်များ ပုံစံအတိုင်း မြစိမ်းမြိုင် စံအိမ်ကြီးသည် ငွားငွားစွင့်စွင့် တည်ရှိနေ၏။

ကျောက်တုံး ကျောက်ဂူကြီးများဖြင့် သည်လောက်အထိ မြင့်မြင့်မားမား တည်ဆောက်လို့ ရပါ့မလားဟု ဟော်လီတွေးဆနေ၏။ နောက်ပြီး ဝရန်တာများကလည်း ကျယ်ပြန့်လွန်းလှသည်။ အိမ်ရှေ့ တံခါးမကြီးက ခန့်ညားထည်ဝါလွန်းလှသည်။ သာယာကွင်းမြို့နယ် အတွင်း သူတို့ဖြတ်မောင်းလာသည့် လမ်းတစ်လျှောက် အိမ်ကြီး ရခိုင်ပေါင်းများစွာကို မြင်တွေ့ခဲ့ရပါ၏။ သို့သော် မြစိမ်းမြိုင်ကို မြင်လိုက်သည်နှင့် စောစောက တွေ့ခဲ့ရသည့် စံအိမ်ကြီးများမှာ မယှဉ်သာ လောက်အောင် သေးနုပ်သွားတော့၏။

ဟော်လီက ရင်ခုန်လှိုက်မောစွာ ရယ်လိုက်ရင်း

'ကျွန်မက အခန်းငါးခန်းပါတဲ့ အိမ်ခန်းကြီး တစ်ခန်း ငှားနေရတော့ ငါ့အခန်း တယ်ပြီးခမ်းနားပါလားလို့ အောက်မေ့ နေတာ ရှင့်'

သူ့လက်ဝါးကို ကလေတန်က ဖျစ်ညှစ်လိုက်ကာ

'မြစိမ်းမြိုင်က မင်းကို ကြိုဆိုပါတယ်ကွယ်'

ရိုလ်စ်ရွိုက်ကားကြီး ရပ်သွားပြီ။ ကလေတန် ရုတ်ခြည်း အသက်ဝင်လှုပ်ရှားလာ၏။ နုပျိုလန်းဆန်းသော သူ့မျက်နှာပေါ်တွင် စိတ်အားထက်သန်မှုများ ပေါ်လွင်လျက်။

ထူးခြားသိသာသော အိမ်စေကြီးတစ်ယောက် ရှေ့ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များပေါ်မှ အသော့ပြေးဆင်းလာသည်။ အိမ်စေကြီးက အရပ်ထောင်ထောင်မောင်းမောင်း။ ဆံပင်များ ငွေရောင်သန်းနေပြီ။ အဝတ်အစားများမှာ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်။ အဘိုးကြီးက ဖိမ်ခံကားကြီးတံခါးကို ဆွဲဖွင့်ပေးသည်။ ဆိစိမ်သားရေလို နူးညံ့ချော မွတ်နေသည့် သူ့မျက်နှာပေါ်တွင် ပျော်ရွှင်ကြည်နူးမှု အကြွေးအတွန့်များ ပေါ်လွင်နေ၏။

မြစိမ်းမြိုင်၏ လှပခန့်ညားမှုများတွင် မိန်းမောနစ်မျော နေရာမှ ဟော်လီ ကိုယ့်ကိုယ်ကို လှုပ်နှိုးလိုက်ရ၏။ ခန့်ညား ထည်ဝါလွန်းသည့် အိမ်ကြီးမဟာက ယခင် သူကျင်လည်ခဲ့သည့် ကမ္ဘာငယ်လေးအပေါ် လွှမ်းခြုံစိုးမိုးလွန်းနေသည်။ တကယ်တော့ သည့်လိုစံအိမ်ကြီးမှာ သူ လာနေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စ။ အိပ်မက်ပင် မမက်ရဲသည့်ကိစ္စ။ ယခင် သူ့ကမ္ဘာငယ်လေးမှာဆိုတာက နေရေးစားရေးအတွက် အသည်းအသန် ရုန်းကန်နေကြရသည့် လက်လုပ်လက်စားလူတန်းစားတွေသာ ဝန်းရံနေသည်လေ။

'ခရိုနင်'

ကလေတန် နူးညံ့တိုးတိတ်စွာ ရေရွတ်၏။ လက်တစ်ဖက် ဆန့်တန်းပေး၏။

'သခင်လေး ကလေတန်'

အိမ်စေကြီး လှိုက်လှဲဝမ်းသာ နှုတ်ဆက်၏။ သူ့မျက်လုံးများက ကားထဲမှထွက်လာသည့် ဟော်လီကို လှစ်ခနဲကြည့်၏။

ဩော်၊ သည်လူကြီးကြည့်ရတာ သားနားလိုက်တာနော်၊ သူ့ ကြည့်ပြီး သည်စံအိမ်ရဲ့ အရှင်သခင်ကြီးရယ်လို့ အလွယ်တကူ ထင် သွားလောက်အောင်ကို သားနားတာပါလားဟု ဟော်လီ တွေးနေ၏။

မြစိမ်းမြိုင်၊ သည်အိမ်ကြီးမဟာသို့ ပဌမမြောက် ကလေတန်





အင်ဒါဆင်က သူ့အား သတို့သမီး အသစ်ကျပ်ချွတ်ကလေးအဖြစ် ခေါ်ဆောင်လာခဲ့ပြီ။ သည်စံအိမ်ကြီး၏ လှပခန့်ညားမှုများက သူ့အတွေး များကို ယောက်ယက်ခတ်စေ၏။ သူ့အတွေး ယောက်ယက်ခတ်နေစဉ် မှာပင် သူ့တစ်သက် သတိရနေစေမည့် အသံတစ်သံ လွင့်ပျံလာသည် ကို ကြားလိုက်ရ၏။ အသံက လှိုက်လှဲချိုသာသော အသံ။ ရောမ အိမ်ရှေ့တံခါးကြီးဆီမှ လွင့်ပျံလာခြင်း။

'ဟဲလို ... ကလေးတို့'

သူတို့အား ဆီးကြိုနှုတ်ဆက်ဖို့ ဆင်းလာသည့် အမျိုးသမီး ကြီးကား မဂ္ဂဇင်းစာမျက်နှာများပေါ်မှ လှမ်းထွက်လာသည့် အမျိုးသမီး တစ်ယောက်နှင့် မခြား။ သူ့အဝတ်အစား၊ သူ့အသံ၊ သူ့သွင်ပြင်မှုရာ အားလုံးက သူသည် ယဉ်ကျေးဖွယ်ရာသော အထက်တန်းလွှာမှ ဆင်းသက်ပေါက်ဖွားလာကြောင်း ပြဆိုနေ၏။

'ဟဲလို ... မေမေ'

ကလေတန်ပြုံးပြီး အမျိုးသမီးကြီးကို တစ်ဖြုတ်မျှ ပွေ့ဖက် လိုက်၏။ ပြီးတော့ ခြေတစ်လှမ်းနောက်ဆုတ်ကာ ဟော်လီဘက် လှည့်လျက်

'မေမေ၊ သူက ဟော်လီတဲ့'

'မြစိမ်းမြိုင်က ကြိုဆိုပါတယ် ကွယ်'

အက်စ်တဲလ်အင်ဒါဆင်က သူ့သား မိတ်ဆက်သူကို ဂရု တစိုက်မှုင့် နှစ်လိုခင်မင်စွာ နှုတ်ဆက်သည်

'သမီး ဒီမှာ အရမ်း ပျော်သွားပါလိမ့်မယ် ကလေးရယ်'

'ကျေးဇူးတင်ပါတယ်ရှင်'

ဟော်လီ တုံ့ပြန်စကားဆို၏။ အဘွားကြီး၏ နှစ်လိုချိုသာ မှုနှင့် ဟန်ပန်မှုယာကြောင့် တဖြည်းဖြည်း စိတ်သက်သာရာရလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကလေးတန်က ဟက်ခနဲ ရယ်မောလိုက်ကာ

'သူပျော်ကိုပျော်ရမယ်လေ၊ သူ့ကို ခုလိုခေါ်လာနိုင်ဖို့ ကျွန်တော့်မှာ အသည်းအသန် အားထုတ်ထားရတာဆိုတော့ သူ မပျော်မယ့် အနေအထားမျိုး ရောက်အောင်၊ ကျွန်တော်ဘယ်ထားပါ့မလဲ မေမေရယ်'

'ဟုတ်ပါ့ရှင်၊ ဟုတ်ပါ့ရှင်၊ သားက လိုချင်ပြီဟေ့ ဆိုရင် ဘာမဆို ရအောင်ယူတတ်တဲ့ သားပဲ'

အက်စ်တဲလ် အင်ဒါဆင် လွင်လွင်ကလေးပြော၏။

မြစိမ်းမြိုင်၏ ရွှေတံခါးရှေ့တွင် ခင်းကျင်းပြသနေသည့် ပြကွက်သည် ဟော်လီ့ရင်ကို ဖျက်ခနဲ အေးစက်သွားစေ၏။ သည်မြင်ကွင်းကား သူ့ထာဝစဉ် အမှတ်ရနေစေမည့် မြင်ကွင်း တစ်ကွက်။ ရင်သပ်ရှုမောဖွယ် အိမ်မြင့်ကြီး။ သူကိုယ်တိုင်နှင့် ကလေးတန်တို့ အက်စ်တဲလ်အင်ဒါဆင်ကို စတင်တွေ့ဆုံသည့် မြင်ကွင်း။ တွေ့ဆုံသည့်နေရာက သူ့ယောက်ျားကို မွေးဖွားခဲ့သည့် အိမ်ကြီးမဟာ၏ ရှေ့လှေကားထစ်များပေါ်မှာ။ ဆုပ်ဖမ်း၍ရနိုင်ရန် ခက်ခဲသော ဝါယာကြိုး သေးသေးမျှင်မျှင်လို အရာလေးတစ်ခုက ဟော်လီ၏ မသိစိတ်ထဲမှ သတိပေးခေါင်းလောင်းကို မြည်ဟည်းလာစေ၏။ သည်မြင်ကွင်းမှာ တစ်ခုခုတော့ အံချော်နေပြီ။ အမှားအယွင်း ရှိနေပြီ။ ဘာမှားမှားနေပါလိမ့်။

ဟုတ်တာပေါ့။ ဟော်လီပါကာလို အထီးကျန် မုဆိုးမ တစ်ယောက်ကို ကလေးတန်အင်ဒါဆင်လို လူစားက သဲကြီး မဲကြီး ပိုးပန်းပြီး အရယူလာတယ်ဆိုတာ လက်ခုပ်တီး ကောင်းချီးပေးရမယ့် ကိစ္စမျိုးမှ မဟုတ်ဘဲ။ ကလေးတန်အင်ဒါဆင်ဆိုတာက အမေရိကန်မှာ





အစဉ်အလာ အကြီးဆုံးနှင့် အချမ်းသာဆုံး မိသားစုတွေထဲတွင် တစ်ခု အပါအဝင်ဖြစ်သည့် အင်ဒါဆင် မိသားစု၏ မျိုးနွယ်ဆက် တစ်ဦး မဟုတ်လား။ ယခုကလေးတန်နှင့်သူ အကြင်လင်မယား ဖြစ်လာခြင်းသည် အိပ်မက်တစ်ခုနှယ် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်း ချုပ်ငြိမ်း ပျက်ပြယ်သွားမှာကို စိုးရွံ့ ထိတ်လန့်နေခြင်းလား။ ဒါကြောင့်များ သူ့ရင်ထဲ စနိုးစနောင့် ဖြစ်နေတာလား။

ဟင့်အင်း၊ ဒါလည်း မဟုတ်သေး။ အရာဝတ္ထုများ၏ ယုတ္တိဘဝကို သက်ရှိထင်ရှား အထောက်အထားပြနေသည့် ကလေးတန့် မိခင် တစ်ယောက်လုံး ရှိနေသေးသည်လေ။

ကလေးတန်အမေ၏ သွင်ပြင်က ထူးခြား ထင်ရှားလှသည်။ သူ့အရပ်က ရှည်ရှည်သွယ်သွယ် ပျော့ပျော့ပျောင်းပျောင်း။ သို့သော် အရှုံးမပေးသော အင်အားတစ်ရပ်မှလွဲ၍ တခြားဘာကိုမျှ မတွေ့ မမြင်သာ။ စင်စစ် နွဲ့ပျောင်းပြေပြစ်သည့် သူ့ခန္ဓာကိုယ် အချိုးအဆက်မှာ သူ့အသက်တစ်ဝက်လောက်ငယ်သည့် မိန်းမများပင် မနာလိုချင်စရာကောင်း၏။ ငွေရောင်ဆံပင်များ စွက်နေပြီဖြစ်သည့် ဆံပင်များကို ခပ်တိုတိုပဲ ညှပ်ထားသည်။ ထိုဆံပင်များကို တိတိရိရိ ဘောင်ခတ်ထားသည့် မျက်နှာပေါ်တွင် နိုင်မာထင်ရှားသော ပါးရိုးနှင့် မေးရိုးများရှိ၏။ မေးစေ့ချွန်ချွန်ကလေးကား မြဲမြံသော သန္နိဋ္ဌာန်ရှိခြင်း၏ အမှတ်လက္ခဏာ။

ထိုသို့သော အားတွေမာန်တွေအပြင် သိသာထင်ရှား နေသည့်မှာ အက်စ်တဲလ်အင်ဒါဆင်၏အလှ။ ငယ်ငယ်ကဆို တော်တော် လှမည်။ ခုလည်း လှနေဆဲ။ သည်အလှ ညှိုးမှိန်မသွားစေရေး အတွက် သူ့မှာ ရှိသရွေ့ စွမ်းအား၊ ဓနဥစ္စာများဖြင့် ထိန်းသိမ်းပြုစု ထားပုံရ သည်။ ကလေးတန်၏ မေမေသည် နာရီစက်မောင်းတံကလည်း အမိန့်ကို ဆန့်ကျင်ဖီလာမပြုဝံ့ဘဲ ကျိုးနွံစွာ လိုက်လျောနေရသည်ဟု သူ့အား



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသူတစ်ဦးရင်ထဲ ခံစားရစေ၏။

ဆိုရလျှင် ယခုလက်ရှိ အနေအထားကား ထူးထူးခြားခြား အနေအထားမျိုး။ သူ၏ ချွေးမ အသစ်စက်စက်ကလေးနှင့် ပထမဆုံး အကြိမ် ဆုံဆည်းရခြင်း မဟုတ်လား။ သို့တိုင် သည်ချွေးမလေးကို သူနှစ်မြို့သလား၊ မနှစ်မြို့သလားဆိုတာ ဘယ်သူတစ်ဦး တစ်ယောက်မှ အကဲခတ်လို့ ရနိုင်မည်မဟုတ်။ အက်စ်တဲလ်အင်ဒါဆင်ဆိုတာက သူ့ရင်ထဲ ဘယ်လိုပဲ ခံစားရ ခံစားရ ထာဝစဉ် ပြုံးချိုနေမည့်သူ။

ဟော်လီသည် ပင်ကိုအားဖြင့် စိတ်ပျော့သူ၊ တစ်ဖက်သား အပေါ် ယုံလွယ်တတ်သူ။ သို့တိုင် အက်စ်တဲလ်၏ စိတ်ထားအမှန်ကို ချက်ချင်းလို အကဲဖမ်းမိလိုက်သည်။ ကလေးတန်၏ မိခင်ကား လေနီကြမ်းတိုက်နေလည်း ပြုံးနေမည့်သူ၊ နှင်းမုန်တိုင်းတိုက်နေလည်း နူတ်ခွန်းချိုသာ ဆိုမည့်သူ။

'ဟော၊ မိန်းမ ခိုးလာတယ်ပေါ့လေ၊ မင်္ဂလာဆောင်တွေကို ခမ်းကြီးနားကြီးလုပ်ဖို့ မေမေ ဘယ်လောက် ဝါသနာပါတယ် ဆိုတာ သား သိသားနဲ့ကွယ်၊ ဘယ်လိုဖြစ်ပြီး မိန်းမခိုးလာရတာတဲ့လဲ'

အက်စ်တဲလ်အင်ဒါဆင် အပြုံးမပျက် ဒေါသသံမစွက် အပြစ်တင်စကားဆို၏။ ကလေးတန်ပြုံးပြီး

'မေမေ အဲဒီလို လုပ်မှာစိုးလို့ကို ကျွန်တော်ခုလို လုပ်လာတာပေါ့ မေမေရဲ့'

အဘွားကြီးက သူတို့နှစ်ယောက်ကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ပြီး အိမ်ရှေ့တံခါးမကြီးဆီသို့ ခေါ်သွားသည်။ အဝင်ဝ ရောက်တော့ အဘွားကြီးက တစ်ဖက်သို့ မဆိုသလောက် ကလေး လမ်းတိမ်းပေးပြီး ဟော်လီကို ရှေ့မှဝင်စေ၏။

'ကဲ ခုချိန်ကစပြီး သမီးဟာ ဒီအိမ်ကြီးရဲ့ အိမ်ရှင်မ ဖြစ်သွား





ပြီနော် ကလေးမ'

လှေကားခုံးကို ဖြတ်ကျော်ဝင်လိုက်သည်နှင့် ရှေးဟောင်း ပြတိုက်ကြီးတစ်ခုထဲ လှမ်းဝင်လိုက်ရသလို ဟော်လီခံစားရ၏။ ခေတ်ဟောင်း၏ သူကြွယ်မကြီးများသည် ငွေပုံပေါ်ထိုင်ပြီး ကြော့ကြော့ လေး လှုပ်ရှားခဲ့ကြပုံရ၏။ ဟော်လီ့ ခေါင်းပေါ်တွင် ဖန်သားမီးပန်း ဆိုင်းကြီးတစ်ခု တွဲရရွဲ ခိုနေ၏။ ခန်းဆီးများ လိုက်ကာများမှာ ကတ္တီပါစ တွေချည်း။ မျက်နှာကြက်များမှာ ဝေသီခေါင်မြင့်စွာ။ ကြမ်းခင်းကတော့ ကျောက်သားကြမ်းခင်း။ မှန်သားပမာ ပြောင်လက် နေအောင် တိုက်ချွတ်ထားသည့် စားပွဲများနံဘေးတွင် ရာဇပလ္လင်များလို နန်းဆန်လှသည့် စားပွဲကုလားထိုင်တွေ ခင်းထားသည်။ စားပွဲကုလားထိုင်များနှင့်ခပ်လှမ်း လှမ်းတွင်မူ ကျောက်သားလှေကားကြီးက ခန့်ထည်စွာ မော့တက် သွား၏။ ထိုနောက် ကြယ်တာရာများ ဆီအရောက် လမ်းမကြီးဖောက် ထားသည့်နှယ် မြင်ကွင်းထဲမှ ကွေ့ကောက် ပျောက်ကွယ်သွားသည်။

သူတအံ့တသြ ငေးမောနေသည်ကို အနီးကပ် စောင့်ကြည့် လေ့လာနေသည့် ကလေးတန်နှင့် ကလေးတန့်မိခင် ရှိနေကြောင်း သတိထားလိုက်မိသည်။ သည်တော့ သူ့မျက်လုံးတွေကို မြစိမ်းမြိုင်၏ အလှအပများထံမှ ဖဲခွာလိုက်ရ၏။

'ခမ်းနား လိုက်တာနော်'

ဟော်လီ တအံ့တသြ ရေရွတ်၏။ အက်စ်တဲလ်အင်ဒါဆင်က ဝင့်ကြွားစွာဖြင့်

'သာယာကွင်းမြို့နယ်မှာ မြစိမ်းမြိုင်နဲ့ တန်းတူတဲ့အိမ် တစ်အိမ်မှ မရှိတော့ဘူးလေ ကွယ်'

ခြူးပန်းခြူးနွယ်များဖြင့် အလှဆင်ထားသည့် ညှိခန်းနံရံ များပေါ်တွင် ဓာတ်ပုံခုနှစ်ပုံ၊ လှလှပပ ဘောင်ကွပ်ထားသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြီးစဉ်ငယ်လိုက် တန်းစီ ချိတ်ထားသည်။ နောက်ဆုံး နှစ်ယောက် ဖြစ်သည့် ကလေတန်နှင့် စတုတ္ထမြောက် ကလေတန်က လွဲလျှင် ကျန်ပုဂ္ဂိုလ်ကြီးများမှာ သူတို့ခေတ် သူတို့အခါနှင့်အညီ မုတ်ဆိတ်မွေးတွေ သထားကြသည်။ သူတို့တတွေကို တစ်ယောက်ချင်း ကြည့်ကြည့်၊ အားလုံး ခြုံ၍ ကြည့်ကြည့် အင်ဒါဆင် အမျိုးဆက် ယောကျ်ားများသည် ချမ်းသာကြွယ်ဝကြောင်း၊ ဘဝအာမခံချက် အပြည့်ရှိကြောင်း၊ မာနကြီးကြောင်း ထည်ထည်ဝါဝါ နေတတ်ကြောင်း ပေါ်လွင်နေ၏။

ဘာပဲဖြစ်ဖြစ် သူ့အခန်းကဏ္ဍအရ အရေးပါ အရာရောက်သည့် ပုဂ္ဂိုလ်ဖြစ်နေသည့်တိုင် ကလေတန်း၏ သွင်ပြင်ကတော့ စိတ်ကောင်း နှလုံးကောင်းရှိပုံပါ။ ကြည့်လေ ခုသူ့ဘေးမှာ ရပ်နေတာကိုက ထောင်ထောင်မောင်းမောင်းနှင့် ကျားကျားလျားလျားကြီး။ ကလေဟန်အင်ဒါဆင်သည် မျိုးကြီးဆွေကြီးအနွယ်ဖြစ်၏။ ချမ်းသာကြွယ်ဝ၏။ သို့သော် သူ၏အဓိက အရည်အချင်းမှာ စိတ်ကောင်းနှလုံးကောင်း ရှိခြင်းပင်။ သည်တော့ သည်လိုလူမျိုးကို ဟော်လီချစ်ခင်တွယ်တာ မိသည်မှာ အဆန်းလား။

'ကိုယ့်ရဲ့ ဘိုးဘေးဘီဘင်တွေလေ'

ကလေတန် အသံ ခြောက်ခြောက်ဖြင့် ပြော၏။ ဟော်လီက ရယ်ကာမောကာဖြင့်

'မောင့် ဘိုးဘေးဘီဘင်တွေက ယောကျ်ားတွေချည်းပဲလားဟင်'

ကလေတန် ပြုံးဖြဲဖြဲ လုပ်လျက်

'သူတို့တွေက မိန်းကလေးဆိုယင် မွေးကတည်းက ရေနှစ်သတ်ပစ်တယ်လို့ တီးတိုး သတင်းလေးတွေ ကိုယ်ကြားဖူးတယ်ကွ၊ အေးလေ၊ ဒီမုတ်ဆိတ်မွေး ကားကားနဲ့ ဘူဒါးကြီးတွေကို 'မိန်းကလေး





မွေးတယ်ဗျို့' လို့ ဘယ်သူက ပြောရဲမှာလဲကွာ'

သူတို့နှစ်ယောက်၏ ရယ်သံလွင်လွင်များ ရောထွေး ပျံ့လွင့်သွား၏။ ထိုအခိုက်မှာပင် နောက်နားဆီမှ အက်စ်တဲလ်အင်ဒါဆင်၏ အသံက ထိုးဖောက် ဝင်ရောက်လာသည်။

'ကလေးမ ဟော်လီ၊ သမီးလဲ အထုပ်အပိုးဖြေပြီး အနားယူချင်နေရောပေါ့၊ သမီးတို့အခန်းကို မေမေလိုက်ပြမယ်လေ။ သမီးတို့ ပစ္စည်းတွေ နေရာချထားတော့'

နှစ်ယောက် လက်ချင်းချိတ်တွဲပြီး ကျောက်သား လှေကားကြီးအတိုင်း တက်ခဲ့ကြသည်။ သူတို့ရှေ့မှာ ဦးဆောင်သွားနေသူက အက်စ်တဲလ်အင်ဒါဆင်။ ဟော်လီ့ရင်ထဲတော့ ခုထိမရှင်းသေး။ အဘွားကြီးက သူ့ကို မလိုလားဟု ထင်နေသည်။ ခုချိန်မှာ ပူညံ့ပူညံ့ မလုပ်ချင်လို့ဆိုသည့် သွင်ပြင်ကြီးရှိနေသည်ဟု ခံစားရသည်။ မစ္စစ်အင်ဒါဆင် စောစောက ပြောသွားသည့် စကားလုံးတွေကို ပြန်ဖော်ကြည့်သည်။ သူ့ကို မြစိမ်းမြိုင်၏ အိမ်ရှင်မ ဖြစ်ပြီတဲ့လေ။ အက်စ်တဲလ်အင်ဒါဆင်လို မိန်းမစားက သူ့အိုးသူ့အိမ်ကို ခုလောက် လွယ်လွယ် ကူကူ လက်ပြောင်းပေးတက်သူမျိုးမှ မဟုတ်ဘဲ။ အထူးသဖြင့် တခြားမိန်းမသား တစ်ဦးကိုပေါ့။

အိပ်ခန်းမှာ ပိုးဖဲကတ္တီပါများဖြင့် ဖိတ်ဖိတ်တောက် နေ၏။ ပဥ္စမမြောက် ကလေတန်အင်ဒါဆင်၏ မယားတစ်ယောက် အနေဖြင့် စိတ်ကူးယဉ် ပုံဖော်ထားသည်ထက်ပင် ပိုပြီးခန်းနား တောက်ပြောင်နေသေးသည်။ ရွှေဘောင်ကွပ်ထားသည့် မိသားစု ဓာတ်ပုံများနှင့် လွမ်းမောဖွယ် ရှုခင်းပန်းချီကားတွေက သူ့မျက်လုံး တွေထဲ ပြည့်လျှံနေသည်။ အခန်းပတ်လည်ကာရံထားသည့် ကတ္တီပါနှင့် ပိုးသားများမှာ အသစ်ကျပ်ချွတ်တွေချည်း။ အခန်းနံရံများမှာ မကြာသေးမီကမှ



www.burmeseclassic.com

www.burmeseclassic.com



ဆေးသုတ်ထားသည့်ပုံ။ အိပ်ခန်းကြီးက ကျက်သရေရှိသည်။ ထည်ဝါလွန်းသည်။ သို့သော် နေချင့်စဖွယ်ပါ။

ရောမ ပြတင်းပေါက်ကြီးများမှ လှမ်းကြည့်လိုက်လျှင် သစ်ပင်မြင့်မြင့်မားမားကြီးများကို စီးမိုးမြင်ရမည်။ ပြန့်ပြောသော စားကျက်ခင်းများကို မြင်ရမည်။ ပြင်သစ်တံခါးများကို ဖွင့်လိုက်ပါက လေသာဆောင်ကို ရောက်မည်။ လေသာဆောင်တစ်ခုလုံးကို သံပန်းသံနွယ်များဖြင့် ကြားကြားရွားရွား အလှဆင်ထား၏။

ကလေတန်က အက်စ်တဲလ်အင်ဒါဆင်ကို မျက်စိတစ်ဖက်မှိတ်ပြရင်း

'မေမေက အခန်းအရောင်ကို ပြောင်းထားတာကိုး'

သူ့မေမေက ဟော်လီကို ပြုံးပြသည်။ ဟော်လီ၏ အတည်ပြုချက်ကို တောင်းခံသည့်သဘော။

'သတို့သမီး အသစ်စက်စက်အတွက် ဆေးရောင်လေးလဲ အသစ်စက်စက်ဆိုယင် ပိုကောင်းမလားလို့၊ ဘာပဲဖြစ်ဖြစ်လေ၊ မင်းတို့ ဒီအရောင်မကြိုက်ရင် ကြိုက်တဲ့အရောင် တစ်မျိုးမျိုးရွေးကြပေါ့၊ မေမေ့ကို အားမနာကြနဲ့၊ ကိုယ်နဲ့ တစ်ကြိမ်တစ်ခါမှ မဆုံဖူးတဲ့ လူတစ်ယောက်အတွက် အရောင်ရွေးရတာ မလွယ်ဘူးလေ'

သူ့စကားနောက်ကွယ်တွင် မကျေနပ်မှုကလေး ရေးရေးပါနေသည်ဟု ဟော်လီ ထင်လိုက်မိပြန်၏။

'ရပါတယ် မေမေ၊ ကျေးဇူးတင်ပါတယ်'

ဟော်လီ့ အသံ ခြောက်ကပ်နေ၏။

အမျိုးသမီးနှစ်ယောက် တစ်စက္ကန့်မျှ နှုတ်ဆိတ်သွား၏။ တစ်ယောက်ကိုတစ်ယောက် လှစ်ခနဲ ကြည့်မိကြသည်။ ထိုမျှ တိုတောင်းသော ကာလငယ်လေးအတွင်း သူတို့နှစ်ယောက် ကြားတွင် ဖက်ပြိုင်





ရန်လိုမှုများ ရှိနေကြောင်း နှစ်ယောက်စလုံးသိလိုက်ကြ၏။ ဟော်လီ၏ အိပ်မက်ကမ္ဘာထဲတွင် ရေရာပီပြင်ခြင်းမရှိသော အနှောင့်အယှက် တစ်ခုက ဝင်ရောက်မွှေနှောက်နေလေပြီ။

'ကိစ္စမရှိပါဘူးကွယ်၊ မေမေက သမီးကို ကိုယ့်အိမ်ကိုယ့်ယာလို ခံစားရစေချင်လို့ပါ'

'သမီး သဘောပေါက်ပါတယ် မေမေ'

ဟော်လီ တိုးတိတ်စွာ ပြော၏။ အမျိုးသမီးကြီး၏ မျက်လုံးများက သူ့ကိုတဒင်္ဂမျှသာ ဆက်ကြည့်သည်။ ထို့နောက် တံခါးပေါက်ဘက် လှည့်သွားပြီး သွက်လက်ပေါ့ပါးစွာ ပြော၏။

'သားက သမီးကို အိမ်ထဲအိမ်ပြင် လျှောက်ပြချင် လိမ့်ဦးမယ်၊ မေမေကတော့ နောက်မှပဲ အိမ်တွင်း အဆင်အပြင်တွေ လိုက်ပြပါတော့မယ်'

ကလေတန့် နံဘေးမှ ဖြတ်လျှောက်သွားရင်း သူ့သား၏ ပါးကိုချစ်စနိုး တို့ထိကာ . . .

'သားပြန်ရောက်လာတာ မေမေ ဝမ်းသာပါတယ်ကွယ်'

ကလေတန်ခေါင်းညိတ်မိ၏။ အိပ်ခန်းကို ပျင်းရိပျင်းတွဲ လှည့်ပတ်လေ့လာနေ၏။ ထိုအခိုက်တွင် သူ့ဘဝမှာ အဓိကကျသည့် အမျိုးသမီးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်ကြသည်။ နောက် သူ့မေမေက ဟော်လီကို လှစ်ခနဲနမ်းပြီး အခန်းထဲက ခပ်သုတ်သုတ် ထွက်သွားသည်ကို ကျေနပ်စွာ ကြည့်နေသည်။

သူက အမျိုးသမီးနှစ်ယောက်ကို မြတ်နိုးစွာ ယှဉ်ထိုးကြည့်လိုက်မိ၏။ ဟော်လီကား အငြင်းပွားစရာမရှိအောင် နုပျိုလန်းဆန်းသူ။ သို့တိုင် မြေကြီးဆန်သည်၊ လက်တွေ့ကျသည်။ သူ့မှာ အားမာန်ရှိသည်။ တစ်ဖက်သားကို ရင်ခုန်စေနိုင်စွမ်းသည်။ စာနာ အားလည်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ သူ၏ ရုပ်ရည်ရူပကာ ချောမွေ့ပြေပြစ်ခြင်းကို ထည့်သွင်းမစဉ်းစားသည့်တိုင် သူသည် ပဌမမြောက် ကလေတန် အင်ဒါဆင် ကတော်အဖြစ် ထိုက်ထိုက် တန်တန် သင့်လျော်သူ ဖြစ်၏။ သူယုံကြည်စွဲမှတ်သည့်အတိုင်း သူ့မေမေလည်း သဘောပေါက် လက်ခံလာလိမ့်မည်ဟု ကလေတန် တစ်ထစ်ချ မှတ်ယူထားသည်။ လူ့ဘဝကို ရင်ဆိုင်ရုန်းကန်လိုသည့် ဟော်လီ့အားမာန်ကို မကြာသော ကာလ အတွင်း မေမေသိမြင် လက်ခံလာမှာပါလေ။

သူ့မေမေ အခန်းထဲမှ ထွက်သွားပြီမို့ ကလေတန်က သူ့အမျိုးသမီး၏ အလှအပများကို ဂုဏ်ယူဝင့်ကြွားစွာ ကြည့်လိုက်၏။ သူတွေ့ဖူး မြင်ဖူးသမျှ ရွှေဝါရောင်ဆံပင်နှင့် မိန်းမတွေထဲတွင် ဟော်လီက အလှသရဖူ ဆောင်းထားသူ။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိန်းမတွေထဲတွင် ညို့အား အကောင်းဆုံးမျက်လုံးများကို ပိုင်ဆိုင်သူ။ ဟော်လီလို ဟာသဉာဏ်ရွှင်ပြီး ပင်ကိုအလှရှိသူမှာ ကမ္ဘာပေါ်တွင် ရှာမှရှား။ သူက ဟော်လီရှိရာသို့ လျှောက်သွားသည်။ လက်နှစ်ဖက် ဆန့်တန်းလျက်။

'လာခဲ့စမ်း ဒီကို၊ မြစိမ်းမြိုင်က မင်းကို လိုက်လဲဝမ်းသာကြိုဆိုတဲ့အကြောင်း ကိုယ်ပြလိုက်ချင်လို့'

အခန်းအပြင် လှေကားခုံပေါ်တွင်မူ အက်စ်တဲလ်အင်ဒါဆင် ခဏမျှ ရပ်နားနေသည်။ သူ့စိတ်သူ ထိန်းသိမ်းဖို့ အားထုတ်နေသည်။ သူ့ မျက်ဝန်းလှလှများဝယ် မကြွေသော မျက်ရည်များ ပြည့်လျှမ်းလျက်။ သူ ကြိုတင်စိုးရိမ်နေသည့် နေ့တစ်နေ့ ရှိခဲ့၏။ ယခု ထိုနေ့သည် ပေါ်ပေါက်လာပါပြီကော။ သူ့ရင်ထဲတွင် ခိုတွယ်နေခဲ့သည့် စိုးရိမ်သောက တွေသည် အမှန်တကယ်ဖြစ်ထွန်းလာချေပြီ။ ကလေတန်သည် သူ၏ ဇနီးမယားအဖြစ်၊ အင်ဒါဆင် မိသားစု စာရင်းဝင်အဖြစ် မိန်းမတစ်





ယောက်ကို ရွေးချယ်တော်ကောက်ခဲ့ပြီ။ ထိုမိန်းမကား အညတရ မိန်းမသားမန် တောသူမ။

လှေကားအောက်ခြေမှ အိမ်ဖော်မိန်းမ အယ်လင်း၏ ခြေသံများ ကြားရသည်။ အက်စ်တဲလ်အင်ဒါဆင်၏ ခေါင်းသည် ဆက်ခနဲ မော့သွား၏။ မျက်ရည်ဥများ ကြွေကျလာခြင်းမရှိတော့။ လှေကားထစ်များအတိုင်း ခန့်ခန့်ထည်ထည် ဆက်ဆင်းသွားသည်။ သူ့ကိုယ်လုံး သွယ်သွယ်ကလေးသည် ဘုရင်မတစ်ပါး၏ ကျက်သရေကိုဆောင်လျက် ညက်ညက် ညောညောကလေး ရွေ့လျားသွားသည်။

×

ကလေတန်က ဟော်လီကို ရင်ခွင်ထဲဆွဲသွင်းထားသည်။ ဟော်လီ၏ ပြည့်ဖြိုးသော ကိုယ်ခန္ဓာကို ပွေ့ဖက်ထားသည်။ အမျိုးသမီး၏ မျက်လုံးများကို တမက်တမောငေးကြည့်သည်။ ပြီးတော့ မိန်းကလေး၏ နှာသီးဖျားလေးကို နမ်းသည်။

'ဒီအိမ်ကြီးဟာ ဘယ်လောက် အရှိန်အဝါကြီးပြီး လွှမ်းမိုးနိုင်တယ်ဆိုတာ ကိုယ်မေ့သွားတယ်၊ ဒီအထဲကို မင်းက ဖြုန်းကနဲ ရောက်လာရတာကိုး'

ဟော်လီက မောင့် မေးစေ့အောက်သို့ ခေါင်းခွေ့လိုက်၏။

သည်လိုလုပ်လျှင် မောင်က သိပ်သဘောကျတာ။ မောင့်ပခုံးကြီး နှစ်ဖက်က ကျယ်လွန်းပေစွ။ မောင့်ရဲ့ ကိုယ်သင်းနံ့က မွှေးမွှေး ပျံ့ပျံ့။ မောင်ကား အိပ်မက်တွေ အရည်ပျော်သွားမည်လားဟု တင်နေသည့် သံသယတွေ မပေါ်ပေါက်အောင် ကာဆီး တားမြစ်ထားသည့် မဟာရံ တံတိုင်းကြီး

'ကျွန်မ နေသားကျသွားမှာပါ မောင်၊ ကျွန်မက ကျွန်မကိုယ်ကျွန်မ ရှေးဟောင်း ပြတိုက်ကြီးတစ်ခုရဲ့ ပြတိုက်မှူး ထိုင်ရမယ် မှန်း သိမှမသိခဲ့ပဲကိုး'



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ကလေတန်ပြုံးဖော် ရယ်ဖော်မရ။ ဟော်လီကို လက်တစ်ကမ်း အကွာသို့ တွန်းလိုက်သည်။ ပြီးတော့ ဖနီးချော၏ မျက်လုံးများကို စူးစမ်းစွာ ကြည့်သည်။

'မင်း ကိုယ့်အိမ်ကိုယ့်ယာလို သဘောထား နေနိုင်ပါ့မလား ဟင်'

'မောင့်ရင်ခွင်ဟာ ကျွန်မအိမ် ကျွန်မယာပါပဲမောင်'

သူပြုံးသည်။ ပြီးတော့ ဟော်လီကို ရင်ခွင်ထဲ တင်းတင်း ကျပ်ကျပ် ပွေ့ဖက်ထားသည်။

'ဒါဆိုလဲ ကိုယ့်အိမ် ကိုယ့်ယာလိုပဲ သဘောထားပါတော့ ကွယ်၊ ကိုယ်တို့ ကိုယ့်အိမ် ကိုယ့်ယာနဲ့ နေရတဲ့ တကယ့်အရသာကို ခံစားကြရအောင်ပါ'

အနမ်းချင်း ဖလှယ်လိုက်ကြ၏။ လင်ယောကျ်ား၏ မေတ္တာ လွှမ်းခြုံမှုကြောင့် ဟော်လီ့ရင်ထဲ နွေးထွေးလာသည်။ ဟုတ်ပါသည်။ မြစိမ်းမြိုင်ဆိုတာ တကယ် သက်ရှိထင်ရှား ရှိနေတာပဲ။ ပဉ္စမမြောက် ကလေတန်အင်ဒါဆင် ဆိုတာလည်း တကယ်သက်ရှိထင်ရှား ရှိနေ တာ၊ ဒါတွေ အမှန်တကယ်ရှိနေတာကို အက်စ်တဲလ်အင်ဒါဆင်၏ ခပ်စိမ်းစိမ်း ဆက်ဆံမှုများကပင်လျှင် ပြောင်းလဲပစ်ခြင်းမပြုနိုင်ပါ။ သူသည် မြစိမ်းမြိုင်၏ အိမ်ရှင်မ တကယ်ဖြစ်တော့မှာပါ။ ပြောရမည် ဆိုလျှင် သူက ပဉ္စမမြောက်ကလေတန်အင်ဒါဆင် ကဇော်ဖြစ်နေပြီ မဟုတ်လား။

သည်တော့ စိတ်ကူးယဉ် အိပ်မက်တစ်ခုသည်လည်း လက်တွေ့ဖြစ်လာနိုင်သည်ဆိုတာ ရှင်းနေပါပြီ။ သူ လျှောက်လှမ်း ခဲ့ရသည့် ခရီးလမ်းကို ပြန်ကြည့်လျှင် ယုံနိုင်စရာပင်မရှိ၊ ဆန်ဖရန် စစ္စကို၏ ကမ်းစပ်တစ်နေရာမှသည် သာယာကွင်းမြို့နယ်ဆီအရောက်။





ဟော်လီပါကာအတွက်မူ သည်ခရီးကို လျှောက်လှမ်းခဲ့ရသည်မှာ တစ်ဘဝစာ ကြာညောင်းခဲ့ပေသည်။

ဘာပဲဖြစ်ဖြစ် အရေးကြီးသည်မှာ အသက်ထက်ဆုံး ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသတည်း ဖြစ်ဖို့ပင်။ ဒဏ္ဍာရီပုံပြင်များ နိဂုံးချုပ်လေသည်မှာ သည်သို့ပင်မဟုတ်ပါလား။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

မေလ (၁၃)ရက်၊ စနေနေ့ည ဆယ်နာရီ။

မြစိမ်းမြိုင်တွင် ဗိုချီးသဘင် ဆင်ယင်ကျင်းပ၏။ ပဋ္ဌမမြောက် ကလေတန်အင်ဒါဆင်နှင့်ဇနီးကို ဂုဏ်ပြုကျင်းပသည့် ကပွဲသဘင်။

သည်မျှ ခမ်းနားကြီးကျယ်သော ကပွဲသဘင်ကား ဟော်လီ၏ စိတ်ကူးယဉ် မျှော်မှန်းချက်များကို ရှုပ်ဆင့် အကောင်အထည်ဖော် လိုက်သည်သို့ ရှိ၏။ မည်မျှထိ ခမ်းကြီးနားကြီး ရှိသလဲဆို ခရစ်စမက် အကြိုညာ၊ နှစ်သစ်ကူးအကြိုညနှင့် ကျေးဖူးတော်နေ့တို့ကို အားလုံး စုပေါင်းပြီး တစ်ညတည်း ပြိုင်တူ ကျင်းပနေသည့် အလား။

ဟော်လီ ငယ်ဘ၀က စိတ်ကူးအယဉ်ကြီးယဉ်ခဲ့ဖူးပါသည်။ အုတ်အော်သောင်းနှင်း ကျင်းမနေသည့် ကပွဲသဘင်ကြီး အလယ်တွင်

ရည်မွန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တောက်တောက်ပြောင်ပြောင် ချပ်ဝတ်တန်ဆာများ ဆင်ယင်ထားသည့် မင်းသားချောကလေးတစ်ပါးရှိနေမည်။ ထိုမင်းသားကလေးအပါးတွင် မင်းပရိသတ်အားလုံး၏ အာရုံစုစည်းရာအဖြစ် အလှပဆုံး ပွဲတက်ဝတ်စုံကို ဆင်မြန်းထားသည့် သူကိုယ်တိုင် ရှိနေမည်။ ကဲ ခုတော့ မဖြစ်နိုင်ဘူး တင်ထားသည့် အတွေးယဉ်တွေသည် တကယ် ဖြစ်နေပါပေါ့လား။

မြစိမ်းမြိုင် တစ်ခြံလုံး မီးရောင်များဖြင့် ထိန်ထိန်ညီးနေ၏။ မျက်စိတဆုံး မြင်နိုင်သမျှ ကားဝင်လမ်း တစ်လျှောက်တွင် ကယ်ဒီလက် ကားကြီးတွေ၊ ရိုးလ်စ်ရွိုက်စ်ကားကြီးတွေ၊ ဖိတ်ဖိတ်တောက် နိုင်ငံခြားဖြစ် ကားကြီးတွေ တန်းစီနေ၏။ သည်ကားမျိုးတွေကို ဖက်ရှင်မဂ္ဂဇင်း စာမျက်နှာများပေါ်မှာသာ သူမြင်ဖူးတွေ့ဖူးသည်။

သည်ညကား လှပသောည။

ကောင်းကင်ပြင်တွင် တိမ်စိုင်တိမ်ခဲ တစ်စတလေပင်မရှိ။ ပြည့်ဝန်းသော လမင်းကြီးပဲရှိသည်။ ကြယ်ကလေးများကတော့ မှိတ်တုတ်မှိတ်တုတ် အရောင်ထုတ်လျက် အောက်သို့ ငုံ့ကြည့်နေသည်။ အက်စ်တဲလ်အင်ဒါဆင်၏ ရောင်မျိုးစုံပြိုးပြက် ဝင်းလက်နေသည့် ကပွဲခန်းမကြီးထဲမှ ငြိမ့်ညောင်းသော တေးသံသာကို ကြယ်ကလေးများက စည်းလိုက်နေသည့်ပမာ။

တေးသံသာနှင့်အတူ ထွေးရောယှက်တင် လွှမ်းခြုံနေသည်မှာ ဂုဏ်သရေရှိ စုံတွဲများ၏ ပျော်ရွှင်ချမ်းမြေ့စကားသံသဲ့သဲ့များ။ အကောင်းဆုံး အညွန့်ဆုံးဝတ်စုံများ ဝတ်စားထားသည့် မိန်းမချော များနံဘေးတွင် သပ်ရပ် တောက်ပသော အဖော်မွန်တွေ ရှိနေ၏။

ဒါတွေကိုကြည့်ပြီး ဟော်လီ ရင်ထဲတွင် လှုပ်ရှားနေသည်။ တက်ကြွနေသည်။ သာယာကွင်းမြို့နယ်ရှိ သည်အသိုက်အဝန်းက





သူ့အား ပြန်ဆင်းဖို့ မလွယ်တော့သည့် မိုးမြင့်ယံ တစ်နေရာသို့ တွန်းတင်သွားကြပြီ။

စင်စစ် သည်အခြေအနေမျိုးကို နေ့ချင်းညချင်းတက်လှမ်း ရင်ဆိုင်ရသည်မှာ မလွယ်ကူလှပါ။ သူ၏ ခိုင်ကျည်သော စိတ်ဓာတ်နှင့် သူ့အပါးတွင် ရပ်တည်နေသော ကလေတန်ကြောင့်သာ ဣန္ဒြေမပျက် ရင်ဆိုင်နိုင်ခြင်းဖြစ်၏။

ဘာပဲဖြစ်ဖြစ် သည်ပွဲတစ်ပွဲလုံးကို လွှမ်းမိုး ကွပ်ကဲနေသူက အက်စ်တဲလ်အင်ဒါဆင်။ မြစိမ်းမြိုင်၏ အရှင်သခင်မ အနေဖြင့် သားတော်မောင်၏ ဖနီးအသစ်စက်စက်ကလေးကို ရွှေပွဲလာ မင်းပရိသတ်များနှင့် မိတ်ဆက်ပေးရန်မှာ သူ၏ မဟာတာဝန်။

ကလေတန့်မေမေ ညက်ညက်ညောညော လှုပ်ရှားသွားလာနေပုံ၊ ကျက်သရေအပြည့် ပြောဆိုညွှန်ကြားနေပုံများကို ကြည့်ပြီး ဟော်လီ အံ့သြမဆုံး ဖြစ်နေ၏။ ကြည့်စမ်း သူ့ကြည့်ရတာ ဘယ်လောက်လှသလဲ။ အခြေအနေ အားလုံးကို ထိန်းသွားတာများ ဘယ်လောက်ကျွမ်းကျင်သလဲ။ ဘယ်လောက်လိမ္မာသလဲ။ အက်စ်တဲလ်အင်ဒါဆင်၏ ဆင်ယင်ထုံးဖွဲ့မှု အားလုံးကို ခြုံငုံ ကြည့်လိုက်ရုံဖြင့် သူသည်ဝတ်တက်စားတက်သူဖြစ်ကြောင်း၊ ယဉ်ကျေးသိမ်မွေ့သူ ဖြစ်ကြောင်း ပေါ်လွင်နေ၏။

ဟော်လီက ကလေတန်နှင့် လက်ချင်းချိတ်တွဲကာ အက်စ်တဲလ် နံဘေးတွင် ရပ်နေ၏။ နောက်ပြီး သူအပေါ်ထားသည့် အက်စ်တဲလ်၏ သဘောထားအမှန် ဘယ်သို့ ရှိပါလိမ့်ဟု တွေးနေမိသည်။ အမျိုးသမီးကြီးသည်သူ့အား ငြိုးသူရန်ဘက်ပမာ သဘောထားနေသည်ဟု သူခံစားနေရသည်။ သည်ခံစားချက်ကို ဘယ်လိုမျှ ဖယ်ထုတ်ပစ်လို့ မရ။



www.burmeseclassic.com

www.burmeseclassic.com



သူဆင်ပြင်ထားတာ လှရဲ့လားဆိုတာတော့ မောင့်ကို မေးနေဖို့မလို။ စုံမက်မြတ်နိုးစွာ ကြည့်ကြည့်နေသည့် မောင့်မျက်လုံး ရွဲကြီးတွေက သက်သေထူနေပြီပဲ။ မောင့်မျက်လုံးကြီးတွေက သူ့မျက်နှာမှသည် ပိုးဂါဝန်အောက်နားစအထိ တမက်တမော သိမ်းကျုံးကြည့်နေတတ်သည်လေ။

'အရမ်းလှတာပဲ မိန်းမရာ'

တိုးညင်းစွာ ဂုဏ်ယူလိုက်၏။

'မောင်ကတော့ကော၊ ဟောဒီတစ်ခန်းလုံးမှာ မောင်က အချောဆုံး၊ အခန့်ဆုံး သိရဲ့လား'

ဟုတ်ပါသည်။ အချောဆုံး အခန့်ဆုံး မောင်ပါ။ ပဋ္ဌမမြောက် ကလေတန်အင်ဒါဆင်လေ။ သူဘာ့ယ်သူလဲဆိုတာ အဝေးမှ မြင်ရုံနှင့်ပင် သိသာနိုင်တဲ့ မောင်ပါ။

တဖွဲဖွဲရောက်လာသော ဧည့်သည်တော်များမှာ အပြုံးမျက်နှာများ ညီညာတန်းစီ ဝင်လာသည့်အလား။ ယဉ်ကျေးဖော်ရွေစွာ ဦးညွှတ်နှုတ်ဆက်ကြသည်။ ဂရုတစိုက် ရွေးချယ်သုံးနှုန်းသော၊ စကားလုံးများဖြင့် ချီးမွမ်းထောမနာပြုကြသည်။

ဟော်လီက သိမ်သိမ်မွေ့မွေ့ကလေး နေပြသည်။ နှုတ်ခွန်းချိုသာ စကားများဖြင့် ဖွယ်ဖွယ်ရာရာ ပြောဆိုနှုတ်ဆက်သည်။ သူ့အနေအထိုင် အပြောအဆိုများကို ကလေတန့်မေမေ အောင့်သီးအောင့်သက်ဖြင့် လက်သင့်ခံ ကျေနပ်ရမည်မှန်း သိနေသည်။

ဘာပဲဖြစ်ဖြစ် အခြေအနေအားလုံး အဆင်ပြေနေသည်။ စိတ်လက်ပေါ့ပါးရှိနေကြသည်။ အဆိုးဆုံး အ္တနေအထားကို လွန်မြောက်သွားပြီဖြစ်ကြောင်း ဟော်လီ ခံစားလို့ ရသည်။

ဟော်လီ တစ်သက်တွင် မုလဲတွေ၊ စိန်တွေ သည်လောက်





များများစားစား ဆင်ယင်ထားသည့်မိန်းမတွေကို မကြုံစဖူးခဲ့။ နောက်ပြီး သူတို့ကိုယ်ပေါ်မှ အဝတ်အစားတွေမှာ သာမန်မိန်းမ တစ်ယောက် တစ်နှစ်စာလုပ်ခအားလုံး စုပြီးဝယ်မှရမည့် အဝတ် အစားမျိုးတွေ။

ထိုသို့သော မင်းပရိသတ်အပေါင်းကြားတွင် အက်စ်တဲလ် အင်ဒါဆင်က ကျက်သရေအပြည့်ဖြင့် လှည့်ပတ်သွားလာနေသည်။ အားပါတရ ပြုံးထားသည်။ ဟော်လီကို နောက်ထပ်ရောက်လာသည့် ဧည့်သည်တော်နှစ်ဦးနှင့် မိတ်ဆက်ပေးသည်။

အမျိုးသမီး၏အမည်မှာ မင်စီဘယ်ရင်တန်။ အရပ်ထောင်ထောင် မောင်းမောင်း။

ပုံပန်းက ကြွကြွရွရွ။ လောကွတ်စကား ခပ်များများ။ ပို့မျစ်သော မျက်နှာကလေးပေါ်မှ မျက်လုံးအစုံက အရောင်တဖျပ်ဖျပ်။

သူ့နောက်မှ ပါလာသောပုဂ္ဂိုလ်ကတော့ ခပ်လှိုလှို။ အေးဆေးသည်။ ထိန်းထိန်းသိမ်းသိမ်း ရှိသည်။

ကြော့ကြော့မော့မော့ အမျိုးသမီး၏ ရွှန်းရွှန်းဝေ ခွန်းဆက်စကားများကို အသိအမှတ်ပြုရင်း နောက်နားမှ လူ၏ မျက်လုံးများကို ဟော်လီ သတိပြုမိ၏။ ပြင်းထန်စူးရှသော မျက်လုံးများ။

'ဝမ်းသာပါတယ်၊ ဂုဏ်ယူပါတယ် မစ္စစ်အင်ဒါဆင် ကလေတန်ကို ဘုရားဝတ်ပြုစင်အရောက် နောက်ထပ် ခေါ်သွားနိုင်စွမ်းရှိမယ့် မိန်းမ ဒီကမ္ဘာပေါ်မှာ မရှိတော့ဘူးလို့ ကျွန်မထင်ပါတယ်၊ ဪ . . . ဖေးလ်ဘင်တန်ကိုတော့ ရှင် သိမှာပါနော်၊ ဖေးလ်ဆိုယင် လူတိုင်း သိကြပါတယ်လေ'

ဟော်လီ ပြုံးလိုက်၏။

'ခု ကျွန်မသိပါပြီရှင်၊ ဟဲလို မစ္စတာဘင်တန်'

ထိုလူ ဦးညွှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'သိရတာ ဝမ်းသာပါတယ် မစ္စစ်အင်ဒါဆင်'

အသံက ရင်ထဲမှလာသော အသံမျိုး၊ အသံသြဇာရှိသည်။ အက်စ်တဲလ်အင်ဒါဆင်က မင်စီဘယ်ရင်တန်ကို တစ်စုံတစ်ရာ တိုးတိုးစကား ဆိုနေ၏။ ကလေတန်က ဟော်လီအား ပြုံးပြသည်။ ဖေးလ်ကို ညွှန်ပြကာ

'ပြီးခဲ့တဲ့နှစ် အမေရိကန်သရဖူလုပွဲမှာ ဖေးလ်ရောက်ကိုယ်ရော ဖိုင်နယ်အဆင့်အထိ ရောက်ခဲ့ကြတယ်လေ'

'လေ့ကတော့ တခြားစီပါ'

ဘင်တန်က မချိုပြုံးကလေးဖြင့် စကားပြင်ပေး၏။

'ကျွန်တော့်လေ့က နောက်ဆုံးကနေ ပန်းဝင်တယ်လေ'

သူနှင့်ဟော်လီ မျက်လုံးချင်းဆုံမိသည်။ သူတို့ မျက်လုံးများ၏ အခြေတွင် တစ်စုံတစ်ရာလှုပ်ခတ်သွားသည်။ ဟော်လီခွန်းတုံ့ စကားမဆိုမိ။ သိသာရုံမျှကလေး ခေါင်းညိတ်ပြသည်။

မင်စီဘယ်ရင်တန် ရုတ်တရက် စကားဝင်ပြောပြန်၏။

'တစ်ခါလောက် ကျွန်မတို့ နေ့လယ်စာ အတူစားကြရအောင်လေ၊ ကျွန်မလှမ်းပြီးဖုန်းဆက်ပါ့မယ်၊ သာယာကွင်းမြို့နယ် အကြောင်းတော့ တခြားလူတွေထက် ကျွန်မက ပိုပြောပြနိုင်ပါတယ်'

သူက ဖေးလ်ဘင်တန်အား စကားဝိုင်းအလယ်မှ ညင်ညင်သာသာလေး ဆွဲခေါ်သွားသည်။ အော်ကီကြိုးသိုင်းမဲ့ ပန်းပေါ်မှ ကျော်ကာ ကလေတန့်မေမေကို လှမ်းပြောသည်။

'ညေ့ခံပွဲကတော့ အံ့မခန်းလောက်အောင်ကို ခမ်းနားတာပဲ အက်စ်တဲလ်ရေ'

ကလေတန်က ဟော်လီ့လက်ဝါးကို နွေးနွေးထွေးထွေး ဆုပ်ကိုင်ထားသည်။ ဒီလှိုင်းပမာ တစ်သုတ်ပြီးတစ်သုတ် ပြုံဆင်း





လာသည့် ညေ့်ပရိသတ်များကို တည်ငြိမ်ခန့်ညားစွာ ညေ့်ခံပေးဖော်ရသဖြင့် ကျေးဇူးတင် ဝမ်းမြောက်နေသည့် အလား။

စွဲမက်နှစ်လိုဖွယ်ကောင်းသော လှောင်ပြုံးရှင်တစ်ဦး သူတို့ စကားဝိုင်းထဲ ဝင်လာသည်။ တာဝန်ကျေစွာမော့်ပေးလိုက်သည့် အက်စ်တဲလ်၏ ပါးကို ခပ်သွက်သွက်နမ်းသည်။

'အက်စ်တဲလ် . . . သူငယ်မ၊ ညည်းကတော့ ထုံးစံအတိုင်း လှဆဲပဆဲ ပါပဲဗျာ'

ထိုလူက ပြောရင်းဆိုရင်း ဟော်လီ့တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်သည်။ သူ့အကြည့်က ဖေးလ်ဘင်တန်၏အကြည့်မျိုးမဟုတ်။ သူ့အကြည့်က ပွင့်လင်း ရဲတင်းလွန်းသည်။ အရှက်ကင်းလွန်း သည်။

'ကျေးဇူးတင်ပါတယ်စကော့၊ ဟော်လီ . . . စကော့လူးဝစ်နဲ့ မိတ်ဆက်ပေးပါရစေ'

အက်စ်တဲလ်က ဟော်လီဘက် ကြော့ကြော့လေးလှည့်ပြီး မိတ်ဆက်ပေးသည်။

'ကျန်းမာပါရဲ့လား ရှင်' ဟော်လီ နှုတ်ခွန်းဆက်၏။

'ဩော ၊ သိပ်လှတဲ့ မုဆိုးမလေးဆိုတာ သူငယ်မကိုး'

'ကျွန်မ ခု မုဆိုးမ မဟုတ်တော့ပါဘူးရှင်'

ဟော်လီ အမှန်တကယ်ပင် လေးလေးစားစား ပြန်ဖြေ၏။

'စကော့ရေ' အက်စ်တဲလ် တိုးတိတ်စွာ ဆို၏။ 'ရှင့်နောက်မှာညေ့်သည်တွေ တန်းစီနေသေးတယ်နော်'

သူတို့နောက်ဘက်မှ နားဝင်ပီယံ ဂီတသံပျံ့လွင့်လာသည်။ စကော့လူးဝစ် အားမလိုအားမရဖြင့် ရှေ့ဆက်လျှောက်သွား၏။

အက်စ်တဲလ်အင်ဒါဆင်၏ အသံလွင်လွင် ပေါ်လာပြန်သည်။

'ကဲ ဟော်လီရေ၊ မိတ်ဆက်ပေးပါရစေဦး၊ ဟောဒါက



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာကာလိုင်းနဲ့ ကာလိုင်းကတော်ပဲ၊ သူတို့က တို့များမိသားစုနဲ့ အရမ်းရင်းနှီးသူတွေပေါ့ . . .

ပြောင်လက်ချောမွေ့လှသည့် ကပ္ပဲခန်းကြမ်းပြင်နှင့် သူ့ဖိနပ်များ ထိတွေ့သည်ပင် မထင်ရ။ ဟော်လီက ကလေတန်၏ ကြံ့ခိုင်သော ပုခုံးကြီးပေါ်တွင် နွဲ့လျစွာမေးမှီရင်း ညက်ညောစွာ ကနေသည်။ တူရိယာဝိုင်းက တိုးတိုးဖြေဖြေ တီးခတ်နေသည့် သီချင်းမှာ 'အချစ်လပြည့်ဝန်း'။

ထိုအနိုက် ကလေတန့် ပုခုံးအထက်နားတွင် ဖေးလ်ဘင်တန်၏မျက်နှာ ဘွားခနဲပေါ်လာသည်၊ ချောမောလှပသည့် မျက်နှာက ပြုံးနေသည်။

'တဆိတ် လောက်'

'ဟော၊ မောင်ရင် ဘာလိုချင်လို့လဲကွ'

ကလေတန် ခင်မင်ရင်းနှီးစွာ ဆီးဟောက်သည်။

'မောင်ရင်က အိမ်ရှင်ပဲ၊ သွားညှော်ခံတော့လေကွာ'

သို့သော် သူ့မျက်လုံးများက ဟော်လီ့ မျက်နှာပေါ်မှ စဉ်းငယ်မျှ မရွေ့။ ကလေတန်က မျက်ကန်းတစ်ယောက် မဟုတ်သေး။ သည်တော့ သူ့သူငယ်ချင်း ငမ်းနေသည်ကို မြင်သည်။ သိသည်။

'မောင်ရင် မနာလို တိုရှည်ဖြစ်နေပြီ မဟုတ်လား'

တိုးတိတ်စွာ ရေရွတ်ရင်း ကမ်းလင့်ကြိုဆိုနေသည့် ဖေးလ်ဘင်တန့် လက်ထဲသို့ ဟော်လီကို ထိုးအပ်လိုက်ရသည်။

'ကိုယ်တော့ အရမ်းကို သဘောကျနေပြီကွ'

ဟော်လီကို သူ့ဆီသို့ ဆွဲယူသည်။ မျက်လုံးများက အရောင်တဖျပ်ဖျပ်။

'ကျွန်တော် ဖေးလ်ဘင်တန်ပါ'





'ဪ၊ ဟုတ်ကဲ့' ဟော်လီ ပြုံးလိုက်၏။ 'ဖေးလ်ဘင်တန်ဆိုရင် လူတိုင်း သိကြပါတယ်ရှင်'

ဟော်လီ့စကားကိုကြားတော့ ကလေတန် တဟားဟား ရယ်မောပစ်လိုက်၏။ သူတို့နှစ်ယောက်ကို လက်ဝှေ့ပြပြီး ကကွင်းထဲမှ ထွက်သည်။ ကနေဆဲ ဖြစ်သည့် စုံတွဲအချို့ကြားမှ ကွေ့ကာ ရှောင်ကာ လျှောက်သွားသည်။

ဘင်တန်က ဟော်လီကို အသာအယာ ဆွဲလှည့် လိုက်သည်။ သူ့ အဝတ်အစားများမှာ လက်ရာမြောက်စွာ ချုပ်လုပ်ထားသည့် အဝတ်အစားတွေ။ ညိုမောင်းသော မျက်နှာက ကြံ့ခိုင်သန်မာသည့် မျက်နှာမျိုး။ ခိုင်မာသောမေးရိုးနှင့် တင်းရင်းသော နှုတ်ခမ်းများ ရှိသည်။ ဖေးလ်ဘင်တန်၏ ရုပ်သွင်တွင် မျက်လုံးများသာ အဆင်ကွဲနေသည်။ သူ့မျက်လုံးတွေက ထွင်းဖောက် ကြည့်မြင်တတ်သည့် မျက်လုံးတွေ။ နောက်ပြီး တွေ့သမျှမြင်သမျှကို လှောင်ပြောင်သရော်နေသည့်ပုံ။

ဟော်လီ ရိပ်စားမိလိုက်ပါသည်။ သူသည် လူရွှတ်တစ်ဦးနှင့် တွဲကနေရပါကလားဟု။ ဖေးလ်ဘင်တန်သည် ချမ်းသာကောင်း ချမ်းသာမည်။ သာယာကွင်းမြို့နယ်သား သန့်သန့် ဖြစ်ကောင်း ဖြစ်မည်။ သို့ပေမယ့် သိသာ ထင်ရှားနေသည်မှာ သူသည် မြင်မြင်သမျှကို အငေါ်တူး အရွဲ့တိုက်နေခြင်းပင်။

'ရှေးဟောင်း မွေ့ရာကြီးကို ခင်ဗျား ဘယ်လို သဘောရသလဲ'

ကောက်ကာ ငင်ကာ မေး၏။

'မြစိမ်းမြိုင်ကို ပြောတာလား'

'တခြား ဘာများရှိသေးလို့လဲဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ရှေးဟောင်းအမွေအနှစ်တွေကို မြတ်နိုးပါတယ်'

ဟော်လီ ပြောရင်း ခစ်ခနဲ ရယ်သည်။ 'ဒါပေမယ့် ကျွန်မက ရေပိုက်တွေ ကောင်းပါဦးမလားလို့ စိုးရိမ်နေတာ'

ဖေးလ် ပခုံးတစ်ချက် တွန့်၏။

'ကျွန်တော်တို့ အသိုက်အဝန်းမှာက မျက်နှာစာ အလှပဲ အရေးကြီးတာဗျ ၊ အဲဒါက ကျွန်တော်တို့ရဲ့ ပျက်စီးချွတ်ယွင်းမှုတွေကို ဖုံးထားပေးတယ်လေ'

'အဲဒါကတော့ သာယာကွင်း မြို့နယ်အတွက် ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူးပေါ့နော်'

'ဒီမှာက အဲဒီအကျင့်ကို လေ့ကျင့်ပေးနေတယ်လေ၊ သာယာကွင်းမြို့နယ်က ခပ်တိမ်တိမ် လူတန်းစားတွေ မွေးမြူဖောက်ကားရာ ဌာနကြီး ဖြစ်နေတာကလား'

'ကျွန်မ သိပါပြီ'

ဟုတ်သည် ၊ သူသိခဲ့ပါသည်။ နောက်ပြီး သူတို့ ကိုယ်ခန္ဓာနှစ်ခု ပူးကပ်နေအောင် ဖေးလ်ဘင်တန်က ဆွဲကပ်ထားသည် ကိုလည်း ဟော်လီ ကောင်းကောင်းကြီး သိနေပါသည်။

ဖေးလ် ကပုံက နွဲ့ပျောင်းလှပသည်။ သည်တော့ သူ့ကိုယ်ခန္ဓာကို ကဖော်၏ ကိုယ်ခန္ဓာနှင့် ဆွဲကပ်ထားသည့်တိုင် မသိသာ။

သူတို့နှစ်ယောက် လိမ္မာကျွမ်းကျင်စွာ လှုပ်ရှားနေပုံကို နံဘေးမှ ကြည့်နေသူ တစ်ဦးတလေရှိပါကလည်း ဖေးလ်ဘင်တန်ကို အကကောင်းသူဟု သြဘာပေးမည်သာ ဖြစ်၏။

သူ့ မျက်လုံးတွေက ဟော်လီကို ကြည့်ပြီး ရယ်သွမ်းသွေးနေသယောင်။ ဘာကြောင့်ဆို ဟော်လီ့ မျက်လုံးများတွင် တွေ့တွေ့ချင်း တရင်းတနှီး ပုံစံမျိုးဖြင့် အတင်းဝင်လုံးနေသည့် ဖေးလ်ကို





အပြစ်တင်လိုသည့် အရိပ်အယောင်များ ထင်ဟပ်နေသောကြောင့်ပင်။

'အပေါ်ယံ မျက်နှာစာနဲ့ ပတ်သက်တဲ့ ကိစ္စမျိုးကို ခင်ဗျားသဲသိပ်သဘောတွေ့ပုံမရဘူး မစ္စစ်အင်ဒါဆင် ၊ ခင်ဗျားက တော်တော်ချစ်စရာကောင်းတဲ့ အမျိုးသမီး တစ်ယောက်ပဲ'

သူ့စကားကို ဟော်လီပြန်မဖြေနိုင်မီ အက်စ်တဲလ်အင်ဒါဆင် သူတို့အနား ရောက်လာသည်။ ဖေးလ်ဘင်တန်ကို ခပ်ပြောင်ပြောင်ပင် ပြုံးပြသည်။

'ဟော်လီ ... သမီး ၊ မင်္ဂလာပွဲ ဓာတ်ပုံတွေ ရိုက်ဖို့ အချိန်ကျပြီနော်'

ဟော်လီ ခေါင်းညိတ်၏။ ဖေးလ်ဘင်တန်ကို ကြည့်သည်။

'ကျွန်မကို ခွင့်ပြုပါနော်'

ဖေးလ်က ပခုံးတွန့်လိုက်၏။

'ကျွန်တော့်မှာ ရွေးစရာလမ်း မရှိပါဘူးဗျာ၊ အက်စ်တဲလ်က ကျွန်တော်တို့အားလုံးကို သူ့လက်ခုပ်ထဲ ထည့်ထားတာ ပဲဟာ'

'အေး ၊ အဲဒါကို မင်းဘယ်တော့မှ မမေ့ လေနဲ့နော်'

အက်စ်တဲလ်အင်ဒါဆင် ခြောက်ကပ်ကပ်အသံဖြင့် ပြော၏။ ပြီးတော့ ဖေးလ်လက်ထဲမှ ဟော်လီကို ဆွဲခေါ်သွားသည်။ သူခေါ်ရာသို့ ဟော်လီ လိုလိုချင်ချင် လိုက်လာသည်။ သို့သော် ကကွင်းထဲမှ ထွက်ခွာသွားသည့် သူ့ကို ဖေးလ်ဘင်တန် လိုက်ကြည့်နေမည်မှန် ကျိန်းသေ သိနေသည်။

အက်စ်တဲလ်က ရှေ့မှ ဦးဆောင်ပြီး သူ့ကို ခေါ်သွားသည်။ အက်စ်တဲလ်အမူအရာက ဘယ်လောက် သိသာထင်ရှားလဲဟု ဟော်လီ စဉ်းစားနေ၏။ အက်စ်တဲလ်က လမ်းပြသည်။ အက်စ်တဲလ်က အုပ်ထိန်းသည်။ အက်စ်တဲလ်က စောင့်ရှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အက်စ်တဲလ်၏ ရည်ရွယ်ချက်က ဘယ်လောက်ကောင်းသည်ဖြစ်စေ၊ ဘယ်လောက်စေတနာပါသည်ဖြစ်စေ သူ့ဘဝကို သည်အဘွားကြီး ပုံစံဆွဲပေးတာမျိုးတော့ လက်မခံဟု ဟော်လီ စိတ်ထဲမှ ဆုံးဖြတ်လိုက်သည်။ စောစောက ဖေးလ်ဘင်တန်း၏ ငေါ့တော့တော့ လှောင်တောင်တောင် စကားများကို ဟော်လီ မေ့မေ့ပျောက်ပျောက် မထားနိုင်။ မဥ္စမမြောက် ကလေတန်အင်ဒါဆင်ကတော်အား ကလိလိုက်သည့် စကားများသည် ဖေးလ်ရည်ရွယ်သလောက် ထိရောက်ပါသည်။ သူသည် ရည်ရွယ်သည်ထက် ပို၍လည်း မထိနိုက်။ လျော့၍လည်း မထိနိုက်။

'ပျော်ရဲ့လား ဟော်လီ'

အပြုံးမျက်နှာ ပင်လယ်ပြင်ကြီးထဲ တိုးခွေ့လမ်းတွင် ဝင်ရင်း အက်စ်တဲလ် လေသံမှုဖြင့် မေး၏။

'ဩော် ... ဟုတ်ကဲ့၊ ကျွန်မ မမျှော်လင့်ထားတာတွေ အကုန်ဖြစ်လာတာပါပဲ'

'အင်း ၊ ဒါဆို မေမေ ကျေနပ်ပါတယ်ကွယ် ၊ ကလေတန်ရဲ့ ဇနီး ပျော်ပျော်ရွှင်ရွှင်ရှိဖို့ဆိုတာ မေမေ့အတွက် အရေးကြီးတယ်လေ'

'ပျော်ရွှင်ဖို့ ၊ ဟုတ်လား' ဟော်လီ ခေါင်းယမ်း၏။

'ကျွန်မထက် ဘယ်သူမှ ပိုပြီး မပျော်ရွှင်နိုင်တော့ပါဘူး မေမေရယ်'

'ကောင်းပါလေ့ကွယ် ၊ ဒါလဲ မျှော်လင့်ထားတဲ့ အတိုင်းဖြစ်ရမှာပဲလေ ၊ ဟော ... ဟိုမှာ ခါတ်ပုံဆရာ ၊ ကြည့်စမ်း ကလေတန်ဟာ ရိုးရိုးလေးနဲ့ကို လှနေတာ ၊ ဒါတော့ သမီး သဘောတူရလိမ့်မယ် ၊ သားက သူ့ဖေဖေရဲ့ ရုပ်ပွားလားလို့ ထင်ရတာ ကွယ့်'





'ဟုတ်ပါတယ်မေမေ ၊ မောင်က အရမ်းလှတဲ့လူပါ။ ကျွန်မဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး မိန်းမတစ်ယောက်ပါ'

ဟော်လီ ကျေနပ်နှစ်သိမ့်စွာ ပြော၏။

ကလေတန်ကို ချစ်ခင်မြတ်နိုးမှု တစ်ခုတည်းတွင်သာ သူနှင့်အက်စ်တဲလ်အင်ဒါဆင်တို့ ခြွင်းချက်မရှိ သဘောတူညီမှု ရမည်ဖြစ်ပါသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

မင်္ဂလာ အခမ်းအနား ဓာတ်ပုံသည် 'နယူးယောက်တိုင်း' သတင်းစာ လူမှုရေးကဏ္ဍတွင် ထင်ထင်ရှားရှားကြီး ပါလာသည်။ ဓာတ်ပုံထဲတွင် ဟော်လီနှင့် ကလေတန်တို့ ရပ်နေကြသည်။ သူတို့ ရှေ့တွင်မူ မိုးပျံတိုက်ကြီးလောက် မြင့်မားသည့် မင်္ဂလာကိတ်မုန့် ကြီး။

သတင်းစာ ခေါင်းစီးမှာ ရိုးရိုးလေးပင်။

ပဥ္စမမြောက် ကလေတန်အင်ဒါသင်ကတော်အား
မြို့မျက်နှာဖုံးများက တွေ့ဆုံနှုတ်ဆက်ခြင်း။

ထိုခေါင်းစီး၏ အောက်တွင် ခေါင်းစီးငယ်တစ်ခု ထပ်မံ ဖော်ပြထားသည်မှာ . . .

ညီမွန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကလေတန်အင်ဒါဆင်က ဆန်ဖရန်စစ္စကိုမြို့မှ
ဟော်လီပါကာနှင့် လက်ထပ်လိုက်ခြင်း။

ဤသတင်းကား သူတို့ လက်ထပ်မင်္ဂလာပွဲ အကြောင်း ဓာတ်ပုံမှတ်တမ်းနှင့် သတင်းမှတ်တမ်းတင်လိုက်ခြင်းပေတည်း။ ဤသတင်းကား သူတို့အကြောင်း ဓာတ်ပုံ မှတ်တမ်းနှင့် သတင်း မှတ်တမ်းအဖြစ် အစပျိုးတင်ပြလိုက်ခြင်းပေတည်း။

သူတို့ လက်ထပ်ပွဲသတင်း ဖော်ပြပြီး နောက်ပထမဆုံး အကြိမ်ဖော်ပြခံရသည့် သတင်းမှာ . . .

ပဉ္စမမြောက် ကလေတန်အင်ဒါဆင်နှင့်ဇနီး
ဖန္ဒစ်အက်စ်တဲလ် အင်ဒါဆင်တို့က ကမ္ဘာ့ရာသီ
အခမ်းအနားကို ဖွင့်လှစ်ပေးလိုက်ခြင်း။

နောက် ဓာတ်ပုံတစ်ပုံတွင် ခန့်ချောသော ကလေတန် လုပ်ချောသော ဟော်လီနှင့် သူတို့အနားတွင် ထည်ဝါသော အက်စ်တဲလ် တို့ ပုံတွေ့ပါလာသည်။ ဘယ်နေရာ ဘယ်အခမ်းအနားမဆို အက်စ်တဲလ် နှင့် ကင်းသည်မရှိ။ မြင်းပွဲ၊ ကပွဲ၊ နေ့လယ်စာ စားပွဲ၊ သံရုံးဧည့်ခံပွဲများ အားလုံး အားလုံး သူမပါလျှင် မပြီး။ သူရောက် နေသည်ချည်း။ အက်စ်တဲလ်ကား အားကျစရာကောင်းသော၊ တာဝန် အလွန်ကျေသော မိခင်တစ်ဦးပါ။ ကလေတန်၏ မေမေပါ။

များမကြာမီအတွင်း သူတို့မိသားစုနှင့် ပတ်သက်သည့် သတင်းအကြောင်းအရာများ ပြောင်းလဲလာသည်။ ကလေတန် အင်ဒါဆင်၏ ဘဝကို ပြောင်းလဲစေသည့် အရေးပါ အရာရောက်သော သတင်းတွေ ဆက်တိုက် ပါလာသည်။ ပဋ္ဌမမြောက် ကလေတန် အင်ဒါဆင်သည် သတင်းစာတွေက အာရုံစိုက် အသားပေးခံရသည့် လူရွယ်ကလေးဖြစ်လာပြီ။ တက်လမ်းအများကြီးရှိပြီး အရေးပါသော





လူရွယ် တစ်ယောက်ဖြစ်လာပြီ။

ကလေတန်အင်ဒါဆင် နိုင်ငံခြားရေး ဝန်ကြီးဌာန
ကွန်ဖရင့် တက်ရောက်ရန် ဝါရှင်တန်သို့ သွားခြင်း။

ကလေတန်အင်ဒါဆင်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန
ဝန်ကြီး ပီးလ်ဒင်တို့ လန်ဒန်ကွန်ဖရင့် တက်ရောက်ရန်
ထွက်ခွာသွားခြင်း။

ထိုအချိန် ထိုကာလများတွင် သူသည် တစ်လလုံးလုံး စိတ်ဆင်းရဲစရာကောင်းလောက်အောင် တစ်ကိုယ်တော်ခရီး ထွက်နေရ ခြင်း ဖြစ်၏။ ထို့နောက် . . .

မစ္စစ် ကလေတန်အင်ဒါဆင်က လန်ဒန်မှ
ပြန်လာသော ခင်ပွန်းအား ကြိုဆိုခြင်း။

သည်သတင်းနှင့်အတူ ရှောင်လွှဲမရသည့် သတင်းဓာတ်ပုံ တစ်ပုံလည်း ပါသေးသည်။ ဟော်လီက ကလေတန်ကို ပွေ့ဖက် ကြိုဆိုနေခိုက် သူတို့ နောက်နားတွင် ပြုံးရွှင် ကြည်နူးဖွယ် ရပ်နေသည့် အက်စ်တဲလ်အင်ဒါဆင် ပါဝင်သည့်ပုံ။

ထို့နောက် သတင်းစာနှစ်ကော်လံခွပြီး ခေါင်းစဉ်တပ်ထား သည့်သတင်း။ မိန်းမသား ဘဝတွင် ကြည်နူးစရာ အကောင်းဆုံး သတင်း။

ကလေတန်အင်ဒါဆင်အတွက် သားဦးလေး မွေးဖွားခြင်း။

ခေါင်းစဉ်အောက်တွင်မူ အသေးစိတ် ဖော်ပြထားသည့် သတင်း။

ဆဋ္ဌမမြောက် ကလေတန်အင်ဒါဆင်ကို
သာယာကျွင်းမြို့နယ်တွင် မွေးဖွားခြင်း။



www.burmeseclassic.com

www.burmeseclassic.com



တိတိကျကျ ဆိုရလျှင် သာယာကွင်းမြို့နယ်ရှိ မြစိမ်းမြိုင်စံအိမ်ကြီးမှာ။ သူ့ဖေဖေ၏ အိမ်ကြီးမဟာမှာ။ သူ့ဘွားအေကြီးကနံဘေးတွင် ဂုဏ်ယူဝင့်ကြွားစွာ မတ်တတ်ရပ်လျက်။ အက်စ်တဲလ်အင်ဒါဆင် ဆိုသူက သည်အိမ်ကြီးမှာ အမြဲရှိနေသည်။ မြစိမ်းမြိုင်တည်ရှိနေသရွေ့ ကာလပတ်လုံး သူလည်း ရှိနေမည်သာ။

နှစ်တွေ နှစ်တွေ ကုန်လွန်သွားသည်မှာ မြန်ဆန်လွန်းလှစွာ။ သတင်းဓာတ်ပုံများနှင့် သတင်းမှတ်တမ်းများကို ဖြတ်ပြီး ကပ်ထားသည့် မှတ်တမ်း စာအုပ်ကို ပြန်လှန်ကြည့်မှ ကုန်လွန်ခဲ့သည့် အချိန်များကို မှန်းလို့ရသည်။

'ကလေတန်အင်ဒါဆင် နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား

ဘာလင်သို့ သွားမည်'

ဤကား ကောင်းသောသတင်း။ ဂုဏ်ယူဖွယ် သတင်း။ သူ့ယောက်ျား ဘယ်လောက် အောင်မြင်နေသလဲ။ အရေးပါ အရာရောက်သော ပုဂ္ဂိုလ်များက ကလေတန်အင်ဒါဆင်သည် စောင့်ကြည့်ရမည့် လူရွယ်တစ်ယောက်ဟု သတ်မှတ်ထားကြရပြီ။

သို့သော် ဟော်လီနှင့် သားငယ်ကလေတန်တို့မှာတော့ ကလေတန်ကြီးကို တွေ့ရမြင်ရချိန် နည်းလာ၏။ အရေးတကြီး ခရီးစဉ်များ၊ သံတမန်ခရီးစဉ်များ ...။ ဒါတွေက အမြဲမပြက် ပေါ်ပေါက်လာနေသည့် ကိစ္စတွေ။ အချိန်ကုန်လွန်းလှသည့် ခရီးစဉ်တွေ။

ဘာပဲဖြစ်ဖြစ် သူတို့အနားတွင် အမြဲရပ်တည်နေသူကား အက်စ်တဲလ်အင်ဒါဆင်။ အဓိကရ အမျိုးသမီးကြီး။ အဓိကရ ဘွားအေကြီး။ အစီအစဉ်တွေကို လက်ခံအတည်ပြုသူ။ အစီအစဉ်တွေကို လက်သင့်မခံ ပယ်ချသူ။ ဆဋ္ဌမမြောက်ကလေတန်အင်ဒါဆင်ကလေးကို ချော့မြှူချီပိုးဖို့လက်မနှေးသူ။ ပဥ္စမမြောက်ကလေတန်





အင်ဒါဆင် ကြီးဘက်မှ ကာကွယ်ဖို့အမြဲအသင့်ရှိသူ။ သူအနီးအနားမှာ ရှိနေသရွေ့ ချွေးမတစ်ယောက်အနေဖြင့် ဘာမျှပူပန်စရာမရှိ။ ဘာမျှ လုပ်စရာမလို။ သူစီစဉ်တာနာခံရုံပင်။

မြစိမ်းမြိုင်ကတော့ သူ့သမိုင်းအစဉ်အလာကို ဆက်ထိန်းထားမည်သာ။ အင်ဒါဆင်မျိုးဆက်တွေ ထာဝစဉ် ရှေ့သို့ ဆက်လက်ချီတက်နေမည် မုချ။ သူတို့ စံအိမ်ကြီးရှေ့ရှိ ကတ္တရာလမ်းပေါ်တွင် သစ်ပင်ကြီးများက အကိုင်းအခက်ကြီးများဖြန့်မိုးထားသလို အင်ဒါဆင်များ၏ ဩဇာအာဏာကလည်း မလွဲအသေ ကြီးမားကျယ်ပြန့်နေမည် ဖြစ်၏။

'ကလေတန်အင်ဒါဆင် ပါရီအစည်းအဝေး တက်ရောက်ခြင်း'

ကလေတန်၊ ကလေတန်၊ ကလေတန်။ မြစိမ်းမြိုင်မှာ ဘဝနှင့် ပတ်သက်တာ ဆိုလို့ ဘာမျှ မကြားရ။ ကလေတန် အင်ဒါဆင်၏ ခရီးစဉ်များအကြောင်း၊ သူ လုပ်ဆောင်မှုများ အကြောင်း ဒါတွေပဲ ကြားရသည်။ ဒါတွေပဲ နားထောင်ရသည်။

အချိန်က ဆက်လက် ရွေ့လျားနေသည်။ မညှာမတာ လျှင်မြန်လွန်းစွာ ရွေ့လျားနေသည်။

ဟော်လီမှာတော့ ဘာမျှမတတ်နိုင်။ အနာဂတ်ကိုသာ မျှော်လင့်စောင့်စား နေရသည်။ အပြောင်းအလဲကလေးများ ဖြစ်လာမလားဟူသော မျှော်လင်ချက်ကလေးဖြင့်။

ထို့နောက် .....

သတင်းစာထဲတွင် လေးနှစ်သားအရွယ် ကလေတန်ကလေး၏ ဓာတ်ပုံပါလာသည်။ မွေးနေ့ကိတ်မုန့်ပေါ်မှ ဖယောင်းတိုင်များကို မှုတ်ပြီး မီးငြိမ်းနေသည့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



'ကလေတန်အင်ဒါဆင်လေး လေးနှစ်မြောက်
မွေးနေ့ပွဲကျင်းပခြင်း'

သားငယ်၏ လှပသောအသွား၊ အပြစ်ဆိုစရာ မရှိအောင် သပ်သပ်ရပ်ရပ် ဝတ်စားပြင်ဆင်ထားသော အသွားအက်စ်တဲလ်အင်ဒါဆင်က သားငယ်၏ ပခုံးကလေးကို ကိုင်ထားသည်။ ကင်မရာကိုကြည့်ပြီး ပြုံးနေသည်။ သားငယ်၏ တစ်ဖက်တွင်မူ ဟော်လီအင်ဒါဆင်။ ချောမောလှပသော ဟော်လီလည်း ပြုံးနေသည်။

သားငယ်၏ လေးနှစ်မြောက် မွေးနေ့တွင် ပဉ္စမမြောက် ကလေတန်အင်ဒါဆင် အိမ်မှာမရှိ။ ခရက်များအတွင်း သူက အထူးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေရသည်။ ခုလည်း တရုတ်ပြည်ရောက်နေသည်။

မှတ်တမ်းစာအုပ်တွေ ထူသည်ထက်ထူလာသည်။ အထဲတွင် ကလေတန်၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအကြောင်း မှတ်တမ်းတင်ဓာတ်ပုံတွေ၊ သတင်းတွေ။

သတင်းစာ စာမျက်နှာများသည် အထိးကျန် ဟော်လီ၏ မျက်ရည်များအောက်တွင် မှုန်ဝါးနေ၏။ သို့တိုင် အက်စ်တဲလ် အင်ဒါဆင်ကတော့ အပြုံးမပျက်။ ရင်ကိုကော့ ခေါင်းကိုမော့ထား သည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူ့သားတော်မောင်သည် အမေရိကန်ပြည်ထောင်စုတွင် အရေးပါအရာရောက်ဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာလိမ့်မည်။ ဩဇာတိက္ကမ အကြီးမားဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာလိမ့်မည်။

သူသည် သူ့သားငယ်အတွက် အမွေအနှစ်တွေ မလွဲမသွေ ထားခဲ့လိမ့်မည်။ သူ့အစိုးရအတွက် မော်ကွန်းထိုးလောက်အောင် အလုပ်အကျွေးပြုသွားလိမ့်မည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် အောင်မြင်မှုများစွာကို ရယူပိုင်ဆိုင်သွားလိမ့်မည်။





ကလေတန်အင်ဒါဆင်၏ မယားဖြစ်သူမှာသာ သူ့ ယောက်ျားကို လွမ်းဆွေးတမ်းတနေရသည်။ သည်လူက သူ့အား အသည်းအသန် ချစ်ရေးဆိုခဲ့သူ၊ လက်ထပ်ခဲ့သူ။ ပြီးတော့ သူ့ဘဝ ဟာကွက်ကို ဖြည့်ပေးဖို့ သားတစ်ယောက် ပေးခဲ့သူ။

သို့သော် ဟော်လီ သည်မျှနှင့်မကျေနပ်နိုင်ပါ။ သည့်ထက်မက လိုချင်မက်မောပါသည်။ သူ့ယောက်ျား အမည်စွဲဖြင့် ဖွင့်လှစ်ထားသည့် ယဉ်ကျေးမှုဗိမာန်ကြီးမျိုး မလိုချင်ပါ။ သူ့ယောက်ျားပုံ ရုပ်တုကြီး ထုထားသည်ကိုလည်း မမက်မောပါ။

သူလိုချင်မက်မောသည်မှာ တစ်ခုတည်း။ ယောက်ျားတစ်ယောက်။ သူ့လင်သားတစ်ယောက်။ ဒါပါပဲ။ လူသားအားလုံး အကျိုးကျေးဇူးအတွက် သူတို့ လင်မယား သည့်လောက်ကြီး ခွဲခွာ အနေဝေးနေရသည်ကို ကြိတ်မှိတ် သည်းခံနေရသည်မှာ မဖြစ်သင့်ပါ၊ မတရားပါ။

သူ့သဘောထားသည့် တစ်ကိုယ်ကောင်း ဆန်နေမှန်း ဟော်လီ မသိ မဟုတ်။ သိသည်။ အက်စ်တဲလ်အင်ဒါဆင် ဂုဏ်ယူဝင့်ကြွားသလိုမျိုး သူလည်း မျှဝေဂုဏ်ယူပါသည်။ ခေါင်းမော့ပါသည်။ သို့ပေမယ့် ဒါကတခြား။ သူက မိန်းမသားတစ်ယောက်သာပါ။ သူနေ့စဉ်နှင့်အမျှ လွမ်းမော မျှော်တနေရသည့် လူတစ်ယောက်ကို ရင်ထဲအသည်းထဲက နင့်နေအောင် ချစ်မိသည့် မိန်းမတစ်ယောက် ရိုးရိုးလေးပါပဲ။

သည်တော့ သည်ဖြစ်စဉ်ကြီးက သည်တသက် ပြီးဆုံးဦး တော့မလား။ သူ့အနေဖြင့် လင်တော်မောင် ကလေတန်ကို မီးရထားဘူတာရုံတွေမှာ၊ လေယာဉ်ကွင်း အဆောက်အအုံတွေမှာ၊ လေယာဉ် ခရီးပေါ်မှာပဲ ထာဝစဉ် တွေ့ဆုံနေရတော့မလား။



www.burmeseclassic.com

www.burmeseclassic.com



မောင်တော်ဘုရားက မြစိမ်းမြိုင်၏ မျိုးရိုးဗီဇ အစဉ်အလာကို ထိန်းသောအားဖြင့် ခုလိုပဲ တစ်လထက်မက ကြာသည့် ခရီးစဉ်များကို ဆက်ထွက်နေဦးမှာလား။ သည်လိုတော့ မဖြစ်တန်ရာ။ ကလေတန်အတွက် တစ်စခန်းရပ်ဖို့ အရိပ်အယောင်တွေ မြင်တွေ့နေရပြီ။ သူ့အနာဂတ်ဘဝအတွက် ဝါရှင်တန်က တစ်စုံတစ်ရာ သတ်မှတ်ထားပြီးပါပြီ။ သည်တော့ ကလေတန်၏ မယားအနေဖြင့် ဘာများ တတ်နိုင်ဦးမှာလဲ။ ဝမ်းမြောက်ကျေးဇူးတင်ရုံပေါ့။ အချိန်ယူရုံပေါ့။ တာဝန်ကျေစွာ စောင့်မျှော်နေရုံပေါ့။

စာကြည့်တိုက်ထဲရှိ ကျောက်သား စားပွဲကြီးပေါ်တွင် မှတ်တမ်းစာအုပ် အထပ်ကြီးသည် မြင့်သည်ထက် မြင့်လာသည်။

သည်စာအုပ်တွေကို စီကာစဉ်ကာ နေရာချထားဖို့ အိမ်စေအမျိုးသမီး အယ်လင်းက ကူညီရသည်။ ကလေတန်လေးသည် ပင်လျှင် သည်မှတ်တမ်းများကို ဂုဏ်ယူဝင်ကြွားစွာ ကြည့်တတ်နေပြီ။ လေးနှစ်သား သည်းနုရွယ်ကလေး၏ လတ်ဆတ်သော အတွေးပုံရိပ်များတွင် သူ့ဖေဖေသည် အထူး အရေးပါသူတစ်ဦး အဖြစ် စွဲမက်ခံယူထားပြီ။ ဤကား မြေးငယ်ကို ပြုစုပျိုးထောင်ရင်း အဘွားအက်စ်တဲလ် ရိုက်သွင်းထားသည့် သဘောတရားများ၊ စိတ်ကူးပုံရိပ်များပင်တည်း။

ဟော်လီအတွက်မူ နေဖို့ မဟာစံအိမ်ကြီးတစ်လုံးရှိနေသည်။ ညှော်ခံပွဲတွေ ရှိသည်၊ မင်စီဘယ်ရင်တန်နှင့်တကွ အခြားအထက်တန်းလွှာများနှင့် ဆုံတွေ့ခွင့်ရသည့် အခမ်းအနားများရှိသည်။ သူတို့နောက်ဆွယ်တွင် ရှိနေသူ တစ်ဦးမှာ ဖေးလ်ဘင်တန် မျက်လုံးတွေက တွေးတွေးငေးငေး၊ စူးစူးရဲရဲ။

မြစိမ်းမြိုင်၏ ကမ္ဘာငယ်လေးက ဟော်လီကို ရှုမ်းမိုးထားသည်။





မြစိမ်းမြိုင်၏ ပိုးဖဲကတ္တီပါတွေ၊ တောက်ပြောင်သော ကျောက် သားပြင်တွေ၏ ခမ်းနားထည်ဝါမှုများထဲတွင် ဟော်လီလည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေ၏။ သူသည် သူ့ကိုယ်သူ ပုံမှန် ဖြစ်နေအောင် ရှုးသွပ်မသွားအောင် သာယာကွင်းမြို့နယ်၏ ပွဲလမ်း သဘင်များအပေါ် မှီခိုအားပြုနေရသည်။

လင်တော်လင်ကောင်း ရထားသည့်အတွက် တစ်ကမ္ဘာလုံးက သူ့ကို အားကျကြသည်။ မနာလို ဖြစ်ကြသည်။ သူသည် မျက်လုံးပေါင်း ကုဋေကုဋာ၏ အာရုံစူးစိုက်ရာ ဗဟိုအချက်အချာ ဖြစ်နေသည်။ တကယ်တော့ သူသည် ကလေတန်၏ ဂုဏ်အရှိန်အဝါ ရောင်ပြန်ဟပ်မှု အောက်တွင် ဝင့်ဝင့်ထည်ထည်ရပ်တည်နေရခြင်း ဖြစ်၏ စိန်နားကပ်အရောင်ကြောင့် ပါးပြောင်နေရခြင်းပါ။ ဒါကြောင့်ကလွဲပြီး တခြား ဘာအကြောင်းကြောင့်မျှ မဟုတ်ပါ။

သူ့ဇီဇစိတ်ထဲတွင် ပုန်ကန်ချင်စိတ်ကလေး တစ်စွန်းတစ်စ ရှိနေလျှင်လည်း အက်စ်တဲလ်က ငြိမ်ဝပ်ကျိုးနွံအောင် စီမံပစ်မည်သာ။ ဒါကို သူသိနေသည်။ သို့ပေမယ့် သူ၏ ရင်ဟာင်းလင်း နေ့များကို ပျော်ရွှင် စေအောင် ကြည်နူးအောင် ဖန်တီးပေးနေသည့် ကလေတန်လေး ရှိနေပါသေးသည်။ ပြုံးချိုသော ဖော်ရွေသော သားငယ်၊ သားသားက သူ့ဖေဖေနှင့် တူလွန်းလှသည်။ သဘောထားကြီး သည်။ ရိုင်းပင်းစိတ်ရှိသည်။ စိတ်ရှည်သည်းခံသည်။

ထိုနောက် . . .

မှတ်တမ်းစာအုပ်များတွင် စာမျက်နှာတစ်မျက်နှာ လှန်လိုက်ရပြန်၏။

'မစ္စစ်ကလေတန်အင်ဒါဆင်က နာထာလျှံးမွဲတော်

အလျှံကြမ္မာသဘင်ကို ဦးစီးကျင်းပခြင်း'



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် နာတာလူး ပွဲတော် တစ်ခု။

ပဌမမြောက် ကလေးတန်အင်ဒါဆင် အိမ်မှာ မရှိပြန်။

နာတာလူးသစ်ပင် နောက်တစ်ပင်။

နံဘေးတွင် သူ့ရယ်၊ သူ့ဇနီးရယ်၊ သားငယ်ရယ်နှင့် လက်ဆောင်ပစ္စည်းများ လဲလှယ်နေသည့် ဘွားအေကြီးရယ်။

သာယာကွင်းမြို့နယ်တွင် နောက်ထပ် နှင်းဖုံးသည့် နံနက်ခင်းတစ်ခု။ ထိုအချိန်တွင် အိမ်ဦးနတ်သခင်သည် အိမ်နှင့်ဝေးကွာလွန်းသော ကမ္ဘာ့ထောင့်စွန်းတစ်နေရာတွင် ရောက်နေလေသည်။

တကယ်တော့ မတရား။ မှန်လည်း မမှန်။ မဖြစ်သင့် မဖြစ်ထိုက်။ ဤစကြဝဠာကြီးပေါ်ရှိ စည်းစိမ်ဥစ္စာဂုဏ်စနေ မှန်သမျှ ပုံအောပေးမည်ဆိုလျှင်ပင် ဟာလာဟင်းလင်း အိပ်ရာထဲတွင် ဟော်လီခံစားနေရသည့် အထီးကျန်ဝေဒနာကို ချေဖျက်ပစ်နိုင်မည်မဟုတ်။

သို့သော် နာတာလူး ဘိုးဘိုးကြီး ရှိနေသေးသည် မဟုတ်လား။

ဟော်လီသည် နာတာလူး လက်ဆောင်မွန်ကို ရလိုက် ပါ၏။

အဆိုပါ နာတာလူးပွဲတွင် ကလေးတန်အင်ဒါဆင်သည် အံ့ဩဖွယ် ကောင်းလောက်အောင်၊ မယုံနိုင်စရာကောင်းလောက်အောင် မိုးပေါ်မှ ကျလာသည့်အလား အိမ်ပြန်ရောက်လာသည်။

အဖြစ်အပျက်က ကလေး ကစားသလို ရိုးစင်းလွန်း သည်။

အိမ်ရှေ့တံခါးဆီမှ လူခေါ်ခေါင်းလောင်းက မြည်နေကျ သံစဉ်တစ်စကို မြည်ကြွေးလိုက်၏။ စာကြည့်ခန်းထဲတွင် အလုပ်ရှုပ်နေသည့် ဟော်လီမှာ ရင်ခုန်သံတစ်ချက် ရပ်သွားသည် ထင်ရ၏။ သူမမျှော်လင့်ရဲ။ မျှော်လင့်မထား။ သို့ပေမယ့် အိမ်ရှေ့တံခါးကို ဆွဲဖွင့်လိုက်သောအခါ မောင့်ကို ဘွားခနဲ တွေ့ရသည်။ သူ့ကို ပြုံးကြည့်





နေသည်။ မောင့်ကုတ်အင်္ကျီပေါ်တွင် နှင်းပွင့်တွေ ဖွေးဖွေး လှုပ်လျက်။

'ဟော မောင်ရောက်လာပြီ ၊ မောင်ရောက်လာပြီ'

ကြွတက်လာသော ပျော်ရွှင်ကြည်နူးမှုများကြောင့် သူ့အသံ ဗလုံးဗထွေး ဖြစ်နေသည်။

'မောင် ရောက်အောင် ပြန်လာပြီပေါ့'

'ပျော်ရွှင်ချမ်းမြေ့တဲ့ နာတာလူးပွဲတော် ဖြစ်ပါစေ အချစ်ရယ်'

ကလေးတန် လှိုက်လှဲစွာ ပြော၏။ အမျိုးသမီးကို ရင်ခွင်ထဲ ထွေးယူပွေ့ဖက်လိုက်၏။

သည်အနမ်းကား သတိရ တမ်းတနေရလောက်သည့် အနမ်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ဟော်လီ သစ်သားလှေကားလေးပေါ် ခပ်ဆဆ တက်သွားသည်။ အပေါ်ရောက်တော့ ရပ်သည်။ ထူးထူးခြားခြား မျက်စိပသာဒဖြစ်စေသည့် နာတာလူးသစ်ပင်ကို အပြီးသတ် အလှဆင်နေ၏။

ရောမ အခန်းကျယ်ကြီး၏ မှောင်မည်းသော ပြတင်းပေါက်များမှ လှမ်းကြည့်လိုက်လျှင် ကြယ်တာရာကလေးတွေက မြစိမ်းမြိုင်စံအိမ်ကြီးပေါ်သို့ မှိတ်တုတ်မှိတ်တုတ်ဖြင့် ငုံ့ကြည့်နေသည်ကို တွေ့ရ၏။ ကြီးမားသော မီးလင်းဖိုကြီးက တဟဲဟဲ မြည်သံကို ပျော်ရွှင်မြူးတူးစွာ ထုတ်လွှတ်နေ၏။

သည်နှစ် နာတာလူးပွဲကား ပျော်စရာ အကောင်းဆုံးပွဲတစ်ပွဲဖြစ်ပေမည်။ ဘာကြောင့်ဆို ကလေတန်တစ်ယောက်၏ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီ မဟုတ်လား။ ကလေတန်လေးလည်း သူ့ဖေဖေနှင့်အတူ နေခွင့်ရပြီလေ။ ထင်းရှူးပင်ပေါက်ကလေး၏ အလှတန်ဆာများ ဆင်ယင်ရန် လှမ်းယူလိုက်သည့် ဟော်လီ့လက်များသည် ပျော်ရွှင်မှုကြောင့် တုန်ခါနေ၏။

ဟော်လီ့ကျောဘက် အောက်တည့်တည့်တွင် ကလေတန်။ ရောမလက်တန်းကြီးများတပ်ထားသည့် ကုလားထိုင်ပေါ်တွင် အေးအေးလူလူ အနားယူနေသည်။ ယောကျ်ားသား တစ်ယောက် နှစ်သိမ့်ရောင့်ရဲစွာ အနားယူနေသည့်ပုံ။ ညှပ်ဖိနပ်စီးထားသည့် ခြေထောက်နှစ်ချောင်းကို ကော်ဖီစားပွဲကလေးပေါ် ပစ်တင်ထား၏။ ညာဘက်လက်ထဲတွင်မူ ရှမ်ပိန်ဖန်ခွက်ကို ကိုင်လျက်။ သူ့နံဘေးရှိ ငွေရေခဲခွက်ကြီးထဲမှ ရှမ်ပိန်ပုလင်းထိပ်ပိုင်း ထိုးထွက်နေသည်မှာ ခြောက်လက်မသေနတ်ပြောင်း တစ်ခုပမာ။

အက်စ်တဲလ်အင်ဒါဆင်ကတော့ အဖြူရောင် စက္ကူဘူးထဲမှ ပြောင်လက်တောက်ပသော အလှဆင် ပစ္စည်းကလေးတွေကို ရွေးထုတ်နေ၏။

'အဲဒီ ဆွစ်တမန်တော်ရုပ်ကလေးကို ဘယ်ဘက်နား ရွှေ့ချိတ်ယင် ကောင်းမယ်ကွ'

ဟော်လီ သူ့နောက်ဘက်သို့ လက်လှမ်းသည်။ နှင်းခဲလို ဖြူဖွေးနေသော တမန်တော် အရုပ်ကလေးကို ကိုင်သည်။

'အဲဒါ ဂျာမန် တမန်တော်ရုပ်ကွ'

ကလေတန် အပြစ်တင်သလိုပြော၏။ ဟော်လီက ကူကယ်ရာမဲ့စွာ လက်နှစ်ဖက် ဖြန့်ကားပြသည်။

'ဆွစ်တမန်တော်ရုပ်နဲ့ ဂျာမန် တမန်တော်ရုပ် မောင်ဘယ်လိုလုပ် ခွဲခြားလဲ'





အက်စ်တဲလ်ခေါင်းမော့လာသည်။

'ဆွစ်တမန်တော်ရုပ်တွေက ပိန်တယ်၊ ဂျာမန်တမန်တော်ရုပ်တွေက ဝတယ်လေ'

ကလေတန်က ပါးစပ်ကို လက်ခုံဖြင့် ပိတ်လျက် သမ်းဝေရင်း

'မေမေ၊ မေမေ့ဘက်မှာ ရေခဲပန်းဆွဲလေးတွေ နည်းနေသေးတယ် ၊ နောက်ပြီး ဟောဟိုကြယ်ကြီးကလဲ ကောက်နေတယ် မေမေရဲ့'

'ကျေးဇူးပဲသားရေ့ ၊ မင်းအကူအညီသာ မပါရင် တို့တွေ ဒီ သစ်ပင်ကို ဘယ်လိုလုပ် ကလနား သတ်ရမှန်းသိမှာ မဟုတ်ဘူး'

ကလေတန်က ဟော်လီကို မော့ကြည့်သည်။ ပျိုမျစ်နုနယ်သော သူ့မျက်နှာပေါ်တွင် ထင်ဟပ်နေသည့် ပျော်ရွှင်ချမ်းမြေ့ရိပ်များမှာ ဟော်လီ မြင်သာသည်ထက် ပိုနေ၏။

'ဒါကြောင့် ကျွန်တော်အိမ်ကို အပြေးပြန်လာတာပေါ့ မေမေရ'

ကလေတန် ခပ်ရွှင်ရွှင် ပြော၏။ ဟော်လီ နောက်သို့ လှည့်သည်။ ဆွစ်အရုပ်ကလေးကို ယူသည်။ ပြင်းပြသော ဆန္ဒ၏ တေးသံအဖြစ် သူ့ရင်တွေ တဒိုင်းဒိုင်း ခုန်နေသည်။

'ဪ ၊ မောင်အိမ်ပြန်လာတာ တယ်ပြီး ကြည်နူးဝမ်းသာစရာ ကောင်းပါလား'

သည် ပျော်ရွှင်မှုကို အက်စ်တဲလ်ပင်လျှင် နှောင့်ယှက် ဖျက်ဆီးလို့ ရနိုင်မည်မဟုတ်ပါ။

'ကြိုက်ပြီလား သား'

အက်စ်တဲလ်က အသေးစိတ် အလှပြင်ဆင်ပြီး သွားသော သူ့ဘက်ခြမ်းကို ညွှန်ပြပြီး မေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေတန်က အားရကျေနပ်စွာ ခေါင်းညိတ်ပြသည်။

'နာတာလူး သစ်ပင်ကို အလှဆင်ရတာ ကျွန်တော်က သိပ်ဝါသနာ ပါတာဗျ'

ဟော်လီ လှေကားပေါ်မှ ဆင်းလာသည်။ လက်ချောင်းထိပ်ကလေးများတွင် ကပ်နေသည့် ရွှေချည်မျှင် ငွေချည်မျှ ကလေးများကို သပ်ချသည်။ သူက ကလေတန်အား ပြုံးပြသည်။

'မင်းဆင်တဲ့ ပြင်တဲ့ ဟန်ကလေးလဲ လှပါတယ်'

'သိတယ်မဟုတ်လား ၊ ဒါတောင် ကျွန်မ အစွမ်းကုန်မပြင်သေးလို့လေ'

ဟော်လီ ခါးကိုင်းပြီး လင်တော်မောင်ကို နမ်းလိုက်၏။

အက်စ်တဲလ်က နောက်ဆုတ်ပြီး နာတာလူး သစ်ပင်ကို အသေးစိတ် ကြည့်သည်။ ဟုတ်သည်။ တရားဝင် ကြေညာချက်က သူ့နှုတ်ဖျားမှသာ ထွက်ရမည်လေ။ ဟော်လီသည် ငါးနှစ်တာ ကာလပတ်လုံး အက်စ်တဲလ်နှင့်အတူ နေလာရပြီးမှ အက်စ်တဲလ်အကြောင်း သည်လောက်တော့ သိရမှာပေါ့။

'သစ်ပင် အဆင်အပြင်ကတော့ ပြည့်စုံသွားပါပြီ'

အက်စ်တဲလ်က အဆုံးအဖြတ်ပေးသည့် လေသံဖြင့် ပြောလိုက်၏။

ကလေတန်က ဖန်ခွက်သုံးခွက်ထဲသို့ ရှမ်ပိန်နှင့်ထည့်နေသည်။ သူ့မျက်နှာမှာ ပျော်ရွှင်မှုများဖြင့် ဝင်းပလျက်။

'နာတာလူးသစ်ပင် အလှဆင်ပြီးတဲ့ အထိမ်းအမှတ်၊ ကဲ အမျိုးသမီးတို့ လာကြဗျာ၊ ဒီအထိမ်းအမှတ်ကို ကျွန်တော်တို့ စနစ်တကျ လုပ်ကြရအောင်'

ဟော်လီက ဖန်ခွက်ကို မြှောက်ကိုင်ရင်း လင်သည်၏





မျက်နှာကို တမြေ့မြေ့ ကြည့်နေသည်။ အက်စ်တဲလ်အင်ဒါဆင်၏ အပေါ်ယံအပြုံးကိုလည်း သတိပြုမိသည်။ သူက ဘာကိုမျှ ဂရုစိုက်မနေတော့။ သူ့လင်တော်မောင်သည် နာတာလူးပွဲတော်ကို သူနှင့်အတူနွှဲဖို့ အိမ်ပြန်ရောက်နေပြီမဟုတ်လား။ ဒါပဲအရေးကြီးသည်လေ။ ဒါသည်ပင် သူ့အဖို့ သည်နှစ်ရသည့် လက်ဆောင်မွန်ပါ။ သည်လက်ဆောင်ကို ရနေမှတော့ ကျန်တဲ့ တစ်ကမ္ဘာလုံး ဖြစ်ချင်တာ ဖြစ်သူမမှုတော့။

'ကျွန်မတို့ အားလုံးအတွက် အပျော်ရွှင်တကာ့ အပျော်ရွှင်ဆုံး နာတာလူးပွဲတော်ဖြစ်ပါစေ'

ဟော်လီ လေးလေးနက်နက် ယုံယုံကြည်ကြည် ဆုတောင်းလိုက်၏။

အက်စ်တဲလ် အင်ဒါဆင် ရှမ်ပိန်ကို တစ်စုပ်စုပ်ယူလိုက်၏။ သူ့မျက်လုံးများက ဘာဆို ဘာမျှ မပြော။ ဘာအဓိပ္ပာယ်ကိုမျှ မဖော်ညွှန်း။

×

မီးလင်းဖိုမှ ထွက်ဖြာလာသော မီးရောင်ရင့်ရင့်သည် အိပ်ခန်းနံရံများပေါ်အထိ ပျံ့နှံ့နေ၏။ ပရိဘောဂများ ပိုမို အရောင်လက်လာအောင်လည်း ကူပံ့ပေးနေ၏။

ဟော်လီက လေသာဆောင်ပေါ်တွင် ရပ်နေ၏။ အနက်ရောင် ညဥ့်ဝတ်အင်္ကျီပါးပါးလေးကို ဝတ်ထားသည်။ ချမ်းခြင်း၊ အေးခြင်းကိုမမှု။ လရောင်ဆမ်းသော မြင်ကွင်းကျယ်ရှုခင်းကို ငေးကြည့်နေသည်။

နာတာလူးပွဲ အထိမ်းအမှတ် ပို့စကတ်တွေထဲတွင် သရုပ်ဖော်ထားသည့်အတိုင်း ဖွေးဖွေးကျနေသည့် နှင်းကမ္ဗလာအောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းမြိုင် စံအိမ်ကြီးသည် ဝပ်စင်းနေသည်။ ဟော်လီကတော့ ပျော်နေသည်။ စိတ်အနှောင့်အယှက်ကင်းစွာ ပျော်သည်။ အပြည့် အဝ ပျော်သည်။ သူ့အတွက် ကာလယန္တရားအားလုံး ရပ်ဆိုင်းသွားပြီ။ သည်ညကား နာတာလူးပွဲတော်ည။ သည်ညတွင် သူနှင့်အတူ မောင်ရှိနေမှာ သေချာပြီဆိုတော့ သူ၏ အဖော်မဲ့ နှစ်များသည် အငွေ့ပျံ ပျောက်ကွယ်သွားကုန်ပြီပေါ့။

ညဦ့ဝတ်ရုံခြုံထားပြီး ညှပ်ဖိနပ်စီးထားသည့် ကလေတန်က ဟော်လီ့နောက်သို့ ရောက်လာသည်။ ဆံပင်တွေ ပွယောင်းယောင်း ဖြင့်။ သူက ချစ်ဇနီးကို နောက်ဘက်မှ သိုင်းဖက်လိုက်၏။ ဟော်လီ့ နားရွက်ကို ပါးစပ်ဖြင့် ငုံခဲဆော့ကစားသည်။ ဟော်လီမှာ မထင် မှတ်ဘဲ တစ်ကိုယ်လုံး တသိမ့်သိမ့် တုန်သွားသည်။

'ချမ်းနေပြီလား' ညင်သာစွာ မေး၏။

'အို ... မောင်ရယ် ၊ မောင် အိမ်ပြန်ရောက်လာတဲ့ အတွက် အရမ်းကျေနပ် နေရပါတယ်'

အမျိုးသမီးကို သူ့ဘက်ဆွဲလှည့်မနေဘဲ နောက်ဘက်မှ ပင် နမ်းလိုက်၏။

'အိမ်ပြန်လာရတဲ့အတွက် မောင်လဲ အရမ်းကျေနပ်ရပါ တယ်ကွယ်'

ဟိုးအဝေး ရွာကလေးဆီမှ ဘုရားကျောင်း ခေါင်းလောင်း သံများ လွင့်ပျံလာသည်။ ဟော်လီက အေးစက်မှုန်ဝါးသည့် ညဖော တေးသံသာ လာရာဆီသို့ လှမ်းကြည့်နေသည်။

'ခုချိန်ဟာ သာယာကွင်းမြို့နယ်မှာ ညဦး သန်းခေါင်ယံပဲ ဒီနှစ် နာတာလူးပွဲကတော့ ကျွန်မတစ်သက်မှာ အပျော်ရဆုံး နာတာ လူးပွဲပါပဲ မောင်ရယ်'





'နာတာလူးပွဲတော်ချိန်တိုင်း မင်း ဒီစကားပြောနေကျပဲဟာ'

'တစ်နှစ်ပတ်လုံးမှာ ဒီအချိန်ဟာ ကျွန်မအမြတ်နိုးဆုံး ထင်ပါ ရဲ့နော်'

ကလေတန်က အမျိုးသမီးကို နမ်းသည်။ အနမ်းကို မခွာ။ ဆက်နမ်းနေသည်။ သည်အနမ်းက သူတို့နှစ်ယောက်စလုံးကို အိပ် ခန်းဆီသို့ တွန်းပို့လိုက်၏။ အိပ်ခန်းထဲရှိ မီးလင်းဖိုမှ မီးကျီခဲများမှ မီးရှိန်လျော့နေပြီ။ လိမ္မော်သွေး အလင်းရောင်တန်းများသာ ဖြာထွက် နေ၏။ သူတို့အိပ်ခန်းကြီးသည် အိပ်မက်များကို လက်တွေ့ အကောင် အထည် ဖော်နိုင်စွမ်းသည့် နှင်းဆီမွေ့ရာကြီးနှင့် တူ၏။

ဟော်လီမှာ ဝမ်းသာကြည်နူးလွန်းသဖြင့် မျက်ရည်မကျဘဲ မနေနိုင်တော့ပါချေ။

×

လူသားတွေ တီထွင် ဖန်တီးထားသည့် ကလေးကစား စရာ များထဲတွင် ဤလျှပ်စစ်ရထားကလေးသည် စိတ်ကူးဉာဏ် အကောင်းဆုံး ကစားစရာတစ်ခုဖြစ်ပါသည်။ ရထားကလေးက ပုံစံငယ် ရွာကလေးများကို ကွေ့ပတ်သွားသည်။ တံတားများပေါ် ဖြတ်သွား သည်။ လိုဏ်ခေါင်းများအောက်မှ ဝင်သွားသည်။

ဒါကို ကြည့်ပြီး ကလေတန်လေးလည်း သူတွေးသလိုပင် တွေးနေကြောင်း ဟော်လီသိနေသည်။ သားငယ်၏ မြူးတူးစွာ အော်ဟစ်သံများ၊ လက်ခုပ်သံများသည် သူတို့ရှိနေသည့် စာကြည့် ခန်းကို ပျော်ရွှင်မှုလှိုင်းများဖြင့် ပြည့်လျှမ်းနေစေ၏။ ဟော်လီ့ရင်မှာ ပျော်ရွှင်ကြည်နူးမှုများဖြင့် မောက်လျှံ နေပါသည်။

ဩော် ... ခု ဖြစ်နေတာတွေ တကယ်မှ ဟုတ်ပါလေစ။ ကလေတန် အိမ်ပြန်ရောက်နေခြင်း၊ သားတော်မောင်က သူ့နံဘေးမှာ။



www.burmeseclassic.com

www.burmeseclassic.com



သားအဖတွေ နာတာလူး လက်ဆောင်များဖြင့် ဆော့ကစားလျက်။

ရထားကလေးသည် 'အယ်လ်ဘာနီ'ဟု ဆိုင်းဘုတ်တပ်ထားသည့် ဘူတာဆီသို့ ခုတ်မောင်းနေသည်။

'ခုရပ်မယ့် ဘူတာကတော့ ဗာကျီးနီးယားစီးတီး ဘူတာ ဖြစ်ပါတယ်၊ စင်ထရယ်စီးတီး၊ ဘူလ်ဒါ၊ ဒင်ဗာသို့ ခရီးဆက်မည့် ခရီးသည်များ ယခုရပ်မည့်ဘူတာမှာ ရထားပြောင်းစီးရပါမယ်ရှင်'

ဟော်လီက သံနေသံထားဖြင့် ကြေညာသည်။

'ဒင်ဗာ ဟုတ်လား၊ ကိုယ်တို့ အယ်လ်ဘာနီဘူတာကို ဝင်နေတာလေ၊ ဘူတာမှာ ရေးထားတာကို မဖတ်တတ်ဘူးလားကွ'

ကလေတန်ကြီးက ပြော၏။ နောက်ပြီး ရထားလမ်း လုပ်သားဆောင်း ဦးထုပ်ဖြင့် သားနားနေသည့် ကလေတန်ကလေးကို ငေးကြည့်နေသည်။

'ကျွန်မရဲ့ စိတ်ကူးစိတ်သန်းလောက်နဲ့ ဖတ်လို့မရပါဘူးရှင်'

ဟော်လီ ခပ်မြူးမြူးပြော၏။ ကလေတန်က ဇနီးသည်အား မြတ်နိုးစွာ လှမ်းကြည့်ရင်း

'မင်းမှာ အလှပဆုံး စိတ်ကူးစိတ်သန်းတွေ ရှိနေတယ်ဆိုတဲ့ အကြောင်းကိုယ်တစ်ခါမှ ပြောမပြဖူးဘူးလားဟင်'

'အဲဒါ ဟုတ်မဟုတ် မောင်သိရမယ့် အချိန် အခုရောက်နေပြီလေ'

'ဖေကြီး ရထားဆက်မောင်းအောင် လုပ်ပေးပါ'

သားငယ် တောင်းပန်တော့ ကလေတန်က 'ဟုတ်ကဲ့ပါ ခင်ဗျား' ဟု ကြွေးကြော်၏။ ထိုနောက် ဟော်လီအား ပြုံးစေ့စေ့ဖြင့်။

'သူ အိပ်သွားမှပဲ မင်းနဲ့ ဒင်ဗာမှာ တွေ့ကြတာပေါ့'

သားငယ်၏ ဦးထုပ်ဆောင်းထားသည့် ခေါင်းကို ချစ်စနိုး





ထိုးဖွ ဆော့ကစား လိုက်၏။

'ကျွန်မကလဲ တွေ့ချင်နေပါသတဲ့ရှင်၊ ကျွန်မက ရထားလမ်း လုပ်သားတွေဆို နဂိုကတည်းက ညွတ်ချင်ချင်ပေါ့'

ထိုအခိုက် တယ်လီဖုန်းသံ မြည်လာသည်။ ဤမျှ ကြည်နူးမွေ့လျော်ဖွယ် အပေးအယူမျှနေသည့် ဝန်းကျင်ထဲသို့ ဒေါသဟာကြီး ဝင်ရောက် နှောင့်ယှက်လာသည့်အသံ။ တယ်လီဖုန်းရှိရာဆီသို့ ဟော်လီရော ကလေတန်ပါ လှမ်းကြည့်မိကြသည်။ နောက်တစ်ကြိမ် ထပ်မြည်လာပြန်သည်။ ကလေတန် ထိုင်ရာမှ ထ၏။ တယ်လီဖုန်းဆီသို့ သွားသည်။ ထိုဒင်္ဂတွင် ဟော်လီက ကလေတန်လေးကို လှမ်းကြည့်မိ၏။ ရင်ထဲတွင် ရုတ်တရက် ကြွတက်လာသည့် စိုးရိမ်သောကများကို ချိုးနှိမ်ဖိနှိပ်နေရ၏။

'ဟဲလို ... ဟုတ်ပါတယ်၊ ခုပြောနေတာ မစ္စတာ အင်ဒါဆင်ပါ'

စကားပြောခွက်ကို လက်ဝါးဖြင့်အုပ်လျက် 'နိုင်ငံခြားရေးဝန်ကြီး ဆက်နေတာကွ' ဟု ဟော်လီအား လှမ်းပြောသည်။ အမျိုးသမီးမျက်လုံးတွေထဲမှ ရွှန်းလက်တောက်ပြောင်မှုများ ဖြည်းဖြည်းချင်း မှေးမှိန်သွားသည်။ လေကြမ်းအရှိုက်ခံလိုက်ရသည့် မီးတောက်ကလေး ငြိမ်းသေသွားသည့်ပမာ။

'မင်္ဂလာပါ ခင်ဗျာ၊ ပျော်ရွှင်စရာ နာတာလူးပွဲတော်ချိန်ပါ၊ ဇြော် ... ကိစ္စမရှိပါဘူး၊ ခင်ဗျာ ... ဘယ်မှာ၊ မြောက်အာဖရိက ဟုတ်လား၊ ဟုတ်ကဲ့ ဟုတ်ကဲ့၊ သိပါတယ်၊ ကျွန်တော် သဘောပေါက်ပါတယ်၊ ဘယ်တော့လောက် သွားစေချင်လို့လဲ၊ ဪ ... ဟုတ်ကဲ့၊ နားလည်ပြီ'

ဟော်လီအင်ဒါဆင်၏ အရောင်အဆင်းကင်းမဲ့သော မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



များက ဒင်ဗာသို့ ဆက်လက်ခုတ်မောင်းနေသော ရထား ကလေးကို ငေးကြည့်နေသည်။ သားငယ်ကတော့ ပျော်ရွှင်မြူးပျစွာ ဟစ်ကြွေးလျက်။ စိတ်နှလုံး နောက်ကျိဖွယ် ထိုခဏငယ်အတွင်း သူ့ ကိုယ်သူ လေးနှစ်သမီးအရွယ် ပီဘီကလေးငယ်လေး ပြန်ဖြစ်သွား လိုက်ချင်၏။ သို့မှ စိတ်ပျက်ရခြင်း၊ ရင်နာရခြင်းဆိုတာ ဘာမှန်းမသိ နိုင်မည် မဟုတ်လား။

သားငယ်ကတော့ 'ဟေး' ဟူသော အသံကို ဝမ်းသာအဲလဲ အော်ဟစ်လိုက်၏။

×

မောင့်အဝတ်အစားများကို ပြင်ဆင်ထုပ်ပိုး ပေးရခြင်းကား စိတ်အပင်ပန်းရဆုံး လုပ်ငန်းတစ်ခုပေတည်း။ ဟော်လီက မောင့် အဝတ်အစား တစ်ထည်ချင်းကို တယုတယ ကိုင်တွယ် ပွတ်သပ်ကြည့် သည်။ လက်ချောင်းကလေးများက အဝတ်သေတ္တာထဲသို့ ဆက်မထည့် ချင်။ ပြန်သိမ်းဖို့ပဲ အားသန်နေသည်။ ထူထဲသော အဖြူရောင် ဆွယ်တာတစ်ထည်ကို ကောက်ကိုင်သည်။ သေတ္တာထဲ ထည့်သည်။ ပြီးမှ လက်တွန့်သွားကာ

'မြောက်အာဖရိကမှာ ပူလား အေးလား ဟင်'

လည်ပြန်လှည့်ပြီး မေးသည်။ ကလေးတန် ရုပ်အင်္ကျီတွေ တပွေ့ကြီး သယ်ပြီး ပေါ်လာသည်။

'မြောက်အာဖရိကဟာ အာလူးမီးဖုတ်နဲ့ တူတယ်လို့ ပြောကြတာပဲကွ' ဟု ခင်ရှင်ရှင်ဖြေသည်။

'ဒါဆို သားရေလက်အိတ်တွေ ယူသွားမှာပေါ့'

ကလေးတွန်က ရုပ်အင်္ကျီတွေကို ခုတင်ပေါ်တင်ရင်း

'အဲဒီ လက်အိတ်တွေမပါဘဲ ဘယ်ခရီးမှ မသွားဘူးမှတ်'





'မြောက်အာဖရိကဆိုတာ ဘယ်လိုနေလဲ သိရအောင် သားငယ်နဲ့ ကျွန်မ လိုက်ကြည့်ချင်လိုက်တာမောင်ရယ်၊ ဒေသန္တရ ဗဟုသုတလဲ ရအောင်ပေါ့'

'အန္တရာယ် ကြီးလွန်းတယ် မိန်းမရေ့၊ အဲဒီမှာက အချိန် မရွေး ထပေါက်ကွဲနိုင်တဲ့ ယမ်းအိုးကြီးဖြစ်နေတာ'

ဟော်လီ တကိုယ်လုံးရှုတ်တရက် တုံ့ဆိုင်းသွားသည်။ ရင်ထဲမှ မကျေနပ်ချက်များကို ထိန်းမထားနိုင်တော့။ ပြောဖို့ စကား လုံးရှာနေသည်။

'ဒီမယ် မောင်၊ ကျွန်မဟာ မောင့်မယားအဖြစ် ရှိနေပါ သေးတယ်နော်၊ အနိမ့်ဆုံးအဆင့်အားဖြင့်ပေါ့၊ ကျွန်မ မောင့်မယား အဖြစ် ထိုက်ထိုက်တန်တန် ခံယူချင်ပါတယ်'

'ဟေ့... ဟုတ်တယ်လေ၊ မင်းဟာ မောင့်မယားပဲဟာ' ကြင်နာမြတ်နိုးစွာ ပြော၏။ ပြီးမှ 'နေပါဦး၊ ဘာသဘောနဲ့ ဒီစကား တွေ ပြောနေရတာလဲကွ'

ဟောလီ သူ့ကိုစိုက်ကြည့်နေ၏။ ရင်ထဲမှာ ဗလောင်ဆူ လျက်။

'ကျွန်မက မောင့်ဘဝမှာ ပါဝင်ခွင့်ရတာမှ မဟုတ်ဘဲ၊ ကျွန်မက မောင့်ဘဝရဲ့ ခန်းမြှောင်ကလေး တစ်ခန်းအဖြစ်နဲ့ ရှင်သန်နေရတာပဲဟာ၊ ကျွန်မမှာလေ အချိန်တိုင်းလိုလို မောင့် အကြောင်း သိရဖို့ သတင်းစာတွေနဲ့ ကျွန်မတို့ရဲ့ မှတ်တမ်းစာအုပ် တွေထဲပဲ အသည်းအသန် လိုက်ဖတ်နေရတာ၊ ကျွန်မ တစ်ယောက် တည်း နေရတဲ့အချိန်အားလုံးရဲ့ တစ်ဝက်လောက်မှာ မောင် ဘယ် ရောက်လို့ ရောက်နေမှန်းတောင် မသိခဲ့...'

သူ့အသံပြတ်တောက်သွားသည်။ ကလေးတန် အနားမှ



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းထွက်ခဲ့သည်။ ကိုယ့်စိတ် ကိုယ်ထိန်းနိုင်အောင် အနိုင်နိုင် ကြိုးစားနေရသည်။ ကလေတန် သူ့နောက်နား ကပ်ပါလာသည်။ သူ့ကိုကျောဘက်မှ သိုင်းဖက်ထားပြီး ဆွဲထားသည်။

'အချစ်ရယ် ၊ ကိုယ်ဟာ လက်တစ်ကမ်းအကွာကို ရောက်နေပြီလေ၊ ကိုယ်လိုချင်တာကို ရယူနိုင်ဖို့'

'မောင်က ဘာကိုများ လိုချင်တပ်မက်နေရတာလဲ ဟင်'

စိတ်ဆင်ရဲစွာမေး၏။

'ကိုယ်တို့မျိုးရိုးစဉ်ဆက်ရဲ့ ရောဂါကို မင်းမကြားမိဘူးလား ဟော်လီရယ်၊ မင်းမှာကော ဝါရှင်တန်ဝေဒနာ မရှိဘူးလားဟင်'

'မောင် ဝါရှင်တန်ကိုမက်မောလဲ ဘာဖြစ်လို့ မြောက်အာဖရိက သွားနေရလဲ'

သူ့အမေးကို ပြန်ဖြေသည့် ကလေတန့်အသံ အားနှင့်အင်နှင့် ဖြစ်လာသည်။

'မြောက်အာဖရိကလို နေရာမျိုးကျတော့ ကိုယ့်ဂုဏ်သိက္ခာ အရမ်းတက်လာနိုင်တယ်ကွ၊ အခက်အခဲပြဿနာတွေကို ဖြေရှင်းပစ်နိုင်ခြင်းဟာ သိသင့်သိထိုက်သူတွေ အာရုံစိုက်လာစရာ အကြောင်းတစ်ခုပဲလေ'

အက်စ်တဲလ်အင်ဒါဆင် ဆိုလျှင်လည်း သည်စကားမျိုးပဲ ပြောမှာ ကေန်မလွဲ။ သို့သော် သည်စကားကို ဟော်လီကတော့ လက်မခံချင်။ ကလေတန်က ဆက်ပြောနေသည်။ သူ့အသံမှာ စိတ်အားထက်သန်မှုကြောင့် မြင့်တက်နေသည်။

'ကိုယ့်အနေနဲ့ ကိုယ့်ရပ်တည်ချက်အတွက် ကိုယ်ရှင်သန်နေတယ်ဆိုတာ သာဓက ပြရတော့မယ် ဟော်လီ၊ ကိုယ်ဟာ ငွေပုံပေါ်မှာ ထိုင်နေတဲ့ သူလိုကိုယ်လို လူချမ်းသာတစ်ဦးရဲ့ သားမျိုးမဟုတ်ဘူး





ဆိုတာ လက်တွေ့ပြရတော့မယ်'

ကလေတန်က ဟော်လီ့ကိုယ်ခန္ဓာကို သူ့ကိုယ်ဆီသို့ ဆွဲကပ်လိုက်၏။

'မကြာခင်ကာလအတွင်းမှာ မင်းဟာ အထက်လွှတ်တော် အမတ်ကတော်ဖြစ်တော့မှာပါ မိန်းမရာ၊ အဲဒီအခါကျ ကိုယ်တို့နှစ်ယောက် ဝါရှင်တန်မှာ အခြေချကြတာပေါ့၊ အဲဒီခါကျ မင်းအနားမှာ ကိုယ်ကပ်နေလွန်းလို့ မင်းအော့ကြောကြီး ဆယ်ခါလန်လာလိမ့်မယ်နော်'

'အို မောင်ရယ်၊ မောင်သာ ကျွန်မ အနားမှာ ရှိနေပါစေ ကျွန်မ ဘယ်တော့မှ အဲဒီလို မဖြစ်ပါဘူး'

'ကဲ ဒါဆို မြောက်အာဖရိက ခရီးစဉ်ကို မင်း သဘောတူတယ်လို့ပြော၊ မင်း သဘောမတူဘူးဆိုယင် ကိုယ် မသွားဘူး'

ဟော်လီ မျက်ရည်စတွေကို ခါထုတ်လိုက်၏။

'မောင်ရယ် မောင် ဘာကိုပဲ လိုချင်လိုချင် အဲဒါကို ကျွန်မလဲ မောင့်အတွက် လိုချင်ပါတယ်၊ ကျွန် . . . ကျွန်မလေ မောင်နဲ့အတူ ဘဝကို ဆိုးတူကောင်းဖက် မျှဝေခံစားချင်တာပါပဲ၊ မောင့်ကို ပါရမီဖြည့်ချင်တယ်လေ'

'မင်း ဖြည့်ရမှာပါကွာ' ပျိုမျစ်နုနယ်သော သူ့မျက်နှာတွင် အပြုံးတစ်ပွင့် လန်းဆန်းလာသည်။ 'တက်လမ်း အလားအလာ သိပ်ကောင်းနေတဲ့ လွှတ်တော် အမတ်ကလေးတစ်ယောက်ကို သူ့ရဲ့ ဇနီးချောလေးက ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ရဘူးကွယ့်'

လင်တော်မောင်အား ဟော်လီ စိတ်မကောင်းစွာ မော့်ကြည့်လိုက်၏။

'လွှတ်တော်အမတ်ကတော်တစ်ယောက် အနေနဲ့ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



များလုပ်စရာရှိလို့လဲ မောင်ရယ်'

ကလေတန်နဲ့ မျက်စိတစ်ဖက် မှိတ်ပြရင်း

'အမတ်မင်းကို ချစ်ဖို့ပဲပေါ့'

သူတို့၏ နှုတ်ဆက်အနမ်းမှာ နောက်တစ်ကြိမ် သူ့လင်တော်မောင်နှင့် နောက်တစ်ကြိမ်ပြန်လည်ဆုံဆည်းရချိန်ထိ ဟော်လီ့ရင်ထဲမှာ စွဲလမ်းတသနေရမည့် အနမ်း။ သို့တိုင် တိတိပပ ပြောပြနိုင်စွမ်းမရှိသည့် စိတ်လေးနေခြင်းကိုမူ ဖျောက်ဖျက်လို့မရ။ နှလုံးသားကို တရှရှကိုက်စားနေသည့် လွမ်းမောစိတ်။ မောင်နှင့်ဝေးကွာနေရမည်ကို စိုးရွံ့သည့်စိတ်။

ဘာပဲဖြစ်ဖြစ်လေ ... သူတို့ရဲ့ တောက်ပသော အနာဂတ်ကာလအတွက် မောင်က ကတိတွေ အတန်တန်ပေးသွားပြီပဲ။ သူတို့အိမ်ထောင်ရေး ဘဝသည် ပုံစံသစ်ဖြင့် အသစ်တစ်ဖန် ပြန်စဖို့မဝေးတော့ပြီပဲ ဟော်လီ နိုင်နိုင်မြဲမြဲ စွဲမှတ်ယုံကြည်လိုက် မိပါသည်။

× × ×

## အခန်း ( ၅ )

ရင်သွေးငယ်တစ်ယောက်အား သူ့ဖေဖေ အိမ်ပြန်မလာနိုင်ခြင်းမှာ သူ့ဖေဖေတွင် တခြားအလုပ်တွေ များနေ၍ ဖြစ်ကြောင်း ဘယ်လိုပြောပြရပါ့။ ရှင်းပါသည်။ သားငယ်ကို ကုလားထိုင်ပေါ်မှာ မတ်မတ်ထိုင်နိုင်း။ သူ့ဖအေ ရေးပေးလိုက်သည့်စာကို သူ့ဖအေလေသံမျိုးဖြင့် ဖတ်ပြ။ သူ့ဖအေ၏ မေတ္တာအငွေ့အသက်လည်း ပေါ်လွင်ပစေပေါ့။ သို့မှသာ သားငယ်က သူ့ဖေဖေ သူ့ကို ပစ်ပယ်မထားကြောင်း ယုံကြည်သဘောပေါက်မည်လေ။

ဟော်လီက ကလေတန်ကြီး၏စာကို ဖတ်ပြတော့ သားငယ်က အာရုံစိုက် နားထောင်သည်။ သို့တိုင် သူက လျှပ်စစ်ရထားလေးကို စိတ်ဝင်စားနေဆဲ။ ရထားဝယ်ပေးခဲ့သည်မှာ ရှင်သတ္တ


www.burmeseclassic.com

www.burmeseclassic.com



ပတ်ပေါင်း တော်တော်ကြာနေပြီ ဖြစ်သည့်တိုင် သူ့ခေါင်းပေါ်မှ ရထားလမ်း လုပ်သားဆောင်း ဦးထုပ်ကို မက်မောဆဲ။ ကလေတန်ကြီးက သူ့စာထဲတွင်

'ဒီက အနေအထားတွေက ကိုယ်ထင်ထားတာထက် ပိုပြီး ရှုပ်ထွေးနေတဲ့အကြောင်း မင်းတို့ သားအမိ သိအောင် တိုတို တုတ်တုတ်ပဲ ရေးလိုက်တယ်၊ ကိုယ်တော့ သီတင်းပတ်ပေါင်း တော်တော်များများ၊ ကြာအောင် ဒီမှာဆက်နေရဦးမယ့် ပုံပဲ၊ မြောက်အာဖရိကက ကိုယ်မျှော်မှန်းထားတာနဲ့ တခြားစီပဲ၊ ဒီက လူတွေကိုယ်တိုင်ကိုက သူတို့ကို ကိုယ်တို့ကူညီဖို့ အားထုတ်နေတယ်ဆိုတာ သဘောမပေါက်ကြ ...

သူတို့ကို နှောင့်ယှက်သည့်အနေဖြင့် စားပွဲပုကလေးပေါ်မှ ပန်းရောင်တယ်လီဖုန်းက အသံမြည်လာသည်။ သားငယ်က မျက်နှာကို စူလိုက်၏။ ဟော်လီ ရယ်မောရင်း တယ်လီဖုန်းဆီ သွားသည်။

'ဟဲလို ... အိုး မင်စီ၊ နေကောင်းရဲ့လား'

သည့်ရက်များအတွင်း မင်စီက သူ့ကို တယ်လီဖုန်းတဆက်တည်း ဆက်နေသည်။ မင်စီကား တောက်တောက်ပြောင်ပြောင် ညေ့ခံပွဲတွေ၊ မိတ်ဆုံပွဲတွေမရှိလျှင် မနေတတ်သူ။ ထိုသို့သော လူစုလူဝေးထဲတွင် လိပ်ပြာလေးတစ်ကောင်လို တဖျပ်ဖျပ် လူးလားပျံသန်းနေရမှ ကျေနပ်သူ။

'သူငယ်ချင်းရေ ဒီည ဖေးလ်ဘင်တန်ကို လူလွတ်အနေနဲ့ လာဖို့ ကိုယ်ဖိတ်ထားတယ်ကွ၊ သူမင်းကို ခုနစ်နာရီခွဲလောက် လာခေါ်လိမ့်မယ်လေ၊ ဖြစ်တယ် မဟုတ်လား'

'အရေးထဲ ကိုယ်ခေါင်းက ပွင့်ထွက်မတတ် ကိုက်နေတယ် မင်စီရာ၊ ခုလေးပဲ မင်းဆီဖုန်းဆက်ပြီး မလာနိုင်တော့ကြောင်း





တောင်းပန်မလို့'

မင်စီတစ်ယောက် ဆယ့်လေးဆက်မြောက် လူဝီဘုရင် လက်ထက်က စာရေးစားပွဲကြီးပေါ် တင်ပါး လွှဲထိုင်ရင်း မကျေမနပ် ဖြစ်နေမည့် မျက်နှာကို ဟော်လီ မြင်ယောင်ကြည့်၏။ မင်စီဘုယ်ရင်တန်က အဲသည်လို ဝိရောဓိတွေ ပေါင်းစပ်နေသူ၊ သူကိုယ်တိုင်ကတော့ အရမ်းခေတ်ဆန်သည်၊ အရမ်း ခေတ်ရှေ့ပြေးသည်။ သို့သော် သူက ပြင်သစ်ရှေးဟောင်း လက်ရာ ပရိဘောဂများကိုလည်း အင်မတန် မြတ်နိုးသည်။

'မင်း ဆင်ခြေဆင်လက်တွေ ကိုယ်လက်မခံဘူး ဟော်လီ သူငယ်ချင်း၊ ကလေတန်ရဲ့နေရာမှာ အစားဝင်ပေးဖို့ ဖေးလ်ကို ကိုယ်ပြောပြီးသား၊ မင်းယောကျ်ားက ခရီးယာယီများတဲ့ လူတစ်ယောက် ဖြစ်နေတာနဲ့ပဲ မင်းက ယောဂီမလို တောမှီရမယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး၊ နောက်ပြီး ခုပွဲက လူနည်းနည်းလေး ဖိတ်ထားတာကွ၊ မင်းမလာရင် ကိုယ်လုပ်ထားတဲ့ ထိုင်ခုံ အစီအစဉ်တွေ ကိုးရိုးကားရား ဖြစ်ကုန်တော့မှာပေါ့'

ဘယ်သူတွေ ဘာဖြစ်နေနေ၊ ဘယ်သူတွေ ဘာပျက်နေနေ မင်စီဘယ်ရင်တန်၏ ထိုင်ခုံအစီအစဉ်ကိုတော့ ဘယ်သူကမျှ ကမောက်ကမဖြစ်အောင် လုပ်လို့မရ။

ဟော်လီ သက်ပျင်းချကာ

'ကဲ ... ခုမှတော့ မင်စီ ...'

'မင်းလာမယ်ပေါ့၊ ဟုတ်လား ဟော်လီ'

'မင်စီ ၊ မင်းဟာ ဘယ်လိုမှ ဖျောင်းဖျလို့ မရပါလားနော်'

'ဟုတ်ပြီ ၊ ဒါမှ ကိုယ့်သူငယ်ချင်းကွ၊ ညကျမှတွေ့မယ် လေ'



www.burmeseclassic.com

www.burmeseclassic.com



မင်းစီ စကားဖြတ်လိုက်၏။ ဟော်လီ စကားပြောခွက်ကို တယ်လီဖုန်းအုံပေါ် ညင်ညင်သာသာ ပြန်တင်သည်။ မင်းစီ ဘယ်ရင်တန်ကား ကိုယ်ကျင့်သိက္ခာပိုင်းတွင် တည်ငြိမ်လေးနက်မှု မရှိဟု ထင်မြင်ယူဆရသူ။ သို့ပေမယ့် ဟော်လီက သူ့ကိုတော့ ခင်သည်။ တစ်နှစ်အတွင်း အအောင်မြင်ဆုံး အပျိုဘော်ဝင်စ မိန်းကလေး ဘဝမှသည် တစ်နှစ်အတွင်း အထင်ရှားဆုံး တစ်ခုလပ်ဘဝကို ဣန္ဒြေမပျက် ကူးပြောင်းလာနိုင်သူကား မင်းစီ။ သည်ဖြစ်ရပ်မျိုးနှင့် ပတ်သက်၍ သာယာကွင်း မြို့နယ်မှာ ဘယ်သူမျှ ရေးကြီးခွင်ကျယ် လုပ်ပြီး ပြောမနေ။ မင်းစီကတော့ သာ၍ပင် ဂရုမစိုက်သေး။ လူ့ဘဝမှာ ဒါမျိုးတွေက ဖြစ်ပျက်ကြုံတွေ့ရနေကျ မဟုတ်လား။ သမာရိုးကျ ဓာတ်လမ်းများ မဟုတ်လား။ မိန်းမတစ်ယောက်က ယောကျ်ား တစ်ယောက်ယူမည်။ သည်ယောကျ်ားသည် သူနှင့် သင့်တင့်လျောက်ပတ်ခြင်းမရှိလျှင် ကွာရှင်းပစ်လိုက်မည်။ တစ်ပင်လဲမှ တစ်ပင်ထူရုံပေါ့။ မင်းစီ ဆိုသူက အချစ်နှင့် သင့်တင့်လျောက်ပတ်ခြင်းကို ကိုယ်ပိုင်မူ ကိုယ်ပိုင်ဟန်ဖြင့် ခွဲခြား သတ်မှတ်တတ်သည်။ သူက ချစ်စရာကောင်းသည်။ တက်ကြွ ဖျက်လတ်သည်။ ဉာဏ်ရည် ထက်မြက်သည်။ သာယာကွင်းမြို့နယ်၏ 'ကွမ်းတောင်ကိုင်' ဟု သတ်မှတ်ရလောက်အောင် ရုပ်ပိုင်းအလှရှိသည်။ လူမှုဆက်ဆံရေး ကျွမ်းကျင်လိမ္မာသည်။ သူ၏ နှလုံးသားရေးရာကို လူသိရှင်ကြား ကြေညာတတ်သူမဟုတ်။ နှလုံးသား တံဆိပ်ကို ရင်ညွန့်တွင် ချိတ်တွဲ ကြေညာတတ်သူမဟုတ်။ တကယ့်လို့ ထိုသို့ ထိုးချိတ်ခဲ့မိလျှင်လည်း နှလုံးသား တံဆိပ်ကို 'တီဖန်နီ' ကုန်တိုက်ကြီးမှ ဝယ်ယူထားသည့် စိန်ရွှေ ကျောက်သံပတ္တမြားများဖြင့် ဖုံးလွှမ်းထားမည်ဟု ကောက်မှုချပင်။

မင်းစီနှင့် ဖေးလ်ဘင်တန် တို့အကြောင်း ဟော်လီ စဉ်းစား





မိ၏။ ခေါင်းထဲ ဖျက်ခနဲ ပေါ်လာသည့် မိန်းမတွေးကလေးတစ်ခု။ မင်းစီနှင့် ဖေးလ်ဘင်တန်တို့ လွတ်လွတ်ကင်းကင်းမှ ရှိကြရဲ့လား။

'မေကြီး ... ဖေကြီးစာကို ဆုံးအောင် ဖတ်ပြလေ'

ကလေးတန် စိတ်မရှည်နိုင်ဘဲ နှုတ်ခမ်းစူလျက် ပြော၏။ သူ့ရထားလေးပေါ်မှ ခေါင်းလောင်းကိုလည်း ခေါက်သည်။

ဟော်လီ လိုက်လျော၏။ နှလုံးသားမှ နွေးထွေးသော ရသကို ခံစားလျက်။ သူကတော့ သည်နှလုံးသား တံဆိပ်ကို သူ့ရင်ညွှန့်မို့တွင် ချိတ်တွဲ ကြေညာထားပြီးသား။

ညေ့ခံပွဲမှာ လူစုကလေးတွေ ဟိုတစ်စု သည်တစ်စုဖြင့် ပြန့်ကျဲနေသည်။ အခန်းထဲတွင် ဖုံးလွှမ်းနေသည်မှာ ဖန်ခွက်ချင်း ထိခတ်သံများ၊ သေရည်တန်ခိုးကြောင့် လေးတွဲနေသော လေသံများ၊ မည်မည်ရရ အကြောင်းမရှိဘဲ ရယ်မောလိုက်သော ရယ်သံများ။

ဖေးလ်ဘင်တန်က ပါလစ်ရောင် တောက်ပြောင်နေသော စန္ဒရား အသေးစားကလေး ရှေ့တွင် ထိုင်နေ၏။ လက်ချောင်းများက စန္ဒရား ခလုတ်ကလေးတွေပေါ် လေးလေးမှန်မှန် လှုပ်ရှားလျက်။ သူ၏ 'ဓမောင့်စိတ်ကူး' တေးသံသာက အခန်းထဲမှ အသံဗလံများကို လှူးကာလွှန့်ကာ တိုးထွက်နေ၏။

မင်းစီနှင့် ဟော်လီက ဖေးလ်နံဘေးတွင် ရပ်နေသည်။ မင်းစီမှာ ခါတိုင်းလိုပင် တက်ကြွ မြူးရွှင်လျက်။ နောက်ဆုံး ကြားသိထားရသည့် သတင်းများ ဖြစ်ရပ်များကို ထုံးစံအတိုင်း တစ်ခုပြီး တစ်ခုပြော၏။ အားရပါးရပြော၏။ သွက်သွက်လက်လက်ပြော၏။ သူနှင့် စကားပြောရသည်မှာ အားကျစရာ။ အားရှိစရာ။ သူနှင့် ပြောဆိုဆက်ဆံနေရခိုက်တွင် ကလေးတန်တစ်ယောက် မြောက်အာဖရိက ရောက်ခဲ့သည့်အကြောင်းကိုပင် ဟော်လီ မေ့နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် သူ့စိတ်ထဲရှိုးတိုးရှန့်တန့်ကြီး ဖြစ်နေသည်။ သည် ည သူဝတ်ဆင်လာသည့် အစိမ်းရောင်ဂါဝန်မှာ ပခုံးသိုင်းကြိုးမပါ။ သည်တော့ သူ့ကျောပြင်ကြီး ပြောင်တလင်း ဖြစ်နေသည်လေ။ ဖေးလ်ဘင်တန်၏ မက်မောသော အကြည့်များက သူ့ကိုယ်ပေါ် ဝဲနေသည်ကိုလည်း ဟော်လီ သတိထားမိနေသည်။ သေချင်းဆိုး ဖေးလ်ဘင်တန်။ သူ့မျက်လုံးတွေက မိန်းမတစ်ယောက်ကို အဝတ်အစား ချွတ်ကြည့်တတ်သည့် မျက်လုံးမျိုးတွေ။

'အေမီကတော့ အံ့ရောဟော့၊ လူမမြင်ရဘဲ တယ်လီဖုန်းနဲ့ ချိန်းတဲ့ လူတစ်ယောက်ကို သွားတွေ့သတဲ့လေ၊ အဲဒီလူက ဘယ်သူ ဖြစ်နေတယ် အောက်မေ့လဲ၊ အယောင်ဆောင် ရွှေမင်းသားကလေး လေ'

မင်စီ အားတက်သရော ပြောပြနေတော့ ဟော်လီ ရယ်သည်။ ဟာသ ဇာတ်လမ်း အဆုံးတွင် ဘာတွေ ဖြစ်ကုန်မည်ကို မြင်ယောင်ကြည့်သည်။ သည်လောက် ထင်ပေါ်ကျော်ကြားသည့် တစ်ယောက် ရွှေမင်းသားနှင့် မဆုံဆည်းရဘဲ ဇရက်သုတ်ခကောင်နှင့် ဆုံဆည်းနေရလျှင် ဘယ်လောက် ကသိကအောက် ဖြစ်လိုက်မလဲ။ အေမီက သာယာကွင်းမြို့နယ်တွင် အလွန်တရာ အရက်အကြောက် ကင်းသည့် သူဌေးမလေးဟု နာမည်ကြီးနေသူ။

'ကိုယ်တော့ မကြားမိပါဘူးဟယ်'

'အမယ်လေး၊ မင်း ဒီသတင်းတောင် မကြားမိဘူး၊ ဟုတ်လား၊ ကိုယ်ဖြင့် မယုံနိုင်လောက်အောင်ပဲ ဟော်လီရယ်'

'ကိုယ်လဲ တဖြည်းဖြည်းနဲ့ ကာလနဂါးကြီး ဖြစ်မှန်းမသိ ဖြစ်နေပြီလေ၊ ကိုယ်က ခေတ်နောက် ကျနေပြီကွ'

မင်စီက ဟော်လီ့ ပါးလေးကို တို့ထိကာ





'မင်း လူတွေနဲ့ အဆက်အသွယ် မပြတ်စေနဲ့ကွ၊ ဆောင်းတွင်းမှာ ဂူအောင်းနေတယ်ဆိုတာ ဝက်ဝံတွေမှကွ'

ဟော်လီ ဘာမှ ပြန်မပြောနိုင်မီ မင်စီ အခန်းဟိုဘက် ထောင့်ရှိ တစ်စုံတစ်ယောက်ကို တွေ့သွားသည်။ သူ့မျက်လုံးများ အရောင်လက်သွားသည်။ လက်လှမ်းပြပြီး လျှောက်သွားသည်။ ဟော်လီသက်ပြင်းချ၏။ ဖေးလ်ဘင်တန်ဘက် လှည့်လိုက်တော့ ဖေးလ်က ထိုင်နေသည့် ခုံတန်းပေါ်တွင် တစ်ဖက်သို့ရွှေ့ပြီး ဟော်လီ ထိုင်သာအောင် နေရာပေး၏။ ဟော်လီက ကလေးမလေးတစ်ယောက်ကို ဒူးညွှတ်ဂါရဝပြုပြီး ဝင်ထိုင်သည်။

ဖေးလ်က စန္ဒရားခလုတ်များကို ညင်သာစွာ တို့ထိဆော့ ကစားနေဆဲ၊ တစ်ချိန်တည်းတွင် ဟော်လီကို ကြည့်နေသည်။ သူ့ အကြည့်ကို သရုပ်ခွဲရမည်ဆိုလျှင် 'မြိန်ရေရှက်ရေ' လို့သာပြောရမည်။

'ကျွန်တော်သာ ခင်ဗျားယောကျ်ားဖြစ်ခဲ့ယင် ကျွန်တော်တော့ ခင်ဗျားကို ဒီလောက်အကြာကြီး ပစ်ထားမှာ မဟုတ်ဘူးဗျ'

'လူပျိုစစ်စစ်တွေကတော့ ရိုးရိုးသားသားပဲ ကြည့်တတ်မြင်တတ်ကြတယ်ရှင်'

ဟော်လီမအောင့်နိုင်တော့ဘဲ ပြန်ပက်လိုက်၏။ ဖေးလ်၏ မျက်ခုံးတွေ မြင့်တက်သွားကာ

'ကျွန်တော့် အရိုက်တည့်တည့်ကို ထိုးမိတာပဲ ဟော်လီရေ'

'ရှင့်ကို ကျွန်မခင်မင်ပါတယ် ၊ ကြိုဆိုပါတယ် ဖေးလ်'

'လာမယ့် သောကြာနေ့၊ ရော်ဂျာနဲ့ ဟန်မာစတိန်း ဖွင့်ပွဲ အခမ်းအနားကို သွားကြမလား၊ ခင်ဗျားရဲ့ ရေခဲနန်းတော်ကြီးကနေမှ လွတ်အောင် ရုန်းထွက်လာနိုင်ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါ မေးနေရမယ့်မေးခွန်း၊ မဟုတ်ပါဘူးရှင်'

ဖေးလ်၏ လက်ချောင်းတွေ စန္ဒရားခလုတ်များ ပေါ်တွင် ငြိမ်သက်နေပြီ။

'မဟုတ်ဘူးလားလို့၊ ဒီညအဖို့ ခင်ဗျားအဲဒီကနေ ထွက်ပြေးလွတ်မြောက်လာသူ မဟုတ်ဘူးလား'

သူ့မေးခွန်းက ဟော်လီအား စိန်ခေါ်လိုက်ခြင်း။ အသံမကျယ်လွန်းသည့်တိုင် ဟော်လီ့မျက်နှာတည့်တည့်ကို ကြည့်မေးလိုက်သည့်မေးခွန်း။

'အဲဒါ ကြည်နူးစရာအလုပ်မှ မဟုတ်ဘဲရှင့်'

'စိတ်မရှိပါနဲ့နော်၊ ကျွန်တော်ကခင်ဗျား များ ကြည်နူးနေသလားလို့ပါ'

ဖေးလ်၏ ညစာစားပွဲဝတ်စုံမှ အဝတ်စကြမ်းကြမ်းကြီးက ဟော်လီ၏ အဝတ်မဲ့ပခုံးသားကို လာရောက် ပွတ်တိုက်သည်။ ဟော်လီတွန့်ခနဲ ကိုယ်ကိုကျုံ့လိုက်၏။

'ကျွန်တော် နောက်ထပ်ပရိယာယ်တစ်ခုသုံးပြီး ချဉ်းကပ်ဖို့ ကြိုးစားပါဦးမယ်'

'ဖေးလ် ကျွန်မတို့ သဘောထားတိုက်ဆိုင်မှုမရှိတဲ့ ကိစ္စတစ်ခုကို စကားနိုင်လုမနေကြဘဲ မိတ်ဆွေအဖြစ် ဆက်ဆံလို့မရနိုင်ဘူးလားရှင်'

ဖေးလ် မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျား ဘာကိုဆိုလိုတာပါလိမ့်၊ သဘောထားတိုက်ဆိုင်မှုမရှိတဲ့ကိစ္စကကော ဘာများပါလိမ့်ဗျာ'

'ကျွန်မနဲ့ ပတ်သက်တာပေါ့၊ ကျွန်မက ကျွန်မယောကျ်ားကို ချစ်တယ်ရှင့်၊ ဒီတော့ ရှင့်လိုလူ တစ်ယောက်ကို ပေးအပ်ဖို့ ဆိုတာ





ကျွန်မမှာ ဘာမှမရှိဘူး'

သူ၏ တုံ့ပြန်မှုရာကြောင့် ဟော်လီ ဆတ်ခနဲကုန်သွားသည်။ သူက ခေါင်းကို နောက်လှန်ပြီး ဟားတိုက်ရယ်မောပစ် လိုက် သည်။ အကြီးအကျယ်အူမြူးသွားပုံမျိုး။ သို့တိုင် ပတ်ဝန်းကျင်မှ လူများ အာရုံစိုက်လာအောင်တော့ အသံကျယ် တျယ်ကြီး မရယ်။

'ကျွန်မ ရယ်စရာများ ပြောမိလို့လားရှင်'

'ပြောတာမှ သိပ်ကို ပြောမိတာပေါ့ ဟော်လီရာ၊ အံ့စရာကောင်းတာက ခင်ဗျား လူတွေအကြောင်း သိပ်မှ မသိဘဲကို၊ ပိုပြီး အံ့စရာကောင်းတာက ခင်ဗျား ကိုယ့်အကြောင်း ကိုယ်မသိသေးတာပဲ'

စန္ဒရာခလုတ်များပေါ်မှ လက်ချောင်းတွေကို ပြန်လည်သိမ်းသည်။ 'မောင်စိတ်ကူး' ၏ သံပြိုင်ပိုဒ်ကို ပြန်တီးနေသည်။ ဟော်လီ စိတ်ရှုပ်သွားသည်။ သို့သော် နည်းနည်းလေးမျှ စိတ်စနောင့်စနင်းမဖြစ်ဘဲ ထိုင်ရာမှ ထ၏။ အခန်း တစ်ဖက်စွန်းရှိ မင်းဘယ်တင်တန်ရှိရာသို့ သွားသည်။

ခန်းမကို ဖြတ်ကူးသွားနေခိုက် ပြောင်တလင်းဖြစ်နေသည့် သူ့ကျောပြင်မှာ မီးစွဲသလို ပူလောင်နေ၏။

ဖေးလ်ဘင်တန် သေချင်းဆိုး။ သူ့မျက်လုံးတွေက စပ်စုလွန်းသည်။ ထွင်းဖောက်မြင်နောက် ကြည့်တတ်လွန်းသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

အကယ်၍ ဟော်လီအင်ဒါဆင်သည် ဖေးလ်ဘင်တန်နှင့် တစ်ခါတည်း ကိစ္စပြတ်ပြီဟု ယူဆထားမိလျှင် အမှားကြီးမှားသွားမည် ဖြစ်၏။ သည်ကမ္ဘာလောကကြီးတွင် ဖေးလ်ဘင်တန်လို လူစားမျိုးကို စကား လုံးတွေလောက်မျှဖြင့် အပြတ်ဖြတ်လို့ ရလိမ့်မည်မဟုတ်။ အနေ အထားက တစ်မျိုးကြီး။ ဟော်လီ့အဖို့ အသစ်အဆန်း ဖြစ်နေသည်။

မှန်ပါသည်။ ဟော်လီသည် ယခင်ကပင် အိမ်ထောင်ပြုခဲ့ ဖူးသူ တစ်ယောက်ပါ။ အပျိုစင်ကလေးမဟုတ်။ အတွေ့အကြုံကင်း သူမဟုတ်။ အမြင်ကွယ်နေသူ မဟုတ်။ ကိုယ့်ကိုယ်ကို အမွန်းတင် ချီးပတာမျိုး ဟော်လီ ရှောင်ရှားလေ့ရှိသည်။ သို့ပေမယ့် သူ့မှာ မိန်းမသားတစ်ယောက်၏ အရည်အသွေးများ အပြည့်ရှိနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သူသိသည်။ ကမ္ဘာလောကကြီးရှိ 'မိန်းမနှင့်ယောက်ျား' များ၏ လွှန်ဆွဲပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်လောက်သည့် မိန်းမသား ကြန်အင်လက္ခဏာများ သူ့မှာ ပြည့်စုံကုံလုံသည်ကို သူသိ၏။ သည်လိုရှိကြောင်း သူ၏ ကြည့်မှန်က အကြိမ်ကြိမ်ပြောပြ နေခဲ့သည်လေ။

သို့သော် . . .

သာယာကွင်း မြို့နယ်၏ ဓလေ့ထုံးစံနှင့် ဥပဒေသများမှာ ဟော်လီနှင့် စိမ်းနေပါသည်။ လောကတွင် မလိုင်နစ် လူတန်းစားများနှင့် ကမ္ဘာ့လူများစုဖြစ်သည့် ဆင်းရဲသား လူတန်းစားများသည် ကျင့်ဝတ်သိက္ခာပိုင်း၌ သည်မျှလောက်ထိ ဝေးကွာခြားနားမှန်း ဟော်လီ မသိမမြင်ခဲ့။ ဆင်းရဲသားဆိုသည့် လူတွေ၏ ဝန်းကျင်တွင် အိမ်ထောင်ရှိ မိန်းမကို ပြစ်မှားခြင်းမရှိကြ။ သူ၏ ဘယ်ဘက်လက်ခလယ်တွင် စွပ်ထားသည့် လက်ထပ် လက်စွပ်ကလေးကို မြင်ရုံဖြင့် အနီး အမျိုးသမီးကို ဖြူဖြူစင်စင် ဆက်ဆံကြသည်။ ကာမပိုင်ယောက်ျား ရှိသူဟူ၍ ပြစ်မှားခြင်းမှ ရှောင်ကြဉ်ကြသည်။

သာယာကွင်း မြို့နယ်မှာတော့ သည်လိုမဟုတ်။ သည်မြို့နယ်က လူတွေ ချမ်းသာကြွယ်ဝ ကြပါ၏။ ရာထူးဌာနန္တရတွေ မြင့်မားကြပါ၏။ သို့ပေမယ့် သူတို့တတွေသည် ဆန်ဖရန်စစ္စကိုမြို့၏ ကမ်းနားနှင့် လမ်းကြိုလမ်းကြားများတွင် နေထိုင်သူလူဆင်းရဲများထံမှ လူ့ကျင့်ဝတ်များကို လေ့လာသင်ကြား နာယူကြရပါဦးမည်။

ထမင်းတစ်လုတ် ဟင်းတစ်ဆုပ်အတွက် ပင်ပန်းတကြီး ရုန်းကန်နေရသော လော်ရီကားမောင်းသမားတစ်ဦး အလုပ်ခွင် သွားနေခိုက် သူ့ဇနီးထံ သင်က ပန်းစည်းတစ်စည်း ပို့ပေးလိုက်သည်ဆိုပါစို့။ ထိုကားဆရာက သင့်နှာနု ကျိုးသွားအောင် ပိတ်ထိုးပါလိမ့်မည်၊ ရိုးရိုးရှင်းရှင်းကလေးပါ။ ဒါက လူကျင့်ဝတ်လေး။ အိမ်ထောင် ရေး





လောကရဲ့ ဥပဒေသလေ။

ဖေးလ်ဘင်တန်ကတော့ သူ့ထံ ပန်းပွင့်ဒါဇင်ပေါင်းများစွာပါသည့် ပန်းစည်းကြီးတစ်စည်း ပို့လိုက်သည်။ အဖြူရောင်ကဒ်ပြားဘူးထဲမှ ငွားငွားစွင့်စွင့် ထိုးထွက်နေသည့် ပန်းများက လှမှလှ။ ပန်းစည်းနှင့်အတူ ကဒ်ပြားကလေး တစ်ခုကလည်း ကြွားကြွားရွားရွား။ ကဒ်ပြားပေါ်မှ စာ၏အဓိပ္ပာယ်ကို ဖော်ထုတ်လျှင် တစ်မျိုးတည်းသော အဓိပ္ပာယ် ထွက်ပေလိမ့်မည်။

'သောကြာနေ့ညကျ ရော်ဂျာနဲ့ဟန့်မာစတိန်း ဖွင့်ပွဲကို သွားပြီး ကိုယ်နဲ့အချမ်းဖြေရအောင်လေ'

ပန်းသည် လာပို့သည့် ပန်းဘူးကို ခရိုနင်က သူ့ဆီယူလာသည်။ ဟော်ရှိက ကဒ်ပြားပေါ်မှစာကို ဖတ်ရင်း စိတ်ကသိကအောက်ဖြစ်နေသည်ကို မသိသာအောင် ဟန်လုပ်နေရ၏။ ပို၍ ဆိုးသည်မှာ ပန်းစည်းကို သူ့ဆီပို့ပေးဖို့ အက်စ်တဲလ်အင်ဒါဆင်က အမိန့်ပေးလိုက်ကြောင်း ခရိုနင်က ပြောပြသွားခြင်းပင်။ သြော် . . . ဖေးလ်ပန်းစည်းပို့တာကို အက်စ်တဲလ် သိနေပြီပေါ့။ သည်ပန်းစည်းကို ဝေဖန်စောကြောသော မျက်လုံးများ၊ မနှစ်မြို့သော မျက်လုံးများဖြင့် ကြည့်ပြီးပြီပေါ့။

အင်း အက်စ်တဲလ်က ဖော်ရွေပါသည်။ နွတ်ခွန်းချိုသာရှိပါသည်။ သို့ပေမယ့် ဟော်လီ အရူးမဟုတ်ပါ။ အက်စ်တဲလ်နှင့်သူသည် ဘယ်သောအခါမျှ အပေးအယူ တည့်မည် မဟုတ်။ စိတ်တူသဘောတူ ဖြစ်မည်မဟုတ်။ ကလေတာန်က ဟော်လီကို လက်ထပ်ယူခဲ့၏။ သည့်အတွက် သူ့မေမေက သူ့ကို ဘယ်တော့မှ ခွင့်လွှတ်လိမ့်မည် မဟုတ်။ သည်မျှ ရိုးစင်းသည့် အမှန်တရားကလေးကို ကလေတာန်သဘောပေါက် လက်ခံခြင်း မပြုနိုင်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၊ ဖေးလ်ဘင်တန်၏ လက်ဆောင်ပဏ္ဏာပန်းစည်းကို ခရိုနင်မှတစ်ဆင့် သူ့ထံပို့ ပေးစေ၏။ ဤကား နှစ်မြို့ခြင်း မရှိသည့် သူ့သဘောထားကို တစ်နည်းတစ်ဖုံ ဖော်ထုတ်လိုက်တာ မဟုတ်လား။ ဤကား အက်စ်တဲလ် ပညာပြလိုက်သည့် လုပ်နည်းလုပ်ဟန် တစ်မျိုး မဟုတ်လား။

'ကျေးဇူးပဲ ခရိုနင်၊ တဆိတ်လောက် ပန်းအိုးထဲမှာ စိုက်ခဲ့ပါလားကွယ်'

'ဟုတ်ကဲ့ မမ၊ စိတ်ချပါ မမ'

တကယ်တော့ ဖေးလ်ဘင်တန်က သူနှင့်အတူ အိပ်ချင်တာပါ။ တခြား ဘာရှိသေးလို့လဲ။ ဖေးလ်ဘင်တန်လို လူစားမျိုးက ဒါ့အပြင် တခြားဘာများ မှတ်သိပ်တောင့်တမှာလဲ၊ ပွင့်လင်း ရဲတင်းသော၊ စည်းမဲ့ကမ်းမဲ့ နိုင်သော လူရှုလူပွေတစ်ဦး။ မိန်းမသားတစ်ယောက်၏ အိပ်ခန်းထဲသို့ အိမ်ရှေ့ပေါက်မှ ဝံ့ဝံ့စားစား ဝင်နိုင်အောင် ကြံစည်ချောင်းမြောင်းတတ်သူ။

ဟော်လီ စိတ်လက် မချမ်းသာစွာ သက်ပြင်းချမိ၏။ သည်လိုအားထုတ်ကြိုးပမ်းမှုမျိုးတွေကို သူနားမလည်နိုင်။ သဘောမပေါက်နိုင်။ အထက်တန်းလွှာ ဧည့်ခံပွဲများတွင် ကျင်လည်ကျက်စားနေသည့် တစ်ကိုယ်တော် ဝံပုလွေများသည် သူလို ကလေးတစ်ယောက် အမေကိုပင် ချမ်းသာမပေးကြ ပါကလား။ သူက ဆင်းရဲသား လူတန်းစားများ၏ နိုင်ကျည်သော ကိုယ်ကျင့်သိက္ခာကို မက်မက်မောမောကြီး တောင့်တမိ၏။

သို့သော် ...

ဖေးလ်ဘင်တန်၏ ဝက်ဝံနှာနုကြီး ကျိုးသွားအောင် ဆွဲထိုးမည့်သူဆိုလို့ နီးနားဝန်းကျင်မှာ တစ်ယောက်မျှမရှိ။ သည်တာဝန်ကို ထမ်းဆောင်နိုင်မည့် ယောကျ်ားသားက မြောက်အာဖရိကသို့





ရောက်နေသည်။ တိုင်းရေးပြည်ရေးများကို ဦးစားပေးနေသည်လေ။

သည် ပြဿနာတွင် စိတ်ညစ်စရာ အကောင်းဆုံး အချက်တစ်ချက်ရှိ၏။ ၎င်းအချက်မှာ ဖေးလ်ဘင်တန်သည် သူမတူအောင် ဆွဲဆောင် ညို့မြူနိုင်သူ ဖြစ်နေခြင်းပင်။ တုန်ယင် လှုပ်ခတ်ရသည်ကို ဟော်လီ မသိမဟုတ်၊ သတိထားမိသည်။ သူ့ရင်ကို ခြောင်းဆန်စေသည်မှာ မထီတရီ ရိသဲ့သဲ့ မျက်လုံးညိုညိုကြီးများပါ။

ဟော်လီ ရှုတည်တည်ဖြင့် ဖေးလ်ဘင်တန်ကို ခေါင်းထဲမှမောင်းထုတ်ပစ်လိုက်၏။ စောစောက ဖတ်နေသော စာအုပ်ကို ပြန်ကောက်ကိုင်သည်။ စာအုပ်က နာမည်ကျော် ရောင်းအစွံဆုံးစာရင်းဝင် ဝတ္ထုတစ်ပုဒ်။ လောက၏အရှုပ်အထွေးပေါင်းစုံမှ ထွက်ပြေး လွတ်မြောက်ရန် ကာရစ်ဘီယံကျွန်းစုများထဲမှ ကျွန်းတကျွန်းဝယ်ပြီး သွားနေသည့် လူတစ်ယောက်အကြောင်း။ သူကတော့ ဝတ္ထုဇာတ်သိမ်းကို ကြိုတင်မှန်းဆမိနေသည်။ ဝတ္ထုအဆုံးတွင် ဘယ်သူမျှ လောက၏မွှတာတရားများမှ ထွက်ပြေး လွတ်မြောက်နိုင်မည် မဟုတ်ကြောင်း ဟူသော စာကြောင်းမျိုးဖြင့်အဆုံးသတ်ပေလိမ့်မည်။

'လူတွေက ဘဝကို စီစဉ်၏။ ဘဝက လူတွေကို ပြန်ပြီးစီစဉ်၏' ဟင်း ... သည်အဆိုအမိန့်ကို သူဘယ်မှာများ ဖတ်မိပါလိမ့်။

သည်စာသားကို ဘယ်မှာ ဖတ်မိပါလိမ့်ဆိုတာ စဉ်းစားရင်း တစ်မနက်ခင်းလုံး အချိန်ကုန်သွားတော့၏။

ကလေတန်ငယ်က ကစားခန်းကို မျက်စိနောက်စရာကောင်းလောက်အောင် ရှုပ်ပွနေစေ၏။ မိခဆုံးမ ဖမဆုံးမ သားလေးတစ်ယောက်လို။ စည်းပျက်ကမ်းပျက် ကလေးငယ်တစ်ယောက်လို။ ဖြစ်မယ်လေ။ ဖြစ်မှာပေါ့။ သားငယ်ကို တင်းတင်းကျပ်ကျပ် သွန်သင်ဆုံးမနိုင်သည့် ဖခင်က ဘယ်ရောက်နေမှန်းမှ မသိဘဲ။



www.burmeseclassic.com

www.burmeseclassic.com



မြောက်အာဖရိကမှာပါ။ သူရောက်နေတာ မြောက်အာဖရိက လေ။

သေတော့မှာပဲ ကလေတာန်။ တဆိတ်လောက် အိမ်ပြန်လာခဲ့ပါတော့လားကွယ်။ လာဆို ခုပဲ လာခဲ့ပါလား မောင်ရယ်။

ရက်တွေရက်တွေ တရွေ့ရွေ့တွားသွား၏။ ဒယဉ့်တိုက်ကုန်လွန်သွား၏။ လေးလေးကန်ကန် ကျော်ဖြတ်သွား၏။ ဆုံ့ဆိုင်း ဆုံ့ဆိုင်း တိုးသွား၏။ တစ်ရက်တစ်ရက်သည် ကြာရှည်လွန်းလှေစွ။ ဟော်လီအတွက်တော့ တစ်ရက်သည် တစ်သက်မက ကြာမြင့်နေပါသည်။ တစ်နေ့တစ်နေ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းလဲမသိ။ မြစိမ်းမြိုင်စံအိမ်ကြီးသည် သုံးရက်လုံးလုံး စိတ်ပျက်ငြီးငွေ့စရာ ကောင်းလောက်အောင် ဆီးနှင်း မှောင်ရီ ထဲတွင် ဝပ်စင်းနေရ၏။ နေရောင်မှု ရိုးရိပ်မျှမမြင်ရ။ စိတ်ဆင်းရဲစရာ။ ရောမပြတင်းပေါက်ကြီးများထဲမှ ရွှေချည်မျှင်တစ်စတလေ ဝင်မလာသည်မှာ ကြာပြီ။ ကျဆင်းနေသော ဟော်လီ့စိတ်ဓာတ်များနှင့်အတွဲညီစွာ သစ်ပင်မြင့်မားကြီးများ ခေါင်းငိုက်နေကြ၏။ မဟာစံအိမ်ကြီးမှာ မှောင်ရီ တိတ်ဆိတ်သော အုတ်ဂူကြီးပမာ။ ကလေတာန်ငယ်၏ သံသေးသံကြောင် အော်ဟစ်သံများသည်ပင် သူတို့ဝန်းကျင်ကို တက်ကြွလန်းဆန်းအောင် စွမ်းဆောင်နိုင်ခြင်း မရှိ။

ဟော်လီ့ရင်ထဲ အထီးကျန် မုဆိုးမတစ်ဦးသဖွယ် ပြန်လည်ခံစားနေရ၏။ အယင်တစ်ခါတုန်းက ခံစားခဲ့ရသည့် ဝေဒနာမှာ ဆိုးရွားလှ၏။ ဆိုးသမှရက်ရက်စက်စက်ကို ဆိုးရွားခဲ့ပါသည်။ သို့ပေမယ့် ထိုအလွမ်းဓာတ်ကို သူကထွေခြားပစ်ခဲ့ပြီ။ လိုက်ကာချ ဓာတ်သိမ်းပစ်ခဲ့ပြီ။ သည်လိုက်ကာကို သူဘယ်သောအခါမျှ ပြန်တင်လိမ့်မည်မဟုတ်။ သည်အတိတ်ကား ပြန်လည်တမ်းတ ပူဆွေးမနေအပ်သော အတိတ်။





သည်ကြမ္မာရိုင်းရိုက်ပုတ်စဉ်က သူ့အသက် ငယ်ငယ်ကလေး။ လောကအကြောင်း ဘာမျှတတ်သိနားလည်ခြင်း မရှိသေး။ ဘဝအတွေ့အကြုံ ဘာမျှ ပြည့်စုံကုံလုံခြင်း မရှိသေး။

သို့ပေမယ့် ယခုမူ.....

သူ့ယောကျ်ားမှာ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခု ရှိနေသည်။ သူ့တာဝန်က သည်လုပ်ငန်းအောင်မြင်အောင် ကူပံ့ဖို့။ ရိုင်းပင်းဖို့။ ပါရမီဖြည့်ဖို့။ နောက်ပြီး သူ့အဖော်မွန်ပြန်အလာကို တာဝန်ကျေစွာ စောင့်မျှော်နေဖို့ ဒါပါပဲ။ သူ့ဘဝကစစ်သားမယား ဘဝမျိုး။ ထိုင်နေ စောင့်နေ။ မျှော်နေ။ အချိန်ကာလအတော်များများကို ငိုကြွေးရင်းနှင့် ကုန်လွန်စေ။ ကြီးမားသော နွေးထွေးခြင်းကင်းမဲ့သော လေးထောင့်ခုတင်ကြီးပေါ်တွင် အတောမသတ် တွန့်လိမ်လူးလွန့်ရင်း တမ်းတမျှော်မောနေ ချစ်သောချစ်သူကိုချစ်ဖို့၊ ချစ်သောသူ၏ အချစ်ကိုခံယူဖို့။

သူ့ရင်တွင်းတွင် သည်လိုဝေဒနာတွေ ဖြစ်ထွန်း တည်ရှိခွင့်ပေးမိသည့်အတွက် ဟော်လီကိုယ့်ကိုယ်ကို ပြစ်တင်မောင်းမဲ မိသည်။ ခုလို ခေတ်သစ် စံနစ်သစ် ကာလကြီးတွင် သူက သည်လောက် အဖြစ်သည်းသည့်မိန်းမ ဖြစ်နေရသလား။ သည်လောက် အစွဲအလန်းကြီးသည့် မိန်းမ ဖြစ်နေရသလား။ သည်လောက်ရှေးဆန်သည့် မိန်းမဖြစ်နေရသလား။ သူ့ယောကျ်ားပြန်အလာကို မျှော်ငံ့တမ်းတနေသည့် မိန်းမလေး။ ဩော် ဘယ်လောက် ဟားတိုက်ရယ်စရာ ကောင်းလိုက်ပါသလဲ။

သူ ယှဉ်ပြိုင်နေရသည့် ပြိုင်ဘက်မှာ အမေရိက ပြည်ထောင်စုအစိုးရ၊ အမေရိကပြည်ထောင်စုအစိုးရဆိုသည်ကလည်း ကလေတာန်၏ အသိုက်အဝန်း။ ကလေတာန်၏အဆင့် ကလေတာန်၏ဘဝနှင့် ခွဲခြားပွဲ ရသည်မှ မဟုတ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟော်လီ့ ဝေဒနာများ လျော့ပါးသက်သာစေရေးအတွက် အက်စ်တဲလ်ကလည်း ဘာတစ်ခုမျှ ကူညီဖေးမခြင်းမပြု။ အက်စ်တဲလ် အတွက်ကတော့ မြစိမ်းမြိုင် စံအိမ်ကြီးတွင် အထီးတည်း စံမြန်းနေရ ခြင်းသည် လိုအပ်၏။ မှန်ကန်၏။ ပြောကြစတမ်းဆို အမျိုးသမီး များသည်။ ရိုးရာအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရမည့် သူများ မဟုတ်လား။ မိရိုးဖလာ ဂုဏ်သိက္ခာများကို ကာကွယ်ရမည့် မဟာရံတန်တိုင်းကြီးများ မဟုတ်လား။ မိန်းမသားများ၏ နေရာမှန်သည် အိမ်တွင်းမှာပဲ ဖြစ်ပါသည်။

တစ်ည

စိတ်ညစ်ညူးစရာည၊ မြစိမ်းမြိုင်၏ ရောမ ပြတင်းပေါက်ကြီး များကို မိုးစက်များ တဝုန်းဝုန်း ရိုက်ပုတ်နေသည်။ မီလင်းဖိုကြီးထဲမှ မီးတောက်များကတော့ တက်ကြွမြူးတူးစွာ တဟုန်းဟုန်း တောက် လောင်လျက်။ အက်စ်တဲလ်က တစ်ကိုယ်လုံးရှိ အကြောအခြင်များကို လျှော့ထားပြီး ဇာထိုးအပ်ကလေး ပြေးလွှားနေနိုင်အောင် အာရုံစိုက်၏။ မီးလင်းဖို ရှေ့တွင် ရပ်နေသော ဟော်လီက မီးတောက် မီးလျှံများကို မှိုင်မှိုင်တွေတွေ ငေးကြည့်နေ၏။ ချမ်းအေးနေသလို လက်နှစ်ဖက်ကို ထွေးပိုက်ထားသည်။

သူ သည့်လိုဖြစ်နေရခြင်းမှာ မှုန်မှိုင်းမှိုင်း ပါတ်ဝန်းကျင် တစ်ခု တည်းကြောင့်မဟုတ် သူငြီးငွေ့စိတ်ပျက်နေသောကြောင့်။ အထီးကျန် ဝေဒနာကို ခံစားနေရသောကြောင့်။ နောက်ပြီး အကြီးအကျယ် စိတ် ဆင်းရဲ နေသောကြောင့်။

သူ့စိတ်အခြေအနေကို အက်စ်တဲလ် မသိမဟုတ် သိပါသည်။

'ဘာဖြစ်လို့လဲဟော်လီ'

အဘွားကြီး ဇာထိုးနေရာမှ မော့်ကြည့်ခါမေး၏။ ထုံးစံအတိုင်း





သူ၏ ချောမောသောမျက်နှာမှ ကြွေနကြီးခြင်းခန့်ထည်ခြင်း အရောင် များရှန်းလက်နေ၏။

ဟော်လီရပ်နေရာမှလှည့်လာ၏။ သို့သော်အဘွားကြီး မျက်နှာ ကို ကြည့်မရ။

'ကျွန်မမထင်တယ်၊ ကလေတန် မြန်မြန်ထက်ထက် ပြန်မလာ ယင်တော့ ကျွန်မရူးသွားမလားပဲ'

'ဒါက သမီးချွတ်ယွင်းချက်ပဲလေ။ သမီးက အိမ်တွင်းပုန်း နေလွန်းတာကိုး၊ သမီးဒီတစ်ပါတ်အတွင်း ညှော်ခံပွဲလေးပွဲတောင် ငြင်းလွှတ်လိုက်တယ်မဟုတ်လား'

'ကျွန်မက ကလေတန်မပါပဲ အပြင်ထွက်ချင်စိတ်မှ မရှိတာ'

'သူခရီးထွက်နေတာနဲ့ သမီးရဲ့လူမှုရေးတာဝန်တွေကို ရပ်ထားလို့ မဖြစ်ဘူးလေ'

'ဒါပေမယ့် ကျွန်မ သူ့ကိုလွမ်းနာကျနေပြီ မေမေရဲ့'

ဟော်လီ အောင့်မနေနိုင်တော့။ စကားလုံးများသည် ငိုကြွေး သံပမာ သူ့ရင်တွင်းမှ ပွင့်ထွက်လာသည်။

အက်စ်တဲလ်က သူ့အား သနားကြင်နာဟန်ဖြင့် ကြည့်၏။

'အင်ဒါဆင်မိသားစုရဲ့ ယောက်ျားတွေဟာ အရမ်းရည်မှန်းချက် မြင့်မားကြတယ် သမီး၊ သူတို့ကို ပြုပြင်ပြောင်းလဲနိုင်းလို့ မရဘူး။ သူတို့ကို တားလို့ဆီးလို့မရဘူး အင်ဒါဆင်ကတော်တွေအနေနဲ့ စိတ်ရှည်လက်ရှည်စောင့်စားဖို့ အားထုတ်ရတယ်။ စောင့်စားရမယ်'

ဟော်လီ ပြတင်းပေါက်များရှိရာသို့ လျှောက်သွားသည်။ ပြတင်းပေါက်နားရှိ ခုံတစ်လုံးတွင် အရုပ်ကြိုးပြတ်ထိုင်ချသည်။ ပြန်လှန်ပြီး အက်စ်တဲလ်ကို စိန်းစိန်းကြည့်သည်။ အက်စ်တဲလ်နှင့် အတူ ပျဉ်ကပ် အခန်းကြီးကိုပါ ခြုံငုံကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မြစိမ်းမြိုင်အိမ်ကြီးဟာ ကြီးလွန်းလှတယ်။ ဟာတာတာနိုင်လွန်းတယ်၊ အေးစက်စက်နိုင်လွန်းတယ်လို့များ မေမေမထင်မိဘူးလားဟင်'

'အေးစက်စက်နိုင်လွန်းတယ်ဟုတ်လား'

သည်စကားလုံးကို အဘွားကြီး ဆတ်ဆတ်ခါမခံမရပ်နိုင်ဖြစ်သွားသည်။

'တို့ရဲ့ မျိုးဆက် ခုနစ်ဆက်တိတိက ဒီအိမ်ကြီးကို နွေးထွေးအောင် နေချင့်စဖွယ်ဖြစ်အောင် ထိန်းသိမ်းခဲ့ကြတယ် ဟော်လီ၊ ဒီအိမ်မှာ မနေချင်တဲ့အချိန်ဆိုလို့ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်တောင် မေမေ့ဘဝမှာ မရှိခဲ့ဖူးဘူး။ သမီးလည်း မေမေ့လိုခံစားလို့ရအောင် သမီးကိုထားချင်ပါတယ်ကွယ်။'

ဟော်လီ ခေါင်းယမ်း၏။

'မေမေက ဒီဝန်းကျင်မှာ ကြီးပြင်းလာခဲ့ရတာ မေမေ၊ ကျွန်မကဆန်ဖရန်စစ္စကိုကအခန်းလေးတစ်ခန်းမှာ ကြီးပြင်းခဲ့ရတာ၊ တခါတလေကျ ကျွန်မကိုယ်ကျွန်မ မှန်ထဲကြည့်ပြီး ကျွန်မနဲ့မဆိုင်တဲ့ နေရာကိုရောက်နေသလို ခံစားရတယ်။

ခုတော့ အက်စ်တဲလ်က သူ့ကိုရှုးစမ်းလေ့လာစွာ ကြည့်နေ၏။

'ဟုတ်ကောဟုတ်လို့လား သမီးဟာတကယ်ပဲ ဒီဝန်းကျင်နဲ့မဆိုင်ဘူးလား'

'အတိတ်ဘဝရဲ့ အမူအကျင့်နဲ့စရိုက်တွေကို ကျွန်မဖက်တွယ်မထားပါဘူး မေမေ ကျွန်မခေတ်နဲ့အညီနေတတ်တဲ့ မိန်းကလေးပါ'

ဟော်လီသတိကြီးစွာ စကားရွေးပြီး ဖြည်းဖြည်းဆေးဆေးပြော၏။

'သမီးရဲ့သားလေးမှာ အတိတ်ဘဝရဲ့ စရိုက်တွေ ရှိနေတယ်





လေ့ သိပ်ကို သိသာတဲ့ စရိုက်တွေပေါ့'

'အတိတ်ဘဝဆိုတာ အမှတ်သညာ တစ်ခုပါပဲမေမေ၊ အဲဒီအမှတ်တရဘဝကို အမြတ်တနိုး သိမ်းဆည်းထားလို့ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ နေထိုင်ရှင်သန်ရမှာက ပစ္စုပ္ပန်ဘဝမှာပါ၊ ကျွန်မကတော့ သားရဲ့အဖေဟာ အင်ဒါဆင်မျိုးဆက်တစ်ယောက် ဖြစ်လို့ သူလဲ အခွင့်ထူးခံအသိုက်အဝန်းမှာ မွေးဖွားလာတယ်ဆိုတဲ့ အတွေးမျိုး သားရဲ့ ခေါင်းထဲမဝင်စေချင်ဘူး'

ကုလားထိုင်ပေါ်တွင် ထိုင်နေသည့် အက်စ်တဲလ်၏ တစ်ကိုယ်လုံးအကြောဆိုင်းသလို တောင့်တောင့်ကြီးဖြစ်သွားသည်။ သူ့မျက်လုံးတွေ မာနအရှိန်ဖြင့် တပြောင်ပြောင်လက်လာသည်။

'ဒါပေမယ့် ဟုတ်နေတယ်လေ၊ `သမီးရဲ့သားလေးဟာ အင်ဒါဆင်သွေးပဲလေ'

'တစ်ဝက်ထည်း ပါပါတယ်'

ဟော်လီ လေသံကိုဖော့ပြော၏။ ကလေတန့်အမေကြီးအတွက် အမြတ်ထားသည့်ကိစ္စကို မထူးခြားသောအမြင်ဖြင့်ပြောရမည်ဖြစ်၍ သိပ်နာကြည်းမသွားအောင် လေသံကို ဖော့ထားလိုက်ရ၏။

ကလေတန်လေးရဲ့ ကျန်တဲ့ သွေးတစ်ဝက်ဟာ ပါကာသွေးဆိုတာလည်း မေ့မထားနဲ့ဦးလေ၊ ကျွန်မကတော့ ကလေတန်ကြောင့် အင်ဒါဆင် မျိုးနွယ်စုတွေ အရှက်မရစေချင်ပါဘူး၊ အဲဒီလိုပဲ ပါကာမျိုးနွယ်စုတွေလည်း အရှက်မရစေချင်ဘူးလေ'

အက်စ်တဲလ်က သူ့ကိုအကြာကြီးစိုက်ကြည့်နေ၏။ အတွေးနက်စွာ။ မီးလင်းဖိုမှမီးရောင် အဘွားကြီး၏ဆံပင်ကို ငွေရောင်ဖြာနေစေ၏။ တင်းတင်းစေ့ထားသော နှုတ်ခမ်းနှစ်လွှာကို ထင်းနေစေ၏။ ကျက်သရေရှိလှသော လက်ချောင်းသွယ်သွယ်များက ဖာတီအပ်ကို



www.burmeseclassic.com

www.burmeseclassic.com



စံနစ်တကျ ခိုင်းစေလျက်

ထိုညအဖို့ သူတို့ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာနှင့်ပတ်သက်၍ နောက်ထပ် ပြောစရာမရှိတော့။

×

နောက်နေ့နံနက်ကျတော့လည်း စာဘူးလေးမှာ ဘာမျှထူးခြားမလာ။ ယမန်နေ့များကလိုပင် ပျော်ရွှင်စရာတွေကို ဆောင်ကြဉ်း မပေးနိုင်။ ထုံးစံအတိုင်း နှုတ်ဆိတ်နေသည့် သစ်သားဘူးလေး တစ်ဘူးမျှသာ။

ကလေတန်လေးက သူ့မေမေ ကုတ်အင်္ကျီကို ဆွဲရင်း ပါးစပ်မှ ရေငွေ့တစ်ထောင်ထောင်း ထွက်အောင်မေး၏။

'ဖေကြီးဆီက ဘာလာသေးလဲ ဟင်'

'နက်ဖြန်မှ လာချင်လာမှာပေါ့ကွယ်'

နေ့တွေ ရက်တွေသည် အပြောင်းအလဲမရှိပဲ တစ်သမတ်တည်းကြီး နေရထိုင်ရ ရှည်ကြာလာသောအခါ ကိုယ့်ရင်သွေးငယ်ကို ဘယ်လိုပြောပြရမလဲ။ စာဘူးကလည်း နေ့စဉ်နှင့်အမျှ ဟောင်းလောင်းဖြစ်နေလျှင်ကော။

'ဖေကြီးက ဘာလို့ စာမရေးနိုင်ရတာလဲ'

'ဖေကြီးက အလုပ်များတယ်လေကွယ် ဒါကြောင့်ပါ မနက်ဖြန်ဆို စာတစ်စောင် ရောက်လာမယ်ထင်တယ် သား စောင့်ကြည့်လေ'

'လာပါစေလို့ သားဆုတောင်းပါတယ် မေကြီးရယ်'

ဟော်လီ သားငယ်ကို ပွေ့ဖက်လိုက်၏။ သူ့ပါးပြင်ပေါ်သို့ တစ်လိမ့်လိမ့် စီးကျလာသည့် မျက်ရည်များကို သားငယ် မမြင်ရအောင် သားငယ်ကို တင်းကင်းဖက်ထားသည်။ ကလေတန်လေး၏





ဖလန်နယ် အင်္ကျီစထဲသို့ မျက်ရည်များ စိမ့်ဝင်သွားစေ၏။

မိခင်ဆိုတာ သူတို့ ရင်သွေးငယ်များရှေ့တွင် ဘယ်တော့မျှ မငိုရဘူး မဟုတ်လား။

သားအမိ လက်ချင်း ချိတ်တွဲလျက် ခြံထဲ ပြန်ဝင်ခဲ့ကြသည်။ မှုန်မှိုင်းမှိုင်း ကောင်းကင်ပြင်ကြီးက သူတို့သားအမိကို မျက်မှောင်ကြုတ်ပြီး ကြည့်နေ၏။ နံနက်ခင်း၏ လေပြည်နွဲ့နွဲ့ကလေးက တိရိညီညာရိတ်ဖြတ်ထားသည့် မြက်ခင်းပြင်ပေါ် ပြေးလွှားတိုက်ခတ်လာ၏။ သစ်ပင်အကိုင်းအခက်များက ခေါင်းပုံအရိုက်ခံသလိုယိမ်းကာ်မအခြာနွဲ့ကာ ကိုယ်ဟန်ပြနေကြ၏။

ထိုညက ကလေတန်လေးကို အိပ်ရာထဲ နေရာချပြီးသောအခါ ဟော်လီက သားငယ်ကိုတယုတယနမ်းပြီး နှုတ်ဆက်သည်။ ကလေတန်ကြီး၏ ဆံပင်များအတိုင်း နက်မှောင်နေသည့် သားငယ်၏ ဆံပင်များကို လက်ချောင်းများဖြင့် ထိုးဖွဆော့ကစားသည်။ နောက် စားပွဲတင်မီးတိုင်ကို မီးမှိတ်ပြီး သူ့အခန်းသူပြန်ခဲ့သည်။

အထီးတည်းသော မွေ့ရာကြီးက သူ့အားဆီးကြိုလှောင်ပြောင်နေ၏။

လေးဖက်ဓလေးတန်သော နံရံများက သူ့အား ဝန်းရံကာ ဆီးထား၏။

အိပ်ခန်း တစ်ခန်းလုံးတွင် သူကိုင်တွယ်စရာဆိုလို့ မွေ့ရာနံဘေး စားပွဲပုကလေးပေါ်တွင် ရှိနေသည့် တယ်လီဖုန်းတစ်ခုတည်းသာရှိ၏။ သူ့မျက်လုံးထဲတွင် တယ်လီဖုန်းကလေးသည် ဖြည်းဖြည်းချင်း ကြီးထွားလာ၏။ မကောင်းမှု တစ်ခုကို ပြုလုပ်ဖို့ မြှူဆွယ်နေ၏။ သည်အရာ ဝတ္ထုကလေးကို ဉပေက္ခာပြုထားလိုက်ဖို့ ကြိုးစားသည်။ စာအုပ် တစ်အုပ်တလေများ တွေ့မလားဟု ကျောခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတစ်ကျွန်းဝယ်ပြီး သွားနေသည့် စာအုပ်ကိုတော့ ပစ်ထားလိုက်သည်မှာ ကြာပြီ။ ထိုစာအုပ်ကို ကြိုက်သလား မကြိုက်သလား ဆိုတာပင် မမှတ်မိတော့။ ပုံနှိပ်စာလုံးများထင်နေသည့် စာမျက်နှာပေါင်းများစွာသည် မျက်ရည်များအောက်တွင် ဝေဝါးသွားခဲ့သည်လေ။

စာဖတ်ဖို့ ကြိုးစားလည်း အချည်းနှီးပင်။ စာအုပ်သစ်ကို ပြန်ပိတ်လိုက်၏။ စာဖတ်လို့မှ မရ။ တစ်နေရာမှ လွင့်ပျံလာသည့် နာရီထိုးသံကို ကြားရသည်။ အချိန်။ ဟုတ်သည်။ အချိန်မီသေးသည်။ တယ်လီဖုန်းဆက်ဖို့ အချိန်ရသေးသည်။ ခုမှ ည ခုနှစ်နာရီ။ အစောကြီး ရှိသေးတာပဲ။

စိတ်အေးအေးထားဖို့ ကြိုးစားသည်။ အကြောအခြင်တွေ လျှော့ထားဖို့ အားထုတ်သည်။ သွေးရင်တွေခုန်နေ၏။ အသားတွေ ပူလောင်နေ၏။ တစ်စုံတစ်ရာကို အဆောတလျင် လုပ်ဖို့ လိုအပ်နေသလို ခံစားနေရ၏။ ဆေးစွဲနေသူ တစ်ဦး နောက်ထပ် ဆေးလိုအပ်သဖြင့် ခံစားနေရပုံမျိုး။

တယ်လီဖုန်းကို ကောက်ကိုင်၏။ နံပါတ်တစ်ခုကို လှည့်၏။

ဖေးလ်ဘင်တန်၏ အသံကို တယ်လီဖုန်းထဲတွင် ပထမဆုံးအကြိမ်အဖြစ် ကြားရ၏။ အသားစားကျူးသည့် တောဘုရင်တစ်ကောင် နောက်တစ်နေ့ သားကောင်လိုက်ဖို့ အင်အားဖြည့်အနားယူ ငိုက်မျဉ်းနေခိုက်ပြောသည့် အိပ်ချင်မူးတူး လေသံ။

'ဟဲလို'

သူဖြေကြားပုံက လျော့ရိ လျော့ရဲ။ ခပ်ပေါ့ပေါ့။ အဖိခံထားရသည့် စပရင်တစ်ခွေ ရှန်းကန်ခုန်ထွက်ဖို့ အသင့်ဖြစ်နေသည့်နှယ်။

'ဟဲလို ဖေးလ်၊ ကျွန်မဟော်လီပါ၊ မနက်ဖြန်ညဖွင့်ပွဲ ကပြမယ့် ပြဇာတ်အတွက် ဖိတ်ကြားချက်က အတည်ဖြစ်ဆဲပဲလားဟင်'





ဖေးလ်ဘင်တန်၏ ဖိတ်ကြားချက် တစ်ခုသည် အင်္ဂလန်ပြည်၏ဘဏ်ကြီးရှိ ရွှေတုံးကြီးများလိုပင် အာမခံချက်အပြည့်ရှိပါသည်။

တယ်လီဖုန်း ပြန်ချပြီးသောအခါ ဟော်လီ့လက်တွေ တဆက်ဆက်တုန်နေသည်။ ဘာပဲဖြစ်ဖြစ် တဒင်္ဂအားဖြင့်တော့ ဖေးလ်ဘင်တန်ကို ကျေးဇူးတင်လိုက်မိ၏။ ထိုတဒင်္ဂတွင် ဟာကယ်ပင် ဖေးလ်ကို နှစ်သက် သဘောကျသွားသည်။

တော်ပါသေးရဲ့။ ဖေးလ်က သူ့ကို ဟားမလွှတ်လိုက်ပေလို့။

× × × × ×
× × × ×
× ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ဖေးလ်ဘင်တန်သည် ဘယ်လိုလူစားပဲ ဖြစ်နေဖြစ်နေ သိသာထင်ရှား သည်မှာ သည်လူသည် အဖော်ကောင်း တစ်ယောက် ဖြစ်နေခြင်းပင်။ သည်အကြောင်းကို ဟော်လီ ချက်ချင်းလိုပင် သိလိုက်ရ၏။ သူ့မျက်လုံးများက ရီဝေဝေ။ သည်မျက်လုံးများထဲတွင် သူ့ဆန္ဒ၊ သူ့အာသီသများကို ပေါ်ပေါ်ထင်ထင် ရှင်းရှင်းလင်းလင်းကြီး တွေ့မြင်နေရ၏. မည်သို့ပင်ဖြစ်စေ သူသည် အတော်ဆုံး ယောကျ်ား အဖော် တစ်ယောက် ဖြစ်နေသည်တော့ အမှန်။

သူ ဝတ်စားဆင်ယင်ထားပုံမှာ အစစအရာရာ သူနှင့် လိုက်ဖက် တင့်မောသည်။ သူ့အမူအကျင့်များမှာ စွဲမက်စရာကောင်း သည်။ လူကြီးလူကောင်း ဆန်သည်။ လူကိုထံ အသိုက်အဝန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



အသေးအဖွဲ့ကိစ္စလေးများကအစ မျက်နှာပန်းလှသည်။ သူက မိန်းမသားတစ်ဦးအား တံခါးဖွင့်ပေးတတ်သူ။ ကုတ်အင်္ကျီချွတ်လျှင်၊ ဝတ်လျှင် ဖေးမပေးတတ်သူ။ သူနှင့်တွဲလာသော မိန်းမသားတစ် ယောက် ဂုဏ်ယူချင်လာအောင်၊ အားကိုးချင်လာအောင် အစစအရာရာ အသေးစိတ် ဂရုစိုက် ပြုစုတတ်သူ ဖြစ်၏။ သူတို့ နှစ်ယောက် ရောက်လေရာတိုင်းတွင် အမျိုးသမီးပရိသတ်က သူ့ကို မက်မက်မောမော တောင့်တောင့်တတ ငေးကြည့်တတ်ကြသည်ကို တွေ့ရတော့လည်း ဟော်လီ ဂုဏ်ယူ မော်ကြွား မိသည်ပေါ့။ သူ၏ ညိုမောင်းချောမောသော ရုပ်ရည်နှင့် ကျက်သရေရှိသော ကျားကျားလျားလျား ကိုယ်ခန္ဓာ အချိုးအဆက်မှာ တော်ရုံတန်ရုံ ယောကျ်ားများ လိုက်မမီနိုင်သည့် သာရည်များ ဖြစ်နေ၏။

အဲ ... ထုတ်ဖော်ပြသခြင်း မပြုသည့်တိုင် သိသာမြင်သာလွန်းနေသည့် သူ့ဆန္ဒ၊ သူ့အာသီသများ ကိစ္စ။ အင်း ... သည်ကိစ္စကတော့ စိန်ခေါ်ပွဲလေးတစ်ပွဲပေါ့၊ မဟုတ်ဘူးလား။ သူတို့ နှစ်ဦး၏ ဆက်ဆံရေးကို အန္တရာယ်ပြုလာမည့် တစ်စုံတစ်ရာသော ပြဿနာကလေးဆိုပါတော့၊ ကိုယ်နှင့်အတူပါလာသော ယောကျ်ားသည် ကိုယ့်ဦးလေးတစ်ယောက်၊ သို့မဟုတ် သာမန်အညတရယောကျ်ား တစ်ဦးဟု ဘယ်မိန်းမသားကအထင်ခံချင်ပါ့မလဲ။ ဟော်လီသည် သူ၏ အထီးကျန်ဝေဒနာကို ကုစားသော် အလွန်အကျွံ မဖြစ်ဖို့ကိုမူ ကိုယ့်ကိုယ်ကို တင်းတင်းကျပ်ကျပ် ဖက်ချုပ်ထားနိုင်မည်ဟု ယုံကြည်သည်။ တကယ်တော့ ခြောက်ကပ်ပြီး ငြီးငွေ့စရာ ကောင်းလာသော သူ့ဘဝကို ဖေးလ်ဘင်တန်က ပြန်လည်စိုပြည်လာအောင် အသက်သွင်းပေးခဲ့သည် မဟုတ်လား။

ရော်ဂျာနှင့် ဟန်မာစတိန်းပြဇာတ်မှာ ပျော်စရာ၊ ကြည်နူး





စရာ။ ကမ္ဘာလောကကြီးထဲ ပြန်လည်တိုးဝင်ရသည်မှာ စိတ်ချမ်းသာစရာ ကောင်းလေစွဟု ဟော်လီ တွေးမိ၏၊ အသားနားဆုံ့ဝတ်ကောင်းစားလှတွေ ဆင်မြန်းပြီး အထက်တန်းပွဲကြည့်စင်များမှာ ပွဲကြည့်နေသူတွေ။ အနားပေးချိန်များတွင် တောက်ပြောင်ခမ်းနားသော ခန်းမကြီးများထဲတွင် နှုတ်ခွန်းချိုသာစကား ဖလှယ်ကြတာတွေ။ သက်ကြီးပိုင်း မှုပုဂ္ဂိုလ်ကြီးများ၏ ဆေးပြင်းလိပ်နံ့သည်ပင် နှာဝတွင် မွှေးပျံ့ လာသလိုလို။ ဖေးလ်ဘင်တန်ကား တက်ကြွလန်းဆန်းလွန်းသူ။ ခင်မင်နှစ်လိုဖွယ် ကောင်းလွန်းသူ။ ဟော်လီ၏ အတ္တမာနကို ကျေနပ်နှစ်သိမ့်အောင် စွမ်းဆောင်တတ်လွန်းသူ။

သူတို့ ကြည့်ခဲ့သည့် တေးဂီတပြဇာတ်မှာ ပဏာမမျှသာ ဖြစ်၏။

နောက်ပိုင်း သူတို့နှစ်ယောက် အတူ မြင်းစီးကြ၏။ ရေကူးကြ၏။ ဂေါက်ရိုက်ကြ၏။ မင်စီဘယ်ရင်တန် ကမကထလုပ်ပြီး ကျင်းပသမျှ ညစာစားပွဲတိုင်းသို့ မလွတ်တမ်းသွားကြ၏။ မြစိမ်းမြိုင် အထီးကျန်စံအိမ်ကြီးထဲမှ ကလေတန်အင်ဒါဆင်၏ ဇနီးသည်ကလေး ရုန်းထွက်လာအောင် ဆွဲဆောင်နိုင်ခြင်းမှာ မင်စီဘယ်ရင်တန်၏ အောင်မြင်မှုတစ်ရပ်ဟု အသိုက်အဝန်းက အမှတ်ပြုကြသည်။ သူတို့ ဘာပဲပြောပြော ဟော်လီအမှုမထား။ ကိုယ့်ခြေလှမ်း ကိုယ်သိပါသည်။ သူ့ဂါဝန်တွေ သန့်ရှင်းစင်ကြယ်နေသည်ပဲ။

ဖေးလ်ဘင်တန်က ဖွတ်သမား။ ဟုတ်သည်။ ချဉ်းကပ်ရာတွင်ဖွဲ့ခတ်သူ။ သူ သည်လိုဖွတ်မချဉ်းကပ်လျှင်လည်း ဟော်လီစိတ်ဆိုးမိမည်အမှန်။ သည်လူ ဘဝကိုရှုမြင်သုံးသပ်ရာမှာတော့ ပေါ့လွန်းတန်လွန်းသည်။ သို့ပေမယ့် ဘဝကို လှလှပပလည်း မြင်တတ်သည်။ စိတ်ကူးလည်းအင်မတန်ယဉ်သည်။ သူ့ကြည့်ရတာ တစ်စုံတစ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်စောင့်စားနေဖို့လည်း ဝန်မလေး။ စိတ်ရှည်သည်။ နောက်ဆုံး သူမျှော်လင့်ချက် မပြည့်ဝသည့်တိုင် မျက်မာန်ဒေါသပွားနေမည့်သူ မဟုတ်။ ဟော်လီ သူ့ကိုကြိုက်သည့်အထဲတွင် သည်အချက်လည်း ပါဝင်သည်။

နောက်ဆုံး ဖော်ထုတ်တွေ့ရှိချက်အရဆို သည်လူက အရာရာကို စိတ်ဝင်စားတတ်သူ။ သည်တော့ ကိုယ့်အဖော် ကိုလူချောထံမှ ဘယ်မိန်းမက ဘာများ ထပ်မံတောင်းဆိုစရာကျန်ပါသေးတော့သလဲ။

ကခြင်းခုန်ခြင်းအလုပ်ကို ဟော်လီ တော်တော်ဝါသနာထုံသည်။ ဂီတမှာ စွမ်းအားတစ်ရပ်အမြဲရှိနေသည်။ ဂီတသံကို ကြားနေရလျှင် သူ့စိတ်တွေ ပေါ့ပေါ့ ငြိမ်းချမ်းသွားသည် ထင်ရ၏။ ကကွင်းထဲမှာ ရွေ့လျားကခုန်ရင်း ကိုယ်သတိတရရှိသည့် တေးသွားကလေးထဲ စိတ်ကိုမျှောထားလိုက်သည့်ထက် အရသာရှိတာဘာမျှမရှိ။ သူဆယ်ကျော်သက်ရွယ်ငယ်ဘဝက ဆန့်ဖရန့်စစ္စကိုရှိ အခန်းကျဉ်းကလေးတစ်ခန်းတွင်နေရ၏။ သူသည် သည်အချုပ်ခန်းကလေးမှ ဘယ်သောအခါမျှ လွတ်မြောက်တော့မည် မဟုတ်ဟုလည်း စိတ်ဓာတ်ကျရ၏။ ထိုစဉ်ကာလမျိုးမှာပင် ကချင်ခုန်ချင်စိတ်ကို လွတ်ပေးလိုက်ခြင်းဖြင့် လူ့ဘဝသည် သာယာယစ်မူးဖွယ်ပါ တကားဟု ကိုယ့်ကိုယ်ကို လိမ်ညာလှည့်ဖြားလို့ရခဲ့၏။ ဘဝဆိုးဘဝကျပ်ကြီးထဲတွင် အိပ်မက်ကို အကောင်အထည်ဖော်နိုင်သည့်အချိန်မှာ သည်အချိန် သည်သမယကလေးတွေသာရှိသည်မဟုတ်လား။

ဟော်လီ အဲသည်လောက်အထိ အကဝါသနာပါသလို ဖေးလ်ကလည်း ကရခုန်ရတာကို နှစ်သက် မြတ်နိုးတတ်သည်လေ။

အဝေးပြေး လမ်းမကြီးမှဖဲ့ထွက်သွားလျှင် ကျူးဘားနှင့်





နီးဂရိုးစပ် လူမျိုးများ ကခုန်လေ့ ရှိသည်။ 'ရမ်ဘာ' အက ကလို့ရသည့် နေရာတစ်နေရာရှိ၏။ ဖေးလ်က အဲသည်ကနည်းမျိုးကို ကြိုက်သည်။ ဟော်လီကို မကြာခဏခေါ်ခေါ်သွားသည်။ ထိုနေရာမှာက မီးရောင်မှိန်မှိန်၊ အေးအေးဆေးဆေးနှင့် လူတစ်ယောက်ကို လွတ်လပ်ပေါ့ပါးစေသည်။

တီးဝိုင်းစင်ထက် နည်းနည်းလေးသာ ပို၍ ကျယ်သော ကကွင်းထဲတွင် ဟော်လီက ဖေးလ်နှင့်တွဲလျက် ဝေ့ကာ ဝိုက်ကာ နွဲ့ကာ ပြောင်းကာ က၏။ သူ့စိတ်တွေ လွတ်လပ်ပေါ့ပါးနေ၏။ တက်ကြွမြူးတူးနေ၏။

'ရမ်ဘာ ကနည်းကတော့ မင်းအတွက် ထွင်ထားတာပဲ၊ ဒီကနည်းက အနေ့းကနည်းထက် မင်းနဲ့ ပိုပြီး လိုက်တယ်'

ဖေးလ်က ဟော်လီ့နား အနီးကပ်ပြီး တိုးညင်းစွာ ပြောသည်။

'အနေ့းကနည်းလဲ ကောင်းတာပါပဲ၊ ဒါပေမယ့် အဲဒီကနည်းက တစ်ယောက်တည်းကလို့ မရတာ ခက်တယ်'

ဟော်လီ ကိုယ်ခန္ဓာ နွဲ့ချင်သလိုနွဲ့၊ ယိမ်းချင်သလိုယိမ်း။ ဖေးလ်၏ ကိုယ်ခန္ဓာက ကော်ဖြင့်ကပ်ထားသလို ပြေပြေပြစ်ပြစ်စွာ လိုက်ပြီး ယိမ်းနွဲ့နေသည်။ သူ့မျက်လုံးများက ဟော်လီ့ မျက်လုံးများကို နီးကပ်လွန်းစွာ စူးစူးရဲရဲကြည့်ရင်း ....

'ဟော်လီ ၊ မင်းဟာ ဒီကမ္ဘာပေါ်မှာ အချောဆုံး အလှဆုံး မိန်းမတစ်ယောက် ဖြစ်မှာပဲ'

'ခုလို အကြင်နာစကား ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ကျွန်မကိုယ် ကျွန်မ မိန်းမသား တစ်ယောက်လို ပြန်ပြီး ခံစားလို့ရအောင် ရှင် စွမ်းဆောင်နိုင်ပါပေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အချစ်ရယ် ... မင်းရဲ့ ပင်ကို အရည်အသွေးတို ဘယ်သူမှ ယှဉ်မှား သံသယဖြစ်နိုင်စရာ မရှိပါဘူးကွယ်'

သူပြောသံက ကြားသာရုံကလေး။ သူ့ပါးစပ်နှင့်ဟော်လီ့ နားမှာ အလွန်မတန် နီးကပ်စွာ။

တကယ်တော့ ဟော်လီ သိနေပါသည်။ ဖေးလ်က မိန်းမများနှင့် ပတ်သက်၍ အောင်မြင်မှု သရဖူ ဆောင်ခဲ့သူ။ အဆိုပါ မိန်းမများ စာရင်းတွင် သူ့နာမည်ကို ထပ်မံ ဖြည့်စွက်ဖို့သာ ဖေးလ် ဆန္ဒရှိနေကြောင်း ဟော်လီ သိပါသည်။ သို့ပေမယ့် ဖေးလ်က သူ့အပေါ် ကောင်းလွန်းနေသည်လေ။ သည်တော့ သည်လူ၏ ညို့မြူ ဆွဲဆောင်မှုကို ဘယ်မိန်းမသားက တင်းခံနိုင်ပါ့မလဲ။

'ဟော ... အဲဒီ ချီးပစကားကျတော့ သိပ်ကို သိမ်မွေ့လွန်းနေပြန်ရော'

ဟော်လီ ပြုံးပြီး ပြော၏။ ဖေးလ် ရယ်မောနေခိုက် ရမ်ဘာကကြီးတစ်ပိုဒ် ဆုံးသွားသည်။ သူတို့၏ ချောင်ကျကျ စားပွဲဆီသို့ ပြန်လာကြသည်။ ဖေးလ်က ဟော်လီ၏ နွေးထွေးသော လက်မောင်းသားကို တင်းတင်းရင်းရင်း ဆုပ်ကိုင်လျက်။

'မင်းသိရဲ့လား၊ ကိုယ်ကတော့ ကိုယ်တို့နှစ်ယောက်ကို ပြန်ပြီး အားကျနေတယ်၊ ကိုယ်တို့နှစ်ယောက်မှာ ဟန်ရှိတယ်၊ ကိုယ်တို့ကောင်းကောင်း တွဲကလို့ရတယ်၊ ကိုယ်တို့ ကောင်းကောင်းစကားပြောလို့ရတယ်၊ ကိုယ်တို့ ဟာသစကားတွေကို ကောင်းကောင်း နားလည်မှုရှိတယ်'

'အဲဒီဟာသစကားတွေက ကျွန်မတို့အကြောင်း နောက်တာပြောင်တာ ဖြစ်တဲ့တိုင်အောင် ကျွန်မတို့ နားလည်မှုရှိတယ်'

ဟော်လီက ဖေးလ်လိုပင် စိတ်ဝင်တစား ပြန်ပြော၏။





ဖေးလ်က ဟော်လီထိုင်သာအောင် ကုလားထိုင်ကို နောက်သို့ဆွဲပေးသည်။ သို့ ဆွဲပေးရင်း အမျိုးသမီး၏ ပခုံးသားနုနုကလေးကို သူ့နှုတ်ခမ်းဖြင့် ပွတ်ဆွဲသွားသည်။

'အထူးသဖြင့် ကိုယ်တို့အကြောင်း နောက်တဲ့ပြောင်တဲ့ အခါမျိုးမှာ နားလည်မှု ရှိကြတယ်၊ ဟော်လီ ကိုယ်တို့နှစ်ယောက်ဟာ ကမ္ဘာပေါ်မှာအညီဆုံး အတွဲပါပဲကွာ'

အင်း ... ဣန္ဒြေသိက္ခာ အမဲ့ဆုံး မဟုတ်ရင်ပေါ့လေ'

ပြောပြီး ဟော်လီရယ်သည်၊ သို့တိုင် ဖေးလ်ကသူ၏ ရွှန်းရွှန်းဝေစကားများကို လျှော့လိမ့်မည်မဟုတ်။ သူ့ကုလားထိုင်တွင် ဝင်ထိုင်သည်။ ပုလင်းထဲမှ ဝိုင်အနီကို သူတို့၏ ဖန်ခွက်အရှည်ကြီးတွေထဲငှဲ့ထည့်သည်။

'ဘဝအတွက်၊ ဘဝကို လေးလေးနက်နက်ကြီး ခံယူ သဘောထားရင် ဘဝဆိုတာ ပျင်းစရာသက်သက်ပဲ'

သူ့ဖန်ခွက် ကိုင်မြှောက်၏။ အမျိုးသမီးကို ဖန်ခွက်နှုတ်ခမ်းပေါ်မှ စူးစူးစိုက်စိုက် ကြည့်၏။ သူ၏ ညစာစားပြီးချိန် အဘိဓမ္မာကို အမျိုးသမီး လက်သင့်ခံဖို့ စိန်ခေါ်နေသည့်နှယ်။

'ရှင့် အဘိဓမ္မာ အတွက်'

ဟော်လီက သူ့ဖန်ခွက်နှင့် ဖေးလ်ဖန်ခွက် ထိခက်လိုက်၏။

ရုတ်ခြည်းဆိုသလို ဖေးလ်အသံတိုးသွားသည်။ သူ့မျက်နှာပျော့ပျောင်းသွားသည်။ သူ့မျက်လုံးတွေထဲတွင် ကြင်နာမြတ်နိုးရိပ်များ ရွှန်းတောက်လျက်။

'သာယာဖြောင့်ဖြူးတဲ့ သီတင်းပတ်ခြောက်ပတ်အတွက်၊ ကိုယ်တို့အတွက်'

ဟော်လီ ယမကာကို သောက်သည်။ အကြည့်ကို ဖေးလ်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်မှ တစ်ချက်ကလေးမျှ မခွာမိ။ ဩော် ... ရက်သတ္တပတ် ခြောက်ပတ်တောင် ရှိသွားပြီလား။ သည်လူ့ဘဝထဲ သူဝင်ခဲ့မိတာလေ။ နောက်ပြီး ကလေးတန်အင်ဒါဆင်ဆိုသည့် လင်ယောက်ျားတစ်ယောက်ကို မေ့လျော့နေခဲ့တာလေ။

ပစ္စုပ္ပန်ကာလတွင် သူပျော်ရွှင်ချမ်းမြေ့နေပါသည်။ နောက်ပြီး ဖေးလ်နှင့်အတူ ရှိနေရခိုက် သူ့မှာ အားအင်တွေ ပြည့်လျှမ်းနေပါသည်။ ထိုသို့ တက်ကြွပျော်ရွှင်နေသည်နှင့်အမျှ ထိတ်လန့်စိတ်တွေ ရုတ်ခြည်း ပေါ်ပေါက်လာသည်။

မိန်းမသားတစ်ယောက်သည် ဘယ်ရွေ့ဘယ်မျှ ဘယ်ကာလထိတိုင် ထိန်းသိမ်းစောင့်စည်း ထားနိုင်ပါ့မလဲ။ ဖေးလ်ဘင်တန်၏ ရုပ်သွင်ပေါ်တွင် ပဉ္စမမြောက် ကလေးတန်အင်ဒါဆင်၏ မျက်နှာကြီး တဖြည်းဖြည်း စွဲထင်လာ၏။ ညိုမောင်းသော၊ ချောမောသော ဖေးလ်။ မှောက်မှားလိုက်ကြစတမ်းဆိုလျှင် ခုလားဟု မေးတတ်သည့် ဖေးလ်။ တစ်ဝက်ကျိုးပျက်နေပြီဖြစ်သည့် ကိုယ်ကျင့်သိက္ခာကို ရေနစ်သူ မိန်းမတစ်ဦးလို အတင်းတွယ်ဖက်နေလို့ကော ဘာထူးတော့မှာမို့လို့လဲ။

ပိုင်အရက်နီက သူ့သွေးများကို ဆူဝေနေစေပြီ။ ရမ်ဘာအက ကသူ့စိတ်ကို လွှမ်းမိုးတိမ်းမူးနေစေပြီ။ သည်အရာတွေက သူ၏စောင့်စည်းမှုတွေ အထီးကျန်စွာကုန်လွန်ခဲ့ရသည့် နာရီတွေ၊ ရက်တွေအားလုံးကို သိမ်းကျုံးဖျောက် ဖျက်ပစ်လိုက်၏။ ကားပေါ်မှာ သူတို့ နှစ်ယောက်တည်း။ ရေဒီယိုမှ တေးသံငြိမ့်ငြိမ့်ကလေးက ခြောက်ပစ်ကင်းသဲလဲစင်မဟုတ်သည့် ဟော်လီ့စိတ်တွေကို မြှူဆွယ်နေသည်။ စိတ်ကို လွှတ်ပေးချင်လာအောင်ပံ့ပိုးပေးနေသည်။ ခုတော့ ညှို့မှိုင်းမှောင်ရီသော အထီးကျန်ညများကို ဟော်လီမေ့ လျော့သွားပြီ။ သည်လိုမေ့လျော့နိုင်စွမ်းရှိအောင် သစ်ပင်များပေါ် ဖြာကျနေသည့်





လရောင်ရွှန်းလက်က ဖန်တီးပေးနေ၏။

ထိုအချိန်မှာပင် ဖေးလ်က သူ့ကို နမ်းသည်။ ပြင်းပြသော အနမ်း။ ပိုင်စိုးပိုင်နင်း အနမ်း။ ဟော်လီ ချမှတ်ထားသည့် အမွန်အမြတ်သန္နိဋ္ဌာန်သည် တစ်မုဟုတ်ချင်းယိမ်းယိုင်ပြိုပျက်သွား၏။ သူ့ခြေထောက်အောက်မှ ကမ္ဘာမြေကြီးဟာင်းလင်းပွင့် ပြိုကျသွားသည့်အလား။ သူ့ရှေ့မှ လမ်းမကြီး ဝေဝါးနေပြီ။ ဖေးလ်းက သူ၏ ဂျက်ဂါကားလေးကို တိတ်ဆိတ်အေးချမ်းသော လမ်းတစ်လမ်းထဲတွင် ရပ်လိုက်၏။ သည်တော့မှပင် ဖေးလ်သည် သူ့အား ကျောက်သားနံ့ရံများကာရံထားသည့် အိမ်ကလေးတစ်အိမ်သို့ ခေါ်လာကြောင်း ဟော်လီသိလိုက်ရ၏။ သည်အိမ်ကလေးက ဖေးလ်၏ လူပျိုဆောင်။ ဟော်လီအလန့်တကြား အော်ခြင်းဟစ်ခြင်း လုပ်မနေ။ မြစိမ်းမြိုင်စံအိမ်ကြီးက ဝေးသောဝေးသောနေရာမှာ ရှိနေသည်။ ထိုအိမ်ကြီးထဲရှိ ရောမမွေ့ရာကြီးပေါ်တွင် အိပ်ပျော်ကျန်ခဲ့သည့် ကလေးတန်လေးအကြောင်းလည်း မစဉ်းစားမိ။ ထို့မျှမက သည်ကလေးတန်ငယ်၏ ဖခင်ဖြစ်သူ အကြောင်းကိုပင် သတိမရ။

နောက် အက်စ်တဲလ်အင်ဒါဆင် အကြောင်းကော။

ကျွန်မလေ ... ရှင့်အိမ်ကိုကော၊ ရှင့်မိသားစု ဂုဏ်သိက္ခာကိုကော၊ ရှင့်မိသားစု အမွေအနှစ်တွေကိုကော၊ ရှင့်ဖို့ ထားခဲ့ပါတယ်။ ဒီညကို ကျွန်မ ပိုင်တယ်လေ၊ ကျွန်မ တစ်ယောက်တည်းပဲ ပိုင်ပါတယ် အက်စ်တဲလ်ရယ်။

ဒါတော့ သူမှားနေသည်။ သည်ညကို ဖေးလ်ဘင်တန်လည်း ပိုင်ဆိုင်ပါသေးသည်။

အိမ်ပေါ်ထပ်ရောက်တော့ ယမကာဆက်ပြီးမှိုဲကြသည်။ နောက်ဆုံး ယမကာခွက်၏ အရသာကိုမသိတော့သည်အထိ။



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုမှဂီတသံသည် အာရုံထဲမှပျောက်ကွယ်သွားသည်အထိ။ သူ့အမြင်၊ သူ့အတွေးထဲတွင် တခြားဘာမျှမရှိတော့။ ဖေးလ်ဘင်တန် တစ်ဦးတည်းသာ။ သူ့လက်တွေ၊ သူ့နှုတ်ခမ်းတွေ၊ သူ့အတွေးအခေါ်တွေ၊ သူ့အာယာရမ္မတွေ ..... ဒါပဲသိတော့သည်။ ဟော်လီရှန်းခြင်းကန်ခြင်းမပြုမိ။ သူ့အသွေးထဲအသားထဲကလည်း ဖေးလ်ဘင်တန် ပေးအပ်နေသည့် အရာအားလုံးကို မှတ်သိပ်တောင့်တနေခဲ့သည်ပဲ။

ဖေးလ်က သူ့ကို ထွေးယူပွေ့ဖက်လိုက်တော့ စိတ်ကူးယဉ်သမာဓိတရာတွေကို စွန့်ပစ်လိုက်မိ၏။ သူ့အတွေး သူ့အသားများက အနှောင်အဖွဲ့အားလုံးကို ဖြုန်းခနဲ ဖြတ်တောက်ပစ်လိုက်၏။ အထီးကျန်တစ်ဦး၏ လိပ်ပြာကို ချည်နှောင်ထားသည့် အထိန်းအချုပ်အားလုံးကို ဖယ်ရှားပစ်လိုက်၏။

တစ်ခါတစ်လေတော့လည်း စိတ်ကျန်းမာရေးဆေးရုံမှ ပြန်လွှတ်ပေးခံလိုက်ရသည့် လူတစ်ယောက်လို လွတ်လွတ်လပ်လပ်နေချင်သည်။ ကိုယ့်ကိုယ်ကို ပိုင်ဆိုင်ချင်သည်။ ယောကျ်ားတစ်ယောက်က လိုချင်တပ်မက်သော မိန်းမသားတစ်ဦးဘဝကို ခံယူချင်သည်။

စင်စစ် ဖေးလ်ဘင်တန်က လူတော်၊ မိန်းမသားတစ်ဦးကို ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လိုဆက်ဆံရမည်ကို ကောင်းကောင်းကျွမ်းသူ။ သူ၏ရိုဝေဝေ မျက်လုံးတွေထဲတွင် ထုတ်ဖော်ကတိပေးနေသည့် ကတိကဝတ်များအတိုင်း ပျော်ရွှင်ကျေနပ်မှုရအောင် အိပ်ရာထဲမှာလည်း စွမ်းဆောင်နိုင်သူ။

သည်လိုပြေပြစ်ချောမွေ့မှုမျိုးကို မှားယွင်းသည်ဟု ဘယ်သူမျှ မပြောနိုင်ပါ။ နောက်တစ်ချက်က မြစိမ်းမြိုင်စံအိမ်ကြီးကို သူ့ စိတ်ထဲမှ ပျောက်ကွယ်သွားအောင် စွမ်းဆောင်နိုင်သော တစ်စုံတစ်ဦး၊ သို့မဟုတ်





တစ်စုံတစ်ရာသည် သူ့အဖို့ အလွန်တန်ဖိုးရှိပါသည်။

သူ သည်လောက်အထိ အချစ်ငတ်နေမှန်း ဟော်လီ သူ့ကိုယ်သူ မသိခဲ့။

ဒါကို ဖေးလ်ဘင်တန်က သူ့အား ဖော်ထုတ်ပြသခဲ့ပါသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

သည်လို ဖြစ်ပျက်ကြုံတွေ့ခဲ့ရသည့် နေ့ကို သူ့တစ်သက် ဘယ်သောအခါမျှ မေ့လို့ရမည်မဟုတ်ပါ။

ဘဝဆိုတာကလည်း ဘယ်လောက်ထူးဆန်း လိုက်ပါသလဲ။ သင့်ကို နိုင်လိုမင်းထက် မပြုကျင့်ဘဲ ထောင်ချောက်များထဲသို့ ဆွဲခေါ်သွားတတ်သည်လေ။ သင်သည် ဘဝလမ်းခရီးကို ဆင်ကန်းတိုး စမ်းတဝါးဝါး လျှောက်လှမ်းနေရသည်ဟု ထင်ယောင်မြင်ယောင် ဖြစ်မိမည်။ သင့်နှလုံးသား၏ဆန္ဒကို ရှာဖွေစစ်တမ်းထုတ်ကာ ဓမ္မကျမ်းစာအုပ်တစ်ပုံကြီးရှေ့တွင် ဒူးထောက်လျက် ကျမ်းသစ္စာ ကျိန်ဆိုကောင်း ကျိန်ဆိုမည်။ သို့သော် တကယ်တမ်းတွင်မူ သင်ဘာလုပ်နေသည်၊ သင်ဘယ်သွားနေသည်ကို သင့်ဘာသာသင်



www.burmeseclassic.com

www.burmeseclassic.com



သိနေပါသည်။ ထိုနောက်တွင်မှ အမှန်တရားက ဖြူနီးဆို သင့်မျက်နှာတည်ဘည်ကို လာမှန်လိမ့်မည်။ သည်အမှန်တရာဆိုသည်က ဘယ်ခါမဆို ရှိနေသည်ပဲ။

ခုလည်း တစ်နေ့မဟုတ် တစ်နေ့နေ့တွင် ပဥ္စမမြောက် ကလေတန် အင်ဒါဆင် အိမ်သို့ပြန်လာမည်ဆိုသည့် အမှန်တရား ရှိနေသည်လေ။

ပြန်လည်းလာပါသည်။ တစ်ညတွင် အချစ်ကို ဆာလောင်မွတ်သိပ်စွာဖြင့် ချစ်ဇနီး၏ ဆန္ဒကို ဖြည့်ဆည်းလိုဇောဖြင့် ကလေတန် ပြန်လာပါသည်။ ထိုအချိန်တွင် ဟော်လီက တောင်ကုန်းပေါ်ရှိ ရောမစံအိမ်ကြီးဆီသို့ ကားမောင်းပြန်လာသည်။ ဖေးလ်ဘင်တန်၏ အိပ်ရာပေါ်မှ ဆင်းလာပြီး ကစ်နာရီခန့် အကြာမှာပေါ့။

ဖေးလ်ဘင်တန်၏ အချော့အမြှူ အယုအယများကို တစ်ကြိမ်တစ်ခါ အရှုံးပေး လိုက်လျောပြီးသည့် နောက်ပိုင်း သူကိုယ်တိုင်က ဆားငန်ရည်သောက်မိသည့်ပမာ ငတ်မပြေ ဖြစ်ခဲ့ရသည်။ သူကိုယ်တိုင်၏ ရမ္မက်ဆန္ဒများ အလျဉ်တွင် ဆက်လက်မျှောလိုက်ခဲ့မိသည်။ ဒါကို တားဖို့ဆီးဖို့၊ ရပ်တန့်က ရပ်ဖို့ သူ့မှာ စွမ်းအား မရှိတော့။

ကဲ ... ခုတော့ ...

သည်ညာ။ သည်ညဆိုသည့် သည်ည၏ မှောင်ပျပျအလင်းရောင်အောက်တွင် ကျောက်သားလှေကားကြီးအတိုင်း တမျှော်တခေါ်တက်လာခဲ့၏။ ပြီးတော့ သူတို့အိပ်ခန်း တံခါးခုံတွင် ရပ်နေမိသည်။ ကလေတန်အင်ဒါဆင်က အခန်းထဲရောက်နေပြီ။ မြစိမ်းမြိုင်၏ တခြားအိမ်သားများမှာအိပ်နေကြပြီ။ သို့သော် ကလေတန်က ခေတ်မီအဝတ်သေတ္တာ တောက်တောက် ပြောင်ပြောင်နှစ်လုံးကို ခုတင်ပေါ်တင်ပြီး အဝတ်အစားတွေထုတ်နေ၏။





ကလေတန်မော့ကြည့်သည်။ တံခါးဝတွင် ဟော်လီ ရောက်နေကြောင်း ခံစားသိရှိလိုက်ရသည့်အလား။ သူ့မျက်နှာ နွမ်းလျနေသည်။ ချောင်ကျနေသည်။ လုလင်ဆန်သော သူ့မျက်နှာနုနုမှာ မဆိုစလောက် ကလေးကြမ်းထော်လာသယောင်၊ ဘာပဲဖြစ်ဖြစ်လေ၊ ဒါတွေက အကြောင်းမဟုတ်။ မောင်ဟာမောင်ပါပဲ။ ခုမှ ကောင်းကောင်းမှတ်မိသွားသည့် သူ့မျက်နှာပေါ်မှ ပွင့်သစ်အံ့ဆဲဆဲ အပြုံးပန်းသည် ဟော်လီ၏ အကြည့်စိမ်းစိမ်းကြောင့် ရပ်တန့်သွားသည်။

'မင်း ဘယ်သွားနေတာလဲ'

'မောင်ကော ဘယ်သွား နေလဲ'

ရင်ထဲမှ အပျော်စကလေးကို ယာယီမျိုသိပ်ရင်း ဟော်လီ လေသံတူ ပြန်မေး၏။

ကလေတန် တဒင်္ဂမျှ နှုတ်ဆွံ့သွားသည်။ အတွေးရှုပ်နေသည်။ ဘယ်လိုချေပစကားဆိုရမှန်းမသိ။ တစ်ယောက်ကိုတစ်ယောက် သူစိမ်းတစ်ရံဆံများသဖွယ် စိုက်ကြည့်နေကြ၏။ ကလေတန်က မျက်လုံးများကို လက်ခုံဖြင့် ပွတ်လိုက်ရင်း ...

'မင်းကို ကိုယ်နမ်းချင်ပါတယ်၊ ဒါပေမယ့် မင့်စိတ်တွေက အဝေးကို လွင့်ပျံ့နေသလိုပဲ'

ဟော်လီ ခေါင်းညိတ်၏။

'ခွဲခွာခဲ့ရတဲ့ အချိန်တွေသိပ်ကို ကြာလွန်းပြီလေ၊ ဘယ်လိုလဲ၊ မောင့်လုပ်ငန်းတွေ အောင်မြင်ခဲ့ရဲ့လား'

မေးခွန်းကရယ်စရာ။ သူမေးလိုက်ပုံမှာကလေတန့် အတွင်းရေးမှူးက မေးရမည့်မေးခွန်းမျိုး။ အပေါ်ယံဆန်လွန်းသည်။ မင်းတိုင်းကျေဆန်လွန်းသည်။ သူ့ယောက်ျား သူ့ဆီပြန်လာပြီဆိုတာ အမှန်တကယ်ယုံစားဖို့ သည်လောက်တောင် အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီလား။

'အောင်မြင်တယ်၊ အရမ်းပဲ'

'ဝမ်းသာပါတယ်'

'ကိုယ့်မှာ ထူးခြားတဲ့ သတင်းတွေပါလာတယ်'

ဟော်လီ ရှိရာသို့ခြေတစ်လှမ်းတိုးသွားသည်။ သူတို့နှစ်ယောက် ပြန်လည် ဆုံဆည်းရသည့် အနေအထားများကို ရိုပ်ဖမ်းနိုင်ခြင်းမရှိ။

'ကိုယ့်ကို တွဲဖက် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ခန့်လိုက်ပြီကွ၊ အဓိပ္ပာယ်က လာမယ့်ရွေးကောက်ပွဲမှာ ကိုယ့်ကို အဲဒီရာထူး ပေးလိမ့်မယ်'

'အိုး သိပ်ကောင်းတာပေါ့'

ဟော်လီ ရင်ထဲအသဲထဲမှ လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

ဟော်လီ ပန်းနှစ်ဖက်ကိုကိုင်ဖို့ ရှေ့တိုးလာသည်။ အမျိုးသမီးကို ပူပန်ကြောင့်ကြစွာကြည့်သည်။ သူ့လက်များတုန်ယင်နေ၏။ ဒါကို ဟော်လီ တွေ့မြင်နေရသည်။

'မနက်ဖြန်မနက်ဆို ကိုယ်ဝါရှင်တန်ကို သွားရမယ်၊ မင်းနဲ့ သားသားနဲ့ အဆင်သင့် ဖြစ်ဖြစ်ချင်း ဝါရှင်တန်ကို အမြန်ဆုံး လိုက်လာ စေချင်တယ်၊ ခုချိန်ကစပြီး ကိုယ်တို့အတူနေကြရတော့မှာပါကွယ်'

ဟော်လီ တစ်စုံတစ်ရာ ပြောမလား၊ သူ့ကတိအသစ်ကို တစ်နည်းနည်း တုံ့ပြန်မလားဟု ငံ့နေ၏။ သို့သော် ဟော်လီ တောင့်တောင့်ကြီး ရပ်နေသည်။ ကျောက်ထုရုပ်ကြီးအလား။ ခုထိသူ့ကို မော့်ကြည့်နေဆဲ။ နောက်ဆုံး ကလေးတန်ပြောလက်စစကားကို ဆက်သည်။ ဟော်လီကို စည်းရုံးသိမ်းသွင်းဖို့ လိုအပ်ကြောင်းလည်း သတိရမိသည်။





'မင်း တစ်သက်လုံး လိုချင်တောင့်တလာခဲ့တဲ့ အိမ်ကလေး တစ်လုံး ကိုယ်ရှာတော့မယ်လေ၊ နံရံအနီနဲ့ ဟုတ်တယ်မဟုတ်လား၊ သစ်သား လှျာထိုးကြမ်းခင်းနဲ့ အုတ်မီးလင်းဖိုနဲ့'

ဟော်လီ နောက်သို့ ခြေတစ်လှမ်း ဆုတ်သည်။ သူ့မျက်လုံးများက ကလေးတန်ကို ကြည့်နေဆဲ။

'ဒီမယ် မောင် ... မောင်အဝေးရောက်နေတုန်းမှာ...'

'ဟော်လီ ကိုယ်တို့ နောက်ကြောင်းကို ပြန်မကြည့်ကြစို့ နဲ့ကွာ၊ ကိုယ်တို့ ခုချိန်ကို အစလို့ သတ်မှတ်ပြီး ပြောကြရအောင် ပါကွယ် ... နော်'

သူ တောင်းပန်တိုးလျှိုးပုံက တဲ့တိုးကြီးနိုင်လွန်းသည်။ သူ့အချစ်မှာ စစ်မှန်လွန်းသဖြင့် ဂရုမထားဘဲ မနေနိုင်လောင်အောင် ဖြစ်ရသည်။ ဟော်လီ့ မျက်လုံးတွေ စိုစွတ်လာသည်။ သူအဖြေပေးသောအခါ သူ့အသံက တီးတိုးလေသံ သာယာကလေး။

'ကောင်းပြီလေ'

ရှိုးရှိုး စင်းစင်းကလေး ပြော၏။

ထိုအခါ ကလေးတန်က သူ့ကိုရင်ခွင်ထဲ တင်းတင်းကျပ်ကျပ် ဆွဲသွင်းသည်။ နမ်းသည်။ သည်အနမ်းက သူ့ကို ပထမဦးဆုံး အကြိမ် နမ်းစဉ်ကအတိုင်း ခံစားရသည်။ အနမ်း။ ကလေးတန်က မိန်းကလေးကို ညာလက်ဖြင့် ပွေ့ထားသည်။ ဘယ်လက်ဖြင့် မေးစေ့ ကို ဆွဲမော့သည်။

'ဘုရား ဘုရား၊ မင်းကိုကိုယ်ဘယ်လောက် တမ်းတရသလဲ ဟော်လီရယ်'

'မောင်ရယ် ... ကျွန်မလေ ခုနောက်ပိုင်းမှာ တော်တော့် ကိုတွယ်ရာမဲ့ ဖြစ်သွားတယ်၊ ကျွန်မလေ ... မောင့်ကိုပဲ တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ မောင့် အနားမှာပဲ ကပ်နေချင်တယ်၊ ကျွန်မထင်တယ်လေ . . . ကျွန်မကိုလဲ မောင်လိုလားစေချင်တယ် ၊ သိလား'

သူ့လက်ချောင်းတွေ ဟော်လီ့ပခုံးသားကို တင်းတင်းကြီးဆုပ်ကိုင်လိုက်သည်။

'မင်းကိုကိုယ် လိုလားတာကိုတော့ ဘယ်တော့မှ သံသယမဖြစ်ပါနဲ့ အချစ်ရယ်'

ဟော်လီက လင်တော်မောင်ကို တည်ကြည်စွာ စိုက်ကြည့်ရင်း။

'ကျွန်မ ဘယ်တော့မှ သံသယ မဝင်တော့ပါဘူး မောင်'

နှစ်ယောက် နမ်းလိုက်ကြ၏။ ကလေးတန်က သူ့ဇနီးအတွက် ကာလကြာမြင့်စွာ သိမ်းထားရှိသည့်အချစ်များဖြင့် နမ်းသည်။ ဟော်လီ မျက်လုံးတွေ မှေးမှိတ်လိုက်၏။ ခုမှပြန်လည် စီးဝင်ပျံ့နှံ့လာသော မောင့်အတွေ့များကို သူ့ ကိုယ်ခန္ဓာထဲလွှတ်ပေးလိုက်၏။

ဪ . . . မောင်။ သူ့ ကာမပိုင် လင်ယောကျာ်း။ သူချစ်မြတ်နိုးသူ။ သူ့ရင်သွေး၏ ဖခင်။ သူတို့နှစ်ယောက်သည် ဘဝတစ်ခုလုံးကို လက်ချင်းချိတ်တွဲပြီး တည်ဆောက်ခဲ့ကြသည်။ သည်အချစ် သည်မေတ္တာများသည် တခြားတစ်ပါးသူ၏ အိပ်ခန်းထဲတွင် ရင်ခုန်ရခြင်းနှင့် ဘာမျှ မဆိုင်။ ဘာမျှ မယှဉ်သာ။ တခြားတစ်ပါးသူက ဘယ်လောက်ပဲ ချီးပချီးပ၊ ဘယ်လောက်ပဲ အမွှန်း တင်တင်ပါ။ ဖေးလ်ဘင်တန်၏ အရိုင်းဆန်ဆန် ဖျော်ဖြေမှုများသည် ယခု ဟော်လီ့ ဝမ်းသာကြည်နူးမှုများထဲတွင် အရည်ပျော် ပျောက်ကွယ်ကုန်ပြီ။ ကလေးတန် အိမ်ပြန်လာပြီလေ။ ကလေးတန်လေးသည် သူ့ဖေဖေနှင့်အတူ ပြန်လည် နေခွင့်ရတော့မည်။ နောက်ပြီး အကောင်းတကာ့





အကောင်းဆုံးက သူချစ်သည့် သူ့ယောကျာ်းကို သူရှိနေစေချင်သည့် နေရာမှာ ထားခွင့်ရတော့မည်။ သည်နေရာမှာ သူတို့အတူနေခွင့်ရတော့မည်။ သည်နေရာဆိုသည်ကား . . ကိုယ့်အိမ် ကိုယ့်ယာကလေး။

ဟုတ်သည်။ ဒါဆို အစစအရာရာ အဆင်ပြေသွားမည်။ အဆင်ပြေအောင် ကြိုးစားရမည်။

သို့သော် . . .

သူ့စိတ်ကူးယဉ် မျှော်လင့်ချက်များပေါ် ဖေးလ်ဘင်တန်၏ သရော်လှောင်ပြောင်သော၊ ဟားတိုက်ရယ်မောသော အရိပ်များ စိုးမိုးနေမည်ကိုတော့ မခံနိုင်။ ခေါင်းငုံ့နှုတ်ဆိတ်မနေနိုင်။

ဟော်လီအင်ဒါဆင်သည် မိုက်ခဲ့မှားခဲ့မိပါသည်။ သို့သော် သည်မိုက်ပြစ်အတွက် လျော်ကြေးမပေးချင်။ မပေးနိုင်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ပဉ္စမမြောက် ကလေတန်အင်ဒါဆင် လှေကားမှ ဆင်းလာသည်။ သူ့ကိုယ်ပေါ်မှ မီးခိုးရောင် ကုတ်အင်္ကျီရှည်ကြီးနှင့် လိုက်ဖက်သော ဦးထုပ်ဆောင်းထားသည်။ သူ့ကို ကြည့်ရတာ သွယ်သွယ်ချပ်ချပ်နှင့် ချောမောနေသည်။ ဟော်လီက သားငယ်၏ ပခုံးကို ဖက်ထားရင်း လင်တော်မောင်ကို ဂုဏ်ယူဝင့်ကြွားစွာကြည့်နေ၏။ ခုတော့ အစစအရာရာ စိတ်တိုင်းကျ ဖြစ်သွားပြီဟု ဟော်လီ ခံစားနေရသည်။ မနေ့ညက သူတို့နှစ်ယောက်ရယူခဲ့သော ရင်းနှီးမှု၊ ကျေနပ်နှစ်သိမ့်မှုများအပေါ် အခြေတည်ပြီး အနာဂတ်ဘဝကို တည်ဆောက်နိုင်ရမည်ဟု ဟော်လီယုံကြည်စိတ်ချနေသည်။

အက်စ်တဲလ်အင်ဒါဆင်က စာကြည့်ခန်းထဲမှ ထွက်လာ

ရှည်မှုဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူအလွန်တရာ ဂုဏ်ယူဝင့်ကြွားသော သားတော်မောင်အား အမြတ်တနိုး ပြုံးကြည့်နေသည်။ သားတော်မောင်က တစ်နေ့တခြား အင်ဒါဆင်မျိုးနွယ် ပီသ၍ လာပါသည်။

'အောင်မြင်ပါစေ အမတ်မင်း' ဟု အဘွားကြီး နှုတ်ဆက်၏။

'ကလေတန်က အဝတ်သေတ္တာနှစ်လုံးကို တံခါးဝတွင် ချထားသည်။ ကလေတန်လေး ပြေးထွက်လာသည်။ သူ့ဖေဖေ၏ ပေါင်ကို သိုင်းဖက်ထားသည်။

'ကျေးဇူးပါ မေမေ၊ ဒါပေမယ့် အမတ်လောင်း တစ်ယောက်ဟာ အရွေးမခံရမီ သူ့ကို ကျွန်တော်တို့ အမတ်အဖြစ် စာရင်းထဲ ထည့်မတွက်ပါဘူး'

သူက နှုတ်ခမ်းထော်ပြီး ဟော်လီအား အနမ်းပြန်ပေးသည်။ အက်စ်တဲလ်က 'ဟင်း' ဟု ပြုံးပြုံးကြီး ရေရွတ်သည်။ ပြီးမှ

'မင်းဟာ အဲဒီရာထူးရဖို့အတွက် အပြင်းအထန် အလုပ်လုပ်ပြခဲ့ရတယ်မဟုတ်လား။ ဒီတော့ အဲဒါကို ရဖို့အတွက် ဘယ်အရာမျိုးရဲ့ အတားအဆီးကိုမှ မခံနဲ့သား'

'ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ် မေမေ'

သူ့သား မွှေးမွှေးပေးနိုင်အောင် အဘွားကြီးက ပါးထိုးပေးသည်။

ကလေတန်က ခါးကိုင်းပြီး သားငယ်ကို မွေ့ချီသည်။ သူ့မျက်လုံးတွေ အရောင်တဖျပ်ဖျပ်တောက်လျက်။

'သားသားက လိမ်လိမ်မာမာနေနော်' ဟု ညင်ညင်သာသာ ဆုံးမသည်။ 'အဲဒီ အချိန်ဟာယ်က လိမ္မာဖို့ရယ်၊ မေမေ့စကား နားထောင်ဖို့ရယ်ကို ပြောတာသိလား' ဟု ထပ်ဆင့်ရှင်းပြသည်။ သားငယ်က သူ့ကို မွှေးမွှေးပေး၏။ တင်းတင်းကျပ်ကျပ် ဖက်ထား၏။ ဟော်လီ့





မျက်လုံးများက သားငယ်၏ ပခုံးပေါ်မှ ကျော်ပြီး လင်တော် မောင်ကို ကြည့်သည်။ ကလေတန်က သူ့အား ကြင်ကြင်နာနာ ပြုံး သည်။

'နံရံအနီနဲ့ အိမ်ကလေးတစ်လုံး၊ နေပျော်ထိုင်ပျော်ရှိတဲ့ လမ်းထဲမှာ အိမ်နီးချင်းကောင်းတွေနဲ့၊ နောက်ပြီး သားသမီးတွေ တစ်ပြုံကြီးမွေးမယ်၊ ကိုယ် ပုံဖော်ကြည့်လို့ ရပါတယ်ကွ'

'ဖေဖေကြီး မြန်မြန် အိမ်ပြန်လာနော်'

လာမှပေါ့ သားသားရယ်'

သားငယ်ကို ပြန်ချပေးသည်။ ဟော်လီကို ထွေးပွေ့သည်။ ဟော်လီ မျက်ရည်ထိန်းထားရ၏။ ချစ်လင်ကို လိုက်လိုက်လဲလဲ နမ်းသည်။ ထိုနောက် စကားလုံးမဲ့ သဘောတူညီချက်များ ဘက်စုံ ရပြီးသည့်ဟန်ဖြင့် ကလေတန် အဝတ်သေတ္တာများကို ကောက်ကိုင်သည်။ ခရိုနင်ဖွင့်ပေးသော တံခါးဝမှ ကသောကမော ထွက်သည်။

ကလေတန်လေး- သူ့ဖေဖေနောက် ပြေးလိုက်သွားသည်။ မြူးတူးစွာ ခုန်ပေါက်ရင်း လက်ပြသည်။

အက်စ်တဲလ်နှင့် ဟော်လီလည်း ပြိုင်တူပင် အိမ်ရှေ့လှေကားခုံသို့ ထွက်ကြသည်။ ပဋ္ဌမမြောက် ကလေတန်အင်ဒါဆင် မြစိမ်းမြိုင်စံအိမ်ကြီးမှ ထွက်ခွာသည်ကို စောင့်ကြည့်နှုတ်ဆက်ကြသည်။

ကလေတန့်မေမေ မားမားမတ်မတ်ရပ်နေသည်။ ဂုဏ်ယူဝင့်ကြွားစွာ သူ့ရင်ထဲတွင် ကြေကွဲနေသလားမကြေကွဲဘူးလားဆိုတာ ဘယ်သူမျှမခန့်မှန်းနိုင်။ ဟော်လီကတော့ အဘွားကြီး ကြေကွဲနေလိမ့်မည် မဟုတ်ဟု တွေးသည်။ ဘာကြောင့်ဆို ယခု ကလေတန် လုပ်ကိုင်လှုပ်ရှား နေတာတွေက အင်ဒါဆင်ယောက်ျားများ လုပ်ကိုင်ရမည့်အလုပ်ဟု အက်စ်တဲလ် ရင်ထဲစွဲ ပိုက်ထားသည့် အတိုင်း အကောင်အထည်ဖော်နေခြင်း မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အင်ဒါဆင် မိန်းမတွေကတော့ ထာဝစဉ် စောင့်စားနေရမည်ပေါ့။ ဒါပါပဲ။ ရိုးရိုးရှင်းရှင်းလေးပါ။

သည်တစ်ခေါက်တော့ ကလေတန်အင်ဒါဆင် တစ်ရပ်တစ်ကျေးမှာ အကြာကြီး မနေပါစေနှင့်ဟု ဟော်လီရင်ထဲအသည်းထဲမှ ဆုတောင်းမိ၏။

လောလောဆယ်တွင်မူ သူ၏အစမသတ်သေးသည့် ပြဿနာတစ်ခုကို ရှင်းပစ်ရဦးမည်။ ထိုသို့ရှင်းပစ်ပြီးမှပဲ တစ်စစီပြန့်ကျဲနေသည့် သူ့ဘဝကို ပြန်လည်စုစည်းရတော့မည်။ ဘဝသစ်ကို စလုံးရေစမှ ပြစ်ရတော့မည်။

×

ထိုညတွင် မိုးကြီးလေကြီး ကျနေသည်။ လျှပ်စီးတွေ တဝင်းဝင်း၊ မိုးချုန်းသံတွေ တဝုန်းဝုန်း။ ကြမ်းတမ်းခက်ထရော်သော အသံမျိုးစုံသည် သာယာကွင်းမြို့နယ်ကို ဖုံးလွှမ်းနေ၏။

ကလေတန်ကို အိပ်ရာထဲ သိပ်ပြီးပြီ၊ အက်စ်တဲလ်အင်ဒါဆင်လည်း သူ့အိပ်ခန်းထဲဝင်ပြီ။ ထို့နောက် အချိန်တော်တော်ကြာမှ ဟော်လီ အပြင်ထွက်ဖို့ ပြင်ဆင်သည်။ အဝတ်အစားလဲသည်။ သူက မိုးချုန်းသံတဝုန်းဝုန်းကို အာရုံမစိုက်မိအောင် ကြိုးစားနေရသည်။ သို့တိုင်သည်လိုညမျိုးမှာ အပြင်ထွက်ဖို့ဆိုတာ ကြောက်ရွံ့ထိတ်လန့်စရာကောင်းလှသည်။ ဘာပဲဖြစ်ဖြစ် ထွက်တော့ထွက်ရမည်။ ဒါက ကိုယ့်ဆုံးဖြတ်ချက်နှင့် ကိုယ်။ သည်ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ တစ်ရက်တစ်လေမျှပင် အချိန်လင့်မခံနိုင်။

ပြဿနာဇာတ်လမ်းကြီး မြန်မြန်ရှင်းသွားလေ ကောင်းလေမဟုတ်လား။

သူတယ်လီဖုန်း လှမ်းဆက်ခေါ်သည့် အငှားယာဉ်ကုမ္ပဏီက





စိတ်ချရသည်။ သူအိမ်ထဲမှ ထွက်ပြီး ခြံဝင်းတံခါးဝရောက်တော့ အငှားကားတစ်စီး အသင့်စောင့်ကြိုနေပြီ။ မိုးသီးမိုးပေါက်များက သူ့မိုးကာအင်္ကျီကို အဟုန်ပြင်းစွာ လာရောက် ရိုက်ခတ်နေ၏။ သို့သော် သူကအငှားကားထဲသို့ ခပ်သုတ်သုတ်လှမ်းဝင်သည်။ သူသွားမည့်လိပ်စာကို တိုတိုတုတ်တုတ်ပြောပြသည်။ မြစိမ်းမြိုင် စံအိမ်ကြီးမှ သူထွက်ခွာလာသည်ကို ဘယ်သူမျှ မမြင်နိုင်စကောင်းဟု ဟော်လီ ယုံကြည်စိတ်ချထား၏။

သို့သော် တစ်စုံတစ်ယောက်က တွေ့မြင်နေပါသည်။

ဒုတိယထပ်ရှိ အိမ်ရှေ့ပြတင်းပေါက် လိုက်ကာများကို အက်စ်တဲလ် လိုက်ပိတ်နေ၏။ ထိုအချိန်ထိုကာလက အက်စ်တဲလ်၏ ရုပ်သွင်ကို မြင်လိုက်ရလျှင် ဟော်လီ အသည်းတုန်အူတုန် ထိတ်လန့်သွားပေမည်။

အက်စ်တဲလ်၏ ရှေးဆန်သော၊ နန်းဆန်သော မျက်နှာမှာ မုန်းတီး စက်ဆုပ်ခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်း အရေးအကြောင်းများ ထင်းထင်းပေါ်နေသည်။

လှူခေါ် ခေါင်းလောင်းသံကို ဖေးလ်းက စိတ်ဆိုးမာန်ဆိုး ဖြေသည်။ နောက်နည်းနည်း အံ့ဩနေသည်။ လက်တစ်ဖက်တွင် တစ်ဝက်မျှသာ ကျန်တော့သည့် ဝီစကီဖန်ခွက်ကို ကိုင်လျက်။ ဖေးလ် တော်တော်ကလေး မူးနေပြီကို ဟော်လီ မြင်သိနေရ၏။ သူ အခန်းထဲ လှမ်းဝင်လိုက်တော့ ဖေးလ်တံခါးကို ပြန်ပိတ်ပြီး သော့ခတ်သည်။

'ကိုယ့်ရဲ့ အလွမ်းအဆွေးတွေကို ယစ်ရွှေရည်ထဲမှာ မျှောပစ်နေတာလေ၊ မင်းလာတာ နောက်ကျလိုက်တာနော်'

'ဟုတ်တယ်'

မိုးရေစိုနေသည့် မိုးကာအင်္ကျီကို ချွတ်သည်။ ဧလုကား



www.burmeseclassic.com

www.burmeseclassic.com



လက်ရန်းပေါ် တင်သည်။ လှေကား အရှင်၏ လက်ရန်းလှလှပပကလေး။ ဖေးလ်လှူပျိုးခန်းကို ခင်းကျင်းပြင်ဆင်ထားသည့်မှာ အလွန်မတန် ခေတ်မီလှ၏။ ပထမဆုံးအကြိမ် စတင်မြင်ဖူးစဉ်ကတည်းက ဟော်လီ နှစ်သက်သဘောကျနေသည့်အခန်း။ စားဖိုဆောင်က ခပ်ကျဉ်းကျဉ်းပင်။ သပ်သပ်ရပ်ရပ်နှင့် လှည့်သာပဲ့သာကလေး။ ပရိဘောဂ အသုံးအဆောင်များကတော့ ယောက်ျားအသုံးအဆောင်များသာရှိ၏။ ဆိုဖာတွေက လိပ်ပြာတောင်ပုံစံများ။ ဟော်လီက လည်စည်းပိုးပဝါကို ဖြေပြီး နီးရာကုလားထိုင်တစ်လုံးပေါ် တင်ထားလိုက်၏။

ဖေးလ်က ဧည့်ခန်းထဲသို့ သူ့နောက်မှ လိုက်လာသည်။ အိပ်ခန်းက ဧည့်ခန်း၏ ဘယ်ဘက်မှာ။ အိပ်ခန်းတံခါးမှာ မပွင့်တပွင့်ကလေးဟနေသည်။ သူ့ကို ဖိတ်ခေါ်နေသယောင်။ ဟော်လီက အိပ်ခန်းဘက်ကို မကြည့်မိအောင် စိတ်ထိန်းထားသည်။

'သိပ်လှတာပဲ ဟော်လီရယ်၊ မင်းကို ကိုယ် ဒေါပွနေတာကွ အားလုံးကို ခွင့်လွှတ်လိုက်ပါပြီ'

ဖေးလ် လှာလေးအာလေးဖြင့် ခပ်တိုးတိုးပြော၏။ နောက်ပြီး သူ့ကို နမ်းဖို့ကြိုးစားသည်။ သို့သော် ဟော်လီက မျက်နှာ လွှဲပစ်သည်။ အနမ်းကို ရှောင်သည်။

'မနေ့ညက ကလေတန် ပြန်ရောက်လာပြီ'

'ဩော် ...... ဟုတ်လား'

ဖေးလ်က ရုတ်ခြည်း ငြိမ်သက်သွားသည်။

'ကျွန်မ ဒီနေ့ ရှင့်ဆီ တယ်လီဖုန်းဆက်ဖို့ အကြိမ်ပေါင်း တစ်ဒါဇင်လောက် ကြိုးစားသေးတယ်၊ ဒါပေမယ့် တယ်လီဖုန်းကို ကိုင်ပြီးတိုင်း ပြန်ပြန် ချထား ...'





စကားကို အဆုံးမသတ်ဘဲ ရပ်လိုက်မိ၏။ ဖေးလ်က သူ့ကို သိုင်းဖက်လိုက်၏။ ပို၍ကျယ်သော ဧည့်ခန်းထဲ ဝင်နိုင်သည့် လှေကားထစ်များဆီ ခေါ်သွားသည်။ သူ့စကားများကို ပြန်လည်တုံ့ပြန်လိုက်သော ဖေးလ်၏ မှတ်ချက်က မသိကျိုးကျွံလေသံမျိုး။

'ဟုတ်လား၊ ဆက်သေးလား'

'ဒီမယ် ဖေးလ် ...'

'အဲဒီ အင်္ကျီနဲ့ဆို အချစ်က အရမ်းမိုက်တာပဲ၊ မင်းကိုယ်လုံး အလှက အဲဒီအင်္ကျီနဲ့ ကောင်းကောင်း ပေါ်တာကွ'

သည်လို ချပ်ချပ်ရပ်ရပ် အဝတ်အစားမျိုး 'ဟော်လီဝတ်လာလျှင် ဖေးလ်က သဘောကျနေကျ။

'တယ်လီဖုန်းနဲ့ပဲ ပြောလိုက်မယ်ဆိုရင် ရှင့်အပေါ်မမျှတရာများ ရောက်နေမလားလို့'

အပေါ်ဆုံး လှေကားထစ်သို့ ရောက်လာကြသည်။ သပ်ရပ်ကျယ်ပြန့်လှသော ဧည့်ခန်းကြီးထဲတွင် မီးမှိန်မှိန်ကလေးပဲ ထွန်းထားသည်ကို ဟော်လီ မျက်စိတစ်ဝေ့မျှဖြင့် မြင်လိုက်၏။ လွမ်းမောဖွယ်ပျံ့ဖွယ်တေးသံက အခန်းထဲသို့ ငြိမ့်ငြိမ့်ကလေး စီးဝင်နေသည်။ မှန်ထိုးတံခါးများ ဖွင့်ထားသည့် ပြတင်းပေါက်၏ ဟိုမှာဘက်တွင်မူ လေသာဆောင်။ သည်လေသာဆောင်မှ လှမ်းမျှော်ကြည့်လိုက်လျှင် မြို့တစ်မြို့လုံး၏ မြင်ကွင်းကို အပေါ်မှ စီးမိုးမြင်နိုင်သည်။ ဩော် ... ငါရဲ့ဖောက်ပြန်မှုက ဘယ်လောက်အဆင့်မြင့်လိုက်ပါသလဲဟု ဟော်လီ တွေးလိုက်မိ၏။

ဖေးလ်က အရက်စင်ရှိရာသို့ လျှောက်သွားရင်း

'ကိုယ် မင်းဖို့ ယမကာတစ်ခွက် စပ်ပေးမယ်လေ'

'နေပစေ၊ ကျေးဇူးပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဖေးလ် သူ့ဖန်ခွက်ထဲသူ အရက်တော်တော်များများ ငှဲ့ထည့်သည်။ ဟော်လီ့ဆီသို့ ပြန်လျှောက်လာသည်။ ညိုမှောင်သော မျက်လုံးများက ဟော်လီ၏ ဝန်းသော ဝိုက်သော ကိုယ်ခန္ဓာတစ်ခုလုံးကို တမြိန်မြိန် ကြည့်လျက်။ သူ့နှုတ်ခမ်းများ ပြုံးနေသည်။ သို့ပေမယ့် မျက်လုံးများက မမှန်းဆနိုင်လောက်အောင် ဆွေးမြည့်နေသည်။

'ဒီည ကိုယ်တို့ ခါတိုင်းလို သိပ်ပြီး စိတ်လက် ပေါ့ပါးပါး မရှိလှဘူး၊ ကိုယ်တို့ စားကျက် အပြောင်းအလဲလေး လုပ်လိုက်ရင် စိတ်လန်းစရာများ ဖြစ်သွားမလား'

ဖေးလ် အဆိုပြုတော့ ဟော်လီ တိတ်ဆိတ်စွာ ပြန်ပြောသည်။

'ကျွန်မ မနေဘူး၊ ပြန်မှာ၊ ကျွန်မလာခဲ့တာ ရှင်နဲ့ စကားပြောဖို့ သက်သက်ပဲ၊ ကျွန်မရှင်နဲ့ နောက်ထပ်လာပြီး မတွေ့တော့ဘူး'

ကဲ ... ပြောဖြစ်သွားပြီ။ တကယ်တမ်းကျတော့ သူထင်ထားသလို ပါးစပ်က ပြောမထွက်နိုင်လောက်အောင် ဖြစ်မနေပါ။

ဖေးလ်၏ မျက်လုံးတွေ မှေးကျဉ်းသွား၏။

'ဒါကတော့ မင်း သစ်စိမ်းချိုးချိုးတာပဲကွာ၊ မင်းယောက်ျားကို ကြောက်လို့ လို့တော့ဆင်ခြေမပေးနဲ့'

'ကျွန်မယောက်ျားကို ကျွန်မချစ်တာပါ'

ဟော်လီ ခပ်မှန်မှန်ပြော၏။ ဖေးလ်က စကားပြန် မပြောမီ သူ့ဖန်ခွက်ထဲမှ ယမကာကို အပြောင်မော့ချလိုက်၏။ စကားပြောသောအခါ သူ့အသံမှ အက်တက်တက်။

'အဲဒါ သေချာရဲ့လားဟော်လီ မင်းကသွေးနဲ့ကိုယ် သားနဲ့ ကိုယ် လူသားစစ်စစ် တစ်ယောက်၊ ကလေတန်ဆိုတဲ့လူက အင်ဒါဆင်





ယောက်ျားတွေရဲ့ ပုံတူရုပ်တုတစ်ခုကွ'

'ကျွန်မအတွက်တော့ ဘယ်သူနဲ့မှ အစားထိုးလို့မရပါဘူး ၊ ဘယ်တော့မှလဲ အစားထိုးလို့မရဘူး၊ ဒါကို ကျွန်မ ခုသဘောပေါက်လာပြီလေ'

'အေးလေ ... ဒီတော့လဲ ဘာဖြစ်လဲ၊ ကိုယ်တို့ သုံးပွင့်ဆိုင် ဇာတ်လမ်းကိုပဲ ဆက်ကကြရုံပေါ့'

သူ့သေရည်ခွက်ကို အသစ်ထပ်ဖြည့်သည်။ ပြီးတော့ ဝေဒနာရိပ်များ လွှမ်းနေသည့် မျက်လုံးများဖြင့် ဟော်လီကို စိုက်ကြည့်နေ၏။ ဖေးလ်၏ စိတ်ဓာတ် ခုလို ပြောင်းလဲနေသည့်အတွက် ဟော်လီ တော်တော် စိတ်ညစ်သွားသည်။ ဖေးလ် သည်လိုဖြစ်လိမ့်မည်ဟု လုံးဝမျှော်လင့်မထား။ ထာဝစဉ် ဆောင့်ကြွားကြွား နေတတ်သော၊ မထိတရီ နေတတ်သော ဖေးလ်ဘင်တန်ဆိုသည့် မိုက်တို့ အချစ်တော်တစ်ယောက် ဘယ်ရောက်သွားပြီလဲ၊ ဖေးလ်ဘင်တန်ဆိုသည့် လူက သူတို့လို မိန်းမတွေကို ချစ်မည်။ နောက်ပြီး နောင်တဆိုတာ စဉ်းငယ်မျှမပေါ်ဘဲ၊ နောက်ကြောင်းကို တစ်ချက်မျှ စောင်းငဲ့မကြည့်ဘဲ သူ့အိပ်ဖော် မိန်းမများကို ကျောခိုင်း စွန့်ခွာနိုင်သူ မဟုတ်လား။

'ဖေးလ်ရယ် ၊ ကျွန်မ ရှင်နဲ့ ရန်မဖြစ်ပါရစေနဲ့ရှင်'

'ဟား ၊ အဲဒါ သိပ်ကောင်းတာပေါ့'

သူ့အသံက ရှတတ။

'ကျွန်မတို့ဟာ အရွယ်ရောက်ပြီးတဲ့ လူကြီးနှစ်ယောက်ပါ၊ ဇာတ်လမ်းတစ်ခုလုံး ပြီးဆုံးသွားပြီ၊ ရှေ့ဆက်လို့ မရတော့ဘူးဆိုတာကို ကျွန်မတို့ သဘောပေါက်နားလည်ရမယ်လေ'

'ဒါပေမယ့် ဘဝဆိုတာ ရယ်မောရွှင်ပျနေရမယ့်ဆိုတာ သဘောပေါက်နားလည်ထားတဲ့ လူကြီးနှစ်ယောက်ကျတော့ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမလဲ၊ ကိုယ်က အဲဒီလို လူကြီးတွေရဲ့ ခံယူချက်မျိုးကိုမှ ကြိုက်တာကွ'

ဟော်လီ မျက်လုံးတွေ အောက်စိုက်လိုက်၏။

'ကျွန်မ စိတ်မကောင်းပါဘူးဖေးလ်၊ ကျွန်မ ကိုယ့်ကိုယ်ကို ထင်ထားသလောက် တက်သိနားလည်မှု မရှိသေးဘူးထင်ပါတယ်'

'ကိုယ်လဲ စိတ်မကောင်းဖြစ်ရတာပါပဲ'

သူ့လေသံက သရော်တော်တော်၊ ရိတိတိ။

'မင်းက ကာလေတန်ကိုချစ်နေတယ်၊ တချိန်တည်းမှာ ကိုယ်က မင်းကိုချစ်နေတယ်၊ အဲဒီအတွက် ဘယ်သူကမှ ဟားတိုက် မရယ်ပါဘူးကွယ်'

'အဲဒါတော့ ရှင်အမှန်အတိုင်း မပြောတာ၊ ရှင်ဟာ ရင်ထဲအသည်းထဲက ချစ်တတ်တဲ့လူမှ မဟုတ်တာ'

'ဟေ၊ အဲဒါ မင်း ဘယ်သူပြောလဲ'

'ရှင်ပဲ ပြောခဲ့တာလေ၊ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ရှင် ပြောခဲ့ဖူးတာပဲ'

'ဟုတ်လား ကိုယ်ပြောခဲ့ဖူးသလား၊ ဒါဆိုရင်တော့ ကိုယ် ပြောခဲ့တာတွေ ကိုယ် ပြန်ရုပ်သိမ်းတယ်ကွာ၊ အဲဒီလို ပြောမိတဲ့အတွက် ကိုယ့်ပါးတောင် ကိုယ် ပြန်ရိုက်ပစ်လိုက်ချင်တယ်'

အံ့ကြွ ပေါက်ကွဲလာသော သူ့ဒေါသများကို လုံးဝ မျှော်လင့်မထား။ ဟော်လီ သူ့ကိုသာ ကူကယ်ရာမဲ့စွာ စိုက်ကြည့်နေမိ၏။ သူစိတ်ဆင်းရဲနေသလို ကိုယ်လည်း စိတ်ဆင်းရဲလျက်။

'ဖေးလ်ရယ် ... တဆိတ်လောက်ကွယ် ...'

'စိတ်မကောင်းပါဘူး၊ ဒီနှစ်ကတော့ ကိုယ်လူကြီးလူကောင်းဆန်ဆန် သိက္ခာရှိရှိနဲ့ ဦးညွှတ်ပြီး နောက်ဆုတ်ပေးနိုင်တဲ့ နှစ်မဟုတ်





ဘူး'

သူ့ စကားကြားတော့ ဟော်လီ ဒေါပွသွားသည်။

'ဇာတ်လမ်းက ဆုံးသွားပြီ ဖေးလ်၊ အမှန်တော့ ဒီဇာတ်လမ်းစကို မစဖြစ်ခဲ့ဖို့ကောင်းတာ၊ ဒါပေမယ့် ခု ဒီဇာတ်လမ်း အဆုံးသတ်သွားပြီလေ၊ သိရဲ့လား'

ဖေးလ်ကို ကျောခိုင်းဖို့ တစ်ဖက်သို့လှည့်သည်။ အပြင်ဘက်ခပ်လှမ်းလှမ်း ခပ်ဝေးဝေးဆီမှ မိုးချုန်းသံကို ကြားရသည်။

'ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်ထပ် ပြောစရာဆွေးနွေးစရာမရှိတော့ဘူး'

ဖေးလ်က သူ့အား ခပ်ကြမ်းကြမ်းဖမ်းဆွဲထားသည်။ ပူလောင်သော အသက်ရှူငွေ့တွေ သူ့အပေါ်ကျရောက်လာသည်။

'ဘာကိစ္စ ပြောစရာမရှိရတော့မှာလဲကွ'

ဟော်လီ ရုန်းထွက်သည်။ ခုတော့ ဖေးလ်ကို ဆန့်ကျင်နေပြီ။ အနားကပ်ပင် မခံချင်တော့။ ဖေးလ်က နမ်းဖို့ အားထုတ်သည်။ သူကမလိုက်လျော။ အရက်မူးနေသောဖေးလ် ဘာမျှမတတ်နိုင်။ ဖေးလ်က ရေချိန်လွန်နေသည့်တိုင် တတ်နိုင်သလောက် မြူးမြူးရွှင်ရွှင်ဖြစ်အောင် ကြိုးစားသည်။

'ခုလို အပစ်မယ်ခံရတဲ့ ဝေဒနာမျိုး ကိုယ့်ရင်ထဲမှာ တစ်ခါမှ ခံစားခဲ့ရဖူးပါဘူးကွယ်'

တခြားလူတစ်ယောက် နှုတ်ဖျားမှ ထွက်လာသည့် စကားဆိုလျှင်တော့ ရင်ငြိစေမည့်ဝန်ခံချက်မျိုးဖြစ်ပါမည်။ သို့ပေမယ့် ယခု ဟော်လီကတော့ တော်တော်ကြီး စိတ်ဆိုးနေပြီ။

'ကျွန်မကို လွှတ်စမ်း'

ဖေးလ် ဟော်လီကို ငုံ့ကြည့်၏။ မျက်လုံးတွေက တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ခယစွာ။

'ကိုယ် မင်းကိုချစ်နေပြီ ဟော်လီ'

'ရှင် ကျွန်မကိုမလွှတ်ရင် . . .'

'ကိုယ့်ကို ပစ်မသွားပါနဲ့ကွယ်'

ဖေးလ် သည့်လို တောင်းပန် တိုးလျှိုးနေသံ ကြားရတော့ ဟော်လီ့နားမှာ တစ်မျိုးကြီး။ ကိုးရိုကားရား နိုင်နေသည်။ သည်လူဟာ ယောကျ်ားတွေထဲမှာ သိနားလည်ရ အခက်ဆုံးလူပါကလား။

'ကိုယ်ကတော့မင်းကို ဘယ်တော့မှမပစ်ရက်နိုင်ဘူး သိလား'

သောင်းကျန်းလာသည့် သူ့လက်တွေထဲမှ ဟော်လီ ရုန်းထွက်၏။ သို့သော် ဖေးလ်က ဟော်လီ လှေကားထိပ်သို့ မပြေးနိုင်အောင် ကမန်းကတန်း လိုက်လာသည်။ လမ်းပိတ်ထားသည်။ ဟော်လီ ပြန်မသွားနိုင်အောင် ကြိုးရာမရ အားထုတ်နေသည်။ ယခုလို ဟော်လီကို ပိတ်ဆို့ ကာကွယ်ထားခြင်းဖြင့် ဟော်လီသည် သူနှင့် တစ်သက်ပန်လုံး မခွဲစတမ်း အတူနေသွားတော့မည့် အလား။

'ကိုယ်တို့ နှစ်ယောက်အတွက် ဂီတသံလေးက လွင့်ပျံ့နေပါတယ်၊ ရှမ်ပိန် ယစ်ရွှေရည်က အရောင်တလက်လက် တောက်နေပါတယ်၊ ဟော်လီရယ် . . . အဲဒါတွေကို စိမ်းကားမသွားပါနဲ့လားကွယ်'

သည်တစ်ချီတော့ သူအောင်အောင်မြင်မြင် နမ်းလိုက်နိုင်၏။ ပူလောင်သော သူ့နှုတ်ခမ်းများဖြင့် ဟော်လီ့ နှုတ်ခမ်းများကို ဖိကပ်ခြေမွပစ်လိုက်၏။ ဟော်လီ လူးလွန့်သည်။

'ရှင်ဟာ အမြင်ကတ်စရာ ၊ မုန်းစရာကောင်း . . .'

ဟော်လီစကားကို အဆုံးမသတ်နိုင်။ သူ့ရင်ထဲတွင် ဒေါသစိတ်တွေ ၊ မုန်းတီးရွံရှာစိတ်တွေသာ လွှမ်းမိုးနေသည်။





ဟော်လီ ခံစားချက်တွေ ပြောင်းလာသည်ကို ဖေးလ် သိလိုက်၏။ သည်တော့ သူက သရော်သံ လှောင်ပြောင်သံဖြင့်။

'အမြင်ကတ်စရာ၊ မုန်းစရာကောင်းတဲ့ ဘာလဲ၊ စော်ကားမော်ကား စကားတွေကို အဆုံးလဲ မသတ်နိုင်ပါကလားကွ'

'ရှင် ကျွန်မရှေ့က ဖယ်ပေးပါ'

ရှူးရှူးရှားရှား ပြောရင်း ဖေးလ်ကို ကွေ့လျှောက်သည်။ လှေကားဆီသွားသည်။ ဖေးလ်လိုက်လာသည်။ တက်ကြွပ်မကွာ ဟော်လီ့ ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်ထားသည်။ သူ့လက်သည်းတွေ ဟော်လီ့ ပခုံးသားထဲနစ်ဝင်သွား၏။ ခုတော့ ဟော်လီ ဒေါသကြောင့် မျက်ရည်များဝိုင်းနေပြီ။

'ကျွန်မကို လွှတ်နော်'

'မင်းကိုယ့်ကို ပစ်မသွားပါဘူးလို့ ကတိပေးမှ လွှတ်မယ် ဟော်လီ'

သူက မလွှတ်စတမ်း ဆက်ကိုင်ထားသည်။ ဟော်လီအသားတွေ သွားမလားလည်း အမှုမထားတော့။ ဟော်လီ ကြိုးရာမရ ထွက်ပေါက်ရှာနေသည်။ နောက်ဆုံး ဖေးလ်ပင် အံ့အားသင့်သွားစေသည့် ခွန်အားတစ်ရပ်ဖြင့် ရုန်းထွက်လိုက်၏။ ပြီးတော့ လှေကားဆီသို့ ပြေးသည်။ ဖေးလ် နောက်မှ လိုက်ဆွဲသည်။ သူ့မျက်နှာပေါ်တွင် ဟော်လီလွတ်ထွက်သွားမှာ စိုးရိမ်သည့် သောကရိပ်များ။ သူ့အမူးလွန်နေသဖြင့် ဟော်လီကို ဖမ်းမမိမှာ စိုးရိမ်သည့် သောကရိပ်များ။

လူတစ်ယောက်၏ အသက်ဆုံးရှုံးပျက်စီးသွားဖို့ ဆိုသည်မှာ အရိုလက်တံတစ်ချက်ရွေ့စာ နှလုံးတစ်ချက်ခုန်စာ လောက်ပဲ အချိန်ကြာပါသည်။ ယုံကြည်နိုင်ဖွယ်ရာမရှိသော၊ စိုးရိမ်ထိတ်လန့်ဖွယ်ကောင်းသော စက္ကန့်ပိုင်းလေးအတွင်း မမျှော်လင့်သည့် ဖြစ်ရပ်များ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်သွားသည်။

ဖေးလ်ဘင်တန်သည် ထိတ်လန့်စရာကောင်းလောက်အောင် ဟန်ချက်လွဲသွား၏။ သူကရှေ့သို့ ပြေးပြီး ခုန်အုပ်လိုက်သည်။ ဟော်လီကိုမမီ။ ဟော်လီက ဘေးဘက်သို့ ခုန်ပြီး ရှောင်လိုက်သည်။ ဖေးလ်၏ လက်တွေ ဆုပ်ဖမ်းလိုက်သည်။ သူ့ရှေ့မှာ ဆုပ်ဖမ်းစရာ ဘာမျှမရှိ။ လှေကာထစ်များအထက်မှ ဟင်းလင်းပြင်ကြီးသာ ဆုပ်ဖမ်းလို့ရသည်။

ဟော်လီ ထိတ်လန့်တကြားရပ်နေသည်။ သူ့ကိုယ်ခန္ဓာမှာ တောင့်တောင့်ကြီး။ ကြောက်ရွံ့တုန်လှုပ်သော မျက်လုံးများက လှေကားထစ်များနှင့် တဝုန်းဝုန်းတိုက်မိပြီး ဒလိမ့်ခေါက်ကွေး ကျသွားသည့် ဖေးလ်၏ ကိုယ်ခန္ဓာကြီးကို လိုက်ကြည့်နေမိသည်။ ဖေးလ်၏ ကိုယ်ခန္ဓာကြီးသည် အောက်ဆုံးလှေကားရင်းတွင် ခြေကားရား လက်ကားရား ငြိမ်သက်သွား၏။

ဟော်လီ လည်ချောင်းထဲမှ အသံအစ်အစ်တစ်ခု အထိတ်တလန့် ထိုးထွက်လာသည်။ ဖေးလ်လဲကျနေရာသို့ ပြေးဆင်းလာသည်။ ဖေးလ်ကား ငြိမ်သက်လွန်းနေသည်။ အလှုပ်အရှားမဲ့လွန်းနေသည်။

သူသေပြီဆိုသည်ကို ကျွမ်းကျင်သောသမားတော် တစ်ယောက်ယောက် ခေါ်ပြနေဖို့မလိုဘဲ သိနိုင်ပါသည်။

ဟော်လီ ဒူးထောက် ကြည့်နေရာမှ ပြန်ထသည်။ ဘာလုပ်ရမှန်မသိ။ တယ်လီဖုန်းရှာသည်။ အခန်းထဲတွင် တည့်တည့်ဆီမှ မီးချုန်းသံ ခပ်အုပ်အုပ် မြည်ဟည်းလာသည်။ ဖေးလ်ဘင်တန်၏ ဝေသီသော မျက်လုံးများက သူ့ကို မော့်ကြည့်နေ၏။ အကြည့်မာတ်ကင်းမဲ့စွာ။ ဟော်လီ တစ်ချက် ငိုညည်းလိုက်၏။ ပြီးတော့ တစ်ဖက်





သို့လှည့်လိုက်၏။

တယ်လီဖုန်းကိုတွေ့သည်။ တယ်လီဖုန်းဆီသို့ ဒယိမ်းဒယိုင် ပြေးသည်။ စကားပြောခွက်ကို ကောက်ကိုင်ဖို့ မစဉ်းစားနိုင်မီမှာပင် တယ်လီဖုန်းခေါင်းလောင်းသံ ကျယ်ကျယ်လောင်လောင် မြည်လာ၏။ လှမ်းလက်စလက်ကို ဆတ်ခနဲ ပြန်ရုပ်မိ၏။ သူ့ရှေ့တွင် မြွေဟောက်တစ်ကောင် ဝုန်းခနဲ ပါးပျဉ်း ထောင်လာသည့်အလား။ တယ်လီဖုန်းအားမှ နောက်ဆုတ်လိုက်သည်။ လက်တစ်ဖက်က လည်ချောင်းကို အလိုအလျောက် ဆုပ်ကိုင်ထားမိသည်။ သံကုန်အော်ဟစ်ဖို့ တိုးထွက်နေသည့် လည်ချောင်းထဲမှ အသံကို တားဆီးထားသည့်နှယ်။

ထို့နောက် အထိတ်တလန့်ဖြစ်စရာ အသစ်တစ်မျိုး ထပ်မံပေါ်ပေါက်လာပြန်၏။ သည့်ထိတ်လန့်စရာအသစ်က တဂွမ်ဂွမ်မြည်နေသော တယ်လီဖုန်းသံကို လွှင့်ပျောက်သွားစေ၏။ တယ်လီဖုန်းသံအလည်း မပြတ်သေး။ တစ်စုံတစ်ယောက်က ဖေးလ်ဆီ ဆက်နေခြင်း။ ဖေးလ်သည် တယ်လီဖုန်းကို ဘယ်သောအခါမျှ ဖြေနိုင်မည်မဟုတ်ကြောင်း ထိုလူမသိသေးပါကလား။

ယခု လူခေါ်ခေါင်းလောင်းသံက မြည်ဟိန်းနေပြန်ပြီ။ တစ်စုံတစ်ယောက်သည် အိမ်ရှေ့တံခါးဝမှာ ရောက်နေပြီ။

ဟော်လီတုန်လှုပ်ချောက်ချားမှုအပြည့်ဖြင့် ဧည့်ခန်းကိုဖြတ်ပြေးသည်။ စားဖိုဆောင် နောက်တံခါးကို ဖွင့်သည်။ မှောင်မိုက်ခြင်းက သူ့ဆီဝုန်းခနဲပြေးဝင်လာ၏။ သူ့နောက်မှာတော့ တိုးတိုးညင်းညင်းကလေး ပျံ့လွင့်နေသော ဂီတသံ။ တစ်ချိန်တည်းတွင် အဆက်မပြတ်အောက်မြည်နေသည့် တယ်လီဖုန်းသံနှင့်တံခါးခေါင်းလောင်းသံ။

တဒုန်းဒုန်းထုသံကြားရသည်။ တစ်ယောက်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တံခါးရွက်ကို ပြင်းပြင်းထန်ထန် ထုနေပြီ။ တံခါးထုသံပိုကျယ်လာသည်။ မိုးကြိုးထစ်သံပမာ။ ခုမှ သူ့မိုးကာကို သတိရသည်။ ညှော်ခန်းထဲ ပြန်ပြေးသည်။ မိုးကာကို ဆွဲယူသည်။ အမှောင်ထုရှိရာသို့ ဖိနပ်သံ တခွပ်ခွပ်မြည်အောင် ပြန်ပြေးခဲ့သည်။ အမှောင်ထုက သူ့ကို စိတ်လုံစေသည်လေ။ စားဖိုဆောင် နောက်ဘက်တွင် စကြံလမ်းတစ်လမ်း ရှိသည်ကို သူသိထားသည်။ သည်စကြံလမ်းအတိုင်း သွားလျှင် အိမ်ဘေးပေါက်ကို ရောက်မည်။

သူ့ရင်ခုန်သံ တဒိန်းဒိန်းက ဖေးလ်၏ အိမ်တံခါးကို ထုနေသည့်အသံနှင့် မခြား။ ဘာမျှ စဉ်းစားဆင်ခြင်မနေနိုင်တော့။ သူ့အနေဖြင့် လွတ်ရာ လွတ်ကြောင်း ထွက်ပြေးခြင်းသာ အကောင်းဆုံးမဟုတ်လား။ သီးသန့် ဘေးလှေကား ရှိရာသို့ ဦးတည်နေသည့် စကြံလမ်းအတိုင်း သဲကြီးမဲကြီး ပြေးလာခဲ့၏။

ဘေးလှေကားသို့ ရောက်သည်။ တံခါးကို တွေ့သည်။ ဖွင့်သည်။ လမ်းမြောင်ကလေးထဲသို့ ကမူးရှူးထိုး ပြေးထွက်ခဲ့သည်။ နောက်ကြောင်းကို တစ်ချက်မျှ ပြန်လှည့်မကြည့်။ သူ့ဖိနပ်ခွာသံက ဒေါက်ဒေါက်သာ စည်းချက်ညီညီ ပေါ်ထွက်နေသည်။

အို ... ဘုရား၊ ဘုရား၊ ဒုက္ခပဲ ...

သူ့ရင်ထဲမှာတော့ ပြောင်းဆန်နေပြီ။ ဘယ်လိုမျှ ထိန်းလို့သိမ်းလို့မရ။ ကိုးရိုကားရာ မြင်ကွင်းကြီးကို မြင်ယောင်နေသည်။ ဘယ်ဖလောက် နှလုံးသွေး ပျက်ချင်စရာ ကောင်းလိုက်သလဲ။ သူ့စကားလုံးတွေ။ သူ့မျက်နှာ။ ရင်ကျိုးချင်စရာ လှေကားပေါ်မှလိမ့်ကျသွားပုံ။ အကျည်းတန်မှာ လဲကျနေပုံ။ သူ့အလောင်းကြီး။

ဖေးလ်ဘင်တန်ကား သေဆုံးသွားပြီ။

ဖေးလ်သေပြီ။ သေပြီ။





အဖြစ်မှန် သနစ်မှန်က ဘယ့်လိုလဲ ဖြစ်နေဖြစ်နေ ဖေးလ်သေဆုံးမှုတွင် သူဆိုသည့် ဟော်လီ အင်ဒါဆင်က တိုက်ရိုက်ပါဝင်ပတ်သက်နေသည်။

မှောင်မိုက်သော လမ်းသွယ်ကလေးအတွင်း အပြေးအလွှားထွက်လာခဲ့သည်။ မိုးက သဲဆဲမဲဆဲ။ လမ်းတွေပေါ်သို့ ရေတွေဒလဟော သွန်ချနေဆဲ။ အငှားကား တစ်စီးတလေများ တွေ့လေမလားဟု ကျိုးကြည့် ကြောင်ကြည့် ကြည့်သည်။ သူ့ ဦးနှောက်တွေအလုပ်လုပ်ဖို့ ငြင်းဆန်နေပြီ။ သူ့စိတ်တွေ တုန်လှုပ်ချောက်ချား နေပြီ။ ဆင်ခြင်တွေးတောခြင်းဆိုတာ သူ့ခေါင်းထဲမှာမရှိတော့။

ထိုသို့သာ မဖြစ်ခဲ့ပါလျှင် ဖေးလ်အခန်းထဲရှိ လိပ်ပြာတောင်ကုလားထိုင် တစ်လုံးပေါ်တင်ထားသည့် လည်စည်းပိုးပဝါကလေးကို သူတိရမိမည်မလွဲ။ သည်လည်စည်းကလေးကို ကလေတန်က သူတို့ လက်ထပ်ပွဲနှစ်ပတ်လည် သည်လည်စည်းကလေးကို မြတ်နိုးလွန်းသဖြင့် သွားလေရာ စည်းခဲ့သည်။

သည်လည်စည်း၏ ညာဘက်ထောင့်တွင် ဟော်လီပါကာအင်ဒါဆင်ဆိုသည့် နာမည်အတိုကောက် ထိုးထားသည်။

သူ့ချည်းဆိုလျှင်တော့ ပိုးပဝါစကလေး တစ်စမျှသာ။ တန်ဖိုးကြီးသည်။ ဒါ့ထက် ပိုပြီးတခြားဘာမျှအဓိပ္ပာယ်မရှိ။ သို့ပေမယ့် ခုလို နာမည်ကြီး မြာသမားတစ်ဦး၏ အခန်းထဲမှာ ကျန်ခဲ့သည်ဆိုတော့ သည်လည်စည်းက အရေးပါ အရာရောက်သည့် ပစ္စည်းတစ်ခု ဖြစ်နေပြီ။ ဘာကြောင့်ဆို နာမည်ကြီးမြာသမားဆိုသူက သေဆုံးနေပြီကိုး။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

မြစိမ်းမြိုင်စံအိမ်ကြီးသို့ ဟော်လီ ပြန်ရောက်လာသည်။ စိတ်တွေ ကယောင်ချောက်ချားဖြစ်လျက်။ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်လျက်။ မည်းမှောင် တိတ်ဆိတ်နေပြီ ဖြစ်သော အိမ်ကြီးထဲသို့ ချွတ်နင်း ဝင်ရောက်ပြီးသည်နှင့် တစ်လမ်းလုံးထိန်းလာခဲ့သည့် ဟန်ဆောင်မှုများ လွင့်စဉ် ထွက်ပြေးကုန်၏။ စာကြည့်ခန်းထဲသို့ ကသောကမောပြေးဝင်သည်။ မီးတွေဖွင့်သည်။ တစ်ကိုယ်လုံးစိုရွှဲနေသည့် အဝတ်အစားများက သူ့ကို အောက်တန်းစား မိန်းမသားတစ်ဦးနှယ် ခံစားရစေ၏။ သူ့စိတ်အသိက တယ်လီဖုန်းဆီသို့သာ ဦးတည်နေဆဲ ရှိသေးသည်။ တယ်လီဖုန်းဆက်မှ ဖြစ်မည်။

စာအုပ်တွေ အပြည့်ရှိနေသည့် စာအုပ်စင်များ တန်းစီနေ



www.burmeseclassic.com

www.burmeseclassic.com



သော အခန်းကြီးက ခိုင်ခိုင်မာမာ ရှိလှသည်။ တောက်တောက်ပပနှင့် နေချင့်စဖွယ်။ သည့်အနေအထားတွေက သူ့အား သရောလှောင်ပြောင်နေသယောင်။ သူက ဂဏာန်းသုံးလုံးကို လှည့်လိုက်၏။

'ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ဝါရှင်တန် ဒီစီကို ဆက်ချင်ပါတယ်၊ ပစ္စတာကလေတန်အင်ဒါဆင်ကိုပါ လင်ကွန်း ၇-၂၇၉၁ ရှင့်'

တစ်ဖက်မှ အော်ပရေတာ၏ ကျင့်သားရပြီးသား မေးမြန်းစုံစမ်းသံကို ကြားရသည့်တိုင် သူ့စိတ်တွေ ကသောင်းကနင်း ဖြစ်နေဆဲ။ သူ့မှာ ကြိုးစားပမ်းစား စဉ်းစားနေရသည်။

'ကျွန်မနံပါတ်လား၊ ကျွန်မ နံပါတ်က တိုင်လာခြောက်၊ အို . . . မဟုတ်ဘူး၊ ကိုး . . . စိတ်မရှိပါနဲ့နော်၊ ကိုး သုံည တစ် ကိုး ကိုး ရှင့်'

ရင်ထဲမှာ သောကအပြည့်ဖြင့် စောင့်နေသည်။ တစ်စုံတစ်ယောက်က ပစ္စတာအင်ဒါဆင်ကို ဆက်သွယ်လို့ မရကြောင်း တယ်လီဖုန်းထဲမှ ပြောနေသည်။

'ဒါဆိုလဲ မစ္စစ်အင်ဒါဆင် ဆက်တယ်လို့ ပြောပေးပါ၊ မစ္စတာအင်ဒါဆင် ဘယ်မှာရှိမယ်ဆိုတာ သူတို့ မသိဘူးလားဟင်၊ ကိစ္စက အရေးကြီးလို့ပါ'

ရင်ထဲ အပူလုံးကြီး ကြွလာပြီ။ နောက်ထပ် ဘဝမကျစရာ အဖြေတစ်ခုက တယ်လီဖုန်းထဲတွင် မြည်နေ၏။

'အို၊ မစ္စတာအင်ဒါဆင် ဘယ်တော့လောက် ပြန်ရောက်မယ် ထင်ပါသလဲ'

မျှော်လင့်ချက်တွေ ကုန်ဆုံးပျက်စီးသွား၏။ မစ္စတာအင်ဒါဆင်ကို ဘယ်မှာမှ ရှာမရပါတဲ့လေ။ သည်တော့ကတုန်ကယင်ဖြင့်





တိုးတိုးလေး ပြောလိုက်ရသည်။

'အော်ပရေတာ၊ သူပြန်ရောက်ရောက်ချင်း ပြန်ဆက်ဖို့ ပြောခိုင်းပေးပါနော်၊ ကိစ္စက အရမ်းအရေးကြီးနေလို့ပါ'

စကားပြောခွက်ကို ပြန်ချ၏။ စိတ်နှလုံး ချောက်ချားနေသည်ကိုတည်ငြိမ်အောင်ထိန်းဖို့ ကြိုးစားသည်။ စာကြည့်ခန်းနံရံတွေက ချာချာလည်နေ၏။ သူ့အပေါ် ပြိုလဲကျလာ၏။ ထိုနောက်တွင်မှ စိတ်ကူးတစ်ခု ဖျက်ခနဲ ပေါ်လာသည်။ အက်စ်တဲလ်အင်ဒါဆင်၊ အက်စ်တဲလ် အင်ဒါဆင်ကတော့ သူ့ကို ကူညီနိုင်ကောင်းပါရဲ့။

မျှော်လင့်ချက်ကြီးစွာဖြင့် စာကြည့်ခန်းထဲမှ ဒရောသောပါး ထွက်ခဲ့၏။ ကျောက်သားလှေကား ထစ်များအတိုင်း အပြေးတက်သည်။ အိမ်ကြီး၏ အနောက်ဆောင်ရှိ အက်စ်တဲလ်အိပ်ခန်းဆီ သွားသည်။ မိုးပါးသွားပြီ မြစိမ်းမြိုင်၏ အမိုးများကို ခပ်ဖွဖွပုတ်ခတ်နေသည်။

အက်စ်တဲလ်၏ အိပ်ခန်းတံခါး အောက်ခြေမှငွေရောင် အလင်းတန်းကလေး တိုးထွက်နေသည်။

ဘာမျှ စဉ်းစားမနေ။ တံခါးကို တွန်းဖွင့်လိုက်သည်။ ဟော်လီ သူ့ရင်ထဲမှ ဝေဒနာများကို ဖွင့်အန်လိုက်သည်။

'မေမေ၊ ဒုက္ခတွေတော့ ရောက်ကုန်ပြီ'

စင်စစ် အက်စ်တဲလ်က သူ့ကို စောင့်မျှော်နေခြင်း။ နောက်မှီ အမြင့်ကုလားထိုင်ကြီးတွင်ထိုင်လျက်။ အဝတ်အစားအပြည့်အစုံဖြင့်။ ဟော်လီဝင်လာသည့် တံခါးဘက်သို့ မျက်နှာမူကာ။ သူ့မျက်နှာက အေးစက်စက်။ ခံစားချက်မရှိသလို မျက်နှာဖုံးစွပ်ထားသဖြင့် မျက်နှာကြွက်သားများ၏ လှုပ်ရှားမှုကို မမြင်ရသည့်ပမာ။ သူ့မှာ အသက်ရှိနေသေးကြောင်းကို သူ့မျက်လုံးများမှသာ သိမြင်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်မျက်လုံးများတွင် စိတ်ရှည်ခြင်း၊ ဖွဲကောင်းခြင်းတို့ကို သဘာဝလွန်အလင်းတန်းတစ်ခုအဖြစ်မြင်တွေ့နေရ၏။ ခုတော့ သူ၏စိတ်ရှည်မှုနှင့် ဖွဲကောင်းမှုတို့အတွက် ဆုလာဘ်တစ်ခုရရှိတော့မည် မဟုတ်ပါလား။

အက်စ်တဲလ်အင်ဒါဆင်၏ ဒူးနှစ်လုံးပေါ်တွင် ဖြန့်တင်ထားသည်မှာ ဟော်လီဆင်ယင်နေကျ ပိုးလည်စည်းပဝါကလေး။ ဟော်လီမှာ ပါးစပ်အဟောင်းသား။ မှင်တက်မိစွာဖြင့် အက်စ်တဲလ်ကို ကြည့်သည်။ နောက်လည်စည်းပဝါကလေးကိုကြည့်သည်။ သူ့ မျက်စိရှေ့မှောက်မှ သည်ပစ္စည်းကလေး သည်နေရာသို့ရောက်လာသည်မှာ မြန်ဆန်လွန်းလေစွ။ မယုံကြည်နိုင်စရာကောင်းလေစွ။ ဟော်လီ့လက်ချောင်းများက သူ့လည်ချောင်းနှင့် ပခုံးသားပေါ်မှာ ထုံထိုင်းစွာ ဖြန့်ကားလျက်။ ဟော်လီ မျက်လုံးတွေကို ဖြည်းဖြည်း ချင်းပင့်တင်လိုက်၏။ အံ့အားတသင့်ဖြင့် သူ့ယောက္ခမ၏ မျက်လုံးများကို ရင်ဆိုင်လိုက်၏။

အက်စ်တဲလ်က သူ့အား သူစိမ်းတစ်ရံခွံတစ်ဦးပမာ စိုက်ကြည့်နေ၏။ ကလေတန့်မိခင်၏ မျက်နှာပေါ်တွင် ကရုဏာရိပ်၊ စာနာရိပ်ဆိုလို့ စိုးစဉ်းမျှမရှိ။

'ဒီတော့ ညည်းချစ်သူကို ညည်းသတ်လိုက်ပြီပေါ့၊ ဟုတ်လား ကလေးမ'

တိုးတိုး ညင်ညင်ကလေးပြောသည်။ ဟော်လီ နောက်တွန့်သွားသည်။ အဘွားကြီး ဘာယ်လိုလုပ်သိနေပါလိမ့်။ ခုထိ သူ့အမိပွဲာယ် မပေါက်သေး။

'မဟုတ်ပါဘူး'

'ညည်းလုပ်ခဲ့တဲ့ ပြဿနာတွေ တော်တော်ရှုပ်ထွေး ကျန်ခဲ့တာကလား'





'အဲဒါ မတော်တဆ ဖြစ်သွားတာပါ မေမေ'

ခုတော့ ဟော်လီသည် ကြောက်ရွံ့တုန်လှုပ်နေသည့် ကလေးမလေးတစ်ဦးပမာ ဖြစ်နေပြီ။ မျက်ရည်ဥကြီးတွေ ပါးပြင်ပေါ် လိမ့်ဆင်းကျနေ၏။

'ငါကတော့ ငါ့ကိုယ် ငါပဲအပြစ်တင်မိတယ်၊ ညည်းကို စပြီးမြင်လိုက်တာနဲ့ ညည်းဘာလဲဆိုတာ ငါသိပြီးသား'

'မေမေရယ် ကျွန်မရှင်းပြ ပါရစေဦး'

ရှိုက်သံများက သူ့စကားများကို ရပ်တန့်သွားစေ၏။

'ညည်းရဲ့လည်စည်းပဝါကို စုံထောက်တစ်ယောက်က ပြန်ယူလာခဲ့တာ၊ ကံအားလျော်စွာ သူကငါ့အတွက် အလုပ်လုပ်ပေးနေတဲ့လူ ဖြစ်နေလို့ တော်သေးတာပေါ့'

ဟော်လီ့ရင်ထဲမှ ရှုပ်ထွေးမှုတွေ၊ ထိတ်လန့်မှုတွေအတွက် အဖြေတစ်ခုရအောင် အက်စ်တဲလ်၏ အေးစက်သော အသံက ဖြေရှင်းပေးလိုက်သည်။

'အလုပ် လုပ်ပေးနေတာ၊ ဟုတ်လား၊ အလုပ်လုပ်ပေးနေတာ ...'

သူ့အသံ စူးရှနေ၏။

'ငါ့သားရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ဖို့ ညည်းနောက်က နောက်ယောင်ခံ လိုက်ခိုင်းထားခဲ့တာ ခုလောလောဆယ်အချိန်ထိပေါ့'

မေမေ အက်စ်တဲလ် ...

ဟော်လီရှေ့တိုးလာ၏။ ထိုင်နေသောအမျိုးသမီးကြီးမျက်လုံးတွေကို စူးစိုက်ကြည့်လိုက်၏။ သူ့ရင်ထဲမှာ ချောက်ချားမှုတွေ အုံကြွမြင့်မားလာသည်ကို ခံစားလို့ ရနေသည်။ သူ့တစ်ကိုယ်လုံး တုန်ယင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ ... ဒါ တကယ် မဟုတ်နိုင်ပါဘူးနော်၊ တကယ် မဟုတ်ဘူး မဟုတ်လားဟင်၊ မေမေရယ် ဖြစ်သမျှ အကြောင်း စုံကို ကျွန်မ ရှင်းပြပါရစေဦးနော်'

အက်စ်တဲလ်၏ အေးစက်စက် အမူအရာက ပြောင်းလဲသွားခြင်းမရှိ။

'ဘာကြောင့် ဘယ်လို ဖြစ်ခဲ့ရတယ်ဆိုတာကို ငါဂရုမစိုက်ဘူး'

ယောက္ခမကြီးက သူ့အား ပါးပိတ်ရိုက်သလို ဟော်လီ ခါသွား၏။ သည်ည၏မမျှော်လင့်သော ဖြစ်ရပ်များက သူ၏တွေးခေါ် မြော်မြင်နိုင်စွမ်းများကို ထုထောင်းခြေမွပစ်လိုက်ပြီ။ ခေါင်းကြည်သွားအောင် အစွမ်းကုန် အားထုတ်နေရသည်။

ခုမှတော့ ဘာမှဟန်ဆောင်နေဖို့မလိုအပ်တော့ပါဘူးကလေးမ ညည်းဟာ ဒီအိမ်ထဲကို စပြီးခြေချလာတဲ့နေ့ကစပြီး ခလုတ်ကန်သင်း တစ်ခု ဖြစ်နေခဲ့တာပါ။

'ဘယ်လိုခလုတ်ကန်သင်း ဖြစ်တာလဲဟင်၊ ဘယ်လိုဖြစ်တာလဲလို့ ပြောပြစမ်းပါဦး'

ဟော်လီ နာကြည်းစွာ မေး၏။ အက်စ်တဲလ်ထံမှ အပြစ်ဆိုသံများ ပွင့်ထွက်လာသည်။ သည်လိုပြောလိုက်ရသဖြင့် သူ့မျက်နှာ ဝင်းပနေ၏။

'ဘာ အကျိုးထူးလာမှာမို့ ဒါတွေပြောနေရတော့မလဲ၊ တကယ်တမ်းကျတော့ ညည်းဟာညည်းပါပဲလေ၊ ဘယ်လောက်ကြာကြာ ဟန်လုပ်နေလို့ရမှာတဲ့လဲ၊ ဗီဇဆိုတာဖျောက်လို့ရတာမျိုး မဟုတ်ဘူးကလား၊ ညည်းဟာ လက်ရှိ ညည်းနေနေရတဲ့အဆင့်နဲ့အညီ အမီလိုက်မနေနိုင်ခဲ့ဘူးလေ၊ တကယ်တော့ ညည်းစိတ်ဓာတ်ဟာ





ဆန်ဖရန်စစ္စကိုက အရောင်းစာရေးမကလေးအဆင့်မှာပဲ ရှိနေပါသေးတယ်၊ ညည်းက အရောင်းကောင်တာနောက်မှာပဲ နေဖို့သင့်တဲ့ မိန်းကလေးပါ'

ဟော်လီရင်ကွဲပက်လက်ဖြစ်သွားသည်၊ ကျိတ်ကာကျိတ်ကာ ရှိုက်ငိုသည်၊ ပြီးတော့ တစ်ဖက်သို့ လှည့်ထွက်သွားသည်။

'ဒါက ဘယ်သွားမလို့လဲ'

အက်စ်တဲလ်အသံ စူးရှဆတ်တောက်နေ၏။

'ရဲအဖွဲ့ကို အကြောင်းကြားမလို့'

'ငါ့စုံထောက်က ရဲအဖွဲ့ကိုတိုင်ပြီးပြီ'

သည်တော့ ဟော်လီရပ်လိုက်ရပြန်၏။ အက်စ်တဲလ်ကို စိတ်ဆင်းရဲစွာ လှည့်ကြည့်သည်။ အဘွားကြီးက သွယ်လျသော လက်ချောင်းကလေးများဖြင့် လည်စည်းပဝါကို ဆွဲဆန့်နေသည်။

'ဒီဟာလေး ကျန်ခဲ့တာဟာ ညည်းနမော်နမဲ့နိုင်တာပဲ၊ ဒီ လည်စည်းလေးဟာ လွယ်လွယ်လေးနဲ့ ကြိုးကွင်းအဖြစ်ပြောင်းသွားနိုင်တယ်လေ'

'မြတ်စွာဘုရား၊ အက်စ်တဲလ်ရယ်'

'ဒီအမှုဟာ တရားရုံးမှာ ဘယ်လိုမှမကယ်နိုင်တဲ့အမှု ဖြစ်သွားမှာပဲ'

အက်စ်တဲလ်တစ်လုံးချင်းပြော၏။ ရည်ရွယ်ချက်ဖြင့် ပြော၏။

'ဖေးလ်ဆိုတဲ့ကောင်က လူမှုရေးဖောက်ပြန်မှုနဲ့ ပတ်သက်ရင် ဆော်တော် နာမည်ကြီးနေတဲ့လူ မဟုတ်လား'

'ကျွန်မ ဖေးလ်နဲ့နောက်ထပ် ဘယ်တော့မှ မတွေ့တော့ပါဘူးလို့ဆိုသွားတာလဲ အဲဒါပြောဖို့သက်သက်သွားတာပါ၊ ဒါက အမှန်ဆိုတာကျွန်မကျိန်ရဲပါတယ်မေမေ၊ ကျွန်မပြောတာကို ယုံပါမေမေရယ်'



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူ့ခယဝပ်တွား ပြောနေရပြီ၊ အခွင့်အလမ်းကလေး တစ်ရပ်ရလိုရငြား တောင်းပန်တိုးလျှိုးနေရပြီ။

အက်စ်တဲလ်၏ မျက်လုံးများ မှောင်တစ်ဝက် အခန်းကြီးထဲတွင် အရောင်တဖျပ်ဖျပ် လက်လာ၏။ သူ့ကြည့်ရသည်မှာ ရင်ထဲတလှပ်လှပ်ဖြင့် ကြည်နူးနေသလို၊ သားကောင်ကို ခုန်အုပ်တော့မည့်ဆဲဆဲ ကျားသစ်မ တစ်ကောင်အလား။

'တရားလိုရှေ့နေက ဘာပြောမယ်၊ ညည်းဖေးလ်နဲ့ရန်ဖြစ်ပြီး လှေကားပေါ်က တွန်းချ အသေသတ်လိုက်တယ်လို့ပြောမှာပေါ့၊ အေး အလွန်ကျွမ်းကျင်လိမ္မာတဲ့ ရှေ့နေတစ်ယောက်လောက်က ညည်းကို ကွင်းလုံးကျွတ်လွတ်အောင် လိုက်ပေးနိုင်ချင်လိုက်ပေးလိမ့်မယ်၊ ဒါပေမယ့် ညည်းကိုယ်မှာ အညှီအဟောက်နံ့ကတော့ စွဲသွားပြီ၊ ညည်းအဲဒီနာမည်ပျက်ကို ဘယ်တော့မှ ဖျက်လို့ရမှာ မဟုတ် တော့ဘူး၊ အဲဒီလိုပဲ ညည်းယောကျ်ားကော၊ ညည်းသားကော တစ်သက်လုံး အမည်းစက်ကြီးနဲ့ နေသွားရတော့မယ်လေ'

အဘွားကြီး၏ အသံကို ဖျောက်ဖျက်ပစ်လို့ရအောင်၊ ဟော်လီ ခေါင်းကို သွက်သွက်ခါ ယမ်းပစ်မိ၏။

'တော်ပါတော့ မေမေရယ်၊ တော်ပါတော့၊ အို . . . ကျွန်မဘာလုပ်ရမလဲဟင်'

'ငါ ညည်းကို ကယ်တင်နိုင်ပါတယ်'

အက်စ်တဲလ် ပို၍ပြည်းလေးစွာ တစ်လုံးချင်းပြော၏။

ဟော်လီ အသက်အောင့်ထားမိသည်။ အက်စ်တဲလ်မျက်လုံးများမှ ဝင်းဝင်းတောက်နေသော အရောင်တန်းကလေးက ဟော်လီ့အပေါ် စူးစိုက်စွာ ကျရောက်နေ၏။

'ဟုတ်တယ်၊ ကူညီနိုင်ဖို့မယ့်နည်းလမ်းတွေ ငါ့မှာအဆင့်သင့်





ရှိပါတယ်၊ ညည်းကို ကူညီဖို့ အသင့်ဖြစ်နေတာ ကြာလှပြီ ဟော်လီ'

'မေမေက ဘာဖြစ်လို့ ကျွန်မကို ကူညီမှာလဲဟင်

'ညည်းကို ပထုတ်ဖို့ပေါ့'

ဩော် ဒါပါလား၊ အမှန်တရားက ပေါ်ထွက်လာပြီး နှစ်ပေါင်းများစွာ ချိုသာသောအပြုံးများ၊ နွေးထွေး လှိုက်လှဲသောစကားများ၊ နောက်ကွယ်မှာ ကွယ်ဝှက်ထားခဲ့သည့်အေးစက်သော ခံစားချက် အစစ်အမှန်များ ပေါ်ထွက်လာပါပြီကော။

'ညည်းအနေနဲ့ ငါ့သားကိုကော၊ ငါ့မြေးကိုပါ ထာဝစဉ် ခွဲခွာ့လွှတ်ရလိမ့်မယ်'

'ဟင် . . . . . . . ရှင် ရူးနေသလား'

သူ့ယောက္ခမကြီး၏ စကားလုံးများတွင် ပါရှိနေသော ရည်မှန်းချက်ကို ဟော်လီ ကြားပင်မကြားဝံ့။

'ရှင် ရူးနေပြီလားလို့ ရှင်ပြောတာ ကျွန်မ လက်ခံမယ် အောက်မေ့နေလားဟင်'

ဒါဆိုလဲ ဆက်နေလေ၊ တရားခွင်မှာရင်ဆိုင်ပေါ့'

'ရင်ဆိုင်မယ်၊ သိလား၊ ကျွန်မယောကျ်ားနဲ့ ကျွန်မကလေးကို ခွဲပစ်မသွားခင် ရင်ကိုရင်ဆိုင်ဦးမယ်'

'ညည်းရင်ဆိုင်ရင် ငါက တရားရုံးမှာ ကလေးကို အုပ်ထိန်းခွင့်ရအောင် လျှောက်ယူမှာပေါ့၊ ညည်းက နောက်မီးလင်းတဲ့ ပြစ်မှုကျူးလွန်ထားတဲ့ မိန်းမပဲ၊ မိခင်အဖြစ် အုပ်ထိန်းဖို့ သင့်လျော်တဲ့ မိန်းမမှ မဟုတ်တော့ဘဲ'

ဟော်လီ့ရင်ထဲတွင် အမုန်းတရားများနှင့်အတူ ဒေါသတွေ အုံကျင်းဖွဲ့လာသည်။ သူ့အိမ်ထောင်ရေးကိုကော သူ့ဘဝကိုပါ ခြေမျက်ဆီးပစ်မည့် သည်မိန်းမကြီးအပေါ် ပြိုကျလာသည့် မုန်းတီး



www.burmeseclassic.com

www.burmeseclassic.com



စက်ဆုပ်မှုများ။

'အိုး ဘယ်ရလိမ့်မလဲ ဒီလိုလုပ်လို့၊ ကျွန်မ နောက်ဆုံး ထွက်သက်ရှူတဲ့အထိ ရှင့်ကို ကျွန်မ ပြိုင်တိုက်မယ်၊ ကျွန်မကလေးကို ရှင် ဘယ်တော့မှမရဘူးမှတ်'

'ညည်းမှာကလေးမရှိတော့ဘူးလေ၊ ညည်းဖေးလ်ဘင်တန်နဲ့ ပြဿနာရှုပ်ပြီဆိုကတည်းက ညည်းသားကိုညည်းစွန့်ပစ်လိုက်ပြီလေ'

သူ့စကားလုံးများက အေးစက်မာကျောနေသည်။အသံ့ အတော ကင်းမဲ့နေသည်။

'မေမေရယ် ကျွန်မ တောင်းပန်ပါရစေနော် ကျွန်မ တောင်းပန်ပါရစေ ကျွန်မ မေမေ့ကို ဒူးထောက်တောင်းပန်ပါ့မယ်၊ မေမေ့ပြောသမျှ ကျွန်မလိုက်နာပါ့မယ်၊ ကျွန်မသားလေးကိုတော့ ခေါ်မသွားပါနဲ့ မေမေ ရယ်'

'ကလေးရဲ့ မွေးရာပါအခွင့်အရေးကို ညီးကလုယူ ဖျက်ဆီးပစ်လိုက်တာကိုး'

အက်စ်တဲလ် တစ်စက်ကလေးမျှ ပျော့ပြောင်းမသွားပဲ ရက်ရက်စက်စက် ပြောချ၏။

'ဂုဏ်သိက္ခာရှိတဲ့ နာမည်တစ်လုံး၊ မိသားစု၊ အမွေအနှစ်တွေ လူမှုအဆင့်အတန်း၊ ဒါတွေဟာ ကလေးခံစားရမဲ့ အခွင့်အရေးတွေလေ အေး ညည်းက သူ့ကို မကာကွယ် မစောင့်ရှောက်တဲ့နောက် ငါက ကာကွယ် စောင့်ရှောက်ရမှာပဲ'

ခုတော့ မျက်ရည်တွေ ထိန်းမနိုင် သိမ်းမရတော့။ ဟော်လီ တံခါးဝသို့ လျှောက်သွားသည်။ သူ့အသံမှာ ရှိုက်ငိုမှုများကြောင့် ပြတ်တောင်း ပြတ်တောင်း။





'ကလေးတန် ကျွန်မ ကလေးတန်နဲ့ တိုင်ပင်ဦးမယ် ကြာပွတ်နဲ့ရိုက်လိုက်သလို ထွက်လာသော အက်စ်တဲလ် အသံကြောင့် ဟော်လီ တုန့်ခနဲ ရပ်သွားရပြန်၏။

'သြော် . . . သူ့ကိုပါ စတေးဦးမှာလား၊ ဟုတ်လား ညည်းက ညည်းနဲ့အတူ ဖအေကော သားပါ ဘဝပျက်အောင် လုပ်မလို့ပေါ့လေ၊ ညည်းရဲ့ အောက်တန်းစားဆန်တဲ့ အရှုပ်ဇာတ်ကြီး ဟိုးလေး တကျော် ဖြစ်သွားရင် ကလေးတန့်အနာဂတ် ဘာဖြစ်သွားမယ် ထင်သလဲဟင်'

ဟော်လီ ချာကနဲလှည့်လာသည် အရှိုက်အထိုးခံလိုက်ရသည့်နှယ်။

'ထားပါတော့၊ ညည်းအတွက် သူ့ကိုယ်သူ အနစ်နာခံလိုက်ပြီတဲ့၊ ဒီမယ် ဟော်လီ ညည်းတို့နှစ်ယောက် ပျော်ရွှင်ချမ်းမြေ့မှုတွေ ပြန်ရလိမ့်ဦးမယ်လို့ ညည်း ထင်နေသေးသလား၊ ညည်းဟာ ဖေးလ်ဘင်တန်ရဲ့ ရင်ခွင်ထဲ တိုးဝင်ပြီး ဖေးလ်ဘင်တန် ရမွက်ထန်သမျှကို လိုက်လျောခွင့်ပြုခဲ့တဲ့မိန်းမ အဲတာကိုသိထားတဲ့ ညည်းယောကျ်ားက ညည်းကိုကြည့်ရင် ညည်းဘယ်လိုလုပ်ပြီး သူ့မျက်လုံးတွေကို ရင်ဆိုင်မလဲ ကဲပြောစမ်း'

ဟော်လီ၏ သီးခံနိုင်စွမ်းတွေ ကြုံကြုံ့ခိုင်နိုင်စွမ်းတွေ ဆုံးခန်းတိုင်သွားပြီ၊ ရှည်လျားလွန်းသော ညသည် ရှုပ်ထွေးပွေလိမ်သော အာရုံ ရိပ်များဖြင့် ပြည့်လျှမ်းနေ၏။ ဖေးလ်၊ ရေဒီယို၊ ရန်ပွဲ၊ မိုး အသက်မဲ့နေသော သူ့မျက်နှာမြင်ကွင်း၊ လည်စည်းပဝါ အက်စ်တဲလ် ကလေးတန် . . . . . . . . ။

ကလေးတန်လေး။

'မေမေရယ် . . . . မေမေ ကျွန်မအပေါ် တကယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် လုပ်ရက်သလားဟင်'

သည်တော့ ကြက်သားအုပ်မကြီး အက်စ်တဲလ်အင်ဒါဆင်၏ သား သံယောဇဉ်တွေ ဟုန်းခနဲ ပွင့်ထွက်လာသည်။ တကယ်တော့ သူက မဟာစံအိမ်တော်ကြီး၏ မောက်မာဝင့်ကြွားသောသခင်မ၊ အိမ်ကြီးရှင် မည်သည့်အပြင်လူကမျှ သည်အိမ်ကြီး၏သိန်သရေ ညှိုးနွမ်းမှေးမှိန်အောင် လုပ်နိုင်လိမ့်မည်မဟုတ်။ သည်လိုလုပ်ခွင့် မရအောင်လည်း အက်စ်တဲလ်က စွမ်းစွမ်းတမံကာကွယ် စောင့်ရှောက် နေခဲ့သည်။ ခုတော့ သူသည်ဒေါသကြောင့် ဆတ်ဆတ်ခါနေ၏။

'ငါအခု အစွမ်းကုန် အားထုတ်နေတာ ငါ့သားကိုကယ်ဆယ် ဖို့ နောက်ပြီး ညည်းသားကိုပါ ကယ်ဆယ်ဖို့ သိရဲ့လား။ သူတို့နှစ်ယောက် ရဲ့အကျိုးအတွက် ညည်းကို ငါအသက်ကယ် ကြိုးပစ်ပေးနေတာ၊ အဲဒါ ကို ညည်းအခွင့်အရေးရတုန်း ဖမ်းဆွဲချင် ဆွဲထားပေတော့၊ အချိန်က သိပ်ရှိတော့တာ မဟုတ်ဘူး။ ဒီဓာတ် ရှုပ်ထဲမှာ ရဲတွေဝင်လာပြီ ဆိုမှတော့ ငါလဲ ညည်းကို မကူညီနိုင်ဘူး'

'အို ....

ဟော်လီ ခံနိုင်ရည်မရှိတော့ဘဲ ငိုညည်းလိုက်မိ၏။

'ကျွန်မ ဘာမှမစဉ်းစားနိုင်တော့ဘူး၊ သွားပြီကျွန်မဘဝတော့ ပျက်စီးပါပြီရှင်'

'ငါပြောတာ နားထောင်စမ်း ငါငှားထားတဲ့ စုံထောက်က ငွေပေးပြီး ပြောနိုင်းတဲ့အတိုင်း ထွက်ဆိုလိမ့်မယ်၊ တံခါးစောင့်တို့ အငှားကား မောင်းတဲ့လူတို့ ဖြတ်သွားဖြတ်လာ လူတို့ဆိုတာတွေ အားလုံး ဘယ်တော့မှ ညည်းနဲ့ထိပ်တိုက်မတွေ့စေရဘူး၊ ညည်း ငါပြောတဲ့ အတိုင်းသာ တိတိကျကျ လုပ်မယ်ဆိုရင် ညည်းတရား ဘဝက ထာဝရ လွတ်အောင် ငါစီစဉ်ပေးနိုင်တယ်'





ဟော်လီ အားအင်တွေ ကုန်ခမ်းနေပြီ။ သူ့ကိုထိပ်လန့် ချောက်ချားမှု၊ စိတ်ရှုပ်ညစ်ညူးမှု၊ ဦးနှောက်ခြောက်မှု၊ တိမ်သလ္လာများ ဖုံးအုပ်နေပြီ၊ အက်စ်တဲလ်၏ မျက်နှာကို တိမ်သလ္လာများကြားမှ မှုန်ဝါးဝါးပဲ မြင်ရတော့သည်။

'ကဲ ရှင်ဘာလိုချင်လဲ ပြော'

မကြားရလောက်အောင် တိုးတိမ်သောအသံ။

အက်စ်တဲလ်အင်ဒါဆင် ပြန်ပြောသောအခါ သူ့အသံ အလွန် မတန် အေးချမ်းနေ၏။ သူ့အသံလှိုင်းများတွင် စောစောက လွှမ်းမိုးနေသော စိတ်လှုပ်ရှားခြင်းတွေ မရှိတော့။

'ဟော်လီအင်ဒါဆင် သေဆုံးသွားရမယ်'

အမျိုးသမီးနှစ်ယောက် အလှုပ်အရှားမဲ့စွာ ရပ်နေကြ၏။ တစ်ဦး၏မျက်လုံးကို တစ်ဦးကစိုက်ကြည့်လျက် တစ်ဦး၏နှလုံးသားကို တစ်ဦးက လှေ့လာလျက်။

သူတို့နှစ်ယောက်တည်း မဟုတ်ပါ'

အခန်းထဲတွင် သူတို့နှင့်အတူ ရပ်နေသော သေခြင်းတရား ကလည်း သူတို့ကို စောင့်ကြည့်နေပါသည်။ စောင့်မျှော်နေပါသည်။

သည်သေဆုံးခြင်းက တစ်မျိုး၊ ရဲအဖွဲ့ကပင်လျှင် သေမှု သေခင်း ပုဒ်မတပ်မရနိုင်သည့် သေခြင်းတစ်မျိုး။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ဟော်လီပါကာအင်ဒါဆင်သည် ပေါ့ပေါ့ပါးပါး ခရီးဆောင်အိတ်တစ်လုံးဖြင့် ထုပ်ပိုးနေ၏။ သူလုပ်ရှားပုံက သေဆုံးသွားပြီးသူ တစ်ယောက် ပမာ။ ချစ်စရာမျက်နှာကလေးမှာ ဖြူဖျော့နေ၏။ သွေးရောင်ကင်းမဲ့နေ၏။ ကလေးတန်ကြီး၏ခရီးသွား ဓာတ်ပုံများနှင့် ကလေးတန်လေး၏ ဓာတ်ပုံများ စုဆောင်းထားသည့် မှတ်တမ်းစာအုပ်ပေါ်သို့ ထုံထိုင်းသော သူ့လက်ချောင်းများ ရောက်သွားကာမှ မျက်ရည်တွေတွေ ကျလာပြန်သည်။

တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာချိန်တွင် သူ့မျက်ဝန်းမှာ မျက်ရည်များ ပြည့်လျှံနေဆဲ။ စကားပြောခွက်ကို ကပျာကယာ ကောက်ကိုင်လိုက်၏။ ရင်မှာ ကွဲထွက်လုခမန်း တဒိန်းဒိန်းခုန်လျက်။

ညည်မှုန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းဆက်သူမှာ ကလေတန်၊ မိုင်ပေါင်းများစွာ ကွာဝေးသည့် မြစိမ်းမြိုင်နှင့် ဝါရှင်တန်ဒီစီကို သူ့အသံသြသြက ဆက်သွယ်ထား၏။

'ဟဲလို .. 'ဟော်လီ တိုးတိုးညင်ညင်ကလေး ဖြေ၏။

'ခြော် မောင်လာ။ ဟုတ်တယ်၊ ကျွန်မဆက်တာ၊ ဒီတပတ် ရုံးပိတ်ရက် နှစ်ရက် စလုံး ကျွန်မတို့ အပျော်စီး သင်္ဘောပေါ်မှာ ရှိမယ်ဆိုတာ မောင့်ကိုပြော ချင်လို့၊ ကျွန်မတို့ မနက်ဖြန် နေမထွက်မီ သွားကြဖို့ ဆုံးဖြတ်ထားတာ'

အက်စ်တဲလ်က အရာရာကို ဆုံးဖြတ်စီစဉ်ပြီးသား။ အတိတ် ကိုကော၊ ပစ္စုပ္ပန်ကိုကော၊ ရှောင်လွှဲထွက်ပြေးလို့ မရနိုင်သည့် အနာဂတ် ကိုကော။

'ဟာ ၊ အဲဒီ အစီအစဉ် ကောင်းတာပေါ့မိန်းမရ၊ ဘာလဲ၊ မင်းကိုယ့်ကို လွမ်းနေပြီလား'

ဟော်လီ ကိုယ့်စိတ်ကိုယ် အစွမ်းကုန် ကြိုးစားထိန်းနေရ၏။ သူ့ရင်ထဲမှာတော့ ဖော်ပြခြင်းငှာမစွမ်းသာသည့် ဝေဒနာတွေ။ တကယ်တော့ ခုစကားပြောနေရခြင်းသည် ချစ်လင်၏အသံကို နောက်ဆုံးအကြိမ် ကြားရခြင်းဖြစ်မည် မဟုတ်ပါလား။

'မောင်ရယ် ... ကျွန်မလေ ... မောင်နဲ့သားသားကို ဒီကမ္ဘာ ပေါ်မှာ ရှိရှိသမျှ အရာအားလုံးထက် မြတ်နိုးရပါတယ် အချစ်ရယ်'

'အေး၊ ဒါမှပေါ့ကွ၊ ကိုယ့်အိမ်သူဆီက ကိုယ်ကြားချင်တာလဲ ဒီစကားတွေပါပဲ၊ နေဦး၊ မင်းမဆက်လဲ ကိုယ်ကဆက်တော့ မလို့ကွ၊ မင်းကိုပြောဖို့ အံ့အားသင့်စရာ သတင်းတစ်ခု ကိုယ့်မှာရှိတယ် သိလား'





ဖော်ရွေလိုက်လှဲသော၊ စိတ်ပါဝင်စားတက်ကြွသော လုလင်ဆန်ဆန် မောင့်ပုံပန်းကို ဟော်လီ ပြတ်ပြတ်ထင်ထင် ပုံဖော်ကြည့်လို့ ရပါသည်။

'မင်း တောင့်တနေတဲ့အိမ်ကို ကိုယ်တွေ့ထားပြီကွ၊ နံရံအနီကလေးနဲ့ ဟုတ်တယ်နော်၊ အုတ်နဲ့လုပ်ထားတဲ့ မီးလင်းဖို သုံးလုံး တောင်ပါတယ်၊ အပိုဆုအဖြစ် လှိုဏ်ဂူကဲ့ အခန်းကန့်လေး ပါသေးတယ် ဗျ၊ ဒီညနေပဲ ကိုယ်စရန်သတ်လိုက်တယ်၊ အဲဒါ မင်းကြိုက်ပြီဆိုယင် မင့်အိမ် ဖြစ်ပြီ၊ ဟော့ .. အချစ်၊ မင်း ငိုနေသလားဟင်'

ဟော်လီ မျက်ရည်တွေ ကြိုးစားသိမ်းနေရ၏။

'မောင်ရယ် .. ငိုတာ ပျော်ရွှင်ရာရောက်တယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် မောင်နဲ့အတူ နေရမယ့် သမယကို ကျွန်မ စောင့်ခဲ့ရတာ ကြာတောင့်ကြာရှည် ရှိခဲ့ပြီလေ၊ အိမ်လေးက နိဗ္ဗာန်ဘုံ လေးလို နေမှာပါ၊ အိမ်နီးနားချင်းတွေမှာကော ကလေးသူငယ်တွေ ရှိရဲ့လားဟင်'

ကလေတန်၏ သရုပ်ဖော်ချက်ကို ဟော်လီ ရယ်မောရသည်။ မောင်က စကားလုံးများဖြင့် ပုံဖော်ရာမှာ အင်မတန်တော်တဲ့လူ။

'အို .. မောင်ရယ်၊ တကယ်လို့ တစ်စုံတစ်ခုများ ဖြစ်ခဲ့ရင် ကျွန်မကို လူရိုင်းတွေက ဖမ်းသွားလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် တောဆင်ရိုင်းတွေ နင်းသတ်လို့ပဲဖြစ်ဖြစ် .. တစ်စုံတစ်ခုဖြစ်လို့ ကျွန်မများ ဝါရှင်တန်ကို မရောက်ဖြစ်ခဲ့ယင် သားသားကို ခေါ်ပြီး အဲဒီအိမ်ကလေးမှာ နေဖြစ်အောင်နေပါနော်၊ အဲဒီချစ်စရာလမ်းကလေးထဲမှာ သားသားကို တခြားကလေးတွေနဲ့ ကစားရင်း ကြီးပြင်းပါစေနော်'

ဘယ်သောအခါမျှ သူမြင်ရတော့မည်မဟုတ်သည့် အိမ်နီကလေးအတွက် ရှိုက်ကြီးတငင်မငိုမိအောင် မနည်းကြိုးစားနေ၏ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထားရသည်။

'ဩော် ... အင်း၊ ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ အစစ်ပေါ့၊ ပျော်လွန်းလို့ အရူးတစ်ပိုင်းဖြစ်နေတာ၊ ကျွန်မတို့ရဲ့ကိုယ်ပိုင်အိမ်ကလေးနဲ့မောင်ရယ် ၊ကျွန်မရယ်၊ သားသားရယ်လေ၊ အို ... ၊ ကျွန်မလေ ချမ်းသာတဲ့ မိန်းမတစ်ယောက်ဖြစ်ပါပြီ မောင်ရယ်'

မောင့်ရယ်သံက ဝိုင်ယာကြိုးမှတစ်ဆင့် သူ့ဆီကူးစက်လာသည်။

'မင်း ဆင်ရိုင်းတွေ ရှိမယ့်လမ်းကို မသွားနဲ့နော်၊ ဝါရှင်တန်မှာ မင်းကိုလွမ်းပြီး သိပ်ကို အထီးကျန်ဆန်စွာနဲ့ စောင့်မျှော်နေတဲ့ ချစ်လင် တစ်ယောက်လုံး ရှိနေသေးတယ်လေကွာ'

'အို မောင်ရယ်၊ ကျွန်မမှာလေ .. မောင်နဲ့ထိုက်တန်တဲ့ ဉာဏ်အမြော်အမြင်မျိုးကော၊ တော်တဲ့ကောင်းတဲ့ အရည်အသွေးပါ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး၊ ဒါပေမယ့် ကျွန်မလေ .. မောင့်ကိုလောက် တခြားဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး၊ သိလား၊ နောင်လဲ ဘယ်တော့မှ ချစ်မိမှာ မဟုတ်တော့ပါဘူး'

မျက်ရည်များ ပြည့်လျှံနေသည့် သူ့မျက်လုံးများ တံခါးဝဆီရောက်သွားသည်။ အက်စ်တဲလ်အင်ဒါဆင် ရပ်နေသည်။ ရှည်လျားသော၊ အလှုပ်အရှားမဲ့သော အရိပ်တစ်ရိပ်။

'ဩော် .. ဒီမှာ မောင့်မေမေ မောင်ရေ၊ အိမ်နီကလေး အကြောင်း ပြောပြလိုက်ပါဦး'

ကလေတန့် မေမေဘက်သို့ စကားပြောခွက်ကို မမြင်မကန်း လှမ်းပေး၏။ ရင်ထဲမှ ပရိဒေဝမီးကို ဖုံးကွယ်ရန် တစ်ဖက်သို့ လှည့်လိုက်ရ၏။ အက်စ်တဲလ် အားနှင့်မာန်နှင့် အခန်းထဲလှမ်းဝင်လာသည်။ စကား ပြောခွက်ကို သက်တောင့်သက်သာ လှမ်းယူသည်။





'ဟဲလို သားရေ .. သိပ်နေကောင်းတာပေါ့၊ ကျေးဇူးပဲ၊ ကဲ မေမေတို့ သိပ်အကြာကြီး ပြောနေလို့မဖြစ်ဘူးကွယ့်၊ ကက်ပတိန်မက်ကောလေးက မျှော်နေရော့မယ်၊ မေမေတို့ပြန်ရောက်မှပဲ အေးအေး ဆေးဆေး ပြောပြတော့နော် သား'

အက်စ်တဲလ် တစ်ခဏမျှ ဆက်နားထောင်နေ၏။

'အင်း အင်း၊ အိမ်ကလေး ရပြီဆိုတော့ ကောင်းတာပေါ့ကွယ်၊ အင်းပါ၊ ဟော်လီမရှိလဲ မေမေတစ်ယောက်တည်း ထိန်းနိုင်မှာပါ'

သူက စကားပြောခွက်ကို ဟော်လီ့ နားခေါင်းအောက် ပြန်ထိုးပေးလိုက်၏။

'ချိုတူးရေ .. 'ကလေတန့်အသံက ယုယုယယ ကြင်ကြင်နာနာ။ 'နောက်တစ်ပတ် ဒီအချိန်ဆို မင်းဒီကို ရောက်နေပြီနော်၊ အဲဒီ အခါကျ ကိုယ်တို့ ခွဲခွာခဲ့ရတဲ့ အချိန်အားလုံး ကိုယ်တို့နောက်မှာ ကျန်ခဲ့မှာပါ'

'ဟုတ်ကဲ့၊ ခွဲခွာခဲ့ရတဲ့ အချိန်အားလုံး ကျွန်မတို့နောက်မှာ ကျန်ခဲ့မှာပါ မောင်'

'ကဲ၊ နှုတ်ဆက်လိုက်ပါတယ် အချစ်ရယ်'

'နှုတ်ဆက်ခဲ့ပါတယ် ကျွန်မချစ်ရတဲ့ မောင်ရယ်'

စကားပြောခွက်ကို ဖြည်းလေးစွာ ပြန်ချ၏။ အက်စ်တဲလ်က သူ့အား တိတ်ဆိတ်စွာ စောင့်ကြည့်နေ၏။ မျက်နှာပေါ်တွင် ခံစားချက်ကင်းမဲ့စွာ။ ဟော်လီ မွေ့ရာဆီသို့ သွားသည်။ ခရီးဆောင်အိတ်ကို ဖျောက်ခနဲပိတ်သည်။ ပြီးတော့ အပြာနုရောင်ကုတ်အင်္ကျီကို လက်မောင်းပေါ် လွှားတင်သည်။

ခရီးဆောင်အိတ်ကို ကောက်ကိုင်၏။ တစ်ချက်ကလေးမျှ လှည့်မကြည့်တော့ဘဲ သူတို့နှစ်ယောက်၏အိမ်ခန်းထဲမှ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်အိပ်ခန်းကို ထာဝရကျောခိုင်းလိုက်ရခြင်း။ သို့သော် မြစိမ်းမြိုင်၏ ကျောက် သားလေ့ကားထစ်များအတိုင်း ဆင်းလာသည့် တစ်လျှောက်လုံး ကလေးတန်၏ ယုယပိုက်ဖြားသော အသံက အရိပ်ပမာ ကပ်ပါလာသည်။

နှုတ်ဆက်ခဲ့ပါတယ် အချစ်ရယ် .. နှုတ်ဆက်ခဲ့ပါတယ်။

သူ့နားထဲမှာ ကြားနေရသည့် တစ်မျိုးတည်းသော အသံကား သူ့နောက်မှကပ်လျက် လိုက်လာသည့် အက်စ်တဲလ်အင်ဒါဆင်၏ ဖိနပ်ခွာသံ တဒေါက်ဒေါက်မျှသာ။

× × ×

## အခန်း ( ၁၂ )

ခေတ်မီ အပျော်စီး သင်္ဘောကလေးသည် နက်မှောင်သော ရေပြင်ပေါ်တွင် ငြိမ့်ငြိမ့်ကလေး ယိမ်းထိုးလူးလွန့်နေသည်။ စက်သံများ တိတ်ဆိတ်လျက်။ ကျရောက်သောနာရီကို ညွှန်းဆိုသည့် သင်္ဘော ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ‘ ခြောက်ည့်နက်နေပါပြီကော။ တော်တော့်ကို ညဉ့်နက်နေပြီ၊ ဟော်လီ အင်ဒါဆင် ထင်ထားသည့်ထက်ကို ညဉ့်နက်နေပါပြီကော။

အပေါ်ဘက် ကုန်းပတ်ဆီမှအသံတွေ သဲ့သဲ့ကြားနေရသည်။ သင်္ဘောသားတွေ ညတွင်းခြင်း ခရီးစဖို့ အပြေးအလွှား ပြင်ဆင်နေသည့် အသံဗလံများ။

သင်္ဘောညေ့ခန်းကျယ်ကြီးထဲတွင် ဟော်လီနှင့်အက်စ်တဲလ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် ထိုင်နေ၏။ သူတို့နှစ်ယောက်ကြားတွင် မှန်ချပ်ကြီး ခင်းထားသည့် တောက်တောက်ပြောင်ပြောင် စားပွဲကြီး ခြားလျက်။ တကယ်တော့ မတူခြားနားခြင်း ပင်လယ်ပြင်ကြီးသည် ဇာဘ်လမ်းစ ကတည်းက သူတို့နှစ်ယောက်ကို ခွဲခြားထားသည် မဟုတ်လား။ ထိုသို့ မတူခြားနားခြင်းကို အက်စ်တဲလ်၏ စွက်ဖက်တတ်သော၊ ဩဇာပေးတတ်သော ကိုယ်ဟန်မူရာများက ပိုပြီးပေါ်လွင်နေစေ၏။

ကလေတန့်အမေက သားရေသေတ္တာပါးကလေးထဲမှ ထုတ် ယူလာသည့် စာရွက်စာတမ်းများကို ဖတ်ပြနေ၏။ သူဖတ်နေ^ံက ခပ်ဆတ်ဆတ်နှင့် ဒိုးဒိုးဒေါက်ဒေါက်။ ဖတ်ပြရင်း လိုအပ်သည်များကို ရှင်းပြသည်။ ဟောလီ မလှုပ်မချောက် ထိုင်နေသည်။ သူ့မျက်နှာ ဖြူရော်နေသည်။ ငြိမ်သက်နေသည်။ လူသေတစ်ဦး၏ မျက်နှာလို။ ခုဟာက ကိုယ့်ကိုမြေမြှုပ်သင်္ဂြိုလ်ဖို့ အသုဘအခမ်းအနား ပြင်ဆင်ချိန် မဟုတ်လား။ သည်အချိန်မျိုးတွင် အသုဘအချခံရမည့် လူတစ်ယောက် အနေဖြင့် ဘယ်လိုများ ပြုမူနေထိုင်ရဦးမလဲ။

'ညည်းနိုင်ငံကူးလက်မှတ်ပေါ်က နာမည်က အဲလ်ဇဘက်မီလာ၊ ဆွစ်ဇာလန်နိုင်ငံသူ၊ ဖွေးဖွားရာတိုင်းပြည် အမေရိကန်ပြည်ထောင်စု စာရွက်စာတမ်းအားလုံးပေါ်မှာ အိမ်ထောင်သည်အဖြစ် စာရင်းသွင်းထားတာ တွေ့ရလိမ့်မယ်၊ အဲဒါဆို ညည်းအတွက် ပြဿနာနည်းလိမ့်မယ်လို့ ငါထင်တယ်'

'ဟုတ်လား၊ ရှင် ဒီလိုပဲထင်တယ်ပေါ့လေ'

အဘွားကြီး၏အကြောင်နာစွက်သံကိုဟော်လီမသရော်ဘဲ မနေနိုင်တော့။





'ဟောဒီမှာမွေးစာရင်းနဲ့ညည်းဆွစ်ဇာလန်ရောက်တဲ့အထိ သွားနိုင်အောင် လုံလောက်တဲ့ငွေတွေ'

ဟော်လီ့ရှေ့တွင် တစ်မျိုးချင်းချပေးသည်။ စာရွက်စာတမ်းများမှာ အထပ်လိုက်၊ အထူကြီး။ နောက်ပြီး နီညိုရောင်ဘဏ်စာရင်းစာအုပ် ကလေးကို ကောက်ကိုင်သည်။

'ဂျိနီဗာမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာဘဏ်မှာ အဲလ်ဇဘက်မီလာအမည်နဲ့ ဘဏ်စာရင်းတစ်ခု ဖွင့်ထားတယ်၊ ညည်းကမ်းပေါ်ရောက်တာနဲ့ အဲဒီဘဏ်ကိုသွား သူတို့မှတ်တမ်းမှာ နမူနာလက်မှတ် ထိုးပေးခဲ့၊ နှစ်စဉ်နှစ်စဉ် ဇန်နဝါရီလရောက်တိုင်း အဲဒီမှာ အပ်ထားတဲ့ ငွေပမာဏအတိုင်း ထပ်တည့်ပြီးသား ဖြစ်နေလိမ့်မယ်၊ တကယ်လို့ ငါသေသွားခဲ့ရင် ညည်းအသက်ရှင်နေသရွေ့ ကာလပတ်လုံး အဲဒီ ငွေပမာဏအတိုင်း နှစ်စဉ်ထည့်ပေးဖို့ ငါ့အကျိုးဆောင်တွေကို ညွှန်ကြား ပြီးသား'

အက်စ်တဲလ် စကားရပ်လိုက်၏၊ ဘာတစ်ခွန်းမျှ ဝင်မပြော၊ ဝင်မမေးသည့် ဟော်လီကိုကြည့်သည်။ အဘွားကြီး စိတ်တိုသွားသည်။

'ဘာမေးစရာ ရှိသေးလဲ၊ ညည်းကို ဘဝရဲ့လိုအပ်ချက်တွေ ပြည့်ပြည့်စုံစုံနဲ့ ကောင်းကောင်း ထောက်ပံ့ထားမှာပါ'

ဟော်လီ့ အပြုံးက မဲ့ပြုံး။

'ဘဝရဲ့ လိုအပ်ချက်တွေဆိုတာကို ရှင်ဘယ်လို စဉ်းစားသလဲ ဟင်'

ဟော်လီ သူ့ကုလားထိုင်မှ ထသည်။ အက်စ်တဲလ်ချပေးထားသည့် သူ့ရှေ့ရှိ စာရွက်စာတမ်း အတုံ့ပုံကြီးကို ဂရုမစိုက်။ သဘောဧည့်ခန်းထဲမှ လျှောက်ထွက်သွားသည်။ အက်စ်တဲလ်က သူ့အား ဒေါသတကြီး လိုက်ကြည့်နေသည်။ သို့ပေမယ့် လိုက်သွားဖို့



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားခြင်းမပြု။ သူ့ခုထက်နည်းနည်းလေးတော့ စိတ်ရှည်ရမှာပေါ့။ နည်းနည်း လေးစောင့်လိုက်လျှင် ပြီးပါပြီ။

ပွဲတစ်ပွဲမှာ ကိုယ်ကအနိုင်ရနေပြီမှတော့ ရှုံးနိမ့်သူကို သည့်ထက် ပိုပြီးအရှက်တကွဲဖြစ်အောင် မလုပ်မိဖို့ နားလည်ရမည်လေ။

×

သဘော်အိပ်စင်ခန်းထဲ ဟော်လီဝင်သွားချိန်တွင် ကလေးတန်လေး စက်ကာပ်အရုပ်ကလေးတစ်ရုပ်ဖြင့် ကစားနေသည်။ သူ့ကိုမြင်တော့ ချာတိတ်ကပြုံးပြသည်။ ဟော်လီ့ရင်ထဲမှ ကြင်နာမှုအပြည့်ဖြင့် အသက်ဝင်လှုပ်ရှားလာသည်။ ရင်နာမှုအပြည့်ဖြင့် အသက်ဝင်လှုပ်ရှားလာသည်။ သူက သားငယ်နံဘေးတွင် ဒူးထောက်လိုက်၏။ သားငယ်၏ဆံပင်များကို ဖွကစားသည်။

'အိပ်ချိန်တန်ပြီ သားသား'

'နက်ဖြန်ကျ သားသား၊ ငါးတစ်ကောင်ဖမ်းမလို့'

'ဘယ်လို ငါးမျိုးလဲ သားသားရယ်'

ချာတိတ်က အိပ်စင်ပေါ်တက်သည်။ ခြုံစောင်အောက်သို့ တာဝန်သိစွာ တိုးဝင်သည်။

'ဧရာမငါးကြီးမေမေရဲ့ ကက်ပတိန်မက်ကောလေးက ကျွန်တော့်ကို ကူဖမ်းပေးမယ်တဲ့'

'သားသား ဘုရားဝတ်မပြုတော့ဘူးလား'

ဟော်လီသတိပေး၏။ သားငယ်ကချက်ချင်းပင် အိပ်ရာထဲမှ တိုးထွက်သည်။ ချောမွတ်သော အခန်းကြမ်းပြင်ပေါ်တွင် ဒူးထောက်သည်။ လက်နှစ်ဖက်ဆုပ်ကိုင်ပြီး အိပ်စင်စွန်းတွင် တင်ထားသည်။

ပခုံးအခါ သားတော်အိပ်စက်ခြင်းအမှုကို ပြုပါပြီ၊ သားတော်ရဲ့ ဝိညာဉ်အား ဘဘဘုရားသခင် ထိန်းသိမ်းစောင့်ရှောက်ပါရန်





သားတော် ဆုတောင်းသမှုပြုပါသည်။ အာမင်'

ကလေးတန်လေး ဒူးထောက်ရာမှ ထတိုဟန်ပြင်၏။ ဟော်လီက သားငယ်၏ပခုံးပေါ် ဖွဖွကလေး လက်တင်ကာ တား၏။

'သားတော် အိပ်ရာမှမနိုးခင် သေလွန်ရသည်ရှိသော် ...'

ဟော်လီ ရွရွကလေး ဆိုပြ၏။

'အို ...'

ကောင်လေး မျက်နှာကို ခပ်ရှုံ့ရှုံ့လုပ်၏။ ပြီးမှ

'သားတော်အိပ်ရာမှ မနိုးမီ သေလွန်ရသည်ရှိသော်၊ သားတော်ရဲ့ ဝိညာဉ်အား အဘဘုရားသခင်ခေါ်ယူတော်မူပါရန် သားတော် ဆုတောင်းသမှု ပြုပါသည်၊ အာမင်'

အိပ်ရာပေါ်ပြန်တက်၏။ ဟော်လီက အခန်းမီးများကို ငြိမ်းလိုက်၏။ အိပ်စင်ထိပ်မှ ညဥ့်အိပ်မီးလုံးကလေးကို ဖွင့်သည်။

'မေမေ ဒီအခန်းထဲမှာ နေမှာလားဟင်'

ကလေးတန်လေး မျှော်လင့်တကြီး မေး၏။

'ခဏတော့ နေမှာပေါ့'

'မေမေ ... သေလွန်တယ်ဆိုတာ ဘာလဲဟင်'

'သေလွန်တယ်ဆိုတာအဝေးကို ထွက်ခွာသွားတာပေါ့ကွယ်'

ဟော်လီ တိုးတိုးသက်သာပြောတော့ ချာတိတ် မျက်မှောင်ကြုတ်ကာ

'ဘယ်ကို ထွက်ခွာသွားတာလဲ မေမေ'

'နောက်ဘဝ တစ်ခုကိုပေါ့'

ညပေါင်း များစွာများစွာထဲတွင် သည်ညမှာမှ သည်ကလေး၏ စိတ်က သည်ပြဿနာကို လာပြီးစိတ်ဝင်စားသည်မှာ အံ့သြစရာ ကောင်းလေစွ။



www.burmeseclassic.com

www.burmeseclassic.com



'မေမေကော အဲဒီမှာရှိမှာလားဟင်'

ကောင်လေး ရှက်စနိုးဟန်ဖြင့် မေး၏

'တစ်နေ့ကျယင်တော့ ရှိမှာပေါ့ကွယ်'

သူ့မေမေစကားကြောင့် ကောင်လေးစိတ်ညစ်သွားသည်။

'မေမေ အဲဒီမှာ ရှိမနေဘဲနဲ့တော့ သားသားအိပ်ရာက မနိုးခင် မသေချင်ပါဘူးမေမေ'

'သားသာမသေပါဘူးကွယ်၊ သားသားဆုတောင်းတဲ့ အဓိပ္ပာယ်က အို–အဘဘုရားသခင်၊ သားတော်ကို နံနက်မိုးလင်းသည့်တိုင် စောင့်ရှောက်တော်မူပါတဲ့'

'သားသားက ခုပဲနက်ဖြန်ဖြစ်စေချင်တာ' ကလေးတန်လေး မအီမသာပြော၏။ 'ဒီညကို သားသားမကြိုက်ဘူး' သူ့ကိုယ်ခန္ဓာကလေး တုန်ယင်လာ၏။ ပါးစပ်က တလှုပ်လှုပ်တရွရွဖြင့်သားသား ကြောက်တယ်'

ဟော်လီက သားငယ်ကို ရင်ခွင်ထဲဆွဲသွင်းသည်။ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားသည်။ ချာတိတ်၏ ကိုယ်ခန္ဓာကလေး တဆတ် ဆတ်တုန်နေ၏။

'အို သားရယ် .. မကြောက်နဲ့လေ၊ မကြောက်ပါနဲ့'

ခုတော့ သားငယ် ငိုကြွေးနေပြီ။

'သားသား မေမေ့ကို လွမ်းတယ်မေမေရဲ့'

ဒါပေမယ့် မေမေဒီမှာရှိနေတယ်လေကွယ်'

ဟော်လီ ညင်သာစွာကျိုးကြောင်းပြသည်။

'မေမေ့ကို သားသားလွမ်းတယ်၊ မေမေ့ကိုသားသားလွမ်းတယ်'

ကလေးတန်လေး ရှိုက်ကာရှိုက်ကာမြည်းတမ်း၏။

ဟော်လီက သားငယ်ကို အနီးဆုံးကုလားထိုင်ဆီသို့ ပွေ့ချီ





သွားသည်။ ရင်ခွင်တွင် ပွေ့ပိုက်လှုပ်ယမ်းရင်း ချော့မော့သည်။ အားပေးသည်။ ဩော် .. ကလေးတန်ကြီးနှင့် ကလေးတန်လေး .. ။ သူတို့နှစ်ယောက်ကို ကျောခိုင်းစွန့်ခွာရတော့မည်။ သူတို့ နှစ်ယောက်ကို ဘယ်သောအခါမှ ပြန်လည်မြင်တွေ့ရမည် မဟုတ်တော့။ နှလုံးသားထဲသို့ စူးဖောက်ဝင်ရောက်လာသည့် သောကပရိဒေဝများက မခံမရပ်နိုင်အောင် နာကျင်လွန်းလှေစွ။

'မေမေဒီမှာရှိတယ်လေ သားသား၊ မေမေသားသားနဲ့အတူနေမှာပေါ့သားရယ်'

'သားသား အိပ်ရာကနိုးတဲ့အထိ နေမှာလားဟင်'

ချာတိတ်က မျက်ရည်လည်ရွဲဖြင့် ဗလုံးဗထွေးမေးသည်။

'သားသား အိပ်ပျော်တဲ့အထိ နေပါ့မယ်ကွယ်'

တယုတယပြန်ဖြေသည်။ သားငယ်ကိုချစ်သည့်မေတ္တာများက သူ့နှလုံးသားတွင် ဗိတ်လှိုုလျက်။

မှောင်တစ်ဝက် အခန်းထဲတွင် သားငယ်ကို ပွေ့လျက် လှုပ်ယမ်းပေး၏။ ကလေးတန်ကလေး မငြီးစတမ်း ကြိုက်နှစ်သက်သည့် သားချော့တေးကို ဆိုညည်းပေး၏။ သားငယ် ဖြည်းဖြည်းခြင်းငြိမ်သွားသည်။ ခဏနေတော့ အိပ်ပျော်သွားသည်။ ဟော်လီက သားတော်မောင်ကို အိပ်ရာပေါ် ချပေးသည်။ စောင်ကို မေးစေ့ထိရောက်အောင် တယုတယဆွဲခြုံပေးသည်။ ပြီးတော့ သားလေး အပေါ်ခါးကိုင်းသည်။ သားလေး၏ နှုတ်ခမ်းကို ဖွဖွကလေးနမ်းသည်။ သူ့မျက်နှာမှာတော့ မျက်ရည်များဖြင့် ရွဲနစ်လျက်။

အခန်းထဲမှ ထွက်လာသောအခါတွင်မူ ဟော်လီပါကာခင်ဒါဆင်သည် သေဆုံးသွားသည့် မိန်းမတစ်ယောက် ဖြစ်နေပြီ။

×



www.burmeseclassic.com

www.burmeseclassic.com



ညသည့် မည်းမှောင်နေ၏။ ပင်လယ်ရေပြင်က လျှင်မြန်စွာ စီးဆင်းနေသည်။ လှိုင်းတွန့်ကလေးများ မြူးကြွနေသည်။ မှောင်ရိပ်ကျနေသော သင်္ဘောလှေကားထိပ်တွင် ဟော်လီနှင့်အက်စ်တဲလ်တို့ တိတ်ဆိတ်စွာ ရပ်နေ၏။ သူတို့သင်္ဘောဆီသို့ လှော်ခတ်လာနေသည့် လှေကလေးကို စောင့်နေကြခြင်း။

ဖြတ်မောင်းသွားသည့် ရေယာဉ်တစ်စင်းအား ကျောက်ချရပ်နားထားသည့် ရေယာဉ်တစ်စင်းက အချက်ပေးသည့် ခေါင်းလောင်းသံသည် ဟိုး ခပ်လှမ်းလှမ်းဆီမှ လွင့်ပျံလာ၏။

လှေဦးသည် သင်္ဘောနံဘေးကို အသာအယာ လာထိသည်။ ဟော်လီနှင့်အက်စ်တဲလ်တို့ တစ်ဦးနှင့်တစ်ဦး စကားတခွန်းမှ မပြောကြ။ တစ်ချက်ကလေးမျှ လှည့်မကြည့်ကြ။ ဟော်လီ သင်္ဘောလှေကားမှ ဆင်းလာသည်။ စက်လှေရုပ်တစ်ခုပမာ။ လှေကလေးပေါ်မှ ပင်လယ်ပျော်တစ်ဦးက ဟော်လီဆင်းလို့ရအောင် ကူညီဖေးမသည်။ အက်စ်တဲလ်က အခြားပင်လယ်ပျော်တစ်ဦးအား ဟော်လီ့အထုပ်အပိုးများကို ပေးသည်။ လှုပ်ရှားမှုအားလုံးကို လုံးဝဥဿုံတိတ်ဆိတ်ခြင်းအပြည့်ဖြင့် ဆောင်ရွက်သွားကြသည်။ အကယ်၍ သင်္ဘောပေါ်မှ သင်္ဘောသား တစ်ဦးတလေ နိုးသွားပါလျှင် အက်စ်တဲလ်၏ အစီအစဉ်အားလုံး သဲထဲရေသွန် ဖြစ်သွားပေမည်။

နောက်ဆုံး လှေပေါ်မှ ပင်လယ်ပျော်ကြီးက သူ့ကက်ဦးထုပ်ကို လက်ဖြင့်တို့ပြီး ဂါရဝပြု၏။ ထို့နောက် လှေကလေးခွာသွားသည်။ လှိုင်းကြက်ခွပ်များကို တိုးဝှေ့ရင်း ညဉ့်အမှောင်ထဲ လျှောဝင်သွားသည်။ ဟော်လီအား သယ်ဆောင်သွားသည့် လှေကလေး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်ထိ အက်စ်တဲလ်က သင်္ဘောလက်ရန်းဘေးတွင် ရပ်နေသည်။





ဟော်လီအတွက်တော့ သည်ညသည် ရင်မောနာကြည်းဖွယ် အတိ။ ထိတ်လန့်ချောက်ချားစရာအပြည့်။ နောက်ပြီး အဓိပ္ပာယ်ဆိုလို့ လုံးဝမရှိ။

ကမ်းရိုးတန်း ရေပြင်တွင် ကျောက်ချထားသည့် ကုန်တင်သင်္ဘောကြီးတစ်စင်းကို ဘွားကနဲ တွေ့လိုက်ရသည့်တိုင် ဟော်လီ့စိတ်တွေ ထုံထိုင်း လွင့်ပါးနေခြင်းကို ပြန်လည်စုစည်းလို့ မရတော့။

ဟန်ဆောင်မျက်နှာဖုံးဖြင့် လှည့်လည်ပွဲကြီးကား စတင်ပါပြီ။

မြစိမ်းမြိုင် ကျင်လည်ရသည့်ဘဝကတော့ အဆုံးသတ်သွားပြီ။

သို့သော် ဘယ်သောအခါမျှ အစားထိုးလို့ မရနိုင်သည့် သူ့နှလုံးသား၏ အစိတ်အပိုင်း တစ်ခုက သင်္ဘောပေါ်တွင် ကျန်ရစ်ခဲ့ပြီ။ ထိုသင်္ဘောပေါ်ရှိ အိပ်စင်အခန်းထဲတွင် သူ့ရင်သွေးငယ် လူမမည်ကလေး အိပ်မောကျ ကျန်နေခဲ့သည် မဟုတ်လား။

×

အက်စ်တဲလ်က သူ့လက်ကောက်ဝတ် နုနု သွက်သွယ်ကလေးတွင် ပတ်ထားသည့် လက်ပတ်နာရီကို ကြည့်၏။ ခုလောက်ဆို အချိန်တန်ပြီ။ သူနှင့်မလှမ်းမကမ်းတွင် တာပေါ်လင်စများ အုပ်ထားသည့် အသက်ကယ်လှေများ ရှိရာသို့ ခပ်သုတ်သုတ်သွားသည်။ တာပေါ်လင်စ တစ်စကို လှန်သည်။ အထဲမှ သံကြွပ်ဖြင့် သွန်းလုထားသော မိန်းမရုပ်တစ် ရုပ်ကိုယူပြီး လက်ရန်းပေါ်မှ တစ်ဆင့် ရေထဲတွန်းချလိုက်သည်။ အောက် ခြေရေပြင်ဆီမှ ဗွမ်းခနဲအသံကြားရသည်နှင့် သူ့လှုပ်ရှားမှုများကို စတင်တော့၏။

သူက သံကုန်ဟစ်ပြီး အော်သည်။ တစ်ချီတစ်ချီတွင် ထိတ်လန့်တုန်လှုပ်စွာ ငိုညည်းသည်။ ရှိုက်၍ရှိုက်၍ငိုသည်။ သင်္ဘောကုန်းပတ် ပေါ်သို့ မာလိန်မှူး မက်ကောလင်းနှင့်အခြား အမှုထမ်း



www.burmeseclassic.com

www.burmeseclassic.com



များ အိပ်ချင် မူးတူးပြေးတက်လာသည်အထိ ဆက်ပြီး အော်နေသည်။ ဆလိုက်မီးကြီး ဝင်းခနဲ လင်းလက်သည်။ မီးမောင်းကြီးက တုန်လှုပ်ချောက်ချားနေသည့် အက်စ်တဲလ် မျက်နှာပေါ်သို့ ကျရောက်လာသည်။ အက်စ်တဲလ် တစ်ယောက်ခုလို ပုံပျက်ပန်းပျက် ဖြစ်နေသည်ကို ဘယ်သူမျှမမြင်ဖူးခဲ့။ သူ့ကိုကြည့်ရသည်မှာ လူရိုင်းမတစ်ဦးနှင့် တူနေ၏။

'သူ ရေထဲကျသွားလို့'

အက်စ်တဲလ် သွေးရူးသွေးတန်း အော်ပြော၏။

'သူက လက်ရန်းပေါ်မှာ ငါ့သူ့ဆီပြေးသွားတော့ ငါမရောက်ခင် သူ .. သူ'

အဘွားကြီး မျက်တောင်တွေ တဖျတ်ဖျတ်ခတ်ရင်း မိုတ်သွား၏။ နောက်သို့ယိမ်းယိုင်သွား၏။ လဲပြိုကျတော့မလိုဖြစ်နေ၏။ သင်္ဘောလက်ရန်းတွေ ကာဆီးထားသဖြင့်သာ မူးမေ့လဲကျမသွားခြင်း ဖြစ်၏။

ချက်ချင်းလိုပင် သင်္ဘောသားနှစ်ယောက်က သင်္ဘောလက်ရန်းများကိုကျော်ပြီး အေးစက်သော ပင်လယ်ပြင်ထဲ ဒိုင်ဗင်ထိုးဆင်းသွားကြသည်။ မာလိန်မှူး မက်ကောလင်းက ပြတ်သားတိုတောင်းသော ညွှန်ကြားချက်များ ပေးသည်။

'ဟန်စန်၊ ဂျူး အသက်ကယ်လှေချ၊ ကုတ်တံလေ ... အသက်ကယ်ပစ္စည်းတွေ ပစ်ချစမ်း'

သူကိုယ်တိုင်ကမူ သင်္ဘောကုန်းပတ်ရှေ့ဘက်သို့ပြေးသွားပြီး ဆလိုက်မီးကို ကိုင်သည်။ နက်မှောင်သော ရေပြင်ပေါ်သို့ အလင်းတန်းကြီးထိုးကာ လာသည်။ သင်္ဘောသားနှစ်ဦး၏ခေါင်းများကို လှိုင်းတွေကြားတွင် တွေ့ရသည်။ သူတို့ရှာနေသူကိုကား မတွေ့ရ။ ပင်လယ်ပျော်





များနှင့်အတူ အသက်ကယ်လှေတစ်စင်း ရေပြင်ပေါ်ရောက်နေပြီ။ အသက်ကယ် ပစ္စည်းများက ရေပေါ်တွင် ပေါ်လောပေါ်နေ၏။ သင်္ဘောလက်ရန်းတွင် ရပ်နေသော အက်စ်တဲလ်က တငိုငို တရီရီ။ သူ့ချွေးမကို တွေ့အောင်ရှာကြဖို့ လောဆော်နေ၏။ အဘွားကြီးအား ကရုဏာသက်စွာ ညာလက်ဖြင့် ဖေးမထား၏။

'ရှာလို့တွေ့မှာပါ မစ္စစ်အင်ဒါဆင်'

'ဘုရားသိကြားမလို့ ရှာတွေ့ပါစေကွယ်'

အက်စ်တဲလ် ဘုရားတရင်း ပြော၏။

တကယ်တော့ သူတို့ ရှာမတွေ့ပါ။

ဟော်လီ အင်ဒါဆင်ကား သေဆုံးသွားလေပြီ။

အဲလ်ဖဘက်မီလာသာ အသက်ရှင်လျက် ရှိနေပါသည်။

ပဉ္စမမြောက် ကလေတန်အင်ဒါဆင်နှင့် အိမ်ထောင်ကျခဲ့သည့် အမျိုးသမီးကတော့ ရင်နင့်ကြေကွဲဖွယ် ပုံပြင်ဆန်ဆန် ပျောက်ကွယ် ဇာတ်သိမ်းသွားပြီး ဖြစ်၏။

အဆိုပါ ရင်နာစရာ အဖြစ်ကို အမေရိကန်၏ ထိပ်တန်း သတင်းစာကြီးများက အသားပေး ဖော်ပြကြ၏။ ထိုနေ့ထုတ် သတင်းစာများတွင် ကမ္ဘာ့သတင်းများကိုပင် သဘောလောက်သာ ထည့်ကြ၏။ နောင်ရေး အလားအလာ အလွန်ကောင်းသည့် သံတမန် ကလေတန်နှင့်အတူ ဝမ်းနည်းကြေကွဲကြ၏။ မျှဝေခံစားကြ၏။ ယခု ပျောက်ကွယ်ဆုံးရှုံးလိုက်ရသည့် မိန်းမချောကလေးမှာ သူ့ဇနီးသည်နှင့် သူ့တစ်ဦးတည်း သားငယ်၏မိခင် မဟုတ်လား။

သတင်းစာတွေထဲတွင် ဖော်ပြသည့် ခေါင်းစီး စာလုံးကြီးများမှာ နှစ်လက်မအမြင့်ရှိ၏။

အောင်မြင်ကျော်ကြားသော သံတမန်၏ဇနီး ပင်လယ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



တွင်ပျောက်ဆုံး။

ဟောလီအင်ဒါဆင် ပြုံးနေသည့် ဓာတ်ပုံကြီးကို နှစ်ကော်လံ ခွပြီး ဖော်ပြထားသည်။ ဟော်လီကား ကျက်သရေ ရှိလှသော လှပချောမောသော အမျိုးသမီးတစ်ဦး။ သူ့ဓာတ်ပုံသည် ပြစ်မျိုးမဲ့မထင် ဆိုသည့် အဖွဲ့အနွဲ့ကို ကိုယ်စားပြုနေ၏။

ခေါင်းစီးငယ် စာတမ်းမှာ ဆိုးဝါးလှသော မတော်တဆမှု ဓာတ်လမ်းထက်ပင် ပိုပြီးသိသာထင်ရှားနေ၏။

**ကလေတန်အင်ဒါဆင် ကတော်အတွက် အောက်မေ့ဘွယ် ဝတ်ပြုဆုတောင်းပွဲ သောကြာနေ့ ပြုလုပ်မည်။**

အက်စ်တဲလ်အင်ဒါဆင်က ပဋ္ဌမမြောက် ကလေတန်အင်ဒါဆင်၏ အမှားအယွင်းများထဲမှ တစ်ခုသော အမှားကို ပိပိရိရိကျကျခြေရာရှင်း ပြတ်ပြတ်သားသား ဖုံးကွယ်ဖျောက်ဖျောက်ပစ်လိုက်လေပြီတကား။

× × ×



BURMESE CLASSIC .com

## အခန်း ( ၁၃ )

နယူးယောက်၊ ကလိဖ်လင်း၊ သို့မဟုတ် ပါရီစသော မြို့ကြီးများမှာလိုပင် ဂျီနီဗာမှာလည်း အလှပြင်ဆိုင်တွေရှိ ပါသည်။ ဟော်လီက သူ၏ရွှေရောင်ဆံပင်ကို ဖိတ်ဖိတ်တောက် နေသော အနက်ရောင်သို့ ပြောင်းဆိုးသည်။ ဆံပင်အရောင်ပြောင်း လိုက်သည့်တိုင် ဟော်လီ အင်ဒါဆင် ဘာဝတုန်းကလှသလိုပင် ခုလည်းလှပချောမော နေသည်။ အဲလ်ဇဘက်မီလာ ဆိုသည့် နာမည်နှင့် ယခု ဆံပင်အရောင်မှာ ပို၍ပင် လိုက်ဖက်နေသေးသည်။

ပေါ်ပါးသွက်လက်သော ယခု ဆံပင်ပုံစံမှာ ပထမဆံပင်ပုံစံ နှင့်တခြားစီ။ ယခင်ပုံစံဟောင်းတုန်းက ဆံပင်ရှည်သည်။ ခုတော့ ဆံပင်ကို ခပ်တိုတို ဖြတ်ပစ်လိုက်၏။ လည်ကုတ်အထက်နားတွင် ဝဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကုတ်အင်္ကျီကို မလိုအပ်ပဲ ဝတ်ထား၏။ ရောမ ဦးထုပ်ဝိုင်းကြီးဖြင့် သူ့မျက်နှာကို ဖုံးထား၏။ မြို့တွင်းလမ်းမများပေါ် လျှောက်ပြီး နိုင်ငံခြားသတင်းစာ ရနိုင်သည့်ဆိုင်ကိုရှာသည်။ ဆိုင်တစ်ဆိုင်ကို တွေ့တော့ ကော်နက်တီကက် သတင်းစာ တစ်စောင် ဝယ်လာသည်။ ခပ်မှောင်မှောင် လမ်းထဲတွင် လမ်းဓာတ်မီးတိုင် အလင်းရောင်ဖြင့် သတင်းစာ ခေါင်းစီးကို ဖတ်ရလေသည်။

ပဋ္ဌမမြောက် ကလေးတန်အင်ဒါဆင်ကတော် အတွက် ဝတ်ပြု ဆုတောင်းပွဲသို့ မြို့မျက်နှာဖုံးများ တက်ရောက်ကြခြင်း။

ခုတော့ ဓာတ်လမ်းစပါပြီ။ အဟောင်းအတွက် သေဆုံးခြင်းနှင့် အသစ်အတွက်မွေးဖွားခြင်း။ သူက ကလေးတန်ကြီး နှင့် ကလေးတန်လေးအကြောင်း မတွေးမိအောင်ကြိုးစား၏။ သူတို့အကြောင်း စဉ်းစားမိတိုင်း သူ၏နှလုံးသွေးပျက်ဖွယ် အဖြစ်သနစ်ကြီး အကြောင်းက ရင်ကို ရိုက်ပုတ် ညှဉ်းဆဲစမြဲ၊ သည်အသည်းကွဲဝေဒနာကို ရင်တွင်းမှ မောင်းထုတ်ပစ်လို့လည်းမရ။

ဂျိနီဗာရာသီဥတုကလည်း အေးစက်စက်၊ လေထန်ထန်၊ တိုက်ခတ်နေသော လေကသူ့လက်ထဲမှ သတင်းစာကိုတဖျပ်ဖျပ် လှုပ်ခါနေစေသည်။ သူက သတင်းစာကို ခေါက်သည်။ ချိုင်းကြားတွင် ညှပ်သည်။ ပြီးတော့ မီးတိုင်အောက်မှ ထွက်ခဲ့၏။ အမှောင်ထုက သူ၏ အဖော်မဲ့ အထီးကျန် ကိုယ်ခန္ဓာကလေးကို ဝါးမျိုပစ်လိုက်၏။

အဲလ်ဖောက်မီလာ၏ ဘဝတု ဘဝယောင်မှာ ခရီးသွားဟန်လွှဲ ဖြစ်ရပ်ကလေးများဖြင့် ပြည့်နှက်နေ၏။ ဟော်လီကု သည်အဖြစ်အပျက် အားလုံးကို ရင်ဆိုင်၏။ ကျော်ဖြတ်၏။ သူဘယ်သူဆိုတာ သိပ်ဂရုစိုက် မနေ။ 'ဘာတွေဖြစ်ပြီး ဘာတွေပျက်နေသည်' ဆိုတာ





ကိုလည်း အမှုမထား။

ဟိုတယ်တွေမှာ တည်း၏။ ဟိုတယ်တွေကို စွန့်ခွာခဲ့၏။ မထင်မရှား စားသောက်ဆိုင်တွေ တစ်ဆိုင်ပြီး တစ်ဆိုင်ပြောင်းပြီး စားသောက်ခဲ့၏။ ဂျိနီဗာ အပြည်ပြည်ဆိုင်ရာ ဘဏ်သို့သွားပြီး စိတ်ပင်ပန်းစရာ လက်မှတ်ထိုးသည့် အလုပ်ကို လုပ်ခဲ့၏။ သည်အလုပ် လုပ်ပြီဆိုလျှင် ဂျိနီဗာနှင့်ဆက်ပြီး ပတ်သက်စရာမရှိတော့။ သည်တော့ သူစတင်ပြေးတော့သည်။ ဘဝကို စတင်နှင်တော့၏။ အနာဂတ် ကာလထဲ တိုးဝင်သည်။ မတော်မတရား တန်ဖိုးကြီးပေးပြီး ဝယ်ထားရသည့် ပစ္စုပ္ပန် ဘဝထဲမှ ထွက်ပြေးလွတ်မြောက်ဖို့ အား ထုတ်သည်။

အငှားကားတွေစီးသည်။ ရထားတွေ စီးသည်။ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားပြေးလွှားနေ၏။ နှင်းမှုန်တိုင်းထဲတွင် လမ်းပျောက်နေသည့် ဦးတည်ရာမဲ့ ငှက်ငယ်တစ်ကောင်ပမာ၊ မရေမတွက်နိုင်သော ရထားများ၏ ပြတင်းပေါက်များမှတစ်ဆင့် ဥရောပ၏ မြင်ကွင်းတွေ သူ့မျက်ိုစိထဲ တိုးဝင်လာသည်။ ဆွစ်ဇာလန်၏ အဲလ်ပ် တောင်တန်း ကြီးများဝေးကွာ ကျန်ခဲ့ပြီ။ ထိုမြင်ကွင်းအစား ဂျာမဏီပြည်၏ ပျပ်ဝပ်သော အညိုရောင် ဘာဗေးရီးယန်း ကုန်းမြေများကို မြင်ရသည်။ ထို့နောက် ဘာကိုမျှ အလေးအနက်ထားပြီး မကြည့်သည့် သူ့မျက်လုံးတွေထဲ ပြင်သစ်ပြည်မြင်ကွင်းတွေ ဝင်လာပြန်၏။ သူသည်မျက်မမြင် အမျိုးသမီး တစ်ယောက်များ ဖြစ်နေလေသလား။

ကံမကောင်းချင်တော့ သူက ဆွံ့အနားမကြားသူတစ်ဦး ဖြစ်မနေသေး။

သူဘယ်နေရာ ရောက်နေ ရောက်နေ၊ ရောက်သည့် နေရာတိုင်းမှာ အသံတွေကြားနေရ၏။ ထို့ကြောင့်ပင် ကလေးတန်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွား ဓါတ်ပုံများနှင့် ကလေးတန်လေး၏ ပုံများကို ရှာဖွေကြည့်မိသည်။ ထိုအခါ ဓာတ်ပုံတွေထဲမှ အလှူပ်ရှားမဲ့ နှုတ်ခမ်းများက စကားပြောလာသည်။ ဓာတ်ပုံတွေထဲမှ အလှုပ်ရှားမဲ့ မျက်လုံးများက အသွင်ပြောင်းလာသည်။

'မေမေ . . . သေလွန်တယ် ဆိုတာ ဘာလဲဟင်'

'သေလွန်တယ်ဆိုတာ . . . အဝေးကို ထွက်ခွာသွားတာပေါ့ကွယ်'

'ဘယ်ကို ထွက်ခွာသွားတာလဲ မေမေ'

'နောက်ဘဝ တစ်ခုကိုပေါ့'

'ဝါရှင်တန်မှာ မင်းကို သိပ်လွမ်းပြီး သိပ်ကို အထီးကျန်စွာ . စောင့်မျှော်နေတဲ့ လင်သည်တစ်ယောက်လုံး ရှိနေသေးတယ်လေကွာ'

'ကျွန်မမှာလေ . . . မောင်နဲ့ထိုက်တန်တဲ့ ဉာဏ်အမျှော် အမြင်မျိုးကော၊ တော်တဲ့ကောင်းတဲ့ အရည်အသွေးပါ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး၊ ဒါပေမယ့် . . .'

ထို့နောက်တော့ သူက ပျော်ရွှင်မှု ကင်းမဲ့စွာဖြင့် ရှန်ပိန်ကိုသာ တွင်တွင်သောက်တော့သည်။ သည်ယမာကာ သူ့ဝမ်းထဲတွင် အမြုပ်တစီစီ ထနေတတ်သည်လေ။ မူးယစ်ရီဝေစေသည်ပေါ့။ ရှန်ပိန်က သူ့ကိုကူညီပါသည် တကယ့်ကို ကူညီပါသည်။

'မေမေ့ကိုသားသားလွမ်းတယ် မေမေ့ကိုသားသားလွမ်းတယ်'

သိတာပေါ့ သားလေးရယ် မေမေသိတာပေါ့။

ညပေါင်းများစွာ၏ တိတ်ဆိတ် ငြိမ်သက်မှုထဲတွင် ရထားဥသြသံများက စူးစူးရှရှ ဟစ်ကြွေး၏။ ရှန်ပိန် ဖန်ခွက်တွေထဲ





နှစ်မြုပ်ထားသည့် ပေါက်လို့မျက်နှာမှာ မျက်ရည်များဖြင့် ရွှဲနစ်နေပြန်သည်။

ခါးသီးနာကျည်းဖွယ် အမှတ်ထင်ထင် ဖြစ်ရပ်များက သူ့ရင်ကို စူးရှနာကျင်စေသည်။ ချစ်ခင်မြတ်နိုးစုံမက်ခဲ့သော အသံများက သူ့နားထဲမှာ တဝဲလည်လည်။ ခြော် . . . ဘယ်တော့ များမှ အတိတ်တစ္ဆေခြောက်လှန့်ခြင်း ဝဋ်ဆင်းရဲမှ လွတ်မြောက် နိုင်ပါ့မလဲ။

ပါရီဆိုလျှင်ကော။ ဟုတ်တယ်၊ ငါပါရီကိုသွားမယ်။ ပါရီက ငါ့ဘဝတွေကို ကုစားပေးနိုင်လောက်တယ်။ ပါရီဆိုတာက အပျော်အပါးနှင့် ရှမ်ပိန် ပေါများရာ အရပ်ဒေသ မဟုတ်လား။

ရထားကြီးက ညဥ့်အမှောင်ထဲတွင် တဝေါဝေါ ခုတ်မောင်းနေ၏။ ကမ္ဘာပေါ်တွင် သောကပရိဒေဝ ဖိစီးနှိပ်စက်ခံရဆုံး မိန်းမတစ်ယောက်ကို သယ်ဆောင်လျက်။

ဝန်ထမ်းရေးရာဌာနမှူး မစ္စမွန်တယူး ဝတ်စားထားပုံမှာ ရိုးရိုး ရှင်းရှင်းကလေး။ သူက စားပွဲတစ်ဖက်ခြမ်းတွင် ထိုင်နေသည့် မိန်းမချောလေးကို လေ့လာနေ၏။ သည်မိန်းကလေး တော်တော်လှသည်။ နာမည်ကျော်လာက လယ်ယာစတိုးဆိုင်ကြီးကို ကောင်းကောင်း ကိုယ်စားပြုနိုင်မည်။ အရည်အချင်းပြည့် အရောင်းစာရေးမလေး ဖြစ်နိုင်သည်။

'ဆန်ဖရန်စစ္စကိုက မက်နင်စတိုးမှာအရောင်းစာရေးမ လုပ်ဖူးတယ်နော်'

မစ္စမွန်တယူးကလက်ထဲမှအလုပ်လျှောက်လွှာကိုပြပြီး မေး၏။

'မိန်းမဝတ်-အကျီအရောင်းကောင်တာမှာ လုပ်ဖူးပါတယ်'

'ခု ဒီမှာလည်း အဲဒီနေရာမျိုးပဲ လိုချင်တယ်ပေါ့'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာသာစကား ပြဿနာကျတော့ ဘယ်လိုရှင်းမလဲ'

'ကျွန်မပြင်သစ်စကားတတ်အောင်အမြန်ဆုံးသင်တန်း တက်ပါ့မယ်'

ဟော်လီ ခိုင်မာသော သံနှင့်ဌာန် ဖြင့်ပြောသည်။

မစ္စမွန်တယူး သူ့ကို စူးစမ်းစွာဖြင့် ကြည့်သည်။

'မင်းမှာ ထောက်ခံစာတွေတော့ ပါလာမှာပေါ့နော်'

'ပါမလာဘူးရှင့် ... ကျွန် ... ကျွန်မ မူလက ဒီမှာနေဖို့ ရည်ရွယ် မထားတာနဲ့၊ ကျွန်မ ထွက်လာတုန်းက ...'

'အေးလေ၊ ဒါဆိုလဲ စာရေးပြီး လှမ်းတောင်းရင် ရမှာပေါ့'

'ရမယ် မရဘူးဆိုတာတော့ ကျွန်မလဲ အတတ်မပြောနိုင်ဘူးရှင်'

အကင်းပါးလှသော မစ္စမွန်တယူး အကြည့်မှာ ပိုပြီး စူးရှလာ၏။

'မင်း အရင်အလုပ်မှာတုန်းက ပြဿနာပေါ်ခဲ့လို့လား'

'မပေါ်ပါဘူး ဒါပေမယ့် ကျွန်မထွက်လာခဲ့တာ တော်တော်ကြာ နေပြီမို့လို့ပါ'

'ဘာကြောင့် ထွက်လာတာလဲ'

'အိမ်ထောင်ပြုဖို့ပါ'

ဟော်လီ စားပွဲပေါ် ကိုယ်ကို ကိုင်းလိုက်သည်။

'တကယ်လို့ ကျွန်မကို လခမပေးပဲ အစမ်းခန့်ကာလ သတ်မှတ် ပေးမယ်ဆိုရင် ဒီအလုပ်ကို ကျွန်မ နိုင်နိုင်နင်းနင်း လုပ်နိုင်တယ် ဆိုတာ အမကြီးတွေ့မှာပါ'

မစ္စမွန်တယူး လက်ဝါးနှစ်ဖက် ဖြန့်ပြ၏။ ဤကား ပြင်သစ်လူမျိုးများ၏ ဝလေ့ ဘာမှုမတတ်နိုင်ပါ ဆိုသည့်သဘော။ သူ့မျက်လုံး





တွေက စိတ်မကောင်းကြောင်း ဖော်ပြနေ၏။

'ကျွန်မအနေနဲ့ အခွင့်အရေး ပေးချင်ပါတယ်။ ဒါပေမယ့် အလုပ်လျှောက်တဲ့ လူတွေဟာ ပထမလုပ်ဖူးခဲ့တဲ့ဌာနရဲ့ ထောက်ခံစာ ပါရမယ်ဆိုတာ ကျွန်မတို့ဌာနရဲ့ မူတစ်ခု ဖြစ်နေလို့ပါ'

ဟော်လီ အားယူပြီးပြုံးသည် သူ့စိတ်ထဲမှာတော့ အလံဖြူ ထောင်လိုက်ပြီ။

ဆိုးတာက ကျွန်မ အဲဒီစာတွေကို ယူပေးဖို့မလွယ်ပါဘူး။ ခုလို လက်ခံတွေ့ဆုံတာ ကျေးဇူးတင်ပါတယ်ရှင်'

ရုံးခန်းတံခါးပေါက်မှထွက်ခဲ့၏။ မစ္စမွန်တယူးက သူ့အား စာနာစွာ ကြည့်နေသည်ကိုလည်း သတိထားမိ၏။ သူက ခေါင်းကို မော့ထားသည်။ သူ့မျက်လုံးများမှာ မငိုသော မျက်ရည်များဖြင့် ရွှန်းလက်နေ၏။

ဩော် .. အခုအချိန်ထိ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာတုန်းပါကလား။

×

ညဦးအမှောင် လွှမ်းပြီးသည့် နောက်ပိုင်းတွင် ပါရီမြို့တော်၏လမ်းများမှာ နယူးယောက်မြို့တော်၏ လမ်းများနှင့် အတူတူ ပါပဲ။ အထူးသဖြင့် တစ်ကိုယ်တည်း လမ်းလျှောက်လာသည့် မိန်းကလေး တစ်ယောက်သည် ယိမ်းနွဲ့နေလျှင်၊ ချောမောနေလျှင်ပေါ့။ အကယ်၍ ထိုမိန်းကလေးသည် အိပ်မက်ထဲ လမ်း လျှောက်နေသလို ငေးငိုင်လာမည် ဆိုင်းခင်းကျောက် တွေကို ငေးကြည့် လာမည်ဆိုလျှင် လမ်းပေါ်မှာ လမ်းသလားနေသည့် အစ်ကို ကာလသားများ၏ ဖိတ်ခေါ် ခြင်းကို ခံရလေ့ရှိ၏။

'အား ယမာကာလေး တစ်ခွက်သောက်ပါလား အလှလေး ရေ'



www.burmeseclassic.com

www.burmeseclassic.com



ဟော်လီက ခွမ်းမောစွာ သူ့မျက်လုံးများကို လှန်ကြည့် ဟင့်အင်း။ သူယမကာ မသော်ကဲချင်ပါ။ သူဘာဆို ဘာမှမလို သူထိုသို့ ငြင်းပယ်လိုက်သည်နှင့် သူ့ရှေ့မှ ပြုံးရယ်ရွှင်ပြ မျက်နှာ မောင်းမောင်းများသည် ချက်ချင်း ဖဲခွာသွားကြလေ့ရှိသည်။ ပြင်သ လူမျိုး ဓလေ့အတိုင်း ပန်းနှစ်ဖက်တွန့်မည်။ ဦးထုပ်ကို လက်ဖြင့် ထိမည် ပြီးတော့မြူနှင်းတွေထဲ တိုးဝင်ပျောက်ကွယ် သွားတတ်ကြ

ဟော်လီကတော့ တွေဝေငေးမောစွာ လမ်းဆက်လျှော သည်။

ဘယ်ကိုမှ မဖောက်သော ဒေသဆီသို့။ ဘာမှမရှိသော နေ ဆီသို့။ သုညအရပ်ဆီသို့

ခြေသလုံးအိမ်တိုင်ဘဝဖြင့် ကိုပင်ဟေဂင်သို့ ရောက်သွ တော့ ဆောင်းကျနေပြီ။ ပါတ်ဝန်းကျင် လေထုထဲတွင် နာတာ ပွဲတော်ရနံ့သင်းနေပြီ။ လူတွေအားလုံး သားမွေးအနွေးထည်မျ ဝတ်ထားကြသည်။ ဈေးဝယ်ထွက်သူများ လူသွားလမ်းပေါ်တွ တိုးကာဝေ့ကာ ပြုံးပျော်စွာဖြင့် အိမ်ပြန်နေကြသည်။ မိမိတို့အိမ် မိမိ ယာဆီသို့ နွေးထွေးသော မိသားစု အရိပ်တွင်ပြန်ခိုလှုံဖို့။ နှင်းခြံ လွှမ်းသော လမ်းများပေါ်တွင် ပျော်ရွှင်လှုပ်ရှား သွားလာနေကြသည် လူပရိုက်သတ်ကြီးထဲတွင် ဟော်လီကတော့ ယောင်လည်ယောင်လည် ဝန်းကျင်တစ်ခွင် တစ်ပြင်လုံး အေးစိမ့်နေသည်။ လေအေးအေး အသားထဲသို့တိုင် စိမ့်ဝင်နေသည်။ ကော်နတ် ထိကပ်မှာ ပြင်ဆင်နေမည် သပ်သပ်ယပ်ယပ် မုံသွင်းခုတ်သင်ထားသော နာတာလူးသစ်ပ အကြောင်း မစဉ်းစားမိအောင် အကြိမ်ကြိမ်အားထုတ်နေရသည် နောက်ပြီး နာတာလူးပွဲတော်ကျရောက်သည့်ညတွင် နာတာလူးဘိုးဘိုး သူ့ဖို့ ဘာလက်ဆောင်များ ပေးမလဲဟု ဂနာမငြိမ်စွာ စဉ်းစားတွေ





နေမည့် ကလေတန်လေး အကြောင်း။

စက်တပ် အရုပ်ကလေးများရောင်းသည့် စိတ်ကူးယဉ် လေး ရှေ့ရောက်တော့ ဟော်လီ ခဏရပ်သည်။ မှန်ချပ်ကြီး နောက်တွင် တဝေါဝေါ လှုပ်ရှားသွားလာနေသည့် စက်ရုပ်ကလေးများ ကြည့်သည်။ ပျော်ရွှင်မြူးတူးနေသော ကလေးငယ်များက သူတို့ ခေါင်း အေးအေးကလေးများဖြင့် မှန်ချပ်ကိုကပ်ကာငေးမော ကြသည်။ နောက်ဆုံး သူ့မျက်လုံးထဲတွင် မမြင်ရတော့သည့်တိုင်။ သူ့မျက်ဝန်းမှာ မျက်ရည်များ အိုင်ထွန်းလာပြီလေ။

ထို့နောက် သူ ဆတ်ကနဲတုန်သွားသည်။ သူ့မျက်စိကိုပင် မယုံချင် ။

ကိုက် တော်တော်လှမ်းလှမ်းမှာ ကောင်လေးတစ်ယောက် ဆိုင် ပြခန်းတစ်ခုကို ကြည့်ပြီး၊ သူ့ဘက်မျက်နှာလှည့်လာသည်။ သူ့မျက်နှာကလေးမှာ ကြည်နူးမှုကြောင့် ဝင်းပနေသည်။ ဆဋ္ဌမမြောက် ကလေတန်အင်ဒါဆင်၏ မျက်နှာကလေး။ ဟင် . . သူ့သား သူ့ သွေးကလေး။

ဘာမှုစဉ်းစားမနေတော့။ အချစ်ငတ်နေသောစိတ်။ အချစ် တင့်တနေသော စိတ်၏ တိုက်တွန်းစေ့ဆော်မှုကြောင့် ဟော်လီ သို့ ပြေးသွားသည်။ နှင်းထုထဲတွင် အတိုက်တိုက် အခိုက်ခိုက်ဖြင့်၊ က ကလေးငယ်ကိုပွေ့ဖက်လိုက်၏။ ချာတိတ်၏ပါးနှစ်ဖက်စလုံး ကော လည်တိုင်ကိုပါ အငမ်းမရ အနမ်းမိုးရွာသည်။ သူ့ပါးပြင်မှာ တော့ ဝမ်းသာလွန်း၍ ကျသည့်မျက်ရည်များ။ သူ့အိပ်မက်များ အကောင် ထည် ပေါ်ခဲ့ပြန်ပါပြီကော။

ဟော်လီ့လက်မောင်းပေါ်သို့ သန်မာသော လက်တစ်ဖက် ရောက်လာသည်။ သူ့ကိုခပ်ကြမ်းကြမ်းဆွဲခွာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင်မှ သူ့အိပ်မက်ကလေး အရည်ပျော်သွား ခုတော့ သူ့မျက်လုံးများက ဒေါသတကြီးဖြစ်နေသည့် ဒင်းနစ်လူမျိုး အထိန်းတော် မိန်းမကြီးကို ပီပီပြင်ပြင် မြင်လိုက်ရ၏။ သူ့ရင်ခွင်ထဲတွင် ကြောက်လန့် တကြား ငိုနေသည့် ကလေးငယ်က သူ့အထိန်းတော် ကြီးကို မော့ကြည့်၏။

သည်မျက်နှာက ကလေတန်ကလေးရဲ့ မျက်နှာမှ မဟုတ်ပဲ

သူ့အပြုအမူအတွက် ထိတ်လန့်တကြား ဖြစ်သွားသည် ဟော်လီက ချာကနဲလှည့်ပြီး ကောင်လေးဆီမှကော မိန်းမကြီးဆီမှ တဟုန်ထိုး ပြေးထွက်ခဲ့သည်။ မျက်ရည်များက သူ့အမြင်ကို ကာဆီး လိုက်ပြီး အတွန်းတွန်း အတိုက်တိုက် ဝင်သွားမိသည့် အခြားခရီးသွား များကို ဂရုမထားမိ။ အတွန်းအတိုက် ခံရသူများက သူ့အား ရှုတ် ဆဲရေးကြ၏။

ဟော်လီ ခရီးဆက်နှင်၏။ ဒယိမ်းဒယိုင်ဖြင့် လဲပြိုကျသည် ဟပ်ထိုး ဟပ်ထိုးဖြစ်သည်။ သူ၏ဆန္ဒအပြင်းပြဆုံး အိပ်မက်များထဲ ထွက်ပြေးဖို့ ကြိုးပန်းနေခြင်း။

သူ ဘယ်လောက် ဝေးဝေးပြေးနိုင်မှာတဲ့လဲ။

သူ ဝေးနိုင်သလောက် ဝေးအောင်မပြေးနိုင်ပါ။ မြန်နိုင် သလောက် မြန်အောင်လည်း မပြေးနိုင်ပါ။

အခုဆို အချိန်တော်တော်ကြီး နှောင်းနေပြီ။ ညဥ့် သည် အရှက်ဦးသို့ မျက်နှာမူနေပြီ။ ဟော်လီက ခရီးဆက်မြဲ သူ့နား ကြားရသည့် တစ်ခုတည်းသော အသံမှာ သူ့ဖိနပ်ပါးပါး ကလေး နှင်းခဲများကို ကျိုတ်နင်းသံများသာ။ သူကချမ်းခိုက်ခိုက် တုန်နေသော ညဥ့်ယံတွင် နာရီပေါင်းများစွာ လမ်းလျှောက် နေခဲ့၏။ အပြင်း လျက်၊ ဘဝပျက်လျက်၊ မျှော်လင့်ချက်ကင်းမဲ့လျက်၊ အဖျားသွေး





သူ့ဦးနှောက်တွေ ဆူဝေသည်အထိ မြင့်တက်လာသည်။

လမ်းများသည် ရှည်လျားလှပါဘိ။ လူသူကင်းမဲ့လှပါဘိ။

ကိုယ်တွေ ချစ်ချစ်တောက် ပူလျက်ဖြင့်ပင် ဟော်လီ့ခြေ ထောက်တွေ ဒရွတ်တိုက် ဆွဲလျှောက်လာ၏။ သူ အားပြတ်ပြီး လဲခါ နီးပြီ။ သူ့ပါးပြင်များမှာ မျက်ရည်စများဖြင့် စေးထန်းနေ၏။ အေးစက်ငြိမ်သက်လှသော ညထဲတွင် ပဲ့တင်ရိုက်လာသည့် ခပ်လှမ်း လှမ်းဆီမှအသံတစ်သံ။ ကလေတန်လေး၏သနားစဖွယ် ငိုကြွေး မြည်းတမ်း လိုက်သံ။

'မေမေရေ ...'

ဟော်လီခြေလှမ်းရပ်လိုက်၏။ သူကြားရသည့် အသံကို ဝေဝေဝါဖြစ်နေသည်။ နားစွင့်နေခိုက် အသက်ပင်မရှူမိ။ အသံကလေး ကို ထပ်မံကြားရပြန်၏။ သည်တစ်ခါ ပိုပြီးနီးလာသယောင်။ ထူးဆန်း သည်က ပဲ့တင်ထပ်နေခြင်း။ မဆုံးနိုင်သော လိုဏ်ခေါင်းကြီးထဲမှ ကြားလိုက်ရသည့် အသံလိုမျိုး။

'မေမေရေ ... မေမေဘယ်မှာလဲဟင်'

ဆန္ဒကို ဆန့်ကျင်ပြီး နောက်ပြန်လှည့်လိုက်၏။ သူလာခဲ့ရာ လမ်းကို စိုက်ကြည့်သည်။ လမ်းပေါ်မှာ လူသူကင်းမဲ့နေ၏။ နှင်းခဲများ လွှမ်းနေ၏။ လမ်းနံဘေးတွင် နှင်းခဲများ အပုံလိုက်။ လမ်းပေါ်မှာဘာ မှုမမြင်ရ။ ဘယ်သူမှုမရှိ။ ဝေဒနာသည်းစွာ တစ်ချက်မှုရှိုက်ပြီး အားခဲထွက်ခဲ့၏။

ကဲ သားတော်မောင့်အသံ လွင်ပျံ့လာပြန်ပြီ။ သည်တစ်ခါ ပိုပြီးနီးလာသည်။ ပိုပြီး ထိတ်လန့်တကြား ဖြစ်နေသည်။

'မေမေ သားသားကြောက်တယ် ဒီညကို သားသားမကြိုက်ဘူး။ သားသားက ခုပဲနက်ဖြန် ဖြစ်စေချင်တာ'



www.burmeseclassic.com

www.burmeseclassic.com



ဟော်လီ ခြေလှမ်းများကို သွက်သွက်လှမ်းလိုက်၏။ အသစ် အသစ်သော မျက်ရည်ဥများ ပါးပြင်ပေါ် လိမ့်ဆင်းလာ၏။ အသံကလေး သူ့နောက်မှ ကပ်ပါလာ၏။ ပျောက်သွားခြင်းမရှိ၊ ပဲ့ ဒေဝမီး တောက်လောင်နေသည့် သူ့ဝိညာဉ်ထဲတွင် ထိုအသံ ကလေး မဲ့တင်ရိုက်နေ၏။ နောက်ပြီး ထပ်ဆင့်ပဲ့တင်ရိုက်နေ၏။

'သားသား မေမေ့ကို လွမ်းတယ် မေမေရဲ့၊ မေမေ့ကို သားသား လွမ်းတယ် မေမေ့ရဲ့'

အသံကလေး ပိုပြီးကျယ်လောင်လာ၏။ ပိုပြီးမြည်ဟည်း လာ၏။ သူ့ဦးနှောက်ထဲ ထိုးဖောက်မြည်ကြွေးနေ၏။ အေးစက် သော လက်များဖြင့် နားနှစ်ဖက်ကို ပိတ်ထားမိသည်။

'မေမေ ဘယ်မှာလဲ မေမေရဲ့၊ သားသားကို ပစ်မသွားပါနဲ့ မေမေရဲ့'

ဤကား ဆူညံကျယ်လောင်စွာ တောင်းပန်တိုးလျှိုး နေသံ သည့်အသံ ကလေးက သူ့နှလုံးသားကိုကော သူ၏ ဆင်ခြင်တုံ တရားကိုပါ ခြေမွဖျက်ဆီးပစ်လိုက်၏။

ယိုင်တီယိုင်တိုးဖြင့် ခရီးဆက်သည်။ သူ့ဖိနပ်ခွာများက နှင်းခဲများပေါ် ဒရွတ်ဆွဲလျက်။ နောက် စတင်ပြေးတော့၏။ တည့် တည့်ကြီးပြေးသည်။ ဘာကိုမျှ မစဉ်းစား။ ထွက်ပြေးလွတ်မြောက် ဖို့ပဲ စဉ်းစားသည်။ သူ့နောက်မှ ကပ်ပါလာသည့် နှလုံးသွေး ပျက်ဖွယ် ငိုညည်းသံကလေးနှင့် ဝေးရာသို့ပြေးဖို့။

'မေမေရေ ...

ချည့်နဲ့နေသော ၊ အပြင်ဖျားနေသော၊ အားအင် ပြတ်လပ်နေသော၊ ဟော်လီ ရှေ့သို့မှောက်လျက်လဲသွားသည်။ အေးစက် သောလေ က သူ့အဆုတ်ထဲသို့ စူးခနဲဝင်လာသည်။ နှာသီး





ကလေးတွေ ကြွေကျသွားမတတ်။ သို့သော် သူ့ဦးနှောက်ထဲမှ ခြောင်း ဆန့်နေအောင်ပူသောအပူက သူ့တစ်ကိုယ်လုံးကို ခြစ်ခြစ်တောက် နေစေ၏။

နောက်တော့ သူ ဆက်မပြေးနိုင်တော့။

သူ့မျက်ခွံများ တဖျပ်ဖျပ်လှုပ်ရှားသည်။ မျက်လုံးများ အပေါ်သို့ လန်တက်သွားသည်။ နှင်းမြူငွေ့များနှင့် ညှို့အားကောင်း ခိုးသော ကမ္ဘာကြီးသည် သူ့ရှေ့တွင် နိမ့်သွားလိုက် မြင့်သွား လိုက်။ ဟိုဘက်ယိမ်းလိုက်၊ သည်ဘက်ယိမ်းလိုက်။ မြေပြင်ပေါ်သို့ သူလဲကျသွားသောအခါ မာရသွန်အပြေးသမားတစ်ဦး ပန်းဝင်အပြီး သဲကျသလို တဖြည်းဖြည်းချင်း လုလုပ်ပကလေး ခွေလျှော့ကျသွားသည်။

လေပြင်းအေးအေးက သူ့အဝတ်အစားကို ဆွဲလှန်နေ၏။ သူ့ဆံပင်များကို ဆွဲဖွနေ၍။ သို့သော် သူဘာမျှ မခံစားရတော့။ အမှောင့်ထုက သူ့အပေါ် လွှမ်းခြုံသွားပြီး၊ မှောင်ရိုက်ခြင်းနှင့် တဖြည်း ဖြည်းတိုးသွားသော ကူကယ်ရာမဲ့ တမ်းတငိုကြွေးသံကလေး။

မေမေရေ ... မေမေ ဘယ်ရောက်နေလဲ မေမေရဲ့'

နှင်းစဲသွားသည်မှာ တော်တော်ကြာပြီ၊ လေလည်း ငြိမ်သွားပြီ၊

ဟော်လီ၏ လှုပ်ရှားခြင်းကင်းမဲ့သော ကိုယ်ခန္ဓာကွေးကွေး ကလေးမှာ လမ်းပေါ်တွင် တစ်စုံတစ်ယောက် ကျကျန်ခဲ့သည့် အဝတ် ထုပ် ကလေးပမာ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

ဟော်လီ မျက်လုံးတွေဖွင့်လိုက်၏။

သူ အခန်းတစ်ခန်းထဲ ရောက်နေသည်။ အားလုံးအဖြူရောင် ခြယ်ထားသည့် အခန်း။ ပိုးသတ်ဆေးဖျန်းထားသလို သန့်ရှင်းစင်ကြယ်နေသည့် အခန်း။ တုတ်တုတ်ခိုင်ခိုင် မိန်းမတစ်ဦး၏ မျက်နှာ သူ့အပေါ် ကိုင်းကျလာသည်။ ဖြူဖွေးသန့်စင်သော ယူနီ ဖောင်းအထက်မှ ထိုမျက်နှာမှာ အကြင်နာတရား ရှိသည့်မျက်နှာမျိုး။ မိခင်စိတ်ရှိသည့် မျက်နှာမျိုး။ သူနာပြုဦးခေါင်းကလေးက သူ့ခေါင်းပေါ်မှာ။ သည်အမျိုးသမီးကြီး ကြည့်ရတာ လယ်သူမတစ်ဦးပမာ ကြံ့ခိုင်တောင့်တင်းလှ၏။ သူသတိပြုမိသည်မှာ သူ့စိတ်တွေ ထုံထိုင်းနေခြင်းနှင့် နွမ်းမောနေခြင်းမျှသာ။

ရည်မွန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမ၏ မျက်နှာပေါ်တွင် အံ့အားတသင့် အပြုံးတစ်ရပ် ပွင့်ထွက်လာသည်။ သူက နောက်သို့မလှည့်ဘဲ ခေါင်းငဲ့ပြီး အာလုပ် သံကြီးဖြင့် တစ်စုံတစ်ရာ လှမ်းအော်၏။ ဘာသာခြားစကား တစ်မျိုး။

ဟော်လီမှာ သူနာပြု ဆရာမကိုသာ မော်ကြည့်နေရသည်။ ခေါင်းထဲဘာမျှ မစဉ်းစား မတွေးတောနိုင်။

ဆရာမ၏ ခေါင်းအောက်တွင် ပို၍မြင့်သော ခေါင်းတစ်လုံး ပေါ်လာသည်။ မျက်လုံးပြာပြာနှင့် ဗိုက်ကင်း ပင်လယ်ဓမြများ၏ မျက်နှာပုံစံမျိုးက သူ့ကိုပြုံးကြည့်သည်။ သူ့ဦးခေါင်းပုံစံက နော်ဒစ် မျိုးနွယ်ဆက်များ၏ ဦးခေါင်းပုံစံ။ ဟော်လီက ငယ်ဘဝ ကျောင်း စာအုပ်များတွင် တွေ့မြင်ဖူးသည့်ပုံများကို ရေးရေး သတိရမိ၏။

'ကျွန်တော်နာမည် ခရစ်စတီယံတော်ဘင်ပါ၊ သူက သူနာပြု ဆရာမ ရီဘော့ပါ'

အသံက အာဏာကြီးသော၊ အသံဩဇာ ပြည့်ဝသောအသံမျိုး။

'ဆရာတော်ဘင်က နာဘာလူး ပွဲတော်ညမှာ ရှင့်ကို ကျုံးဘေး လမ်းပေါ်က သယ်လာခဲ့ရတာရှင့်'

ဆရာမ ရီဘော့က သူ့ပင်ကိုစရိုက် ဖြစ်ဟန်ရှိသည့် အတိုင်း ဟောဟော ဒိုင်းဒိုင်း ပြောချသည်။

'အဲဒီအတွက် ကျွန်မရှင့်ကို ကျေးဇူးမတင်ဘူး'

ဟော်လီ ထိုင်းမှိုင်းစွာ ပြောတော့ ခရစ်စတီယံတော်ဘင် ပြုံး သည်။

'ကျွန်တော်ကလဲ ခင်ဗျားကို ကျေးဇူးတင်ဖို့ တောင်းဆို နေတာ မဟုတ်ပါဘူး'

ဟော်လီက သူ့ပခုံးကိုကျော်ပြီး ငေးနေ၏။ သူ့ကို မမြင်





သယောင်။

'အားလုံးကိုပြန်ပြီး ရင်ဆိုင်ရဦးမယ်၊ အပြောင်းအလဲ ကတော့ ဘာမှမရှိဘူး'

ဟော်လီ တိုးတိုးကလေး ရေရွတ်၏။

'ခင်ဗျားမိသားစုတွေ သိပ်စိတ်ပူနေမှာပေါ့၊ ကျွန်တော် သူ တို့ကို ဘယ်မှာ ဆက်သွယ်ရမလဲဟင်'

'ကျွန်မမှာ ဆွေမရှိ မျိုးမရှိ၊ ဘယ်သူမှမရှိဘူး'

'ခု ခင်ဗျားမှာ ရှိပြီလေ'

ညင်သာနူးညံ့စွာ ပြော၏။ ဟော်လီ ညာလက်ကောက်ဝတ်ကို ကျင့်သားရလက်ဖြင့် စမ်းကြည့်သည်။

'ရှေးဟောင်း တရုတ်စကားပုံကစ်ခု ရှိတယ်ဗျ၊ 'သင်သည် အသက် တစ်ချောင်းကို ကယ်ဆယ်လိုက်ပါက ထိုအသက်ကို သင် ပိုင်ဆိုင်သည်' တဲ့၊ ကျွန်တော်က အလွန်တရာ အရှေ့တိုင်းဆန်တဲ့ ဒိန်းလူမျိုး ဗျ'

ဆရာမရီဘော့ မျက်မှောင်ကြုတ်သည်၊ သို့သော် လိုက်လုံ ချိုသာသော၊ ဟာသပါသော သူ့စကားများက ဟော်လီ့ရင်ကို နွေးထွေး စေ၏။ ဟော်လီမှာ အမြင့်ဆုံးသော ဝေဒနာနှင့်နွမ်းလျခြင်းများ ခံစား နေရသည့်တိုင် သူ့နှုတ်ခမ်းတွင် အပြုံးရိပ်ကလေး သဲ့သဲ့ထင်လာရ၏။ ခရစ်စတီယံတော်ဘင်၏မျက်နှာ တဖြည်းဖြည်းဝေဝါးပျောက်ကွယ် သွားပြီး သူ့အိပ်စက်ခြင်းကမ္ဘာသို့ တစ်ကျော့ပြန်ရောက်သွားသည့်တိုင် ဟော်လီပြုံးဖို့ ကြိုးပမ်းနေဆဲ။

×

လှပကြည်မွေ့ ဒင်းနစ် ပန်းခြံကလေးက ပန်းခြံ ပိုင်ရှင်၏အလှ မြတ်နိုးစိတ်ကို ရောင်ပြန်ဟပ်နေစေ၏။ သပ်သပ်ရပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ရိတ်ဖြတ်ထားသော ချစ်စဖွယ် မြက်ခင်းစိမ်းကလေးနှင့် ပန်းတွေဝေနေသော ပန်းချုံကလေးများ၏ ဟိုမှာဘက်တွင် ပင်လယ်ပြင်ကြီး။ ကွေ့ကောက်သွယ်ဝိုက်သော ကမ်းရိုးတန်းများက ကျောက်တုံး ကျောက်ဆောင်ကြီးများဆီသို့ မော့တက်သွားသည်မှာ ရင်သပ်ရှုမောဖွယ်မြင်ကွင်းတစ်ရပ်။ အဆိုပါ ကျောက်တုံးကျောက်ဆောင်ကြီးများပေါ်တွင် ပန်းပုဆရာကြီးအဲရစ်ဆင်၏ ကမ္ဘာကျော် 'ရေသူမလေး' ပန်းပုရုပ်ရှိနေသည်။

ဟော်လီက ပန်းခြံကလေးကို ချစ်နေသည်။ အိမ်အဆွယ်ရှိအနားယူ အပန်းဖြေခန်းတွင် ဟော်လီလဲလျောင်း အနားယူလို့ရအောင် စီစဉ်ပေးထားသည်။ သည်အခန်းမှာက လေကောင်းလေသန့် ကောင်းကောင်းရသည်။ နေရောင်ခြည် နွေးနွေးကို သက်သောင့်သက်တာခံယူလို့ရသည်။ ဒါတွေက ဟော်လီ့ရောဂါ ပျောက်ကင်းအောင် ခရစ်စတီယံတော်ဘင်က သတ်မှတ်ပေးထားသည့် အကျုံးကုထုံးများ။ ဟော်လီအတွက်တော့ နာလန်ထလူနာတစ်ဦးထက် အိမ်မက်ကမ္ဘာထဲရောက်နေသူတစ်ဦးလို ဖြစ်နေ၏။

အကယ်၍ ခန့်ညားဖျတ်လတ်သော အမျိုးသမီးကြီးရှိတော့သာ သူ့အနားမှာ အမြဲတစေရှိမနေပါလျှင် ဟော်လီသည် သူ့ကိုယ်သူ ဖိမ်ခံအပန်းဖြေခရီး ထွက်လာသည်ဟု စိတ်ကူးယဉ်မိမည်အမှန်။

ခရစ်စတီယံလည်း သူ့အတွက် စန္ဒရားတီးပြဖျော်ဖြေပေးသည်။ ပြင်သစ်တံခါးများ၏ ဟိုမှာဘက်ဆီမှ ပြောင်မြောက်စွာတီးခတ်လိုက်သော ဂီတသံချိုများသည် ဟော်လီ့ဆီသို့ သွန်ထွက်လာတတ်စမြဲ။ ဟော်လီက ဂီတအကဲဖြတ်သမား မဟုတ်။ သို့ပေမယ့် ခရစ်စတီယံတော်ဘင် စန္ဒရားလက်သံ ပြောင်မြောက်လွန်းလှ





သည် ဆိုတာလောက်တော့ သိသည်။

သည်နေ့လည်း ခရစ်စတီယံ၏ သွယ်ပျောင်းသန့်မာသော လက်ချောင်းကလေးများက အင်တွန်ရှုဘင်စတီန်း တေးတစ်ပုဒ်ကို တီးဖွဲ့နေ၏။ ဆရာမ ရီဘော့က ထုံးစံအတိုင်း အလုပ်အကျွေးပြုဖို့ အဆင့်သင့်။ ဟော်လီ့အနီးတွင် ကပ်ထိုင်နေ၏။ သူ၏လင်းယုန်မျက်လုံးများက ပင်လယ်ပြင်ကြီးဘက်သို့ လှမ်းမျှော်ငေးမောလျက်။

'သူ့ လက်သံက အရမ်းအသက်ဝင်တာပဲနော်'

စန္ဒရားသံကသူ့ရင်ကို လှုပ်ခတ်နေစေတော့ ဟော်လီလေသံ မှုဖြင့် မှတ်ချက်ချမိ၏။

'အဲဒီလို အရမ်းအသက်ဝင်လှုပ်ရှားနေတယ်လို့ ခံစားရတာဘယ်လောက်ကောင်းလိုက်သလဲနော်'

'ဆရာတော်ဘင်ဟာ ဥရောပတစ်ခွင်လုံးမှာ အတော်ဆုံးဖျော်ဖြေပွဲ စန္ဒရားဆရာလေ မလေးရဲ့'

'ကျွန်မယုံပါတယ်'

တစ်ချက်မျှဝေ့ ယမ်းတိုက်ခတ်လာသည့် လေပလီ လေသရမ်းကလေးက လျောင်းစက်နေသော ဟော်လီ့ကိုယ်ပေါ်မှ သိုးမွေးခြုံစောင်ကို ခွာထုတ်သယ်ဆောင်သွား၏။ ခြုံစောင် ကိုပြန်ကောက်ဖို့ ဟော်လီ လဲလျောင်းရာမှ ထဖို့ဟန်ပြင်၏။ ထိုအချိန်တွင် ရီဘော့က မတ်တတ်ရပ် ပြီးနေပြီ။

'မထနဲ့မထနဲ့၊ ဆရာဝန်က ညွှန်ကြားထားတယ်၊ လုံးဝဥဿုံ အနားယူနေရမယ်တဲ့'

ခြုံစောင်ကို သူ့လူနာ၏ကိုယ်ပေါ်တွင် ချပ်ချပ်ရပ်ရပ် ပြန်ခြုံပေးသည်။

'နမိုးနီးယား ဖြစ်ပြီးစမှာ မလေး သိပ်လှုပ်လှုပ်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



'လုပ်ယင် မလေးပြန်ပြီး နေမကောင်းဖြစ်တော့မှာပေါ့'

'ဒါပေမယ့် ကျွန်မက အသုံးမဝင်တဲ့လူပိုတစ်ယောက်လို ခံစားနေရလို့'

'ဒီအိမ်ကလူတွေက မလေးကို ကြည်ဖြူပါတယ်လေ၊ အေးအေးလူလူ အနားယူ၊ ကိုယ့်ကိုယ်ကို အားပြန်မွေး၊ မလေးဟာ ကြင်နာ တတ်သူတွေနဲ့ အတူ နေနေရတာပါ'

ဟော်လီကပက်လက်ကုလားထိုင်ပေါ်ပြန်လှဲသည်။ ကျေးဇူးတင်စကားကို ဖွဖွပြောသည်။

ညနေခင်းဆီမှ လွင့်ပျံ့လာနေသည့် ဂီတသံရပ်သွား၏။ ခရစ်စတီယံတော်ဘင် ပြင်သစ်တံခါးပေါက်များမှ ဝင်လာသည်။ သူ့အရပ်က ထောင်ထောင်မောင်းမောင်း။ ပခုံးကျယ်ကြီးများဖြင့်။ သူ့ရုပ်သွင်က နတ်ဘုရားရုပ်ထု ပုံစံမျိုး။ သူ့ကို ကြည့်ရသည်မှာ သူ့ကိုယ်တွင်းမှ ကိုယ်ရောင်ကိုယ်ဝါတွေ တိုးထွက်နေ သယောင်ယောင်။ စွမ်းအားတွေ ညှို့ယူဖမ်းစားနိုင်စွမ်းတွေ သူ့ကိုယ်တွင်းမှ ကြွထနေသလိုလို။ သူက ဟော်လီကို ပြုံးပြသည်။ အနည်းငယ် ဦးညွှတ်ပြီး နှုတ်ဆက်သည်။

ရီဘော့ သူ့ကုလားထိုင်မှ ထကာ

'ကျွန်မတို့ လူနာက သူ့အိမ်ပြန်နိုင်လောက်အောင် နေကောင်းနေပြီလို့ထင်နေတယ်ဆရာ'

ခရစ်စတီယံ ခပ်တိုးတိုးရယ်သည်။

'ဒေါက်တာဗလာဒီမာက တော်တော်ကြာကြာကြီး အနားယူနေရဦးမယ်လို့ ပြောထားတယ်လေ'

သူနာပြု ဆရာမကြီးက 'ဟင်း' ဟု ရေရွတ်သည်။ ပြီးမှ

'တွေ့တယ်မဟုတ်လား။ မလေးကို ကျွန်မ ဘာပြောထားလဲ'

ထို စကားပြောပြီး အပန်းဖြေစခန်းကို ဖြတ်ကာအိမ်ထဲ





ဝင်ရောက် ပျောက်ကွယ်သွားသည်။ ခရစ်စတီယံက ဆရာမ ထိုင်သွားသည့် ကုလားထိုင်ကို ဆွဲပြီး ဟော်လီ့အနားကပ်ထိုင်သည်။ သူ့မျက်လုံး ပြာပြာတွေထဲတွင် ကြည်နူးမှုအရောင်များ လက်နေသည်ကို ဟော်လီတွေ့ရ၏။

'ပြန်ဖို့ဆိုတဲ့ စကားကို နောက်ထပ်တစ်ခွန်းမှ မပြောပါနဲ့'

သူက ကျီစယ်သလိုလိုဖြင့် လေးလေးနက်နက် အမိန့်ပေးသည်။

'ရှင် ကျွန်မအပေါ် အလွန်မတန် ကြင်နာခဲ့ပြီး ပါပြီရှင်'

'အဲဒီအတွက် တို့ကြည်နူးနေရတာပါ၊ နောက်ပြီး တို့က ဒီ့ထက်လဲ ပိုပြီးကြင်နာနိုင်ပါသေးတယ်'

သူ့အပြုံးက ဟော်လီ့အပေါ်လွှမ်းခြုံလိုက်၏။ သူ့အပြုံး၏ အရှိန် အဝါကြောင့် ဟော်လီ့ရင်မှာ နွေးထွေးရ၏။

'ခုဆို ပန်းဥယျာဉ်ကမလေးဟာ မင်းနဲ့ တသားတည်း ဖြစ်နေပြီ'

'ပန်းဥယျာဉ်တစ်ခုဟာ လူတိုင်းနဲ့ တသားတည်းဖြစ်တာပါပဲ'

စန္ဒရားဆရာ ခေါင်းယမ်း၏။

'လွန်ခဲ့တဲ့နှစ် ဒီအချိန်တုန်းကဆို လောကကြီးမှာ မင်းရှိနေတယ်လို့ တို့မသိခဲ့ဘူး။ ဟော ... ခုကျတော့ မင်းမပါတဲ့ ကိုယ့်ပန်းဥယျာဉ်အကြောင်းကို စဉ်းတောင် မစဉ်းစားနိုင်တော့ဘူး'

ဟော်လီ မျက်လွှာချလိုက်ရ၏။ ခရစ်စတီယံ၏အသံမှာ ဆွဲဆောင်စည်းရုံးနိုင်စွမ်း အပြည့်ပါနေသည်။

'ဒီမှာနေရတာ သိပ်ပြီးငြိမ်းချမ်းပါတယ်၊ တည်ငြိမ်လန်းဆန်း မှုလဲ ရှိပါတယ်၊ ကျွန်မလေ ... လူသစ် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို ခံစားရပါတယ်'

ဟော်လီက စကားလမ်းကြောင်း ပြောင်းပြော၏။ ထိုနောက် ပန်းဥယျာဉ်ကလေးကို ဝေ့ဝိုက်ခြုံလွှမ်းကြည့်ပြီး

'နောက်ပြီး သိပ်သာယာတယ်၊ သိပ်လှတယ်'

'ဒီဥယျာဉ်ဟာ အယင်က ဒီလောက်မလှခဲ့ပါဘူးလေ၊ ဒီအိမ်နဲ့ ဒီခြံဟာ တို့ရဲ့ကမ္ဘာလေးပါ၊ အင်း၊ ခုတော့မင်းရဲ့ကမ္ဘာလေးပါဖြစ်သွားပြီပေါ့၊ မြောက်ပင်လယ်ခြမ်းက တောအုပ်တွေ၊ ဒိန်းမတ်ပြည်ရဲ့ ကျွန်းစုတွေ .. အဲဒီနေရာတွေကို မင်းတစ်ခါက ရောက်ဖူးယင် အမြဲတမ်းပြန်လာချင်တဲ့နေရာဒေသတွေပါ၊ ဒါဟာ ကိုယ့်အိမ်ကိုယ့်ယာ ပါပဲပေါ့'

'ဟုတ်ပါတယ်၊ ဒါဟာ ကိုယ့်အိမ်ကိုယ့်ယာပါပဲ၊ ရှင့်ကမ္ဘာလေး ဟာ ဘယ်လောက်ထူးခြား လှပလိုက်သလဲနော်'

ခရစ်စတီယံ၏ ဂန္ထဝင်ဆန်သော ဦးခေါင်းသည် သူတို့ရှေ့မှာ မြင်ကွင်းကျယ်ကြီးကို ကြည့်နိုင်အောင် လှည့်ပတ်ရွေ့လျားနေ၏။ သူ့လေသံက ဂုဏ်ယူဝင့်ကြွားစွာ။

'တစ်နေ့နေ့ကျယင်တော့ ဒါတွေဟာ တို့သားအတွက် ဖြစ်ရမယ်'

ထိုနောက် ကောက်ကာငင်ကာ ရယ်မောလိုက်ရင်း

'အင်း၊ ပထမဦးဆုံးကတော့ အိမ်သူတစ်ယောက် ရှာရဦးမယ်၊ ခက်တာက တို့က တစ်နေရာတည်းမှာ ကြာကြာနေခွင့် မရတာပဲ၊ တို့က နှစ်လုံးပေါက်နီးပါး ခရီးထွက်နေရတာကလား၊ တို့အနေနဲ့ ဂျစ်ပစီလို နှလုံးသွင်းနိုင်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ရမှာပဲ၊ အဲဒီလိုမိန်းမမျိုး ဆိုတာကလဲ လွယ်လွယ်ကူကူရှာလို့ တွေ့နိုင်တာမှ မဟုတ်တာ'

ဟော်လီက ရွှေရောင်နတ်ဘုရား၏ မျက်လုံးများကို တည့်တည့်





ကြီး စိုက်ကြည့်လိုက်၏။

'အချစ်ဆိုတာ လွယ်လွယ်ကူကူ တွေ့တတ်တာမျိုးမှ မဟုတ်ဘဲ၊ ဒါပေမယ့် ရှင်တစ်နေ့တော့ တွေ့လာမှာ သေချာပါတယ်'

ခရစ်စတီယံတော်ဘင်၏ မျက်လုံးပြာပြာများက ဟော်လီ့ မျက်နှာပေါ်မှ စဉ်းငယ်မျှမခွာ။

'မင်းပြောတာမှန်ပါစေလို့ မျှော်လင့်ပါတယ်ကွယ်'

လရောင်ရွှန်းမြအောက်မှာဆိုတော့ ပန်းဥယျာဉ်ကလေးသည် ပိုပြီး ညို့ယူ ဖမ်းစားနိုင်စွမ်း ရှိနေသည်။ ခေါင်းပေါ်တွင် တိမ်မြူကင်းစင်သော ကောင်းကင်ပြင်ကြီးက တပြန့်တပြောကြီး သိန်းသန်းချီသော ကြယ်တာရာ ကလေးများဖြင့် အလှဆင်ထားသည်မှာ ရောမအလှပြင် ခန်းကြီး တစ်ခုပမာ။

သည်နေရာတွင် ဟော်လီက ညစာစားပြီးတိုင်း ထိုင်လေ့ရှိ၏။ မြေပြင်တလွှား ဖြန့်ကြက်စိုးမိုးနေသည့် အမှောင်ထုကြီးကို ငေးမော နေတတ်၏။ ဆားနံ့သင်းသော ပင်လယ်လေ လတ်လတ် ဆတ်ဆတ်ကို ရှူရှိုက်သည်။ မြင်တွေ့ရခြင်း မရှိသောကမ်းစပ်ကို လာရောက်ရိုက်ပုတ် နေသော လှိုင်းခေါင်းဖြူကြီးများ၏ တဝေါဝေါ မြည်သံကို နားဆင်လိုက်။

ခရစ်စတီယံတော်ဘင်က သူ့ကိုညစဉ်ညတိုင်း စန္ဒရားတီး ပြသည်။ သူ့လက်သံက ပြောင်မြောက်လွန်းသည်။ ရင်နှီးကျွမ်းဝင်လာ အောင် ဆွဲဆောင်လွန်းသည်။ အံ့စရာကောင်းလောက်အောင် ရင်ကို လှုပ်ခတ်စေလွန်းသည်။ သူ့ဂီတသံက ဟော်လီ့အာရုံထဲသို့ တစိမ့်စိမ့် တိုးဝင်နိုင်လွန်းပါသည်။ ယခုကြုံတွေ့နေရသည်က သူ၏ပေါ်ဘဝ အိမ်မက် တွေထဲမှာလို။ ပုံပြင်စာအုပ်တွေထဲက အခိုင်းမေ့ပါ၊ မြိုးမြက် ဝင်းလက်သော ချပ်ဝတ်တန်ဆာများ ဆင်မြန်းထားသည့် မြင်းသည် တော်သူရဲကောင်းတွေ အကြောင်းလေ။ ဟုတ်ပါသည်။ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တစ်မက် ရှိခဲ့ပါသည်။ လက်တွေ့အကောင်အထည်ပေါ် အောင်မြင်လာခဲ့သည့် အိပ်မက်။ တစ်ခါက ပဒ္မမြောက်ကလေးတန် ဆိုသည့် သူရဲကောင်းတစ်ဦး ရှိခဲ့သည်မဟုတ်လား။ သူက ...

စဉ်းစားစရာ အတွေးများကို ခေါင်းထဲမှတွန်းထုတ်လိုက်၏။ တသစရာများက သူ့နှလုံးသားကို စူးနစ်နာကျင်စေ၏။ ဒဏ်ရာ အနာတရ ဖြစ်စေ၏။ နောင်တကြီးစွာ ရစေ၏။ မဖြစ်တော့။ အဲသည် ဘဝအကြောင်း ပြန်ပြီးစဉ်းစားနေလို့ မဖြစ်တော့။ ခုဆို ဘဝက အကောင်းဘက် ဦးလှည့်နေပြီ။ သူ့ကိုယ်ခန္ဓာပေါ်မှ ရောဂါဝေဒနာများ ပျောက်ကင်းသွားပြီ။ ပျက်ယွင်းနေသော သူ့စိတ်ဓာတ်သည်လည်း အနည်ထိုင် သက်သာရာရနေပြီ။

လှပသော ပန်းဥယျာဉ်၊ လှပသောအိမ်၊ လှပသောဂီတ။

နောက်ပြီး ....

ခရစ်စတီယံတော်ဘင်၊ လှပသောအမျိုးသား။

သူက ဘာ့ကြောင့်နှလုံးသွေးပျက်ဖွယ် အတိတ်ဟောင်း ထဲမှာက ခြေဖျက်မရသော ရှုံးရှုံးမိုက်မိုက် ဖြစ်ရပ်တစ်ခုကြောင့် သူ့အိပ်မက်တွေ၊ မျှော်မှန်းချက်တွေအားလုံး သဲထဲရေသွန် ဖြစ်ခဲ့ ရသည် မဟုတ်လား။ ခုဆို ဖေးလ်ဘင်တန်မရှိတော့။ ရှိသေးလို့လား။ ဖေးလ်ဘင်တန်က သေပြီလေ။ ဟော်လီပါကာအင်ဒါဆင်သည်လည်း ထို့အတူပါပဲ။ အဲလ်ဇဘတ်မီလာသာ သက်တော်ရာကျော် ရှည်ပါ စေသား။ သူကအငေါ်တူးစွာ ဟားတိုက်ရယ်မောမိတော့မလို ဖြစ်သွား သည်ကို ချုပ်တည်းထားလိုက်ရ၏။

သူ့ကိုယ်သူ အဲဇဘတ်မီလာလို့ကော အမည်နာမ တပ်ထားမိသေး ရဲ့လား။ မှတ်ပင် မမှတ်မိချင်တော့။

ဘဝဆိုတာ ပြက်လုံးတစ်ခုလိုပါပဲလား။





ခရစ်စတီယံတော်ဘင်နှင့် အတူရှိနေရသည့် အခါသမယ ကလေးများကား နှလုံးမွေ့လျော်ဖွယ်အတိပါ။

သို့တိုင် ...

သူ အကြီးအကျယ် စိတ်ညစ်နေ၏။

အကယ်၍ လှပဆန်းကြယ်သော သည်အိမ်ကလေးတွင် သူ အကြာကြီး ဆက်နေမိပါလျှင် သူကြောက်ရွံ့စိုးရိမ်ဆုံးသော အရာတစ်ခု သည် ထပ်မံဖြစ်ပေါ်လာဖို့ အကြောင်းရှိနေ၏။

ထိုအရာကို သူရင်မဆိုင်ဝံ့ပါ။ ထိုအရာကို သူမလိုချင်ပါ။ ထိုအရာအတွက် သူ့ဘဝမှာ နေရာမရှိတော့ပါ။

ထိုအရာ။

အချစ်ဆိုသော ထိုအရာ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

သူထွက်ပြေးဖို့ အားထုတ်၏ သို့သော် ခရစ်စတီယံတော်ဘင်လို စိတ်ဓာတ်နိုင်ကျည် ပြတ်သားသူတစ်ဦးထံမှ ထွက်ပြေးလွတ်မြောက်ဖို့ မလွယ်ကူလှကြောင်း တွေ့ရသည်။ အထူးသဖြင့် သူက ဟော်လီကို အချစ်ကြီးချစ်နေသူ။ နောက်ပြီး သူ့ဘဝ တစ်လျှောက်လုံး ရှာမောစောင့်မျှော်ခဲ့သည့် မိန်းကလေးမျိုးကို ခုမှတွေ့နေရသူ။

ပင်လယ်ကမ်းနံဘေးရှိ အိမ်လှလှလေးမှ ခွဲခွာထွက်သွားဖို့ အထုပ်အပိုးပြင်နေခိုက် သူသည်မှန်ကန်သော ဆုံးဖြတ်ချက်ကို ချမှတ် လိုက်ပြီဟု ဟော်လီကိုယ့်ကိုယ်ကို ယုံကြည်မိ၏။ ခရစ်စတီယံက မြို့ထဲမှာ။ မကြာမီ ညှိနှိုင်းဖြေရှင်းရမည့် ပွဲတစ်ပွဲအတွက် ကြိုတင်ဓာတ်တိုက်နေသည်။ ဟော်လီသည် သူ့ဘဝထဲသို့ မမျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်ဘဲဝင်ရောက်လာသလိုပင် သူ့ဘဝထဲမှ အသာလေး လျှို့ထွက်သွားတော့မည်။ ခရစ်စတီယံကို ကျောခိုင်းစွန့်ခွာရသဖြင့် သူ့မှာ ဘယ်လောက်နစ်နာဆုံးရှုံးမည်ကို သူ တွက်ဆမနေတော့။ နောင်ခါလာ နောင်ခါရွေးပေါ့လေ။ လောလောဆယ်မှာတော့ ခရစ်စတီယံမျက်လုံးတွေထဲတွင် တွေ့မြင်နေရသည့် ထိုအရာထံမှ ထွက်ပြေးလွတ်မြောက်ချင်သည်။ ဒါပါပဲ။

အိပ်ခန်းထဲသို့ ခရစ်စတီယံဖြုန်းခနဲ ဝင်လာချိန်တွင် သူ့မှာ ထုပ်လို့ပိုးလို့ပင် မပြီးသေး။ မှိုးထိုးနေသော သူ့ခန္ဓာကိုယ်ကြီးမှာ အံ့အား သင့်ခြင်းတွေ၊ မျှော်လင့်မထားခြင်းတွေ ပြွမ်းတီးနေ၏။ သူက တုံ့ခနဲ့ရပ် လိုက်သည်။ ဟော်လီကို မကျေမနပ် ကြည့်သည်။ စကားပြောသောအခါ သူ့အသံကချိုသော်လည်း ဒေါသစွက်နေသည်။

'တို့ဇာတ်တိုက်နေတဲ့ဆီကို ဒေါက်တာဗလာဒီမာ ဖုန်းဆက်တုန်းက တို့မယုံခဲ့ဘူး၊ ဒါပေမယ့် ခုတော့ တကယ်ဟုတ်နေတာကိုး'

'ဒေါက်တာဗလာဒီမာက ကျွန်မရောဂါ ရှင်းရှင်းပျောက်ပြီလို့ပြောတယ်ရှင့်'

'ဒီ ဒေါက်တာ ဗလာဒီမာက ဒေါက်တာရမ်းကုပဲဟာ၊ သူပြောတာ ဂရုစိုက်မနေနဲ့'

သူက ဟော်လီကို ကျွေ့ပတ်ပြီး ပွင့်နေသော အဝတ်အစားသေတ္တာရှိရာ အိပ်ရာဆီသို့သွားသည်။ သေတ္တာထဲမှ ဟော်လီ့ပစ္စည်းများကို ထုတ်ရင်းပြောသည်။

'အကုန်ပြန်ထုတ်'

ဟော်လီရယ်မောလျက်

'သူက ပြောတယ်ရှင့်၊ ကျွန်မကောင်းကောင်း . . . '

'ကြည့်စမ်း၊ အဲဒီလိုအဓိပ္ပာယ်မဲ့တဲ့စကားမျိုး မင်းဘယ့်





စ်ခါ ကြားဖူးလဲဟင်၊ မင်းဟာ ခုမှ နာလန်ထမယ်တောင် မကြံသေးဘူး။ ပြန်ထုတ်၊ ပြန်ထုတ်၊ တို့ပြောနေတယ်၊ အကုန်ပြန်ထုတ်လို့ဆို'

ဟော်လီ သက်ပြင်းချသည်။ ခရစ်စတီယံ လက်ထဲမှ သူ့အဝတ်အစားများကို အသာအယာလှမ်းယူသည်။

'ကျွန်မနေကောင်းနေပါပြီ ခရစ်စတီယံ၊ ကျွန်မဒီမှာနေခဲ့တာ ပြန်သင့်ချိန်ထက်ကို လွန်နေပါပြီ၊ ဒါကို ကျွန်မ သိသလိုရှင်လဲသိရဲ့သား နဲ့'

'ဟင်းအင်း၊ တို့မသိဘူး၊ တို့ဇာတ်တိုက်နေတဲ့ နေ့မျိုးမှာ မင်းဘာကိစ္စ ဒီစကားမျိုးတွေ ပြောနေရတာလဲဟင်၊ တို့စိတ် အနှောင့်အယှက် ဖြစ်အောင် မလုပ်ရဘူးကွ၊ စိတ်အနှောင့်အယှက် ဖြစ်ယင် တို့လက်တွေတုန်လာရော၊ တို့လက်တွေ ဒီထက် ပိုတုန်လာအောင် မင်းလုပ်ချင်လို့လား၊ ဟင်၊ ဟုတ်လား'

ဟော်လီ သူ့ကိုကြည့်၏။ သူ့စကားလုံးတွေက ဟာသနှောနေသော်လည်း သူ့မျက်လုံးများက အနူးအညွတ်တောင်းပန် တိုးလျှိုးနေသည် ကိုတွေ့ရ၏။

'ရှင့်ကို ကျေးဇူးတင်ကြောင်းပြောဖို့ စကားလုံးတွေတောင် ဘယ်လိုရှာရမှန်း မသိတော့ပါဘူးရှင်'

'တို့ကို နှုတ်ဆက်ခွဲခွာစကား မပြောနဲ့၊ တို့ဆီက မင်းထွက်ခွာသွားဖို့ကို တို့ကတော့ ခွင့်မပြုဘူး'

'ကျွန်မ သွားမှဖြစ်မယ် ခရစ်စတီယံ၊ ကျွန်မကို ကူညီပါနော် ကျွန်မသွားနိုင်အောင် တဆိတ်လောက်ကူညီပါ'

ဟော်လီ စကားကြောင့် ခရစ်စတီယံ အကြီးအကျယ် အံ့အားသင့်သွားသည်။ မျက်ခုံးတွေ မြင့်တက်သွားသည်။ သူ့မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ခုလောက် ပြာမှိုင်းနေသည်ကို ဟော်လီတစ်ခါမျှ မမြင်စဖူး။

'တို့ဆီက ထွက်သွားနိုင်အောင် မင်းကိုကူညီရမယ် ဟုတ်လား၊ တစ်သက်လုံး မကူဘူး။ မင်းထွက်သွားယင် တို့ကိုယ်တိုင် ကျုံးထဲ ခုန်ချပစ် လိုက်မယ်၊ မင်းတစ်သက်လုံး စိတ်ထဲမှာ အဲဒီအဖြစ် အပျက်ကြီး အရိပ်မိုးပြီးနေပေတော့'

'ခရစ်စတီယံရယ်၊ လေးလေးနက်နက် စဉ်းစားစမ်းပါကွယ်'

'ကောင်းပြီ'

ချက်ချင်း ဣန္ဒြေကြီးတစ်ခွဲသားဖြစ်သွားသည်။ ဟော်လီ၏ လက်နှစ်ဖက်ကို ဆွဲကိုင်သည်။

'တို့ဟာ မင်းကိုစောင့်မျှော်နေခဲ့တာ၊ မင်းကိုရှာဖွေနေခဲ့တာ၊ မင်းကို အိပ်မက်မက်နေခဲ့ရတာ'

ဟော်လီ လက်တွေပြန်ရုပ်လိုက်၏။ မေ့ပျောက်နိုင်စွမ်းမရှိသေး သည့်စကားလုံးများ။ သည်စကားလုံးများက သူ့ရင်ကို နာကျင်စေ ပြန်ပြီ။

'မမျှော်လင့်နဲ့ ခရစ်စတီယံ၊ မမျှော်လင့်ပါနဲ့လားကွယ်'

'မင်းပဲပြောတယ်၊ လေးလေးနက်နက် စဉ်းစားပါဆို၊ မင်းရဲ့ တောင်းဆိုချက်ကို တို့ တန်ဖိုးထား လေးစားတယ်၊ မင်း ပြောတဲ့စကား ကို တို့ကြိုဆိုတယ်'

ကျွန်မဘယ်ကလာတယ် နောက်ပြီး ဘာဖြစ်လို့ ကျွန်မ ဘဝကို နိဂုံးချုပ်စေချင်တယ် ဆိုတာတောင် ရှင်သိလို့လား။ အဲဒီ အကြောင်း တွေကို ရှင်တစ်ခါမှ ကျွန်မကို မမေးခဲ့ဖူးဘူး' ...

'တို့ ဘယ်တော့မှ မမေးဘူး'

ပြတ်ပြတ်သားသား ပြောသည်။ ဟော်လီကို သူနှင့်မျက်နှာ ချင်းဆိုင်ဖြစ်အောင် အသာအယာဆွဲလှည့်သည်။





'တနင်္လာနေ့ကျယင် ကိုယ့် ဖျော်ဖြေပွဲအတွက် ခရီးစထွက် ရမယ်၊ မင်း တို့ နဲ့လိုက်ခဲ့နော်'

ဟော်လီ ခေါင်းကို အသည်းအသန် ယမ်းခါသည်။ တစ်ခါ တုန်းကလည်း ခုလိုပင် ဘဝလှလှလေးတစ်ခု 'ပျက်စီးလုခမန်း ကြုံခဲ့ရပြီ မဟုတ်လား။

'ကျွန်မ ရှင့်ကိုပျော်ရွှင်မှု ပေးနိုင်မှာ မဟုတ်ဘူး၊ ကျွန်မက ဘယ်လောက်ပဲ ပျော်ရွှင်စေချင်ပေမယ့်၊ ရှင့်ကျေးဇူးတွေ ကျွန်မ အပေါ် ဘယ်လောက်ပဲ များနေပေမယ့် ...'

'မင်း ဘာမှကျေးဇူးဆပ်စရာမလိုဘူး'

ခရစ်စတီယံ ဒေါနှင့်မောနှင့်ပြော၏။ သူက ဟော်လီကို သူ့ရင်ခွင်တွင် ဆွဲကပ်ထား၏။ ဟော်လီကို ငုံကြည့်နေ၏။

'အချစ်ကလေးရယ်၊ တို့ဆီက ထွက်မသွားနဲ့လားကွယ်'

'ဩော် ... ခရစ်စတီယံရယ်၊ ကျွန်မခွဲခွာသွားချင်တယ် လို့များ ရှင်ထင်နေသလားဟင်'

သည်တော့ သူဟော်လီကို နမ်း၏။ မက်မက်မောမော၊ ပြင်းပြင်း ပြပြ။ ထို့နောက် သူ့ကိုယ်ကိုခွာလိုက်၏။ ဟော်လီ့မျက်လုံးများတွင် အံ့ဖြေရှာကြည့်၏။

'ခရစ်စတီရယ်'

ဟော်လီ ညည်းတွား၏။

'ရှူး . . .'

ယုယုယယ ပြော၏။ ဟော်လီ့စကားကို ဖြတ်ပစ်၏။

'တို့က သန္နိဋ္ဌာန်ပြတ်တဲ့ ခရစ်စတီယံ' လို့ လူသိများ ထား တဲ့လူ၊ မင်းတို့ကို စွန့်ခွာသွားလို့ မရဘူးမှတ်'

သည်တစ်ခါတွင်မူ ဟော်လီ့ လက်မောင်းများက သူ့လည်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကို ရစ်ခွေသိုင်းဖက်လာ၏။ သူ့မျက်နှာကို ဆွဲယူသည်။ သူက ဟော်လီကို ပိုင်ပိုင်နိုင်နိုင်ကြီး ထွေးပွေ့လိုက်၏။ ဟော်လီ့ အနမ်းကို တုံ့ပြန်သည်။

ပူလောင်ပြင်းပြသော ထိုတဒင်္ဂတွင် ဟော်လီပါကာအင်ဒါဆင် အရာရာကို မေ့လျော့သွားတော့၏။

×

ခရစ်စတီယံတော်ဘင်၏ ကားမှာ လူလေးယောက်စီး အိုပယ် အမိုးဖွင့်ကားလေး။ သူတို့နှစ်ယောက်က ရှေ့ခန်းမှာ ထိုင် သည်။ အထုပ် အပိုးများကို နောက်ခန်းတွင် တင်သည်။ ခရစ်စတီယံ၏ ဖျော်ဖြေပွဲ ခရီးစဉ်၏ ပထမမြို့ဖြစ်သည့် အယ်လ်စီနိုသို့ သွားကြမည်။

သည်နေ့ကား နေသာသောနေ့။ ကောင်းကင်ပြာကြီးက သူ တို့ခေါင်းပေါ်မှာ။ ခရစ်စတီယံ အရမ်းမြူးကြွနေသည်။ ဟော်လီ ကိုယ်တိုင်သည်ပင် ပစ္စုပ္ပန်၏ အိပ်မက်တွေထဲ စိတ်ကို မျှောထား လိုက်၏။ ခရစ်စတီယံက တာမ်းခြေလမ်းကြမ်းပေါ်တွင် အိုပယ် ကားလေးကို ထိန်းမောင်းရင်း လက်တစ်ဖက်ဖြင့် ဟော်လီ့ပခုံးကို ဖက်ထားသည်။ ဟော်လီက ခရစ်စတီယံ ကိုယ်ဆီသို့ ပူးကပ်တိုး ဝင်နေ၏။ နွေးထွေးစွာ အပူအပင်ကင်းစွာ ဟုတ်ပါသည်။ ချစ်ခြင်း မေတ္တာတရားသည် လူတစ်ဦးတစ်ယောက်၏ သောက ဝေဒနာများ ပျောက်ကင်းကုန်အောင် ကုစားနိုင်စွမ်း ရှိပါသည်။

ခရစ်စတီယံတော်ဘင်က လမ်းတစ်လျှောက်လုံး မြူးပျစွာ သီချင်းတွေ ဆိုလာသည်။ သည်လူကား တေးဂီတနှင့်အပျော် အပါးကို ဖက်ပြီးမွေးဖွားလာသူ ပါတကား။

ထိုညတွင် ဟော်လီသည် အတိတ်ဟောင်းဆီသို့ ပြန်လည် ခရီးဆန့်မိ၏။





ကြုံကြိုက်ချင်တော့ ခရစ်စတီယံ၏ လိပ်ပြာတောင် လည် စည်းကလေးကို ဟော်လီကစည်းပေး၏။ သို့သော် အလုပ်မဖြစ်။ ထိုအခိုက်မှာပင် အမှတ်ထင်ထင် ဖြစ်ရပ်ကလေးကို ဟော်လီပြန်ပြီး သတိရမိသည်။ ကလေးတန်ကြီး အရေးပါသော သံခင်းတမန်ခင်းကိစ္စများ သွားတော့မည်ဆိုတိုင်း ဟော်လီ လည်စည်းစည်းပေးနေကျ။ သို့သော် တစ်ခါမျှ အချိုးမပြေခဲ့။

သို့ပေမယ့် ခုဟာက ခရစ်စတီယံတော်ဘင်ပဲ။ ဟိုလူနှင့် လုံးဝမတူ၊ တမူခြားသူ၊ သည်လူက သူလိုချင်သည့် အရာကို အရ ယူရာ၌ ညင်သာသည်။ သို့သော် အင်နှင့်အားနှင့်ယူသည်။

ဟော်လီ လည်စည်းနှင့် အချိုးမပြေဖြစ်နေတော့ သူက ကျီစယ်သလို ငုံ့ကြည့်သည်။

'နောက် တစ်နာရီလောက်ဆို တို့စင်ပေါ်တက်ရတော့မယ်၊ အဲဒီအချိန်လောက်ဆိုယင်ကော တို့လည်စည်း စည်းလို့ပြီးပါဦးမလား ဟင်'

'သိပ်တော့ အာမမခံနိုင်ဘူးရှင့်'

ဟော်လီ ငိုညည်းသံဖြင့် ပြော၏။ ခရစ်စတီယံ ပြုံးတော့ ဟော်လီက လည်စည်းကို ကောက်ကာငင်ကာ ဆွဲဖြေပစ်လိုက်သည်။ အသစ်ပြန်စည်းဖို့ ကြိုးစားသည်။

'ယောကျ်ားတစ်ယောက်က ရှေ့ဘက်လှည့်ပြီး ကိုယ့်လည် စည်းကိုယ်ချည်တာတောင် အမြီးအမောက် မတည့်ရင် မိန်းမ တစ်ယောက်က ပြောင်းပြန် မျက်နှာမူပြီး ချည်ပေးရတာ ဘယ်လိုလုပ် အဆင်ချော နိုင်ပါ့မလဲ'

ဟော်လီ နှုတ်ခမ်းစူတော့ ခရစ်စတီယံရယ်သည်။ ဟော်လီ့အား အသံ ဆတ်ဆတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'လည်ပင်းကို လှုပ်မနေနဲ့'

သည့်တော့ ခရစ်စတီယံ တဟားဟား အော်ရယ်ရင်း

'တို့ ကတော့ မင်းကို မြတ်နိုးနေပြီ'

'ဒီစကားမျိုးတွေ ရိုးနေပါပြီရှင်'

ဟော်လီ လွှင်လွှင်ကလေး ပြော၏။

'တို့က မင်းကို အရူးအမူး ချစ်နေတာ'

'ပြောပြော၊ စကားပဲပြောနေ'

'မင်း အတွက်သာဆို ဒီကမ္ဘာပေါ်မှာ တို့ ဘာမဆိုပ်ပါ့မယ်'

ခရစ်စတီယံ မိုးတစ်လုံး လေတစ်လုံး ပြော၏။

'ဒါဆို ကိုယ့်လည်စည်း ကိုယ်စည်းမလား'

'အဲ .. စောစောကပြောတဲ့ အခြေခံမှုနဲ့ ဆိုရင်တော့ တို့ မငြင်းပါဘူး'

ခရစ်စတီယံ မှန်တင်ခုံရှေ့သို့ သွားရပ်သည်။ နောက်ပြီး လိပ်ပြာတောင် လည်စည်းကလေးကို တစ်မုဟုတ်ချင်း လျှောခနဲ စည်းပြ၏။ ဟော်လီ ရယ်မောနေရသည်။

'ရှင့်အိမ်မှာမရှိတုန်း ရှင့်လည်စည်း အဟောင်းတွေနဲ့ ကျွန်မ လေ့ကျင့်လိုက်ပါဦးမယ်'

သူက ခါးကိုင်ပြီး ဟော်လီကို နမ်းသည်။

'တို့ မိန်းမတော်တော်များများနဲ့ တွေ့ခဲ့ဖူးပါတယ်၊ တချို့ မိန်း မတွေကို တို့ချစ်မိတယ်လို့ကို ထင်ခဲ့တာ၊ ဒါပေမယ့် ခုမှသိရတယ် ဟော်လီ၊ တို့ရဲ့အချစ်ဦးဟာ မင်းပါကွယ်၊ မင်းပါပဲ'

'သိပ်ပြီး နှင့်နေအောင်ချစ်တာဟာအမှားတစ်ရပ်ပဲ ခရစ်စတီယံရေ'





ဟော်လီ ကြေကွဲစွာပြော၏။ သူက ဟော်လီကို ခပ်မြှုံးမြှုံး ကြည့်လျက်

'မင်းက တို့ကို ချစ်မှုရေးရာ သင်တန်းပို့ချနိုင်မယ်လို့ မင်း ကိုယ်မင်း ထင်နေလို့လား'

ရှင်ဟာ အသည်းကောနှလုံးသားပါ ပုံအောပေးအပ်ထား မိယင် အဲဒီ အချစ်ဇာတ်လမ်းလဲ ဆုံးသွားရော ရှင့်နှလုံးသားမှာ နောက်ထပ် ခိုလှုံခွင့် ပေးဖို့နေရာ မရှိတော့ဘူး၊ ကျွန်မက သိလို့ ပြောနေတာရှင်၊ ကျွန်မ ပြောတာကို ယုံစမ်းပါ'

'ဟော့ . . တို့နှလုံးသားကို တို့ပိုင်တယ်၊ ပုံအော ပေးချင် ပေးမယ်၊ မပေးချင် မပေးဘူး'

ခရစ်စတီယံ ယုံကြည်ချက် ပြင်းပြစွာ ပြောသည်။

'ဒီတော့ တို့နှလုံးသားကို မင်းကို ပေးတယ်၊ ပုံအော ပေး တယ်ကွာ၊ ဘာဆိုဘာမှ ချန်မထားဘူး တို့ကလက်ဖွာတဲ့ ကောင်ကွ'

သည်လူကား အလွန်မတန် စိတ်ကူးယဉ်တတ်သူ၊ အလွန် မတန် လိုက်လှဲဖော်ရွေသူ၊ အလွန်မတန် အနစ်နာခံရက်ရောသူ၊ ဟော်လီ အပြုံးဖြင့် သူ့ကိုမော်ကြည့်၏။ သူ့စကားကို ပြင်ပြောသည်။

'ရှင်က လက်ကြီးတဲ့ လူပါ'

'သိပ်ဟုတ်တာပေါ့၊ နောက်ပြီး သိပ်ပျော်နေတဲ့ လူတစ်ယောက် လေ'

ကြည်သာရွှင်ပျပြောရင်း ဟော်လီကို ပွေ့ဖက်လိုက်၏။

ဟော်လီကတော့ အလိုက်သည်းလိုက် ဆုတောင်းမိပါသည်။ ခရစ်စတီယံတစ်ယောက် သည်လိုပဲ အမြဲပျော်ရွှင်နေနိုင်ပါစေဟု။

×

ပြိုင်ကားလေးသည် ဒီနီးမတ်ကျေးလက်ပိုင်းကို လှည့်ပတ်မောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင်ဖို့ အကောင်းဆုံး အနေအထား ဖြစ်နေ၏။ ခရစ်စတီယံ ကတော့ တဝိုးဝိုးတိုက်ခတ်နေသည့် လတ်ဆတ်သန့်ရှင်းသော လေသည်သာ သူ့ဘဝမှာ အရေးကြီးဆုံးဖြစ်သည့်ပမာ မြူးရွှင်နေ၏။ သို့ပေမယ့် ဟော်လီက သည့်ထက်ပိုပြီး သိနားလည်နေပါသည်။ အယ်လ်စီနိုတွင် ပြုလုပ်ခဲ့သည့် ဖျော်ဖြေညခံပွဲမှာ အရမ်းအောင်မြင်သည်။ နံနက် ပိုင်းထုတ် သတင်းစာများက ခရစ်စတီယံကို ဩဘာပေးကြသည်။ တစ်ဘုံတစ်နန်း ချီးပကြသည်။ ခရစ်စတီယံကို စန္ဒရားပညာပိုင်းတွင် တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သူဟု ဂုဏ်ပြုပန်းကုံးများ စွပ်ကြသည်။

သို့သော် သည်ရက်များအတွင်းမှာတော့ သူ့စိတ်ကို စိုးမိုးနေသည်မှာ သူအလိုချင်ဆုံး၊ သူ အတမ်းတဆုံး ဆန္ဒတစ်ခုမျှသာ။

'ဒီနေ့ မနက်ထုတ် သတင်းစာတွေ တို့ဖတ်ပြီးပြီကွ၊ သတင်းစာအားလုံးကပဲ မင်းနဲ့တို့ကို အသားပေး ရေးကြတာ ကလား။ တို့နှစ်ယောက်ဟာ စိတ်ဝင်စားစရာ သတင်းတစ်ခု ဖြစ်နေကြောင်း တစ်ကမ္ဘာလုံးက ဖတ်လို့ရအောင် ကြော်ငြာပေးလိုက်တာပဲပေါ့'

'ဟုတ်လား'

'တို့ နှစ်ယောက်အကြောင်းသာ တစ်ကမ္ဘာလုံး ဟိုးလေးတကျော် ဖြစ်သွားရင်တော့ မင်းသိက္ခာကို ဆည်တဲ့အနေနဲ့ မင်းကိုတို့ လက်ထပ်ယူရမှာပဲ'

'အဲဒီစကားမျိုးတွေ မပြောစမ်းပါနဲ့ရှင်'

'စိတ်မဆိုးနဲ့နော်၊ အဲဒီ တီးတိုးသတင်းတွေ ထွက်လာတော့ တို့နည်းနည်း ဘဝင်မြင့်သွားလို့ပါ၊ စိတ်မချမ်းမသာ မဖြစ်ပါနဲ့ကွာ'

ဟော်လီသူ့ဘက်မလှည့်။ ကိုယ့်မျက်လုံးတွေ သူမြင်တွေ့





မသွားစေချင်။

'တခြားအကြောင်း ပြောပါလား ခရစ်စတီယံ၊ ကျွန်မ အဲဒီအကြောင်းတွေ သိပ်မပြောချင်လို့ပါ'

'တို့ တကယ် စိတ်မကောင်းပါဘူး၊ အချစ်ကလေးရယ်'

သည်အကြောင်း နောက်ထပ်မပြောကြတော့၊ အိုပယ်ကားလေးသည် ကွေ့တစ်ကွေ့ကို ကွေ့ဝိုက်မောင်းနေ၏။ နေရောင်အောက်တွင် ပြောင်လက်ရွှန်းပလျက်။ ဟော်လီက ရှေ့တည့်တည့်ကိုပဲ စိုက်ကြည့်နေသည်။ သူတို့၏ အချစ်ဇာတ်လမ်းအကြောင်း မစဉ်းစားမိအောင်အားထုတ်နေသည်။ သူတို့၏ အချစ်ဇာတ်လမ်းက သာမာန်ဇာတ်လမ်းမဟုတ်၊ လူသိရှင်ကြား ဖြစ်နေသည့်ဇာတ်လမ်း၊ အောင်မြင်ကျော်ကြားသော ခရစ်စတီယံတော်ဘင်နှင့် ပတ်သက်နေသည့် အချစ်ဇာတ်လမ်း။ အောင်မြင်ကျော်ကြားသူတစ်ဦး ချစ်ရေးချစ်ရာကိစ္စပေါ်ပေါက်လျှင် သတင်းစာ၊ စာစောင်တွေက သူတို့ဓာတ်ပုံများကို ဖော်ပြလေ့ ရှိကြသည်။

ထို့အတူ ထိုလူတွေ ချစ်မြတ်နိုးသည့် အရာဝတ္ထုများ၏ ဓာတ်ပုံများကိုလည်း ဖော်ပြလေ့ရှိကြသည်။

ဟော်လီ ခေါင်းတွင်စည်းထားသည့် ပိုးပဝါကလေးကို ပိုပြီးတင်းသွားအောင် ဆွဲချည်လိုက်သည်။ ရုတ်တရက် ကျောထဲစိမ့်သွားသည်။ ရင်ထဲမှာတော့ ဖိုလှိုက်လျက်။ နောက်ပြီး ကြောက်ရွံ့ထိတ်လန့်စိတ်များ ဝင်လာသည်။ နေမင်းကြီးက ကောင်းကင်ပြင်မှာ မရှိတော့။

သူ့ဓာတ်ပုံများ၊ သတင်းစာတွေထဲပါလာသည်ကို အက်စ်တဲလ်ကတော့ နှစ်သက်လိမ့်မည် မဟုတ်။

ထိုညတွင် ခရစ်စတီယံ ဖျော်ဖြေပွဲမှ အပြန်ကို ဟော်လီစောင့်နေမိ၏။ တစ်ညနေခင်းလုံး သူ့စိတ်တွေ ယောက်ယက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အတိတ်၏အရိပ်တွေ၊ တစ္ဆေတွေက သူ့အခန်းထဲ ချဉ်းနင်းဝင်ရောက် နေကြသည်။ သူဘယ်သူလဲ၊ သူဘာလဲဆိုသည့်သတိပေးစကားများဖြင့် သူ့ကို နှိပ်စက်ကလူ ပြုခဲ့ကြသည်။

အခန်းထဲသို့ ခရစ်စတီယံတော်ဘင် ဝင်လာတော့ သူဝမ်းသာအားရ ပြေးဖက်မိသည်။ ခရစ်စတီယံက သူ့ကိုကြင်ကြင်နာနာ ပွေ့ဖက်သည်။ သို့သော် သူ့မျက်လုံးတွေက ဝေဝေမှိုင်းမှိုင်း။

'ဒီညကော အောင်မြင်ရဲ့လား ခရစ်စတီယံ'

'စန္ဒရားဆရာ ပခုံးတွန့်သည်။

'တို့ လက်သံတို့ ကြားတောင်မကြားမိဘူး၊ တို့က တစ်ချိန်လုံးမင်းအကြောင်း စဉ်းစားနေတာ'

သူ့ရင်ခွင်ထဲမှ ဟော်လီကို ဖြေလျော့ပေးလိုက်၏။ ဟော်လီ့မျက်နှာကို ခလေးလေးနက်နက် ကြည့်သည်။

'အချစ်ကလေးရေ၊ မင်းကို ဘယ်တော့မှမေးလား မြန်းလားမလုပ်ပါဘူးလို့ ဆုံးဖြတ်ထားတယ်နော်၊ ဒါပေမယ့် တို့မှာ မေးစရာလေးတစ်ခုတော့ ရှိလာပြီ'

ဟောလီ အကြောတွေ ဆိုင်းသွား၏။ တစ်စုံတစ်ရာတော့ဖြစ်လာပြီဟု သိလိုက်သည်။ ရဲ့ဝံ့သောအပြုံးတစ်ရပ်ကို စိတ်ထဲ တကယ်မခံစားရဘဲ ပြုံးပြလိုက်သည်။

'မေးလေ၊ ကျွန်မဖြေနိုင်သမျှ ဖြေပါမယ်'

ခရစ်စတီယံ ခဏစောင့်နေ၏။ ပြီးမှအလေးအနက် မေးသည်။

'မင်းကိုလက်ထပ်ယူဖို့ ဘယ်သူ့ဆီမှာ ခွင့်တောင်းရမလဲ'

ဟောလီ ချာခနဲလှည့်လိုက်သည်။ ရိပ်သာလမ်းကလေးကို စီးမိုးမြင်နိုင်သည့် ခန်းဆီကာ ပြတင်းပေါက်များဆီသို့ ရည်ရွယ်ချက်မဲ့ လျှောက်သွားသည်။ ခရစ်စတီယံ လိုက်လာသည်။ ဟော်လီကို





ကွေ့ကျော်ပြီး ဟော်လီ့မျက်လုံးများကို စိုက်ကြည့်သည်။ ဟော်လီကမျက်ဝန်းမှ မျက်ရည်များကို တားဖို့ဆီးဖို့ အားထုတ်သည့်အနေဖြင့်မျက်လုံးတွေ မှိတ်ထားသည်။ သို့သော် သူ့ကြိုးစားမှုမှာ အချည်းနှီး။ သူ့ပါးပြင်မှာ မျက်ရည်စများဖြင့် ပြောင်လက်နေသည်။

ခရစ်စတီယံ တုန်လှုပ်သွားသည်။ စိတ်မကောင်းဖြစ်သွားသည်။

'ဘာဖြစ်တာလဲ အချစ်ရယ်'

မျက်လုံးတွေ ဖွင့်လိုက်၏။ သူ့အား စူးစမ်းစွာ ကြည့်နေသည့်ခရစ်စတီယံ မျက်လုံးများကို တွေ့သည်။

'အို ... ခရစ်စတီယံရယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော်'

'ခွင့်လွှတ်စရာ ဘာရှိလို့လဲကွယ်'

'ကျွန်မလေ ... ရင်ခွင်လွှတ်တဲ့ဘဝ၊ အယုအယကင်းငဲ့ဘဝမျိုးကို ထပ်ပြီးရင်မဆိုင်ဝံ့တော့ပါဘူးရှင်၊ ကျွန်မမှာ အသီးကျန်ဘဝကို ငရဲတမျှ ခံစားခဲ့ရပါပြီ၊ ကျွန်မကို ခွင့်လွှတ်ပါနော်၊ ကျွန်မရှင့်ကို နာကြည်းစေလိုတဲ့ဆန္ဒမျိုး လုံးဝမရှိပါဘူး ခရစ်စတီယံရယ်'

ခရစ်စတီယံက ဟော်လီ့ပါးပြင်ကို နှုတ်ခမ်းဖြင့် တယုတယမွှတ်သပ်သည်။

'အချစ်ရယ် .. တို့လေ၊ တို့ကို မင်းချစ်ပါလို့ မတောင်းဆိုပါဘူး၊ တို့တောင်းဆိုတာက မင်းကိုချစ်ခွင့်ပေးဖို့၊ မင်းကိုယုယစောင့်ရှောက်ခွင့်ပေးဖို့ ... ဒါလောက်ပါ'

'ရှင်နဲ့နေခဲ့ရတဲ့ ရက်တွေ လတွေအတွင်းမှာ ကျွန်ကျွန်မ လေ ... ကျွန်မဖြစ်စေချင်သလို ဖြစ်နေတယ်လို့ ခေါင်းထဲမှာကြိုးစားပြီး ယုံကြည်ကြည့်ပါတယ်၊ အတိတ်ကာလတုန်းက ကျွန်မဘာမှမဖြစ်ခဲ့ဘဲ ရှင်နဲ့အတူ ပျော်ပျော်ရွှင်ရွှင် လက်တွဲနေနိုင်ရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်မိုတ် ယုံကြည် ကြည့်မိတယ်လေ'

'မဟုတ်သေးဘူး အယ်လ်ဖဘတ်၊ အတိတ်ကာလ တုန်းက ဆိုတာတွေကို တို့လုံးဝဂရုမစိုက်ဘူး၊ တို့ကမ္ဘာလေးဟာ မင်းနဲ့တို့နဲ့ စပြီးတည်ဆောက်ခဲ့တာ မဟုတ်လား'

'ရှင်နဲ့ကျွန်မနဲ့ဘာကိုမှ စပြီး မတည်ဆောက်ရသေးပါဘူး ကျွန်မ ရှင့်ကို လက်မထပ်နိုင်ဘူး ခရစ်စတီယံ၊ ကျွန်မ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဘူး'

သူ့ကိုယ်ခန္ဓာ နွဲ့နွဲ့လျလျလေးကို ဆွဲယူသည်။ ဖွဖွကလေး နမ်းသည်။ ယခုအခိုက်အတန့်တွင် သူ့ကိုအင်နှင့်အားနှင့် မဆက်ဆံသင့်ကြောင်း ခရစ်စတီယံ သဘောပေါက်သည်။ ခရစ်စတီယံက လေးလံထွေ ပြားနေသည့်စိတ်တွေ ပေါ့သွားအောင် အားထုတ်သည်။

'ကောင်းပြီ၊ ဒီညအဖို့ တို့ကို မင်းငြင်းပယ်လိုက်ပြီ'

လက်နှစ်ဖက် ဖြန့်ကားပြသည်။ ပြီးတော့ ဝိုင်ပုလင်းကို ညွှန်ပြကာ

'တို့များ မနက်ဖြန်အတွက် ရည်စူးပြီး ဝိုင်သောက်ကြရအောင်'

ဟော်လီ ခေါင်းညိတ်၏။ ပါးပြင်ပေါ်မှ မျက်ရည်စများကို သုတ်ပစ်၏။ ပြုံးပြဖို့ ကြိုးစားသည်။ သို့သော် အပြုံးကဖြစ်ထွန်းမလာ။ သူ့ ရှင်တွင်းမှာတော့ ရှုံးနိမ့်ခြင်း အထိမ်းအမှတ် ဗျိုင်းတောင်သံတွေ ဆူ ညံနေ၏။

'တို့ပြောဖူးတယ် မဟုတ်လား'

ခရစ်စတီယံ သူ့စရိုက်အတိုင်း အားနှင့်မာန်နှင့်ပြောသည်။ ရှမ်ပိန်ပုလင်းကို သွားယူသည်။

'တို့ကို သန္နိဋ္ဌာန်ပြတ်တဲ့ ခရစ်စတီယံလို့ လူသိများပါတယ်





လို့'

ရှမ်ပိန်ဖန်ခွက်များ မြှောက်ပြီးတောင်းဆုပြုကြသည်။ ဘာမျှ ထပ်မပြောဖြစ်။ မျက်လုံးချင်း ဆုံတွေ့သည်။ ခရစ်စတီယံ မျက်လုံးများက ပြုံးရယ်လျက်။ ဟော်လီ မျက်လုံးများက မျက်ရည်ဝဲလျက်။

တကယ်တော့ ခရစ်စတီယံ ဘယ်သောအခါမျှ မသိနိုင်မည့်ကိစ္စတစ်ရပ်ကို သူကသိထားသည် မဟုတ်လား။

သူတို့အခန်းထဲတွင် ဝင်ရောက် မောက်ကျော်စော်ကားနေသည့် အတိတ်၏အရိပ်မည်းကြီးများကို 'သန္နိဋ္ဌာန် ပြတ်သည့် ခရစ်စတီယံ' လို စိတ်ဓာတ်အင်အား ကြီးမားလွန်းသူ တစ်ဦးကပင်လျှင် မောင်းထုတ် မပစ်နိုင်ပါချေ။

ဟော်လီ တစ်ယောက် ပြန်လည် အသက်ဝင် လှုပ်ရှားလာနိုင်အောင် ခရစ်စတီယံ၏ မေတ္တာတရားကပင်လျှင် မစွမ်းဆောင်နိုင်တော့ပါတကား။

×

ခရစ်စတီယံ တော်ဘင် ဖျော်ဖြေပွဲခန်းမမှပြန်လာတော့ သစ်ကြားသား ဗီရိုပုကလေးပေါ်တွင် ထောင်ထားသည့် စာအိတ်ကိုတွေ့ရ၏။ သူက ပင်ပန်းနေပြီ။ ဂီတမြတ်နိုးသူများ ဝိုင်းအုံးချီးကျူး နှုတ်ဆက်သူများ အကြောင်း နွမ်းနယ်နေပြီ။ မည်သို့ပင်ဖြစ်စေ ဟော်လီကို သူ့ခေါင်းထဲမှ ဖယ်ထုတ်လို့မရ။ ဖျော်ဖြေပွဲတွင် 'ဂရီ' ၏ တေးကို အထူးအာရုံစိုက် တီးနေရသည့်တိုင် သူလက်ထပ်ခွင့် တောင်းစဉ်က စိတ်ဒုက္ခရောက်နေသည့် ဟော်လီမျက်နှာကလေးကို စိတ်ထဲမှ ဖျောက်လို့မရ။

စာအိတ်ကို ချက်ချင်းတန်းမြင်သည်တော့ မဟုတ်။ အိမ် ပြန်ရောက်ရောက်ချင်း ဟော်လီနာမည်ကို တကြော်ကြော်အော်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရင်း တစ်ခန်းဝင် တစ်ခန်းထွက်လိုက်ရှာသည်။ နောက်ဆုံး ဘယ်အခန်းမှာမှ မတွေ့ရမှ ဗီရိုကလေးပေါ်မှ စာအိတ်ကို သတိပြုမိခြင်းဖြစ်၏။ ဟာလာဟင်းလင်း ဖြစ်နေသည့် ခုတင်ကြီးက သူ့ကိုခြောက်လှန့်နေ၏။ အိပ်ခန်းတခန်းလုံး ရှင်းနေသည်ကို တွေ့ရတော့ တုန်လှုပ်ချောက်ခြားသွားသည်။ ဘာဆိုဘာမျှ မရှိတော့ပါကလား။ ဟော်လီ၏ တောက်တောက် ပပ အဝတ်အစားတွေ၊ ကုတ်အင်္ကျီတွေ၊ အဝတ်အစားသေတ္တာတွေ၊ သူ ချစ်မြတ်နိုးသည့် မိန်းမအသုံးအဆောင်များထည့်သော အဝတ်ဗီရို ကြီးကို ငူငူငိုင်ငိုင်တွေလိုက်ရတော့ သူ့ရင်ထဲနင့်သွားသည်။ အထီးကျန် ဝေဒနာက နှလုံးသားသို့တိုင်စူးဖောက်ဝင်ရောက်လာသည်။

'အချစ်ကလေးရေ'

တီးတိုးရေရွတ်မိ၏။ ထိုနောက် သည်စကားလုံးကလေးကိုပင် သောကဝေဒနာ တစ်ရပ်အဖြစ် ကြွေးကြော်မြည်တမ်းမိ၏။

'ဟေး . . . . အချစ်ကလေး'

ထူးသံကားပေါ်မလာ။

ထိုအခါတွင်မှ မလှုပ်မချောက် ငြိမ်နေသည့်စာအိတ်ကလေးကို တွေ့လိုက်ရ၏။

သူ့တစ်ကိုယ်လုံး ပူထူသွား၏။ လက်ချောင်းကလေးတွေ တုန်ယင်နေ၏။ ညဉ့်ဦးပိုင်းကပင် ပြောင်မြောက်သော ဂီတသံများကို ဖန်တီးခဲ့သည့် ပဥ္စလက် လက်ချောင်းကလေးများ။ သည်လက်ချောင်းကလေးများဖြင့်ပင် စာအိတ်ထိပ်ပိုင်းကို ဆွဲဆုတ်ပြီး ဖွင့်သည်။

ဟော်လီ လက်ရေးဖြင့် ရေးထားသည့် စာကြောင်းများ။ သူ့မျက်စိထဲတွင် တရိပ်ရိပ်ထနေသည့် တံလှပ်ကို ကြည့်မိသလို ဝေဝါးနေ၏။ ခေါင်းကို ခါယမ်းပစ်၏။ စာ၏အဓိပ္ပာယ်ကို နားလည်





အောင်ကြိုးစား၏။ ဟော်လီပြောချင်တာကို အဓိပ္ပာယ်ဖော်နိုင်အောင် အစွမ်းကုန် အားထုတ်၏။

သည်စာကား သူဖတ်ဖူးသမျှ စာတွေထဲတွင် ကြေကွဲစရာအကောင်းဆုံး စာတစ်စောင်။ ကဗျာဆရာတွေ ရေးဖွဲ့ခဲ့ဖူးသည့် ကဗျာတွေထဲတွင် လွမ်းမောစဖွယ် အကောင်းဆုံးကဗျာတစ်ပုဒ်။ အပစ်ပယ် ခံဘဝကိုဖော်ကျူးထားသည့် ခါးသီးသော ဘဝ၏အနှစ်သာရကို ရှာမရသော စကားလုံးများ။

ကျွန်မချစ်ရပါတဲ့ ခရစ်စတီယံရေ . . .

ရှင်ဟာ လှိုက်လှဲပျူငှာတဲ့၊ ကြင်နာတတ်တဲ့ လူ၊ နောက်ပြီး မေတ္တာတရားကြီးမားလှတဲ့ လူတစ်ယောက်ပါ။ ကျွန်မနဲ့အတူ နေရလို့ရှင် ဘယ်တော့မှ မရနိုင်တဲ့ ဆုကောင်းလာဘ်ကောင်းတွေကို ရှင်ရပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်။ အဲဒီဆုတောင်းလာဘ်ကောင်းဆိုတာတွေကတော့ ဂျစ်ပစီတစ်ယောက်ရဲ့ စိတ်ဓာတ်မျိုး မွေးနိုင်တဲ့ ဇနီး မယားတစ်ယောက်ရယ်၊ ရှင့်မျိုးဆက်ကို ဆက်လက်ထိန်းသိမ်းနိုင်မယ့် သားတစ်ယောက်ရယ်ပေါ့၊ အချစ်နဲ့တူထောင်တဲ့ ဘဝတစ်ခုကို မျှော်မှန်းပါ။ ကျွန်မက ဘဝသေနေတဲ့သူ၊ ကျွန်မက အသက်ရှုရုံသက်သက် ရှင်သန်နေတဲ့ရသူ။ နှုတ်ဆက်ခဲ့ပါတယ် ခရစ်စတီယံရေ၊ နှုတ်ဆက် ခဲ့ပါတယ်။ ကျွန်မနဲ့အတူ ယူဆောင်သွားခွင့်ရတဲ့ သတိရတမ်းတစရာတွေ အတွက် ကျေးဇူးတင်လျက်ပါ။

ရှင့်ကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး။

စာတိုကလေးကို ငူငူငိုင်ငိုင်ကြီး ကြည့်နေမိ၏။ အသော့ရေးထားသည့် စာကြောင်းများထဲတွင် မျှော်လင့်စရာ တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား ရှာဖွေကြည့်၏။ မျှော်လင့်စရာကား နတ္ထိ။

ခရစ်စတီယံတော်ဘင်က စွမ်းပကားကြီးမားလှသော သူ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကြီးကို ကောင်းကင်ယံဆီသို့ မော်၏။ ကြောက်ခမန်း လိလိ စကားလုံးများဖြင့် သစ္စာတိုင်စကားတစ်ရပ်ကို ဟစ်ကြွေးကျိန်ဆို လိုက်၏၊ သို့သော် သူ၏ဟစ်ကြွေးသံကား အပစ်ပယ်ခံတစ်ဦး၏ ငိုကြွေးသံမျှသာ။ အချစ်ကိုဆာလောင်မွတ်သိပ်နေသော်လည်း ဖြည့်ဆည်း ပေးခြင်းမခံရသည့် နှလုံးသားတစ်ခု၏ ပေါက်ကွဲ မြည်တမ်းသံမျှသာ။

ဝိုင်းစက်လှပသော သူ့မျက်လုံးတွေ မျက်ရည်များကြောင့် အရောင်လက်လက် တောက်နေ၏။ အနာဂတ်ဘဝအတွက် သူ ပေါင်းသင်ရေလောင်းထားသည့် ပန်းဥယျာဉ်လှလှကလေးသည်လည်း အခိုးအငွေ့ များဖြစ်သွားပြီ။ ဟော်လီ၏ခွဲခွာခြင်းနှင့်အတူ အငွေ့ပျံ ပျောက်ကွယ်သွားသည့် တံလှပ်များပမာ။

သူ၏ အချစ်ဇာတ်လမ်းတစ်ပုဒ် အဆုံးသတ်သွားပါပြီးကော။

× × ×

## အခန်း ( ၁၆ )

ကမ္ဘာပေါ်တွင် အရပ်အတန့်မရှိ ရွေ့လျား လှုပ်ရှားနေသည့် တစ်ခုတည်းသော အရာမှာ အချိန်၊ အရာရာတိုင်းသည် အနေးနှင့် အမြန်ဆိုသလို ရပ်တန့်ရသည်ချည်း။ သို့သော် အချိန်ကတော့ ရပ်တန့်ခြင်းမရှိ။ အချိန်က ရွေ့လျားနေမြဲ၊ ရှေ့သို့ ခရီးဆက်နေမြဲ၊ ကမ္ဘာ လောကကြီးထဲတွင် ဖြစ်ပွားပေါ်ပေါက်နေသည့် ချောက်ချားစဖွယ် အရှုပ်အထွေးများကိုလည်း မမှု။

ဟော်လီကတော့ အချိန်ကာလ၏ အရေးပါမှုများ ဆိတ်သုန်းနေသည့် ကမ္ဘာထဲတွင် ရှင်သန်နေပါသည်။ လောကဆိုသည်မှာ သူ့အတွက်ခရီးသွားဖို့ ၊ ဂျိနီဗာဘဏ်တွင်သီးသန့်ဖွင့်ထားသည့် ဘဏ်စာရင်းမှ ငွေတွေ အမြောက်အများထုတ်ယူဖို့။ ဒါပါပဲ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးနေသည်။ အတိတ်၏ အရိပ်များကို ဖြတ်ထားခဲ့နိုင်အောင် အားကုန်သွန်ပြေးနေ၏။ သို့ပေမယ့် သူ လွတ်အောင်မပြေးနိုင်ပါ။

သူသည်ရထားတွေတစ်စီးပြီးတစ်စီးစီးနိုင်ခဲ့၏။ ဟိုတယ်တွေ တစ်ခုပြီး တစ်ခုတည်းခဲ့သည်။ ဒေသတွေ တစ်နေရာပြီး တစ်နေရာ ပြောင်းခဲ့၏။ သူ ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ သူ့နောက် တွင် ခြေရာ လက်ရာဆိုလို့ ဘာမျှမကျန်ခဲ့။ ပြစ်မျိုးမှည့်မထင် လုပ သော အမျိုးသမီး တစ်ယောက် အဖြစ်မှလွဲ၍ ဘာဆိုဘာမျှ သဲလွန်စ မကျန်ခဲ့။

ဘဝကိုအရှုံးပေးရသော ရှေးဦးလူများ ထုံးစံအတိုင်း သူလည်း အရက်သောက်ဖြစ်ခဲ့သည်။ ပထမတော့ မေ့ပျောက်နိုင်စွမ်းဖို့။ နောက် အရသာခံဖို့။ နောက်တော့ မသောက်ရ မနေနိုင်လို့။ နောက်ဆုံး တော့ သေရည်သည် သူ့အတွက် မရှိမဖြစ်သော အဖော်မွန် တစ်မျိုး ဖြစ်လာ ၏။

ပို၍ဆိုးသည်မှာ သူ့အတွက် တည်တည်တံ့တံ့ အဖော်မွန် ဟူ၍ မရှိခြင်းပင်။ သူ့ဘဝထဲသို့ ခရီးသွား ဟန်လွှဲ ဝင်ရောက်လာသည့် ယောကျ်ား သနာများမှာလည်း တစ်ပင်မှ တစ်ပင် ကူးနေသည့် လိပ်ပြာ ကလေးများပမာ ဖြစ်နေ၏။ ဟော်လီကလည်း တခဏ အဖော်များ အဖြစ်သာ သတ်မှတ်၏။ သည်လို မသတ်မှတ်လို့ကော ဘာလုပ်မလဲ ဣန္ဒြေကြီး တစ်ခွဲသားဖြင့် မိန်းမသိက္ခာကို စောင့်ထိန်း နေရမလား၊ စောင့်ထိန်းစရာ အကြောင်းကော ဘာများရှိလို့လည်း။ ကိုယ့်ကိုယ်ကို ပြစ်တင် ရှုတ်ချနေစရာမလို။ သည်လိုပြစ်တင် ရှုတ်ချခြင်းမျိုးကအရှုက်ကြီးလွန်းသူတွေ၊ ဟန်ဆောင်တတ်လွန်းသူ တွေ၊ ကျူးလွန်လေ့ရှိသည့် ပြစ်မှုပါ။ မရယ်ရသည့် ဟာသစကားတွေပါ။ တကယ်တော့ သူ့ဘဝက အချစ်သေနေသည့် ဘဝ။ ဘယ်သောအခါမျှ





အချစ်အပေါ် မှီတည်ပြီး ဘဝကို တည့်ဆောက်လို့ မရနိုင်သည့် ဘဝ။ သည်လို ဘဝမျိုး ရောက်နေမှတော့ အချစ်နှင့် ပါတ်သက်သည့် အကျိုးမဲ့ ကိုယ်ကျင့်တရားတွေကို ဘာကိစ္စ ဖက်တွယ်နေရတော့မလဲ။ ဖက်တွယ်နေလို့ကော ဘာထူးလာ မလဲ။ ခြောက်ပြစ်ကင်း သဲလဲစင် မိန်းမတစ်ယောက်အဖြစ် သူ့ကိုယ်သူ သက်သေထူပြနေတော့ကော သူ ဘာဖြစ်လာမှာမို့လဲ။

တစ်ခုတော့ရှိသည် သူ့အိပ်ယာထဲ ရောက်ရောက်လာသည့် ခပ်ဖြောင့်ဖြောင့် သူစိမ်းများက သူ့ဆီမှ ငွေအသပြာများ ခိုးခိုး သွားတတ်သည်။ ခိုးပါစေလေ ခိုးတော့ကော ဘာဖြစ်သေးလဲ။ သူက ချမ်းသာ ကြွယ်ဝပြီး လှပ ချောမောသော မိန်းမတစ်ယောက် မဟုတ်ပါလား။ အဲ . . တောတောပေပေ နေလွန်းသဖြင့် မျက်နှာ အလှကတော့ မဆိုသလောက် ကလေး ယိုယွင်းစပြုနေပြီပေါ့။ သည်မျက်နှာပေါ်တွင် ကျန်ရှိနေဆဲ အလှအပများ၊ အပေါ်မှာတော့ စိတ်ဆင်းရဲမှု အရိပ်များ ထင်နေသည်ပေါ့။ ဘာပဲဖြစ်ဖြစ်လေ၊ ဥရောပတိုက်လို ဝံပုလွေအုပ်များ ရှိသည့် နေရာမျိုးမှာ သည့်အဖြစ် မျိုးတွေက မဆန်းလှ။ ဝံပုလွေများအဖို့တော့ တရားမျှတသည့် လုပ်ရပ်ပဲ မဟုတ်လား။

ဟော်လီက သည့်ပွဲတွေကို သူ့မှာရှိသမျှ အကုန်ပုံအော ပြီး နွှဲသည်။ သည်လို နွှဲလို့ရအောင်လည်း ဆွစ်ဇာလန်ရှိ ဘဏ် စာရင်းက အထောက်အကူ ပြုနေသည်လေ။ သူ့ဘဏ်စာရင်းတွင် ထည့်ပေးထားသည့် ငွေပမာဏမှာ အတိုင်းအဆမရှိ သူကြိုက်သလို သုံးဖို့ ဖြုန်းဖို့ အဆင်သင့်။

ဘယ်နေရာ ဘယ်ဒေသရောက်ရောက် ဟော်လီ ညကလပ် များသို့ သွားသည်။ စားပွဲတွင် တစ်ယောက်ထည်း ထိုင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင် တစ်ဝက်ကျိုးနေပြီဖြစ်သည့် ယမကာ ပုလင်းများ ထောင်ထားလေ့ရှိ၏။ သူ့မျက်လုံးများက ယစ်ရွှေရည် ပုလင်းကို စူးစိုက်စွာ ကြည့်လျက်။ ခါတ်လုံးပေါ်မှ နိမိတ်လက္ခဏာများကို ဖတ်နေသူ တစ်ဦးပမာ ညီ့ကြိုတွေ စားပွဲထိုးချုပ်တွေ သူ့ကို တဖြည်းဖြည်း နားလည်လာကြသည်။ ဟော်လီကား ဘဝကို စိတ်ပျက်ငြီးငွေ့နေသူ။ လောကကြီးကို ဒေါသထွက်နေသူ။ အရှုံးဘဝကို လက်တွေ့ ရင်ဆိုင်နေရသူ။

မည်သို့ဖြစ်စေ သူသည် စားပွဲတွင် တစ်ကိုယ်တည်း ကြာရှည် ကြာမြင့် နေထိုင်ရလေ့မရှိ။ တစ်စုံတစ်ယောက်က သူ့အားမြင်တွေ့သွားမည်။ ထိုအခါ သူ့အတွက် မဆန်းတော့သည့် ဇာတ်လမ်းကလေး စလာတော့သည်။ အတွဲမပါ သားကောင်ရှာနေသော ယောကျ်ား တစ်ယောက်ယောက်က သူ့စားပွဲဘေးနားတွင် ရပ်မည်။ မျက်စိတွေ မှေးပြီး သူ့ကို အကဲခပ်မည်။ အထာပေါက်သော အပြုံးတစ်ရပ်ကို ဆင်မြန်း ထားမည်။

ထိုညအဖို့ သူ့အိပ်ရာထဲသို့ နောက်ထပ် တစိမ်းတစ်ဦး ရောက်လာပြန်သည်။ ယစ်ရွှေရည်တန်ခိုးကြောင့် မူးနောက် ဝေဝါးနေသည့် ဟော်လီက အသိဉာဏ်ထဲတွင် ထိုလူများ၏ မျက်နှာ များကို မှတ်မိဖို့ ဝေးစွ နာမည်များကိုပင် အစပြန်ဖော်လို့ မရတတ်။

ထိုလူတွေ အားလုံးလိုလိုပင် သူ့ဆီမှ ခိုးဝှက် သွားတတ်ကြသည်ချည်း။ ဟော်လီသည် အလွန်မတန် လွယ်ကူသည့် အမဲ တစ်ကောင်တည်း။

နောက်ဆုံး ငွေကုန်သွားတော့ သူက ဘဏ်သို့ ငွေလွှဲစာ တစ်စောင် ထပ်ပို့ ပေးလိုက်ရုံပေါ့။ နှစ်တွေ ကြာသည်ထက် ကြာတော့ သူ့လက်တွေ တုန်လာသည်။ လက်ရေးတွေ့ မမှန်တော့ သူ့လက်မှတ်





ကို ဖတ်လို့ ရဖို့ပင် ခက်ခဲလာသည်။

အမေရိက ဆိုတာကိုတော့ သူ့ခေါင်းထဲ ဘယ်ခါမျှ မထည့်။ အမေရိကသည် ဝေးကွာလွန်းသော အတိတ်မှာ ကျန်ခဲ့သည့် သတိရစရာ တစ်ခုမျှသာ။ ပွဲတင်သံ တစ်ခုလိုပေါ့ ပထမတွင် ထပ်ပြန် တလဲလဲ ရိုက်ခတ် မြည်ဟီး၏။ ထိုမြည်ဟီးပြီးနောက် ပြန်မလာတော့ အမေရိကကို မေ့ပျောက်ပစ်ဖို့ လွယ်ပါသည်။ သည်နေရာကား သူ အသည်းကွဲခဲ့ရသည့် နေရာပဲ။ သူ့ဘဝဆုံးခဲ့ရသည့် နေရာ။ ပြန်လည်ဖန်းဆုပ် မရနိုင်တော့သည့် အတိတ်ဘဝ ကျန်ရစ်ခဲ့သည့် နေရာ။

ဥရောပတိုက်သို့ ဖြတ်သန်း ခုတ်မောင်းနေသည့် ရထားတစ်စီးပေါ် သူရောက်နေပြန်သည်။ သူက ခရီးနှင်နေပြန်သည်။ ခရီးသွားသည် ထွက်ပြေးသည်။ အတိတ်။ တမ်းတစရာများထက် ခြေတစ်လှမ်းစာ ဦးအောင် ရှေ့ကပြေးသည်။ သူ့ဘဝ လုံးဝဥသုံ ချုပ်ငြိမ်းသွားမည့်အရေးမှ ကာကွယ်နေသည့် တစ်ခုတည်းသော အသက် ဆက်ဆေးမှာ ဂျီနီဗာမှ ဘဏ်စာရင်းသာဖြစ်သည်။

သို့သော် . . . .

နောက်ဆုံး တစ်နေ့သို့ ရောက်လာသည်။

ဘဏ်စာရေးက ဖိုင်တွဲတွေ တသီတတန်းကြီးထဲမှ သူ့စာရင်းကို ထုတ်ယူကြည့်၏။ ငွေထုတ်ထားသည့် စာရင်းရှည်ကြီးမှာ ကြောက်ခမန်းလိလိ။ ဘဏ်စာရေးက ချက်လက်မှတ်ကို ရီဝေစွာ စိုက်ကြည့်နေ၏။ ဟော်လီက ဟိုတယ်ခများ ပေးချေဖို့ ငွေပမာဏကို ချက်လက်မှတ် ပေါ်တွင် ရေးပေးထားသည်။ သည်ဟိုတယ်က မှတ်လောက် သားလောက်အောင် စရိတ်စက ကြီးလွန်းလှသည်။ ဘဏ်စာရေးက မလွဲသာ မရှောင်သာဟန်ဖြင့် ချက်လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် 'ငွေလက်ကျန် မလုံလောက်' ဟူသော စာတမ်း တံဆိပ်ရိုက်နှိပ် ပေးလိုက်သည်။

ဟော်လီပါကာ အင်ဒါဆင်။ တကယ့်ကျဆုံးခန်းက စလေပြီ။ သူ့အတွက် ဟော်တယ်တွေသည် နေချင့်စဖွယ် မကောင်းတော့။ စားသောက်ဖွယ်များသည် ခံတွင်းတွေ့စရာမကောင်းတော့။ သူ၏ ညစာ စားဖော်များသည် မထင်မရှား ယောက်ျားများသာ ဖြစ်လာ၏။

သူ၏ ချစ်စရာမျက်နှာ လှလှကလေးပေါ်တွင် အလိုမကျမှု စိတ်ပျက်ငြီးငွေ့မှု အရေးအကြောင်းများ ထင်ဟပ်လာပြီ။

ယခုအခါ ရထားတွဲတစ်တွဲပေါ်၌ အမေရိကန် စစ်သား များနှင့် ဟေးလားဝါးလား အရက်မူးနေသော သူ့ကို တွေ့ရလည်း အဆန်း မဟုတ်တော့ ထိုလူအုပ်ထဲတွင် သူကအကဲဆုံး၊ အဆူညံဆုံး တစ်ယောက် ဖြစ်နေတတ်သည်။ သူ့ကိုယ်ခန္ဓာမှာ အနီမှိုအမြင့် အဝန်း အဝိုင်း၊ အသွယ်အလျများဖြင့် တပ်မက်စရာ ကောင်းနေဆဲပင်။ တစ်ဦးတလေ ထက်မကသော ပုရိသ ယောက်ျားများ။ မျက်လုံးများက သူ့အားအာသာ ငန်းငန်းဖြင့် အကြည့်ခံနေရဆဲပင်။

သူကတော့ သေရည်ခွက်ကို မြှောက်မည် နောက်ပြီး အငေါ် တူးသော အသံစူးစူးလေးဖြင့် တောင်းဆုပြုမည်။

'ကျွန်မအိမ်နှင့် ကျွန်မမေမေအတွက်'

အက်စ်တဲလ် အင်ဒါဆင်က အစမွှစေခိုင်းခဲ့သည့် အထဲ တွင် ဒါလေး တစ်ခုပဲလျှော့ပေးခဲ့သည်။ ဒါလေးတစ်ခုပဲ သူ လွတ်လွတ် လပ်လပ် ပြောဆိုခွင့်ရသည်။ တကယ်တော့ အက်စ်တဲလ် အင်ဒါဆင် သည် သူ့ကိုကော၊ ကလေးတန်ကြီးကိုကော၊ ကလေးတန်လေးကိုပါ ပုံစံရိုက်သွင်းခဲ့သူပါ တကား။

အချိန်တွေ ကာလတွေ ကုန်ဆုံးကြာမြင့်လာတော့ သူ့





မိသားစု ဟောင်း၏ ပုံသဏ္ဌာန်များကိုပင် ဟော်လီ ပုံဖော်ကြည့်လို့ မရတော့။

နွေ၊ မိုး၊ ဆောင်း ဆိုသော ရာသီဥတုများသည် ဟော်လီ့ အတွက်တော့ အတူတူချည်း၊ ဘာမျှမထူးခြား၊ ကာလယန္တယားကြီး လည်ပါတ်နေသည်ကို မှတ်သားနေဖို့ အကြောင်းမရှိ။ တစ်ရာသီ တွင် ရေခဲပြင် လျှောစီးသည့် ဒေသတွင်နေပြီး နောက်တစ်ရာသီ တွင် ပါရီသို့ ရောက်နေကြောင်း မှတ်သားရသည်က သူ့အဖို့ ပိုလွယ် သည်။ တစ်နေရာတွင် သူသည် ကမ္ဘာလှည့် ခရီးထွက်လာသော ဟောလီဝုဒ် ရုပ်ရှင်မင်းသား တစ်ဦးနှင့် အတူနေခဲ့၏။ သို့ပေမယ့် သည့်လူ့ နာမည်ကို လုံးဝမမှတ်မိတော့။ သည်လူသည် သူတို့နေ သည့် ခြံကြီးထဲတွင် ကိုယ်လုံးတီး လှည့်ပါတ်ပြေးနေရတာ ဝါသနာ ပါကြောင်း စသည့်ထူးထူးခြားခြား စရိုက် လက္ခဏာများသာ မှတ်မိ တော့၏။

သူ့ဘဝ တစ်လျှောက် ကြုံတွေ့ခဲ့ရသည့် မှတ်တိုင်များကို မှတ်မိရန်မှာ တစ်နည်းပဲရှိတော့သည်။ သူက နေရာဒေသများကို မှတ်မိသည်။ လူတွေကိုတော့ မမှတ်မိ။ လူတွေကို မှတ်မိအောင် ကြိုးစား မည့်အစား ထိုလူတွေ၏ အလုပ်အကိုင်ကိုသာ မှတ်ထားဖို့ အားသန်၏။

သည်သို့မမှတ်မိခြင်းမှာသူကိုယ်တိုင်ကမမှတ်ချင် သောကြောင့်တစ်ကြောင်း၊ အရက်စာ၏ ဒဏ်ခတ်မှုကြောင့် တစ်ကြောင်း ဖြစ်၏။ သူ့အတွက်တော့ယစ်ရွှေရည်က ကောင်း နေတာလေးတွေ ရှိသည်။ သင်သည် ယစ်ရွှေရည်ကြောင့် မူးယစ် ရီဝေနေပြီဆိုလျှင် ဘာဆိုဘာမျှမမြင်ရတော့။ သင့်စိတ်ကူးယဉ် အိပ်မက်များထဲမှ ရွှေနန်းတော်ကြီး၏ မှန်ဦးဝကို မြင်မှန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာလို ရေးရေးမြင် နေရတတ်သည်။ အိပ်မက်ဆိုးများကတော့ အနားပင်မသီနိုင်၊ ရေချိန်ကလေး ကိုက်နေပြီ ဆိုလျှင် တွေးချင်ရာ တွေး၊ စိတ်ကူးယဉ်ချင်ရာယဉ်၊ ဟုတ် ဟုတ် မဟုတ်ဟုတ် ကမ္ဘာကြီးက ပျော်စရာကောင်းလာမည်။ မျှော်လင့်ချက် ဆိုတာတွေ ကို ဖိတ်ခေါ် လက်ခံခြင်း မပြုသည့် ပျော်ရွှင် ဖွယ် ဘုံဗိမာန်ကြီး ဖြစ်လာမည်။ ယစ်ရွှေရည်မှ ပေါက်ဖွားလာသည့် အိပ်မက်များဆိုသည်က မျှော်လင့်ချက်နှင့် မဆိုင်။

သည်ကိစ္စတွင် အဆိုးဆုံးအပိုင်းမှာ အမူးပြေချိန် ဆင်ခြင်တုံ့တရားတွေ ပုံမှန် ပြန်ဖြစ်လာချိန်၊ သည်အတွက်ဖြေဆေးမှာ တစ်မျိုး တည်းရှိ၏။ လက်တွေ့အရှိတရားများက သင့်လည်မျိုကို လာညှစ်ပြီး ဦးနောက်တွေ ခြောက်သွားသည့်တိုင် ဆွဲခါလှုပ် ယမ်းခြင်း မပြုမီ သေရည်ကို ပြန်သောက် ဆက်မူးနေ ဒါပါပဲ။

သို့ပေမယ့် တစ်ကိုယ်တည်း အချိန်ကုန်ခဲ့ရသည့် ညများလည်းရှိပါသည်။

သည်လိုညမျိုးတွေ ကြုံတွေ့ခဲ့ရတာ မရေမတွက်နိုင်။

အပေါစားဟိုတယ်ခန်းထဲတွင် တစ်ကိုယ်တည်း လဲလျောင်းရင်း ပြူတင်းပေါက်မှ လှမ်းမြင်နေရသည့် မှိတ်လိုက် လင်းလိုက် နီယွန်မီးရောင်ကို ငေးနေရသည့် ညများ အိပ်မပျော်သော ညများ၊ ယစ်ရွှေရည်က ထွက်ပေါက် မပေးနိုင်သည့် ညများ။

သူ့ရင်ကိုတဒင်္ဂနွေးထွေးစေသော ရမ္မက်ထန်ထန် သူစိမ်းတစ်ဦး သူ့အိပ်ရာထဲတွင် ရှိမနေသော ညများ။

သည်ကာလများက အဆိုးရွားဆုံးသော ကာလများ။ ထိုအချိန်မျိုးတွင် သတိရ တမ်းတစရာတွေ၊ အဖြစ်ဟောင်းတွေက တပ်ဖွဲ့လိုက် ချီပြီး သူ့ဆီ ဝင်ရောက်လာတတ်သည်။ မဆုံးနိုင်သော





ရှည်လျားလွန်းသောသည့် ဖြစ်ရပ်ဟောင်းများက သူ့ကိုကျောချမ်းအောင် ဖိစီးနှိပ်စက် ကြသည်။ အပေါစား ဟိုတယ်ဝန်းကျင်သည် သာယာကွင်း မြို့နယ်ရှိ မြစိမ်းမြိုင် စံအိမ်ကြီးအဖြစ် ပြောင်းလဲသွားသည်။ ထို့နောက်သူသည် အကြိမ်ပေါင်း တစ်ထောင် လောက် သေဆုံးခြင်းနှင့် ရင်ဆိုင်ရတော့၏။

သည်အနိဋ္ဌာရုံတွေကို မောင်းထုတ်ပစ်ဖို့ သူက ခရစ်စတီယံတော်ဘင် အကြောင်းတွေးဖို့ ကြိုးစားကြည့်သည်။ သို့သော် ခရစ်စတီယံနှင့်ဆုံတွေ့ခဲ့ရသည့် ကာလမှာ တိုတောင်းလွန်းလှသည်၊ ခရစ်စတီယံ ဘယ်ပုံရှိ၍ ဘယ်လိုပြောတတ် ဆိုတတ်သည် ဆိုတာတွေပင် သူ့မှတ်ဉာဏ်ထဲတွင် မရှိတော့။ စန္ဒရားဖြင့် တီးခတ်သော ဂီတသံကိုတော့ သူ့ရင်ထဲ စွဲမြဲနေဆဲပင်။ ခရစ်စတီယံသည် မပီပိုးဝါးသာ မြင်လိုက်ရသော နာတူလူး ဘိုးဘိုးနှင့်တူနေ၏။ ခရစ်စတီယံဆိုတာ တကယ်ကော ရှိရဲ့လား။ သူ၏စိတ်ကူးယဉ် အိပ်မက်တွေထဲမှ လူတစ်ယောက်များလား

အရဏ်ဦး၏ အလင်းရောင်များ ပြတင်းပေါက်မှ စီးဝင်မလာမီအထိ ဟော်လီမှာ အကြောင်သား ဖြစ်နေတတ်သည်။ ငိုကြွေးရလွန်း သဖြင့် မျက်ရည်များလည်း ခန်းခြောက်ကုန်ပြီ၊ သူအကြိမ်ကြိမ်ကြုံတွေ့ ခဲ့ရသည့်အတိုင်း သူ့တစ်ကိုယ်လုံး နွမ်းရိ ပျော့ခွေနေတတ်၏။ ဖန်တစ်ရာတေအောင် အသုံးပြုခံထားရသည့် အဝတ်ဟောင်းတစ်ထည်ပမာ နောက်တော့ ထုံးစံအတိုင်း နေ့တစ်နေ့ကို ရင်ဆိုင်ဖြတ်သန်းရပြန်၏။

ထိုသို့ စုတ်ပြတ် ပေတေနေသော ဘဝဖြင့် ဟော်လီပါကာအင်ဒါဆင် နှစ်ဆယ့်ငါးနှစ်နီးပါး ရှင်သန်ကျင်လည်နေခဲ့၏။

တစ်ခါ တစ်ခါတော့ သည်ကာလရှည်ကြီးကို ရှည်လျားသော



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ ကာလဟု စိတ်ထဲမှတ်ထင်မိ၏။

ကျန်အချိန်တွင်မူ မဆုံးနိုင်သော ရာစုနှစ်ပေါင်းများစွာကို နာကြည်း ပင်ပန်းစွာ ဖြတ်သန်းနေရသည်သို့ ထင်မိ၏။ သူ့ကိုယ်သူ ရှေးဟောင်း ပိရမစ်ကြီးလိုလို သက်တမ်းမဲ့ နိုင်းမြစ်ကြီး လိုလို ခံစားရ၏။

ကဲ. . ခုတော့ မနေ့တစ်နေ့က အဖြစ်အပျက်တွေ ဘယ်မှာ ကျန်ခဲ့ပြီလဲ ယမန်နှစ်က ကျခဲ့သည့် နှင်းတွေ ဘယ်ရောက်ကုန် ပြီလဲ။

သည်မေးခွန်းအတွက် အဖြေမှာ ရိုးစင်းလွန်းပါသည်။ ကလေး ကလား ဆန်လွန်းပါသည်။ အားလုံး အားလုံး ဟော်လီ၏ ယမကာ ခွက်ထဲ ရောက်ကုန်ပြီလေ။

× × ×

## အခန်း ( ၁၇ )

သူတည်းနေသည့် ဟော်တယ်မှာ မက်ဆီကန်ဟော်တယ် ကလေး။ စုတ်ပြတ်နေသော အပေါစား ဟော်တယ်ကလေး၏ ပိုင်ရှင်က သူ့အခန်းဝတွင် ရပ်နေသည်။ လက်ထဲမှ ငွေတောင်းခံလွှာကို ဒေါနှင့် မောနှင့် ဖေ့ကာ ယမ်းကာပြသည်။ ဟော်လီက တံခါးဘောင်ကို မှီပြီး ရပ်နေသည်။ ခေါင်းကိုက်နေသည်။ အရက်နာကျနေသည်။ ဒေါသတကြီး ပွင့်ထွက်လာသော စပိန်စကားလုံးများက သူ့တစ်ကိုယ် လုံးကို ဒရစပ် လာရောက်ထိမှန်၏။ ဟိုတယ်ပိုင်ရှင် အကြီးအကျယ် ဒေါသထွက်နေ၏။ ဒေါသမထွက် ခံနိုင်ရိုးလား ဟော်လီ ငွေချေဖို့ ပျက်ကွက်နေသည်မှာ သီတင်းပါတ်ပေါင်း များစွာ ကြာနေပြီ။

စကြံလမ်းပေါ်ရှိ အခြားအခန်းတစ်ခန်းမှ တံခါးပွင့်လာသည်။

ရည်မွန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝတွင် လူတစ်ယောက် ညဝတ်အင်္ကျီကြီး ဝတ်ထားဆဲ ကြည့်ရတာတော့ အမေရိကန်တစ်ယောက်ပင်။ သူ့တို့ဖက်မှ ဆူဆူညံညံ အသံများကြောင့် လန့်နိုးလာခြင်းဖြစ်၏။ ထိုလူ၏ မျက်နှာပိုင်းကြီးမှာ အိပ်ချင် မူးတူး ဖြစ်နေဆဲ။

ဒေါကန်နေသော စပိန်ကြီး၏ စိတ်ဆိုး မာန်ဆိုး စကားများကြောင့် မျက်နှာရှုံ့မဲ့နေသည့် ဟော်လီက ထိုလူကို လှမ်းမေးလိုက်၏။

'ရှင့်မှာ အက်စ်ပရင်ဆေးပြား နှစ်ပြားလောက်များ မရှိဘူးလားဟင်'

ထိုလူပြုံးသည်။ ဝတ်ရုံအိတ်ထဲ လက်နှိုက်သည်။ ဟိုတယ်ပိုင်ရှင်၏ ဒေါသ စကားလုံးများ ဆုတ်ဆိုင်းသွားသည်။ အခန်းဝမှ လူက အက်စ်ပရင် ပုလင်းတစ်လုံးကို ဘွားကနဲ ထုတ်ယူလှမ်းပေးလိုက်သည်။

'ဟိုက် ... မျက်လှည့်ပြသလို ပါပဲလား'

ဟောလီ ရယ်မောရင်းပြောသည် ထိုလူ ပုခုံးနှစ်ဖက်တွန့်ကာ

'ကျုပ်က အရက်နာ ကျတတ်လွန်းလို့ အက်စ်ပရင်ကို အမြဲအဆင်သင့် ဆောင်ထားတာဗျ'

'ကျေးဇူးပဲ အပေါင်းအသင်းရေ'

ဟော်လီ ရေချိုးခန်းကျဉ်းကလေးထဲ သွားသည်။ ဟိုတယ်ပိုင်ရှင် သူ့နောက်မှ ကပ်ကြပ်မကွာ လိုက်သွားသည်။ တံခါးဝမှ လူက သူတို့ကို ကြည့်နေသည်။ ခုတော့ စိတ်ကြည်လာပုံရ၏။ ဟိုတယ်ပိုင်ရှင်က အမျိုးသမီးကို ဒေါသတကြီးပြောနေသံများကို သူကြားနေရ၏။

အင်း၊ နေ့မကာ သိတ်မဆိုး၊ အသားအရေ မဆိုးသလောက်





...သေး လျော့တွဲနေပြီ။ သို့ပေမယ့် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ဖြင့် ...ည့်စုံနေသေးသည်။ သက်တမ်းကျော်နေသော ဖင်သားတော်ကြီး ...စင်းလို တောင့်တောင့်တင်းတင်း ရှိနေဆဲ။ အဲသည်တော့ ဘာဖြစ်သေးလဲ။ အရိုးများသော ချေးခါးသော လုပ်မနေနှင့် တကယ်တော့ ...ကိုယ် ကိုယ်တိုင် ကလည်း ဆယ်ကျော်သက်ကလေးမှ မဟုတ်တော့ ...ဘူး။

ဟော်လီ တံခါးဝတွင် ပြန်ပေါ်လာသည်။ ဆေးပုလင်းကို ...ခုံး ပိတ်သည်။ ဆေးပြားကို မျိုချသည်။ ပုလင်းကလေးကို ...ပြန်ပေး သည်။ အသက်ပြင်းပြင်း တစ်ချက်ရှူသည်။ ပေရေကွက်မှာ ...ကြဲ နေသော အင်္ကျီအောက်မှ ရွှေရင်ထွားထွား မောက်ကြွလာသည်။ ...လူ စူးစူး စိုက်စိုက်ကြည့်၏။

'အရမ်း ကျေးဇူးတင်ပါတယ်ရှင်'

ပြောပြီး ယခုတိုင် လေရူးနေသော ဟိုတယ်ပိုင်ရှင်ဘက်သို့ ...မ်းလျှော့ လှည့်ပြီး ရင်ဆိုင်သည်။ သူ့စကားများကို ခြုံငုံမိရုံ ...ဘက်တော့ အဓိပ္ပါယ် နားလည်သည်။

'ကဲ .. ဒီနေ့ဘယ်နှစ်ရက်နေ့လည်း ဒွန်ကီယိုတေးရေ့'

'ဒီဇင်ဘာ နှစ်ဆယ့်လေးရက်ရှိနေပြီဗျ။ ခင်ဗျားငွေမချေတာ ...လရှိနေပြီ'

ဟိုတယ်ပိုင်ရှင်က အင်္ဂလိပ်စကား မတတ်တတတ်ဖြင့်ပြော၏။

'ရက်နည်းနည်းစောင့် ဟုတ်လား ဖန်ဝါရီလ တစ်ရက်နေ့ဆို ...နှမ ငွေရမယ်၊ အဲဒီကျ အပြေချေမယ်နော်'

'ကောင်းပြီ ဆီညော်ရီတာ အဲဒီနေ့ကျမှ ငွေမရရင် ကျုပ်ရဲ့ကို ...ထင်ရလိမ့်မယ်'

တံခါးဝမှ အမေရိကန်ကြီး သူတို့ကို ကြည့်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဟော်လီ သတိပြုမိသည်။ ငန်ကြီးပုံစံက တကယ့်လူဆိုးထိန်း
ဂိုက်ကြီး၊ ဟိုတယ် ပိုင်ရှင် စကြဲလမ်းကလေးအတိုင်း ဒေါ်နှင့်မာန်နှင့်
လျှောက်သွားတော့ ဟော်လီ ပြောင်စပ်စပ်ဖြင့် လှမ်းနှုတ်ဆက် သည်

'ရှင်မြူးစရာကောင်းတဲ့ နာတာလူး ပွဲတော်ချိန်ပါ'

ပြောပြီး ခေါင်းထဲ စူးကနဲ ထိုးကိုက်လာသဖြင့် မျက်နှာရှုံ့မဲ့
" သွားပြန်သည်။ ကိုလူစိမ်းက စာနာစွာ ပြုံးလျက်။

လုံ 'ခင်ဗျားလိုအပ်နေတာ ဖြေဆေးလေးတစ်ခွက် တစ်ဖလား
ဗလေဗျာ ကျွန်တော့ဆီမှာ ပုလင်းရှိပါတယ်'

လားဟာ 'ရှင်ဟာ အပေါင်းအသင်းမှ တကယ့်အပေါင်းအသင်းကောင်
းယောက်ပါပဲရှင်'

ပိုင်ရှင်၏ ဟော်လီ အားတက်သရောပြော၏။

လူက 'ဖြစ်နိုင်ပါတယ်လေ' ထိုသူကပြန်ပြောရင်း ဟော်လီကို သူ့အ
လိုက်နန်းဆီ ခေါ်သွားသည်။

'အပေါင်းအသင်းရေ ရှင့်နာမည် ဘယ်လိုခေါ်လဲရှင့်'

ထိုလူက ခေါင်းကို ဘေးစောင်းလှည့်ပြီး ခြောက်ကပ်စွာ
ဖြေ၏။

'စူလေဗန် ဒန်စူလေဗန်'

ဟော်လီ ထိုလူ့အခန်းထဲ လိုက်သွားသည်။ သည်ငနဲသည်
လည်း သူ့လိုပင် နွမ်းနွမ်းပါးပါး၊ စုတ်စုတ်ပြတ်ပြတ်ပါပဲ။ သည်တော
သူတို့ နှစ်ယောက် ဘဝတူတွေပေါ့။ သည်ငနဲ ဟန်တော့အကော
စား။ ဟော်လီ သဘောကျသွားသည်။ သူ့အဝတ်အစား စုတ်စု
ပြတ်ပြတ် တွေကိုပင် ဟန်နှင့်ပန်နှင့် ဝတ်ဆင်ထားသည်။

အဝတ်အစား စုတ်ပြတ်တော့လည်း ဘာအကြောင်း
ကမ္ဘာပေါ်မှာ အရှိုးသမားတွေ ဒုနဲ့ဒေး မဟုတ်လား။





ကျွန်မတို့ အရှိုးသမားအသင်းက ကြီးဆိုပါတယ်။ ဒန်စူလေဗန်
ရေ။ ကြည့်ရတာရှင်ကတော့ ကျွန်မတို့အသင်းမှာ ရာသက်ပန်
အသင်းဝင် ဖြစ်မှာပါပဲ။ ကျွန်မလိုပေါ့။

သူတို့နှစ်ယောက် အရက်သောက်နေကြသည်မှာ နာရီပေါင်း
များစွာ ကြာသွားပြီ။ နေ့အလင်းရောင် ညိုးဖျော့စပြုလာပြီဖြစ်သည်။
ဟော်လီ စိတ်လွတ် ကိုယ်လွတ်ဖြစ်နေ၏။ ဒန်စူလေဗန်၏ အခန်းမှာ
သူ့အခန်းအတိုင်း ထပ်တူထပ်မျှပင် စုတ်ပြတ်ညစ်ပေသော အသုံး
အဆောင် ပစ္စည်းများဖြင့်။

ဟော်လီက ထုံးစံအတိုင်း ယစ်ရည်ကို မက်မက်မောမော
သောက်သည်။ ဒန်ကလည်း သူနှင့်လက်ရည်တူ သောက်သည်။
ဟော်လီ လွတ်လွတ်လပ်လပ် နေထိုင်တတ်ပုံနှင့် ဟော်လီ့ဟန် အမူ
အရာ များကို သဘောကျနေသည်။ သို့သော်အပြင်လူ တစ်ယောက်က
ကြည့်မည် ဆိုလျှင် ဒန်သည် ဟော်လီထက် အဆင့်အတန်း နိမ့်ကျသူ
တစ်ဦးဟု လုံးဝ မထင်ရ။

ဟော်လီက ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင်
ထိုင်နေ၏။ သူ့အဝတ်အစားတွေမှာ ဖရိုဖရဲ ခြေထောက်တစ်ချောင်းကို
ကုလားထိုင် စိတ်လွတ် လက်လွတ် ပစ်တင်ထားသည်။ သူက စူလေဗန်
နှင့် ပျော်နေ၏။ စူလေဗန်သည် သူတို့အသင်းဝင် တစ်ယောက်
မဟုတ်လား။ နောက်ပြီး သည်ကာနဲက အသေးစား မြေအောက် လော
ကသား။ လိုအပ်လာလျှင် ဟိတ်နှင့် ဟန်နှင့် လုပ်ကိုင်တတ်သူ။
သည်လူ့မျက်နှာကို ဟော်လီ သတိထားမိသည်။ အတွေးနက်နေလျှင်
သူ့မျက်နှာ မှုန်ကုတ်နေတတ်ပြီး အလုပ် လုပ်တော့မည်ဆိုလျှင်
သူ့မျက်နှာ ဝင်းပနေတတ်သည်။ ဒါကို ကြည့်ခြင်းဖြင့် သည်လူ 'သရ
ဆောင်ကောင်း' တစ်ဦးဖြစ်ကြောင်း သိသာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခန်းမတွေထဲမှာ ... ဟော်လီ ပန်းခက်ကြီးတွေ ဆ
လိုက်ပါ။ လာ လာ လာ လာ ... သည်ရာသီဟာ ပျော်ရွှင်စရာ'

ဟော်လီ မူးမူးရူးရူးဖြင့် သီချင်းတစ ကောက်ဆိုသည်။

'ကျုပ်တို့ နာတာလူး သစ်ပင်တစ်ပင် ရှာကြရအောင်လေ

ဒန်ရူလေဗန် စိတ်ပါလက်ပါ ဖြစ်လာပြီး ပြောသည်၊ ဟော်လီ
သီချင်းအဆို ရပ်လိုက်သည်။ ရုတ်တရက် ဒန်ကို စိုက်ကြည့်သည်
မြူးကြွနေသော သူ့ရင်ထဲသို့ အိမ်လွမ်းစိတ်က မြားတစ်စင်းပမာ
ဖောက် ဝင်ရောက်လာ၏။

'တစ်ချိန်တုန်းကတော့ ကျွန်မမှာ သိတ်ကိုလှတဲ့ နာတာလူး
သစ်ပင်တစ်ပင် ရှိခဲ့ဖူးတယ်၊ ဆွစ် တမန်တော်ရုပ်နဲ့ ဂျာမဏီ တမ
တော်ရုပ် ဘယ်လိုခြားနားသလဲ ရှင်သိရဲ့လား။

'တမန်တော်ရုပ်တွေနဲ့ပါတ်သက်လို့တော့ ကျုပ် သိတ်မသိ
ဘူးဗျ'

ဟော်လီ တစ်ကိုယ်လုံး တုန်ခိုက်သွားသည်။ အခန်းကို လှ
ပါတ်ကြည့်သည်။

'ဒီနေရာမျိုးမှာ နာတာလူးပွဲတော် နွှဲဖို့ မထိုက်တန်ပါဘူးရှင်

'နေရာတော်တော်များများ ဒီအတိုင်းပါပဲရှင်'

ဒန်က ဟော်လီ့စကားကို ဗွေမယူ။ လက်ခံအတည်ပြုသည်

'ဒီနေရာကတော့ အဆိုးဆုံးပါပဲရှင်။ တစ်ကမ္ဘာလုံး
စွန့်ပစ်တဲ့ အညစ်အကြေးတွေ ဒီနေရာမှာများ လာစုနေသလာ
မသိပါဘူး'

'ဟေး တကယ်တန်းကျတော့ မင်းဟာ အထက်တန်းလွှာ
လာတဲ့ မိန်းမတစ်ယောက်ပဲ။မဟုတ်ဘူးလား'

ဟော်လီက အဝတ်လွှတ်နေသည့် ဒူးခေါင်းအသား





လက်ဝါး ဖြင့် ရိုက်၏။ သူ့လေသံပြောင်းသွားသည်။ နူးညံ့ တိုးတိတ်
လာသည်။

'ကျွန်မ ဆင်းလာခဲ့ရတဲ့ လမ်းက အရှည်ကြီးရှင့်'

'မြို့စားကတော်ဘဝ၊ ဒါမှမဟုတ် ဘုရင့်သမီးတော် ဘဝက
ဖြစ်ကောင်းဖြစ်နိုင်တယ်ဗျာ'

ဒန်က ယဉ်ကျေးမှုအရ ပြောလိုက်သည်။

'ကျွန်မနေခဲ့တဲ့ စံအိမ်ကြီးဟာ ဘက်ကင်ဟန် နန်းတော်ကြီး
လောက်ရှိတယ်။ အဲဒီအိမ်ကြီးကို ကျွန်မယောက်ျားရဲ့ မိသားစုတွေ
အစဉ် အဆက် ပိုင်ဆိုင်လာခဲ့တာ နှစ်ပေါင်း ရာချီနေပြီရှင့်'

'အဲဒီတဲကုတ်ကြီးက ဘယ်မှာရှိတာလဲ'

ဒန်က မယုံသင်္ကာမေး၏။

'သာယာကွင်းမြို့နယ် ကော်နက်တီကပ် ပြည်နယ်မှာရှိတယ်။
ဟော်လီ ချက်ချင်းပြန်ဖြေသည်။ လက်ထဲမှ ယမကာ လက်ကျန်ကို
အပြောင်ရှင်းပစ်သည်။

'ဒီတော့ သာယာကွင်းမြို့နယ်မှာ အလုပ်လုပ်ခဲ့တယ် ဆိုပါ
တော့'

ဒန် အထင်မကြီးသလို ပြုံးတော့ ဟော်လီက 'ဘာအလုပ်မှ
မလုပ်ဘူး' ဟု အငေါ်တူးစွာ ပြန်ပက်သည်။ အရက်မူးနေသည့်တိုင်
သူ့အပေါ် ဒန်အမြင်မှားသွားမှာတော့ စိုးသည်။

'ကျွန်မက အဲဒီအိမ်ကြီးရဲ့ အရှင်သခင်မရှင့်'

'ဟုတ်မှာပါ'

ဟော်လီ ပက်လက်ကုလားထိုင်ပေါ်တွင် ဣန္ဒြေရရ မတ်မတ်
ပြောင်းထိုင်သည်။ အဝတ်လွှတ်နေသည့် သလုံးသားတွေကို ဆွဲဖုံးသည်။

'အဲဒီတုန်းက ကျွန်မ ငွေလင်ပန်းပေါ်မှာ ရွှေဇွန်းနဲ့ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



စားထားတာရှင့်၊ တံခါးဖွင့်ပေးတဲ့ ဘဏ္ဍာစိုးကြီးနဲ့၊ ခင်ချင်စရာကောင်းတဲ့ အဖိုးကြီး ခရိုနင်ပေါ့၊ ရေမိုးချိုးဖို့ ပြင်ဆင်ပေးရတဲ့ အိမ်ဖော် အယ်လင်း လဲရှိတယ်၊ စားဖိုမှူးကော၊ ယာဉ်မောင်းကော။

ဒန်က ဟော်လီ ခင်းကျင်းနေသော ဇာတ်ထဲတွင် မျှောလိုက်၏။

'အကြိမ်ပေါင်း ကုဋေ ကုဋာ တောင်းပန်ပါရစေ မြို့စားကတော် လေးခင်ဗျား' ဒန်က သရော်တော်တော် ရယ်မော၏။ ပြီးမှ 'မြို့စားကတော်လေး ရုပ်ဖျက်လာတာက ပီရီလွန်းလှတော့ ခုလိုဆင်းရဲသား ယောင်ခေါ်င်လာတာ ကျွန်တော်မျိုးကြီး မရိပ်စားမိခဲ့လို့ပါ'

သူ့စကားတွေကို ဟော်လီ နားထောင်နေခြင်းမရှိတော့ သူက အတိတ်ဘဝထဲ နစ်မြုပ်နေပြီ။ ကာလများစွာတုန်းက မြင်မက်ခဲ့ရသော အိပ်မက်ကို ပြန်လည် သတိရ မြင်ယောင်နေ၏။

သူ့အသံ ညင်းပျောင်းသွားသည်။ အမျိုးကောင်းသမီး တစ်ဦး၏ တည်ကြည် ခန့်ငြားမှုတွေ ပြန်ပေါ်လာသည်။

'မစ္စစ် အင်ဒါဆင် ခင်ဗျား ရိုးလ်ရွက်စ်ကားနဲ့ သွားမှာလား၊ မာစီဒီးစ်ကားနဲ့ သွားမှာလား အမိန့်ရှိပါ၊ ကျွန်မ မြွေပါသားမွေးအကျီ ထုတ်ခဲ့ရမလား၊ ဖျံမွေးအကျီ ထုတ်ခဲ့ရမလားရှင့်၊ ဒီတစ်ပါတ် ရုံးပိတ် ရက်မှာ မစ္စစ်အင်ဒါဆင် ဖိမ်ခံသဘော် အသုံးပြုဖို့ အစီအစဉ် ရှိပါသလား ခင်ဗျာ'

ဟော်လီမျက်နှာ သောကဝေဒနာကြောင့် မဲ့ရွဲ့သွားသည်ကို ဒန်စူလေဗန် ရုတ်တရက်မြင်လိုက်ရ၏။ ဒန်က လက်ထဲမှ ဖန်ခွက်ကို စားပွဲပေါ်တင်လိုက်သည်။ ဟော်လီ ပက်လက်ကုလားထိုင်ပေါ်တွင် ဖြည်းညှင်းစွာ ရှေ့နောက် ယိမ်းထိုး လှုပ်ယမ်းနေသည်။ မျက်ရည်များ သွင်သွင်ကျနေသည်။





'ဩော် သား . . . သား . . မေမေ့သားလေး မေမေ့ ရင်သွေးလေး မေမေရင်ကွဲမတတ် ချစ်ရတဲ့သားလေး'

'ဟော့ ဟော့ မငိုနဲ့လေ၊ မငိုနဲ့လေဗျာ'

ဒန်အလန့်တကြား ပြော၏

'ကျွန်မ တောင်းပန်ပါတယ်နော်'

ဟော်လီ အတတ်နိုင်ဆုံး ကြိုးစားပြီး စိတ်ထိန်းသည်။ ဒန်၏ ယစ်ရွှေရည် ပုလင်းကို လှည့်ပါတ် ရှာပြန်သည်။

ခုတော့ ဒန်စူလေဗန် အတွေးနက်နေပြီ။ ဟော်လီကို စေ့စေ့စပ်စပ် အကဲခပ်သည်။ အရက်ကျွန်ဖြစ်နေသော မိန်းမတွေရဲ့နောက်ကြောင်းဆိုတာက အကဲခတ်ရခက်သားကလား။ အထူးသဖြင့် သည်လိုခပ်ချောချောမိန်းမတွေက ပိုပြီးအသိရခက်သေး။

'မင်းမှာ ချာတိတ်တစ်ယောက် ရှိခဲ့တယ်ပေါ့ ဟုတ်လား တရားဝင် မွေးခဲ့တာလား ဟင်'

'ချာတိတ်တစ်ယောက် မဟုတ်ဘူးရှင့် မင်းသားလေး တစ်ပါး သိရဲ့လား၊ ဖန်ပေါင်းချောင်နဲ့ မွေးထားရမဲ့ မင်းသားကလေး၊ အင်း သားလေးဟာ အဖွားကြီး စိတ်ကြိုက်နဲ့မှ ကိုက်ညီပါ့မလား မသိဘူး ပါကာမျိုးရဲ့သွေးငါးဆယ်ရာခိုင်နှုန်းပါနေတဲ့လူတစ်ယောက်ကို ရာနှုန်းပြည့် အင်ဒါဆင်မျိုးဆက် ဖြစ်စေချင်လို့တော့ဘယ်ရနိုင်ပါ့မလဲလေ'

ဟော်လီ မယုံကြည်နိုင်စွာ ခေါင်းယမ်းနေ၏။

'မင်းဘက်က ပါကာသွေး တစ်ဝက်ပါခဲ့တာ လား'

ဒန် ငြိမ်ငြိမ်သက်သက် မေး၏။ ဟော်လီ ဆတ်ကနဲကြည့်သည်သူပြောနေတာတွေကို သည်လူ အကြီးအကျယ် စိတ်ဝင်စားနေကြောင်း ခုမှ အကဲခတ်မိသည်။ ဒန်၏ မျက်လုံးတွေ ဝင်းလက်



www.burmeseclassic.com

www.burmeseclassic.com



နေသည် ရူးရူး နေသည်။

'အဲဒါ ရှင်နဲ့ဘာဆိုင်လို့လဲ'

ဒန်က အလျှော့မပေး ပုခုံးတွန့် ပြသည်။

'အပေါင်းအသင်းချင်း စိတ်ဝင်စားတဲ့ သဘောပါ'

'ဒီမယ်အပေါင်းအသင်းရေ ကျွန်မ သိတ်မူးနေပြီရှင့်၊ ကံ ကောင်းထောက်မရင် မကြာခင်အတွင်း ဒို့ထက် ပိုမူးလိမ့်ဦးမယ် သိလား'

'အဲဒီအတွက် ကျုပ်ပြုစုပါရစေ အလှလေးရယ်'

သူ့မိတ်ခွေသစ် ဒန်ရှုလေဗန်၏ မျက်လုံးများထဲမှ အရောင်လက်လက်ကို ပျော်လီ အဓိပ္ပါယ်ကောက် လွဲသွားသည်။ ဒန်ရှုလေဗန် စိတ်လှုပ်ရှားစွာ ရှေ့သို့ ခါးကိုင်းလာသည် ကိုလည်း တစ်မျိုးတစ်မည် ထင်လိုက်သည်။

သူ့အတွက်ကတော့ မဆန်းတော့ ကံဆုံစား၊ ကံကုန်သွားသဘောပါဘဲ။ သူတွေ့ကြုံခဲ့ရဘူးတဲ့ ယောကျ်ားသနာတွေကို မှတ်တောင်မှမမှတ်မိတော့ဘဲ။ သည်တော့ ဘာဖြစ်သေးလဲ၊ နောက်ပြီး ကိုယ်ကသူ့အရက်တွေသောက်နေတဲ့သူလေ။ မဟုတ်ဘူးလား။

သည်တော့ သူ့ဘက်က ဆန္ဒရှိလျှင် ကိုယ်က ဘာမျှ ပြောနေစရာမလို

ဒန်ဆိုသည့် ငနဲကို ဘယ်ရွှေဘယ်မျှအထိ ကျေးဇူး ဥပကာရတင်နေကြောင်း ဘယ်လိုပြသရမလဲ ကျေးဇူး ဆပ်ချင်လို့ပါ။

× × ×



## အခန်း ( ၁၈ )

သူ့ကြေးနန်းစာကို ပို့နိုင်းဖို့ သွက်သွက်လက်လက် မက်ဆီကန် ကောင်လေး တစ်ယောက်ကို ဒန်ရှုလေဗန်တွေ့သည်။ ကောင် လေးက သူ့လုပ်အားအတွက် ပိဆိုဝက် ရမည်ဖြစ်၍ တက်ကြွနေသည်။

'ဒီစာကို ဝက်စ်တန်းယူနီယံမှာ ချက်ချင်းသွားပေး၊ ဒါဆို ငါကတိ ပေးထားတဲ့ ပိုက်ဆံကိုပေးမယ်'

ကောင်လေးက ရှိရှိကျိုးကျိုး လက်ဖြန့်ပေးသည်။ ဒန်က ကြေးနန်းစာကို လက်ထဲထည့်ပေးသည်။ ကောင်လေးက ဒန်ကို မော့ကြည့်ပြီး တခြားလက်တစ်ဖက်ဖြန့်သည်။

'ဒီလောက်လဲ မလောနဲ့လေကွာ၊ မင်းဒီစာပို့ပြီး ပြေစာ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပိုင်း ပြန်ယူလာတဲ့အခါကျ မင်းပိုက်ဆံရမှာပေါ့'

'ပြေစာဖြတ်ပိုင်း ပေးတဲ့အချိန်မှာ ပီဆိုတစ်ဝက်ပေးမယ်နော်၊ ဒါ ဆရာကြီးပါးစပ်က ပြောတဲ့စကားနော်'

ကောင်လေး ပြေးထွက်သွားသည်။ ဒန် တစ်ကိုယ်တည်း ပြုံးရင်း ဟိုတယ်ညေ့ခန်းကို ဖြတ်လျှောက်လာသည်။ ဟော်လီ့တံခါးကို ခေါက်သည်။ အထဲမှ ဖြေသံထွက်မလာ ခဏနေတော့ သူက အခန်း တံခါးဖွင့်ပြီး အထဲဝင်သွားသည်။

ဟော်လီမနေ့က အဝတ်အစားအတိုင်း ရှိသေးသည်။ ပက်လက် ကုလားထိုင်ပေါ်တွင် စိတ်ဆင်းရဲစွာ ကျုံ့ကျုံ့ကလေး ထိုင်နေဆဲ။ သူ့မျက်လုံးများကို ဖုံးကွယ်ထားသည့် မျက်မှန်အနက်ကြီးကို ကြည့်ခြင်းဖြင့် အရက်နာကျနေသေးကြောင်း သိသာနေ၏။

'မင်္ဂလာရှိတဲ့ နံနက်ခင်းပါ မြို့စားကတော်လေးဗျ'

ဒန် ခပ်မြူးမြူးနှုတ်ဆက်တော့ ဟော်လီခေါင်းခါသည်။

'ဒါ နံနက်ခင်း မဟုတ်တော့ဘူး နေလယ်ရောက်နေပြီ၊ တကယ်လို့ မနက်ပိုင်းဖြစ်နေလဲ မင်္ဂလာရှိတဲ့ နံနက်ခင်းမဟုတ်ဘူး၊ ဒီတော့ ဒီအကြောင်း မပြောလေကောင်းလေပဲ'

ဒန်က ဟော်လီ့ရှေ့ရှိ အခြားပက်လက်ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်သည်။

'ဝက်ပေါင်ခြောက်နဲ့ ကြက်ဥ နည်းနည်းစားပါလားဟင်'

'ရှင် ကျွန်မကို ဇော်ကားမော်ကားပြောဖို့ ကြိုးစားနေတာလား'

'မဟုတ်ရပါဘူး မြို့စားကတော်လေးရယ်'

ဟော်လီက ဒန်ကို မအီမသာကြည့်သည်၊ နေကာမျက်မှန်ကို ပင့်တင်သည်။





'မနေ့ညက ရှင်နားငြီးလောက်အောင် လေတွေမပေါမိပါဘူး ထင်ပါရဲ့နော်'

'မသိပါဘူးဗျာ ကျွန်တော်လည်း မူးနေတာပဲဟာ'

'အရက်ကလေး နည်းနည်း သောက်မိတာနဲ့ ကျွန်မ စိတ်ကူးတွေ လျှောက်ယဉ်လိုက်တာ မပြောပါနဲ့တော့၊ ကျွန်မပြောခဲ့တာတွေကို ရှင် သိတ်အလေးအနက်ကြီး သဘောမထားနဲ့နော် စိတ်လည်းမဆိုးပါနဲ့'

'မြို့စားကတော်လေးရယ် ကျူပ်ဘဝတစ်လျှောက်လုံး ကြေးလက်စွပ်ကလေး တစ်ကွင်းရဖို့ အသည်းအသန် ကြိုးစားခဲ့ရတာပါ အဲဒီကြေးလက်စွပ်ကိုပဲ ရွှေလက်စွပ်ကလေး ဖြစ်လိုက်ပါတော့လို့ စိတ်ကူးယဉ် ဆုတောင်းနေခဲ့ရတဲ့သူပါ'

ဟော်လီ မျက်မှောင်ကျုပ်သည် ဒန် ဘာ့ကိုဆိုလိုသည်ကို ကောင်းကောင်းနားမလည်။

'ကျွန်မ အရက်မူးနေတုန်း ဘာတွေပဲပြောခဲ့ပြောခဲ့ ခုလက်ရှိမြင်နေရတာ ကျွန်မပါပဲ၊ လက်ရှိ ကျွန်မဘဝဆိုတာကလည်း သိပ်မနိပ်လှဘူး ဆိုတာ ရှင့်အမြင်မဲလေ။

ဒန်ရှုလေဗန်က သူ၏ စွဲဆောင်မှုရှိသော အပြုံးကို ပြုံးသည်။

'ခက်တာက ကျူပ်ကလဲ လက်ရှိအမြင်ကိုပဲ ကြိုက်နေတာဗျ'

'အင်း၊ တစ်ချက်ကလေး စိတ်လွတ်လက်လွတ် နေလိုက်မိတာနဲ့ ဖာတ်လမ်းတွေ သံသရာရှည်ကုန်ပြီ ထင်ပါရဲ့၊ ဟုတ်တယ် မဟုတ်လား'

ဟော်လီ ထေ့တေ့ တေ့ ရေရွတ်လိုက်၏။

ထိုညတွင် ဟိုတယ်ပိုင်ရှင်က ဒန်ရှုလေဗန်အား စာအိတ်ညိုအကြီး ကြီးတစ်လုံး လာပေး၏။ စာအိတ်ပေါ်တွင် 'လေကြောင်းဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



အထူးဖြန့်ဝေခြင်း' ဟု စာတန်းထိုးထားသည်။ ဒန်စူလေဗန် သူ့အခန်းသို့ ခပ်သုတ်သုတ် ပြန်သွားသည်။ တံခါးကို သော့ခတ်ထားသည်၊ မီးဖွင့်ပြီး စာအိတ်ကြီးကိုဂရုတစိုက်ဖောက်သည်။ သူသည် ခါတိုင်းလို စိတ်ပျက် နွမ်းလျနေသော ဒန်မဟုတ်တော့။ သူ့လှုပ်ရှားမှုတွေ ချောမွေ့ ညက်ညောနေသည်။

အလုပ်တစ်ခုတော့ ဖြစ်တော့မည်။ ဒါကို ဒန်အနံ့ခံလို့ ရနေပါသည်။ ဒါမှလည်း သူ့ဘဝပြန်လည်ရှင်သန်လာမည် မဟုတ်လား။

စာအိတ်ကြီးထဲတွင် သတင်းစာဖြတ်ပိုင်း အဟောင်းတွေ တစ်ထပ်ကြီး၊ နယူးယောက်ရှိ သူ့မိတ်ဆွေဟောင်း တစ်ဦးက ပို့ပေးခြင်း။ ထိပ်ဆုံးဖြတ်ပိုင်းမှ ခေါင်းစီးစာလုံးကြီးတွေက သူ့အာရုံကို ချက်ချင်း ဖမ်းစားလိုက်၏။

**အောင်မြင်ကျော်ကြားသော သံတမန်ဇနီး၊**

**ပင်ဆယ်မြင်ကွင်း ပျောက်ဆုံး။**

သတင်းစာထဲတွင် ဖော်ပြထားသည့် ဟော်လီပါကာ အင်ဒါဆင်၏ ဓာတ်ပုံက စူးစိုက်လှေလာနေသော သူ့ကို လှောင်ပြောင်နေ၏၊ သူ့ရှေ့တွင် မြင်နေရသည့်အလှနှင့် ဟိုတယ်ခန်းထဲတွင် ရှိနေသည့် နွမ်းနွမ်းနယ်နယ် မိန်းမ၏အလှကို ယှဉ်ကြည့်နေသည်။ တူညီမှုကို ရှာကြည့်နေသည်။ ဟောလီပါကာအင်ဒါဆင်က ရွှေရောင်ဆံပင်နှင့် မိန်းမလှတစ်ဦးပါကလား။ အင်း၊ ဆံပင်အရောင်ဆိုးထားရုံနှင့်တော့ ဘယ်ရုပ်ဖျက်လို့ ရနိုင်ပါ့မလဲ။

သတင်းများကို လေ့လာသည်။ ဓာတ်ပုံများကို ရွေးထုတ်သည်။ တော်တော်ကြီးကြာမှပြီးသွားသော သတင်းစာဟောင်းများကို စားပွဲအံဆွဲထဲ ထည့်သည်။ သော့ခတ်ထားသည်။

သူ့အိပ်ရာနံ့ဘေးရှိ ခုံပေါ်တွင် လှလှပပထုပ်ထားသည့် ပုလင်း





တစ်လုံးရှိနေသည်။ စောစောပိုင်းက သူဝယ်ထားသည့်မှုလင်း။ ပုလင်းကိုသူ့အကျီအိတ်ထဲထည့်ပြီး ဟောလီအခန်းရှိရာသို့သွားသည်။

သည်တစ်ကြိမ်တော့ တံခါးခေါက်မနေ။ တံခါးဖွင့်ပြီး တောက်လျှောက်ဝင်သွားသည်။ အထဲမှရေကျသံကြားနေရ၏။

အမျိုးသမီးရေချိုးနေသည်။ ကုလားထိုင် တစ်လုံးပေါ်တွင် အမျိုးသမီး၏ အောက်ခံပိုးသားအဝတ်အစားများ ပုံထားသည်ကို တွေ့၏။ တခြားကုလားထိုင်တွင် ဒန်ဝင်ထိုင်သည်။ သစ်သားစားပွဲပေါ်သို့ ခြေတစ်ချောင်းဆန့်တင်ပြီး စီးကရက်တစ်လိပ် မီးညှိသောက်နေသည်။ ရေချိုးခန်းလေးထဲမှ ရေကျသံရပ်သွားသည်။

ခဏနေတော့ ဟော်လီအပြင်ထွက်လာသည်။ ရေချိုးခန်းဝတ်ရုံကို သူ့ကိုယ်တွင်ပတ်လျက်။

ဒန်စူလေဗန်ကိုမြင်လိုက်ရတော့ ဟော်လီဆတ်ခနဲ လန့်သွားသည်။ သူကဒေါသဖြင့် မျက်မှောင်ကြုတ်ကြည့်ရင်း

'ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ'

'လာလည်တာ သက်သက်ပါ' ခပ်အေးအေးပြော၏။

'ဒီအချိန်က အလည်လာရမယ့် အချိန်မှမဟုတ်တာ'

ဝန်းဝိုင်းသော တင်ရိုးပေါ် လက်နှစ်ဖက် ထောက်ရင်း စိမ်းစိမ်း ကြည့်နေ၏။

ဒန် ထိုင်ရာမှထ၏။ အိတ်ထဲမှ စက္ကူပတ် ပုလင်းကို ထုတ်၏။

'ဒါဆိုလဲ ကျုပ်ရဲ့လက်ဆောင်ပစ္စည်းကို ထားခဲ့ပြီး သွားပါမယ် လေ'

စက္ကူပတ်ကို ဆွဲခွာသည်။ အထဲမှ အစိမ်းရောင်ပုလင်းတစ်လုံး ထွက်လာသည်။

'ကြည်လင်ချမ်းမြေ့တဲ့ နာတာလူး ပွဲတော်ချိန်ပါ၊ မင်းကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တာ ဒီအရက်မျိုးမဟုတ်လား'

ဟော်လီ့ မျက်လုံးတွေ သူ့မျက်လုံးများနှင့် ဆုံသွားသည်။

'ဒီအရက်စိမ်းမျိုးက ရှားလဲရှားတယ်၊ ဈေးလဲကြီးတယ်။

'ဒီအရက်စိမ်းမျိုးက ရှားလဲရှားတယ်၊ ဈေးလဲကြီးတယ်။ ဒီဇတ္တ နောက်ကွယ်ကပေးဆပ်ရမယ့်တန်ဖိုးတွေက ဘာတွေလဲ'

ဒန်ပြုံး၏။ အမျိုးသမီး သဘောပေါက် မြန်သဖြင့် ကျေနပ်သွားသည်။

'စီးပွားရေးကိစ္စအတွက် ကျုပ်တင်ပြမယ့် အဆိုပြုချက်တစ်ခုကို နားထောင်ရုံပဲနားထောင်ပါ'

သူက ပုလင်းဖော့ဆို့ကို ခပ်သွက်သွက်ဖွင့်သည်။

'ဘယ်လို အဆိုပြုချက်မျိုးလဲ'

'ကျုပ်လုပ်မဲ့လုပ်ငန်းမှာ မိန်းမတစ်ယောက်ကို အသုံးချချင်လို့'

'အဲဒါက ဘယ်လိုအလုပ်လဲ မစ္စတာစူလေဗန်'

'ဒန်စူလေဗန်က စားပွဲပေါ်တွင် ဖန်ခွက်နှစ်လုံးတင်ပြီး ယမကာကိုငှဲ့ထည့်သည်။ ပုအိုက်သော အခန်းထဲတွင် ယစ်ရည်အမြုပ်များက တစီစီအသံမြည်နေ၏။

'အရင်းအနှီးတွေလုပ်ဖို့ အလုပ်ကိစ္စအတွက် အကြံဉာဏ်ပေးဖို့၊ အဲတာမျိုးတွေပါ'

အမျိုးသမီးအား ယမကာ တစ်ခွက်လှမ်းပေးသည်။

'ကျုပ်ရဲ့လုပ်ဖော် ကိုင်ဖက် အသစ်အတွက်'

ဟော်လီက ဖန်ခွက်ကိုမြှောက်လျက် . .

'ရှင့်မျက်စိထဲက ရှုံ့တွေအတွက်'

ဒန် အရက်တစ်စုပ် စုပ်ယူသည်။ အမျိုးသမီးကို အနီးကပ်ကြည့်နေ၏။





'ကျုပ်က မပေါင်းအပ်တဲ့ အပေါင်းအသင်း တစ်ယောက်မဟုတ်ပါဘူးဗျာ နောက်တခုက မင်းတစ်ကိုယ်တည်း နေခဲ့ရတာကြာပြီ

...ယ်တည်း နေခဲ့ရတာကြာပြီ

မဟုတ်လား မင်းအနေနဲ့ မိတ်ဆွေတစ်ယောက်ကို အသုံးချနိုင်ပါတယ်လေ'

'ကျွန်မ အသုံးချနိုင်တယ်ဆိုတာ ဘုရားသိပါတယ်ရှင်'

အပြုံးဖြင့် လက်ခံလိုက်၏။ အစိမ်းရောင် အရက်က သူ့ရင်ကိုနွေးနွေးထွေးထွေး ဖြစ်နေပေပြီ။

'မင်းကို အဝတ်အစားသစ်တွေ ဆင်ပေးလိုက်၊ အဲဒီဆံပင်ကိုယုတ္တိဆန်တဲ့အရောင် ဆိုးပေးလိုက် ဒါဆိုမင်းလေးစားလောက်ရာဖြစ်လာလိမ့်မယ်'

ဟော်လီ ရှုတတ ရယ်မောလိုက်၏။

'ကျွန်မနဲ့ လေးစားစရာရဲ့ကြားမှာ ပုလင်းကွဲတွေ လွှမ်းနေတဲ့လမ်းမကြီး ခြားနေတယ် ရှင်ရဲ့'

'ကျုပ်ရဲ့ ရည်ရွယ်ချက်တွေ အကောင်အထည် ဖော်ဖို့အတွက်သိုအပ်တဲ့ လေးစားစရာလောက်တော့ ရမှာပါ'

ဟော်လီ မဲ့ကာရွဲ့ကာ ခေါင်းယမ်းသည်။

'ဒလန်ရှူး လုပ်ရမှာလား'

'မျက်နှာပြုရမဲ့ အလုပ်ပါ'

'ဒီမယ် ကျီးဟာကျီးပဲ ဒေါင်းဟာဒေါင်းပဲ ရှင့်'

'ကျုပ်တို့ မနက်ဖန်ကျ လေယာဉ်ပျံနဲ့ သွားကြမယ်လေ၊ မင်းမက္ကဆီကိုမှာ အရိုးမထုတ်ချင်ဘူး မဟုတ်လား'

ဟော်လီ ခပ်ဆိုင်းဆိုင်းဖြစ်နေသည်။ နောက်ထပ် ခြေတစ်လှမ်းလှမ်းဖို့ကြောက်နေသည်။

'ကျွန်မငွေတွေ ရောက်မလာမချင်းကျွန်မမသွားနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးရှင့်'

'အဲဒီငွေတွေ နယူးယောက်ကို ပြောင်းပေးဖို့ မှာခဲ့ကွာ'

သူက ဟော်လီ့ဖန်ခွက်ကို အရက်ထပ်ဖြည့်နေသည်။ ကလေးငယ်တစ်ယောက်ကို ချော့သလို ဟော်လီကို နှစ်သိမ့်နေသည်။

'နယူးယောက် ဟုတ်လား'

သည်နာမည်က သူ့ကိုတုန်လှုပ်သွားစေသည်။ သူ့မှတ်ဉာဏ်ဘဏ်တိုက်ထဲတွင် ထိပ်လန့်မှုလှိုင်းများ ရိုက်ခတ်သွားစေသည်။

'ဘာဖြစ်လို့လဲကွဲ့'

သူက သူ့ကိုယ်ပိုင် အပြုံးဖြစ်သည့် အကြောင့်ကြမဲ့ အပြုံးကို ပြုံးသည်။ သည်အပြုံးဖြင့်ပင် သူ အောင်မြင်မှုများ ရခဲ့သည် မဟုတ်လား။

'နယူးယောက်ကို'

ဖြည်းလေးစွာ ထပ်ဆင့်ရေရွတ်နေ၏။

'မင်းရဲ့ဟိုတယ်ကြွေးတွေကို ကျုပ် ဆပ်လိုက်ပြီ။ အဲဒ်အတွက် တော့ ပူမနေနဲ့'

ဟော်လီ တွန့်ကနဲ ဖြစ်သွားသည်။

'ရှင်က အပိုင်တွက်လှချည်လား မစ္စတာ ရှုလေဗန်'

ထိုလူ ပခုံးတွန့်သည်။

'ကျုပ်က ဟင့်အင်းဆိုတဲ့အဖြေကို လက်ခံတတ်တဲ့လူမဟုတ်ဘူးဗျ'

ဟော်လီ ထိုလူကို နှုတ်ဆိတ်စွာ ကြည့်နေ၏။ သည်လူ့ပုံစံခပ်ပေါ့ပေါ့ ခပ်လွယ်လွယ်သမား။ ဒါကို ဟော်လီ တစ်ချက် ကလေးသတိမလစ်။ သည်ကနဲက သူ့တွက်ကိန်းတွေ မှားကုန်လည်း သူလေးလေးနက်နက်ကြီး တွေးတော စဉ်းစားမည့်သူမျိုး မဟုတ်။





'ကောင်းပြီလေ၊ ကျွန်မရှင်နဲ့ တစ်ချီနှစ်ချီလောက်တော့ လိုက်အလုပ်လုပ်မယ်၊ ဒါပေမယ့် ကျွန်မသတိပေးထားမယ်နော်၊ ရှင်ကျွန်မနဲ့ ဆန့်ကျင်တဲ့အလုပ်မျိုးလုပ်ဖို့စဉ်းစားထားယင်တော့ ပြန်ပြီးစဉ်းစား လိုက်ပါဦး'

သူ့မျက်လုံးတွေ မှေးကျဉ်းသွား၏။

'မင်းက ဘာကိစ္စ ဒီလောက် သံသယ ကြီးနေရတာလဲ'

'အတွေ့အကြုံပဲပေါ့ အပေါင်းအသင်းရယ်၊ ကျွန်မဘဝမှာ နတ်ဆိုးနဲ့ အပေးအယူလုပ်ရတာ ဒါဟာ ဒုတိယအကြိမ်မြောက်ပဲ'

ဒါလည်းမှန်ပါသည်။

ပထမအကြိမ်တုန်းကတော့ အက်စ်တဲလ်အင်ဒါဆင်နှင့်သမိုင်း တွင်လောက်အောင် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသည်လေ။ သူ့မှာ တစ်စုံတစ်ယောက် စိတ်ချမ်းသာရေးအတွက် သူ့ဘဝတစ်ခုလုံး ပေးအပ်ခဲ့ရသည်မဟုတ်လား။

ထိုအမှားမျိုး နောက်တစ်ကြိမ် ထပ်မမှားချင်တော့။ အထူးသဖြင့် ဒန်ရှုလေဗန်လို လူမျိုးကြောင့် အမှားအယွင်း မဖြစ်ချင်။

နောက်နေ့နံနက်တွင် မက္ကဆီကိုမှ လေယာဉ်ဖြင့် ထွက်ခဲ့ကြ၏။ ရွှံ့နှစ်ရောင် မြင်ကွင်းကျယ်ကြီး ထဲတွင် ငွေရောင် လက်လက်လေယာဉ်ကြီးက မြားတစ်စင်းလို ပြေးလွှားနေသည်။ မက္ကဆီကိုနယ်စပ်၏ တောင်ဘက်စူးစူးတွင် မြင်မြင်သမျှ အရာအားလုံး အညိုရောင်တွေချည်း။ သင်သည် မက္ကဆီကိုမှ ထွက်လာပြီဆိုလျှင် သင့်တစ်သက်လုံး ခေါင်းထဲ စွဲပါလာမည်မှာ အညိုရောင်။ အစိမ်းရောင် ဆိုသည်ကိုတော့ ဘယ်တော့ မှ တွေ့ရလိမ့်မည် မဟုတ်။

မက္ကဆီကိုတွင် နာတာလူးပွဲ နွှဲရသည်မှာ ဟာသတစ်ခုလိုပင်ခင်းမကျ၊ ချမ်းအေးခြင်းမရှိ၊ လေအေးမတိုက်သည့် နာတာလူးပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘာအဓိပ္ပါယ် ရှိမှာလဲ။ စိတ်ထဲမှာဘယ်လိုမှ ဘယ်လိုမျှ ခံစားလို့မရ၊ ကော်နတ်တိကပ်မှာ နာတာလူးပွဲ နွဲရသည်ကမှ တကယ့် နာတာလူး ပွဲတော်နှင့်တူတာ။ နှင်းတွေကျနေသည်။ ထင်းရှူးပင် တွေ ရှိနေသည်။ မြစိမ်းမြိုင် စံအိမ်ကြီး။ ဘုရားရှိခိုးကျောင်းများမှ လွင့်ပျံ့လာသည့် ခေါင်းလောင်းသံများ ။

လေယာဉ်ကြီး နယူးယောက်ဆီသို့ ဦးတည် ပျံသန်းနေသည်။ သူကတော့ မြစိမ်းမြိုင် အကြောင်း ခေါင်းထဲ ဝင်မလာအောင် ကြိုးပမ်း နေရသည်။ အင်းလေ ဘာပဲဖြစ်ဖြစ် သူ့ဘဝမှာ နာတာလူးပွဲရယ်လို့ ပီပီပြင်ပြင် နွဲခဲ့ရတာလည်း မြစိမ်းမြိုင်က ပွဲတစ်ပွဲပဲ ရှိခဲ့တာကိုး။

'မေမေ သေလွန်တယ်ဆိုတာ ဘာလဲဟင်'

'သေလွန်ခြင်းဆိုတာ အဝေးကိုထွက်ခွာသွားရတာပေါ့ သားသားရယ်'

× × ×

## အခန်း ( ၁၉ )

'ကြည့်ရတာတော့ အစစအရာရာ အဆင်ချောနေတာပဲ'

သူတို့နှစ်ယောက် ဟိုတယ် ခန်းထဲတွင် ပြန်ဆုံမိသည်နှင့် ဒန့်က ပြော၏။ ဟိုတယ်မှာ မင်ဟတ်တန်ရပ်ကွက်ရှိ အကောင်း စားဟိုတယ်တစ်ခု။

'မင်းဆံပင်ကိုလည်း ကျုပ်ကြိုက်သဗျ'

ပော်လီက ခုလေးပဲ ဈေးထွက်ဝယ်ပြီး ပြန်လာသည်။ ဈေးဝယ်ခရီးစဉ်တွင် အရေးအကြီးဆုံးလုပ်ငန်းအဖြစ် အလှပြင်ဆိုင် ထင်ခဲ့ရသည်။ သူ့ဆံပင်အရောင် မဲညစ်ညစ်သည် ခုတော့ ရွှေရောင် ဖျော့ဖျော့ ပြန်ဖြစ်နေပြီ။ ဆံပင်ပုံစံကို ရှေးဆန်ဆန် ရိုးရိုးကလေး ထုံးဖွဲ့ထားသည်။ ရွှေမြို့တော်ကြီးကိုတစ်ကြိမ်တစ်ကျော့ ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်ရသည်မှာ ပျော်စရာ။ မော်တော်ကားက တဝီဝီ။ လူတွေက လှုပ်လှုပ်ရှားရှား။ ဒါတွေကိုကြည့်ပြီး သူ့နှလုံးသားကော သူ့ဝိညာဉ်ပါ ကံသေကံမ ပြန်လည် နိုးထလာပြီဟု ဟော်လီ ခံစားရသည်။ အဟုန် ပြင်းစွာ သက်ဝင်လှုပ်ရှားနေသော မြို့တော်ကြီး၏ အသံ ဗလံများက သူ့ရင်ကို ကူးစက်လှုပ်ခတ် လာစေပါသည်။ သူ့ကိုယ်သူ ဆယ့်ကိုးနှစ် သမီးလေးလိုပင် ပြန်လည်ခံစားရ၏။ အလှပြင်ဆိုင်မှန် ထဲတွင် မြင်နေရသော သူ့ရုပ်သွင်နှင့် ဆံပင်ထုံးဖွဲ့သူ၏ ချီးပစကား များက သူ့အား မအိုသေးတဲ့သူ အပျိုကလေးနဲ့ တူနေသေး ကြောင်း သက်သေထူနေပါသည်။ သူ့ပုံပန်းက ညို့ဖမ်းနိုင်စွမ်းရှိ လာသည်။ သူ့ကိုယ်သူလည်း သည်အတိုင်းပင် ယုံကြည်ခံစားရသည်။

ဒန်စုလေဗတန်၏ မှတ်ချက်က သူ့ခံစားချက်ကို ထောက်ခံ နေသည်လေ။ သည်လူ လုပ်ကိုင်နေသည့်အလုပ်က ဘယ်လောက်ပဲ ကောက်ကျစ်နေနေပေါ့။

'ကျွန်မတော့ ခြေကုန်လက်ပန်း ကျသွားပြီ'

ဟော်လီ သက်ပြင်းမှုတ်၏။ သူ့စကပ်ပါးပါးလေးကို ဆွဲဆန့် နေသည်။

'နှစ်ပေါင်းများစွာအတွင်း ကိုယ့်ကိုယ်ကို အလှပြင်ဖို့ တစ်ခါမှ ခုလောက် အားမထုတ်ခဲ့ဖူးဘူး'

သူဝယ်လာသည့် အဝတ်အစားတွေ တစ်ပုံတစ်ပင်ကြီးကို ညွှန်ပြ၏။ ဒန်က စားပွဲပုလေးပေါ်တင်ထားသည့် ပုလင်းကို မေးဆတ် ပြရင်း

'အရက်စိမ်းတော့ ဝယ်မရဘူးဟေ့၊ မင်းဝီစကီနဲ့ပဲ အာသာ ဖြေပေတော့'

'ခုချိန်မှာတော့ ကျွန်မ ဘာအရက်ဖြစ်ဖြစ်သောက်ရမှာပဲ'





စားပွဲပုလေးဆီ သွားသည်။ ဖန်ခွက် တစ်ဝက်လောက် ပြည့် အောင် ငှဲ့ထည့်သည်။

'ဖြည်းဖြည်းဆေးဆေးသောက်ပါကွာ ကျုပ်မိတ်ဆွေ တစ်ယောက် လာစရာရှိတယ်'

ထိုအခိုက်မှာပင် ဟော်လီ အကြောတွေ ဆိုင်းသလို တောင့် တောင့်ကြီး ဖြစ်သွား၏။ စားပွဲပေါ်မှ သတင်းစာတွေ အထပ်လိုက်ကို ခုမှမြင်မိသည်။ အပေါ်ဆုံး သတင်းစာမှာ ကော်နတ်တိကပ်ပြည်နယ် ထုတ် ဝက်စ်ပို့ နေ့စဉ် သတင်းစာ။ သူက အောက်မှ သတင်းစာကို ဖြည်းညှင်းစွာ လှန်ကြည့်လိုက်၏။ ကော်နတ်တိကပ်ပြည်နယ် ထုတ် အခြား သတင်းစာ တစ်စောင်။ သူမစိတ်တွင် ခိုအောင်းနေ သည့် ဝိုးတဝါး အသိတရားများ၏ သတိပေး ရိုက်ခတ်သံများ မြည်ဟည်း လာသည်။

မျက်နှာကို မှုမပျက်အောင် ထိန်းပြီး ဒန်ဘက်သို့လှည့် လိုက်၏။

'ဒီနေ့ထုတ် နယူးယောက်သတင်းစာများ မရှိဘူးလား ဟင်'

ကျုပ်က မင်း ကော်နတ်တိကပ်ထုတ် သတင်းစာတွေပဲ ဖတ်ချင်မယ် ထင်လို့။

'ဘာဖြစ်လို့'

အလွမ်းပြေပေါ့ကွယ်'

ဒန်က စိမ်းစိမ်းကြည့်လိုက်၏။

'ကျွန်မမှ ကော်နတ်တိကပ်ကို မရောက်ဖူးပဲ'

'ဒါဆိုလည်း ပြီးတာပေါ့လေ'

ဒန်က ဖန်ခွက်ထဲ အရက်ငှဲ့ထည့်နေသည်။ ဘာမှမဖြစ် သလို သူတို့ပြောနေသည့် အကြောင်းအရာကို ဆက်ပြောနေဖို့



www.burmeseclassic.com

www.burmeseclassic.com



မလိုတော့ သလို။ ဟော်လီ လက်ထဲမှ ဖန်ခွက်ကို ရှေ့သို့ငိုက်လိုက်၏။ ဒန်က သူ့ဖန်ခွက်ပေါ်မှ ကျော်ကာ ဟော်လီအား ငေးငေးငိုင်ငိုင် ကြည့်၏။

'ပြည်နယ်အုပ်ချုပ်ရေးမှူး ကလေတန်အင်ဒါဆင် နယူးယောက်မှာ ရောက်နေတယ် ဗျ'

ဟော်လီ ဘာမျှပြန်မပြော။ ဒန်ကအမျိုးသမီး လက်မောင်းဆွဲကိုင်ကာ

'မင့်သားတော်မောင်လည်း ပါတယ်'

'ကျွန်မမှာ သားမှ မရှိပဲ'

ခပ်တည်တည် ပြန်ဖြေသည်။

'မင့်မှာ သားရှိတယ်လို့ မင်းပဲ ပြောခဲ့တယ် မဟုတ်လား'

'အဲဒီတုန်းက မူးနေတယ်လေ'

ရှတတ အသံဖြင့် သတိပေးလိုက်သည်။ သူ့ရင်ထဲ ဘလောင်ဆူနေသည်ကို ကောင်းကောင်းကြီး ဖုံးကွယ်ထားနိုင်သဖြင့် ကိုယ့်ကိုယ်ပင် အံ့ဩနေမိသေး၏။

ဒန်ရူလေဗန် သရော်တော်တော် ပြုံးလိုက်သည်။

'ကဲ . . . များများသောက်လိုက်စမ်း ကလေးမ မင်းအခုလို ထိုင်းထိုင်း မှိုင်းမှိုင်းကြီးဖြစ်နေတာထက် မူးနေတာကို ကျုပ်ပိုကြိုက်တယ်'

'ကျွန်မကလည်း ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေတာထက် မူးနေမှ ကမ္ဘာလောကကြီးကို ကြိုက်တယ်၊ အဲဒီတော့ ဒီကမ္ဘာလောကကြီးထဲမှာ ခွေးလေး ကြမ်းပိုးတွေ ပြည့်နှက်နေပါလား ဆိုတာကို မေ့ပစ်နိုင်မှာကိုး'

ဟော်လီ ဒေါသတကြီး ပြန်ပက်သည်။ ပြီးတော့ အိပ်ခန်းထဲ





ဆောင့်ကြီး အောင့်ကြီး ဝင်သည်။ အခန်းချင်းဆက်နေသည့် တံခါးကို ဝုန်းကနဲ ဆောင့်ပိတ်လိုက်သည်။ ဒန်ရူလေဗန်၏ အပြုံးပိုနက်ရှိုင်းလာ၏။ သူ့မှာ သံသယတွေ ရှိနေခဲ့ပါလျှင် ယခုမှ သံသယတွေ ရှင်းသွားသည်။ တည်ကြက် အစစ်အမှန်ကို ဖမ်းမိထားတာပါကလား။ ခုမှ လုံးဝဥဿုံ ယုံကြည် စိတ်ချသွားသည်။

မိခင်စိတ် တကယ်ရှိသူများသာ သူတို့၏ နှလုံးသားကို ခုလို ထုတ်ဖော် ပြသတတ်ကြသည် မဟုတ်ပါလား။

×

သိစိတ်ထဲသို့ အသံဗလံတွေ တိုးဝင်လာချိန်တွင် သူက အိပ်ရာ ပေါ်မှာ လဲလျောင်းလျက်။ မူးပြီးအိပ်ပျော်နေခိုက် အသံတွေ ကြားရတော့ မူးရီ မူးဝေဖြင့် တံတောင်ဆစ်ပေါ် အားပြုပြီးထသည်။ မှောင်တစ်ဝက် လွှမ်းနေသည့် အိပ်ခန်းထဲတွင် မျက်စိကို ပုတ်ခတ်ပုတ်ခတ်လုပ်သည်။ သူ့နဖူးကြောတွေတွန့်သွားသည်။ အာရုံများကို စုစည်းဖို့ကြိုးစားသည်။ ဒန်မှာအဖော်ရှိနေသည်။ သူစိမ်းတစ်ဦးက အသံသြသြကြီးဖြင့် ဒန်ကို စကားပြောနေသံ ကြားနေရသည်။

သူအာရုံစိုက်ပြီး နားစွင့်သည်။ ဒန်၏အသံ ခပ်ကျယ်ကျယ်ဖြစ်နေသည်။ အလောတကြီးဖြစ်နေသော စိတ်လှုပ်ရှားနေသော အသံကို ကြားရခြင်းကြောင့် ဒန်တစ်ယောက် အရေးတကြီးကိစ္စကို တိုင်ပင်နေမှန်း သိသာသည်။

'သူ သင်္ဘောပေါ်က လိမ့်ကျတယ်ဆိုတာ မျက်မြင်သက်သေ တစ်ယောက်ပဲ ရှိတယ်။ သူ့ယောက္ခမကြီးလေ၊ ယောက္ခမကြီးကလည်း အဲဒီလို ပြောရလောက်အောင် သူတို့အတွင်းရေးတွေ ရှိမှာပေါ့'

သင်္ဘောသားတွေ ရေထဲလိုက်ရှာတာ လေးဆယ့်ရှစ်နာရီ တောင်ကြာတယ်၊ အဲဒီလိုပဲ ကမ်းစောင့်တပ်ဖွဲ့ကလဲ ရှာခဲ့ကြတယ်'



www.burmeseclassic.com

www.burmeseclassic.com



ညှင်သည်လူကြီး၏ အသံက စိတ်ရှည်လက်ရှည် ရှင်းပြနေ၏။

'အေးလေ အဲဒီတာတောင်အလောင်းကို ရှာမတွေ့ဘူး မဟုတ်လား။ ဟုတ်လောက်နေပါပြီ ကာတာရယ်'

'ဒီငနဲမ ရေမနစ်ရင် ဘယ်ရောက်သွားလဲ'

'တစ်ယောက်ယောက်က သူ့ကို ဆယ်သွားမှာပေါ့ဗျ'

ဟော်လီ အသက်အောင့်ထားမိသည် အသက်ကိုပင် ရှူမထုတ်ရဲ။ ရင်ထဲမှာတော့ တဒိုင်းဒိုင်း ခုန်နေပြီ။

ကာတာ့အသံ ပြန်ပေါ်လာသည်။ နိုင်မာပြတ်သားသော အသံ

'ဟော်လီပါကာ အင်ဒါဆင်ဆိုတာ မျက်နှာဖုံး သတင်း တစ်ခုကွ အဲဒီလိုဆယ်သွားပြီးနောက် ဆယ်တဲ့သူက သတင်းပို့မှာပေါ့'

'သူပျောက်ဆုံးသွားအောင် တမင်စီစဉ်ပေးထားရင် ဘယ်သူက လာသတင်းပို့မှာလဲ ကာတာရယ်' ခင်ဗျားရှာဖွေထားတဲ့ သတင်းစာ ဖြတ်ပိုင်းတွေအရ ဒီကောင် မလှုပ်နိုင်ပါဘူးဗျာ အားလုံး ကွင်းဆက်တွေ မိနေတာပဲဟာ။

ခဏမျှ တိတ်ဆိတ်သွားသည်။ ထို့နောက်ကာတာပြောသည်။ ပြည်နယ် အုပ်ချုပ်ရေးမှူး အင်ဒါဆင်ဟာ သမ္မတ ဝင်ရွေးခွင့် လက်မှတ်ကို ဘောင်းဘီအိတ်ထဲ ထည့်ထားတဲ့လူကွ။ ဒီလူ ဘယ်နည်းနဲ့မှ အရှုပ်အရှင်း အဖြစ်မခံနိုင်ဘူး။ အထူးသဖြင့် အခုချိန်မှာပေါ့။

ဒါကြောင့် ကျွန်တော်ပြောထားပါပကော ကျွန်တော် ရတာနာသိုက်ကြီး တွေ့ထားပါပြီလို့'

လွင်မြူးနေသော ဒန်စူလေဗန်၏ အသံက ဟော်လီ့ တစ်ကိုယ်လုံး အေးစက်သွားစေ၏။ ကျောထဲ ရင်ထဲ စိမ့်ကနဲ ချမ်းအေးသွားစေ၏။ အိပ်ရာပေါ်မှ ပန်းလျှစွာ ကျုံးထသည်။

'တော်တော်ကြီးကို ဂရုတစိုက် ကိုင်တွယ်ရလိမ့်နော်၊





ပြည်နယ် အုပ်ချုပ်ရေးမှူးကို မင်းလွယ်လွယ်နဲ့ ကိုင်တွယ်နိုင်မှာ မဟုတ်ဘူး'

'ဒါကြောင့် ခင်ဗျားဆီ ကျွန်တော်လာခဲ့တာပေါ့ဗျ'

ဟော်လီ ညှင်ခန်းထဲမှ နမူးနထိုင်း ထွက်လာသည်။ လျှပ်စစ်မီးရောင်နှင့် ရင်ဆိုင်လိုက်ရတော့ မျက်စိတွေ ပေကလပ် ပေကလပ် လုပ်သည်။ သူ့ ကိုဘွားကနဲ မြင်လိုက်ရတော့ ယောကျ်ားနှစ်ယောက် လန့်ဖျန့်သွားသည်။ အထူးသဖြင့် ကာတာ အသက်လေးဆယ်ကျော် မျက်နှာထားတင်းတင်းနှင့်လူကို ဟော်လီတွေ့ရသည်။ သူ့ မျက်နှာက တန်ရာတန်ဘိုးသာရစေ ဘာမဆိုလုပ်မည်ဆိုသည့် မျက်နှာမျိုး။

'ဟော . . မြို့စားကတော်လေး မစ္စတာကာတာနဲ့ လာတွေ့လိုက်ပါဦးကွယ်'

ဒန် ကုလားထိုင်ပေါ်မှ ခပ်မြူးမြူးလေးပြော၏။

'နေကောင်းပါရဲ့လား'

ကာတာ ခပ်အေးအေးနှုတ်ဆက်သည်။

'တွေ့ရတာ ဝမ်းသာပါတယ်ရှင်'

ဟော်လီ ကြားသာရုံကလေး ပြောသည်။ သူက ဒန်ကို မျက်မှောင်ကြုတ် ကြည့်သည်။ စိတ်ထဲ ဝေခွဲမရပုံမျိုး။

'ဒန်ရေ ဒီညတော့ ကျွန်မ အမူးလွန်သွားပြီရှင့်၊ ကျွန်မ ပြောရမယ့် သဘောပေါက လိမ့်ကျတဲ့အကြောင်းတွေ အကုန်မေ့ကုန်ပြီလေ'

ဒန်စူလေဗန် ထိုင်ရာမှ ခုန်ထလိုက်၏။

'ဟေ မင်းသဘောပေါက ကျခဲ့လို့လား'

ဟော်လီ ပိုပြီး မျက်မှောင်ကြုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလို ဖြစ်ခဲ့တယ်လို့ ပြောဖို့ ရှင်သင်ထားတာ ဘယ်လိုလဲ ဟင်'

စိတ်ဝင်တစားမေး၏။ ကာတာတစ် ချက်ညီး၏။ ဒန်၏ မျက်နှာ ချက်ချင်းနီမြန်းလာသည်။

'အဲဒီလိုဖြစ်တယ်လို့ ပြောဖို့ မင်းကို ကျုပ် သင်မထားပါလား'

'ပြောခဲ့ပါတယ်ရှင်ရယ်၊ ရှင်မမှတ်မိဘူးလား ဟင်'

'မင်းကိုဘာပြောပါလို့ ကျုပ်သင်မပေးခဲ့ဘူး မချော ကျုပ်ကို လာညှု မနေနဲ့'

ဒန် ဒေါသတွေ ပေါက်ကွဲသွား၏။ ဟော်လီ ညည်းညူရင်း ဒန်ကိုရော ကာတာကိုပါ ကြည့်၏။

'ဒီမေးခွန်းက ကျွန်မမစွတာ ကာတာရှေ့မှာ မမေးရဘူးလား ဟုတ်လားဟင်'

မျက်နှာကြောတင်းတင်းနှင့်လူ ထိုင်ရာမှ ထသည်။ သူ့ မျက်နှာ သွင်ပြင်မှာ အကျည်းတန် အရုပ်ဆိုး နေ၏။

'မင်း ကိုယ့်အချင်းချင်းကိုတော့ မပတ်သင့်ဘူး ဒန်'

'ဒီကောင်မကို ဂရုစိုက်မနေစမ်းပါနဲ့ ကာတာ၊ ဒီကောင်မ မူးနေတာ ခင်ဗျားမတွေ့ဘူးလား'

မျက်လုံးတွေ ပေကလပ် ပေကလပ် လုပ်ရင်း ယိမ်းထိုးနေသည့် ဟော်လီကို စူးစူးဝါးဝါး ကြည့်၏။

]u Rfv n f R Hpmw myJ 'e£, f 'gyr, H, ½ ရှိရှိလေး ပြောနိုင်အောင် ကျွန်မ အချိန်နည်းနည်း ယူပါရစေနော်'

'ကောင်မစုတ် . . . လိမ်နေတာ'

ဒန်ကိုကြည့်ရသည်မှာ ဟော်လီအား လည်ပင်း ညှစ်သတ်





တော့မည့်နှယ်။

သို့သော် ကာတာက စကားဖြတ်ပြောသည်။ သူကတော့ စိတ်ရှည် လက်ရှည် ဖြစ်နေဆဲ။ အေးအေးဆေးဆေး ရှိနေဆဲ။

'ခင်ဗျားက ဟော်လီပါကာ အင်ဒါဆင်လား'

ဟော်လီက ဒန်အား အသားနားခံသလို နောက်တစ်ကြိမ် ကြည့်လိုက်ပြန်သည်။

'ကျွန်မ ဘာပြောလိုက်ရမလဲ ဟင်'

'အမှန်အတိုင်း ပြောပေါ့ကွ မင်း ဘယ်သူဆိုတာ ပြောပြလိုက်လေ'

'ဘက်တီ မီလာ'

ဟော်လီ ခပ်သွက်သွက်ပြော၏။ ဒီနာမည်ကို နှုတ်ဖျားမှ ထွက်၍မှ မဆုံးသေးမီ ဒန်က သူ့မျက်နှာကို ရက်ရက်စက်စက် ဖြတ်ရိုက် ပစ်လိုက်၏။

'ပေါက်ပန်းဈေးမ ယစ်ထုတ်မ'

ဟော်လီ ချာကနဲ လှည့်ကြည့်သည်။ သူ့အကြည့်တွင် မုန်းတီး စက်ဆုပ်မှုနှင့် ဒေါသငွေ့များ။ သူ့ပါးမှာ ဝေဒနာကြောင့် ပူထူနေ၏။

'နားထောင်စမ်း ခွေးသူတောင်းစားကြီး၊ ရှင် တိုးတဲ့ ပြာပုံကိုပဲ ကျွန်မလည်း ဝင်တိုးနေတာ၊ ဒါပေမယ့် ကျွန်မ ရှင့်သား ကောင် မဟုတ်ဘူးရှင့် သိရဲ့လား'

ကာတာဘက်သို့ မျက်နှာမူလိုက်၏။ သူ့မျက်လုံးတွေ ဝင်းဝင်း တောက်လျက်။

'ကြည့်စမ်းပါဦးရှင် ကြည့်စမ်းပါဦး၊ ကျွန်မကို အထက် တန်းလွှာမိသားစုရဲ့ အိမ်တစ်အိမ်ကို နောက်ဖေးပေါက်ကနေ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဝင်နိုင်မယ်လို့ ရှင်ထင်ထားလား ဟင်၊ သူကထင်နေတယ်လေ၊ ကျွန်မကို အဝတ် အစားကောင်းတွေ ဆင်ပေးလိုက်ရင် ကျွန်မ ဝင်ရှုပ်နိုင်မှာပဲလို့။ ကဲ ခုကြည့်လေ ကျွန်မ ရှင့်ကိုတောင် မလှည့်စားနိုင်ဘူး မဟုတ်လား'

ဒန်စူလေဗန် သူ့ကို နောက်တစ်ချီ ထပ်ရိုက်လိုက်ပြန်သည်။

'ကဲ . . . လိမ်ပြောဦးကွာ'

'ခွေး သူတောင်းစားကြီး'

ဟော်လီ ပြန်အော်သည်။

ကာတာက တံခါးပေါက်ဆီသို့သွားရင်း

'ဒန် ငါလစ်တော့မယ်'

ဒန်ပြေးလိုက်သွားသည်။ ကာတာ့ရှေ့မှ ကာဆီးထားသည်။

'ကာတာ ကျွန်တော် ခင်ဗျားကို မြိုးမြိုးမျက်မျက်ပေးမှာပါဗျာ၊ အခုဟာက ပဒေသာပင် ပေါက်မဲ့ အခွင့်အလမ်းကြီးမို့ပါ'

ကာတာက လက်မကို ထောင်ယမ်းပြပြီး လမ်းဖယ်ခိုင်းသည်။

'မင်း အဲဒီလို စိတ်ကူးပေါက်တာ ကျေးဇူးတင်ပါတယ်ကွာ'

'ခင်ဗျားက မဟုတ်တမ်းတရားတွေ ယုံနေတာကိုးဗျ'

ဒန် ကြိုရာမရ အော်ဟစ်၏။

'မဟုတ်ဘူးကွ ငါ ဘာကိုမှ မယုံတာပါ သွားဦးမယ် ဒန်'

'ကျွန်တော် ပွပေါက်တိုးနေပြီ ဗျ။ ဒီတစ်ချီ အချိုကြီး ပွမှာပါ'

သို့သော် ကာတာ ရှေ့ဆက်ထွက်သွားသည်။ ဝုန်းကနဲ တံခါး ပိတ်သွားသည်။ ဒန်စူလေဗန် တဒင်္ဂ ကြောင်ပြီးရပ်နေ၏။ အသံမဲ့စွာ လေအဖိခံထားရသည့် သစ်ပင်တစ်ပင်နယ် ခါးကြီးကိုင်းလျက်။ ချာကနဲ လှည့်လိုက်သည်။ ဒေါသသည်းနေသော မျက်နှာဖြင့်။ ဟော်လီ သူ့ကို ပြန်စိုက်ကြည့်နေ၏။ စိုးစဉ်းမျှ အကြောက်အရွံ့





မရှိ။ ကွဲသွားသော နှုတ်ခမ်းမှ စီးကျနေသည့် သွေးစီးကြောင်းကိုလည်း အမှုမထား။

'အပေါစားမ နင်ဟာ ဟော်လီပါကာအင်ဒါဆင်ပဲ'

အံကြိတ်ပြီးပြော၏။ သူ့စကားကို ဟော်လီ ဂရုမစိုက်။ သူ့ကိုကျောခိုင်းလိုက်၏။ စားပွဲပေါ်ရှိ ပုလင်းထဲမှ ဝီစကီ တစ်ဖန်ခွက် ငှဲ့ထည့် နေသည်။ ပြီးတော့ တဟားဟား အော်ရယ်ပစ်လိုက်။ ရယ်သံက အက်ကွဲနေ၏။ အရူးတစ်ယောက် ရယ်မောနေသံမျိုး။

'တိတ်စမ်း၊ နင့်ပါးစပ် ပိတ်ထား'

ဒန် ကျုံးအော်ပစ်၏။ အကြွဲထုတ်နေသည်။

'ကြေးလက်စွပ်ပဲ ရလိုက်ပြန်ပြီပေါ့ ဟုတ်လား ဒန်'

ဟော်လီ မထိန်းနိုင် မသိမ်းနိုင်ပြောလိုက်သည်။

'ကျွန်မဟာ ကြေးလက်စွပ်ကလွဲလို့ တခြားဘာမှ မဖြစ်နိုင်ဘူး ဆိုတာ ရှင်မသိဘူးလား ဟင်'

ဒန် နဖူးပေါ်တွင် ချွေးသီးချွေးပေါက်တွေ သီးနေ၏။

'မင်းဟာ ဟော်လီ အင်ဒါဆင် ဟုတ်ကို ဟုတ်ရမယ်'

'ရှင်ဟာ သနားစရာကောင်းတဲ့ တော်တော် အကြံဝုံး ဉာဏ်တုံး အမိုက်ကောင်သမားပဲ၊ ရှင်က ကျွန်မထက်ကို အရှုံးကြီး ရှုံးနေတဲ့ လူ ခုပဲကြည့်လေ၊ ရှင်ခုထက်ထိ ဒီအကြံကို လက်မလွှတ်သေးဘူး'

ခုတော့ ဟော်လီ ငိုလည်းငိုသည် ရယ်လည်းရယ်သည်။ ဒန်စူလေဗန် အတွေးရှုပ်များကို ခါထုတ်သည်။ ပြီးတော့ တံခါးပေါက်ဆီ သွားသည်။

'မင်းပြောတာတွေ ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒါဆင်က သဘော တူချင်မှတူမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပြည်နယ်အုပ်ချုပ်ရေးမှူး အနားတောင် ကပ်ခွင့်ရမှာ မဟုတ်ဘူး'

'ဒီတော့လည်း ကျုပ် ကလေတန်လေးနဲ့ စကားစမြည် ပြော ကြည့်ရတာပေါ့။ သူ့အနားကပ်ခွင့် ရဖို့တော့ သိတ်အခက်အခဲ မရှိပါဘူး'

ခုချိန်တွင် သူသည် ဒေါသကြီးနေသဖြင့် အမြင်ကွယ်ခြင်း မျှသာဖြစ်၏။ စင်စစ်သူသည် ဟော်လီကို သူလိုချင်သည့် ခွင်အတိုင်း အပိုင်ဖမ်းမိနေပြီ ဖြစ်ကြောင်း မရိပ်စားမိ။

ဟော်လီ ရှပ်ချည်း နှုတ်ဆိတ်သွား၏။ ရယ်လိုက် ငိုလိုက် လုပ်နေခြင်းတွေ ရပ်သွား၏။

သူက ဒန်စူလေဗန် လှမ်းလက်စ ခြေလှမ်းတွေ တန့် သွားစေမည့် မေးခွန်းတစ်ခုကို ဒိုင်းကနဲ ကောက်မေးလိုက်၏။

'ကျွန်မ ရှင်နဲ့လိုက်ခဲ့ရမလား'

ဒန် ခြေလှမ်း တန့်သွားသည်။ ဟော်လီကို အရှုံးပေးလိုက်ရ သည်။

သည်ဆုံးဖြတ်ချက်ကား သူ့ဘဝကျဉ်းကလေး သက်တမ်း တစ်လျှောက်တွင် အဆိုးရွားဆုံး အမှားယွင်းဆုံး ဆုံးဖြတ်ချက် ပေတည်း။

သူ ပြန်လှည့်ကြည့်သည်။ ဟော်လီ ချက်ခြင်းလက်ငင်း ပြောင်းလဲသွားသည်ကို မယုံသေး။ သို့သော် အရှုံးသမားများ ထုံးစံ အတိုင်း မျှော်လင့်ချက် မှုင်မှုင်ကလေးကို ရင်ဝယ်ပိုက်ထားဆဲ။

'မင်းတကယ်မလိုက်ပါဘူး'

'ရှင်က ကိုယ်ရောင်းမဲ့ ကုန်ပစ္စည်းကို မပြပဲ ဘယ်လိုလုပ် အရောင်းအဝယ် ဖြစ်ပါ့မလဲ ဒန်ရယ်၊ ခု ဒီရောင်းကုန်ပစ္စည်းက အကျိုး





အမြတ်ရဲ့ တစ်ဝက်ကို ခွဲဝေယူချင်တယ်၊ ရှင်နဲ့ကျွန်မနဲ့နှစ်ယောက် ထည်းလေ၊ အပြင်လူ ဘယ်သူမှ မပါစေရဘူး'

သူက ဟော်လီ့ကို စိုက်ကြည့်နေ၏။ အားကျ ဂုဏ်ယူမှု များဖြင့် သူ့မျက်နှာ ဝင်းပလာသည်။

'ဩော် . . ဒါ့ကြောင့်ကိုး၊ မင်း ကာတာ့ကို ဝေစုခွဲမပေး ရအောင် ပ ထုတ်လိုက်တာပေါ့လေ'

'ဒါပေါ့ဒန် ကျွန်မကို ဝေစုတစ်ဝက်သာပေး'

'ကောင်းပြီ မင်းကုတ်အင်္ကျီ သွားယူချေ'

'ဟုတ်ကဲ့ဒန် ခဏလေးစောင့်နော်'

တိုးညှင်းစွာ ပြော၏။ သူ့စားပွဲရှိရာသို့သွား၏။ စားပွဲပေါ်မှ လက်ကိုင်အိတ်ကို ဖွင့်သည်။

ဒန်က အပြင်ဘက်မှာ မလှုပ်မချောက် ရပ်လျက်။ အကြံ အစည်တွေ ထုတ်နေသည်။

ဟော်လီ အခန်းထဲမှ ပြန်ထွက်လာသည်။ မျက်နှာက တည်ငြိမ် နေ၏။ ကြည်စင်နေ၏။ သူ အရက်သောက်ထားသည် ဆိုတာပင် ယုံရခက်ခက်။

ညှော်ခန်းထဲ ဟော်လီ ဝင်လာတော့ ဒန်မော့ကြည့်လိုက်၏။

ဟော်လီ့လက်ထဲမှ သေနတ် တွေ့လိုက်ရတော့ ဒန် ရယ်စရာ ကောင်းလောက်အောင် ပါးစပ်ကြီး ဟောင်းလောင်း ဖြစ်သွားသည်။ တစ်စုံ တစ်ရာ အော်ဟစ်ဖို့ ပါးစပ်ပြင်လိုက်၏။

သို့သော် သူ့နှုတ်ဖျားမှ အော်ဟစ်ချိန် မရလိုက်တော့

ယမ်းတောင့်တွေ ပွင့်ထွက်သွားသံများက ဟိုတယ်ခန်းထဲတွင် မြည်ဟိန်းသွားသည်။

ဟော်လီက အညှာအတာ ကင်းမဲ့စွာ ဆင့်ကာဆင့်ကာ ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ သွေးကြောတွေထဲတွင် ကြည်နူးမှုများသာ ခပ်ကြမ်းကြမ်း ကြွထလာ၏။

ဒန်စုလေဗန် ပျော့ခွေကျသွားသည်။ အသံ တစ်ချက်ကလေးမျှ ထွက်မလာ။

သူသည် တိုက်ပွဲ တစ်ပွဲ ရှုံးနိမ့်သွားပြန်ပြီ။ သည်တိုက်ပွဲက တော့ နောက်ဆုံးတိုက်ပွဲ။ အကြီးအကျယ်ဆုံးတိုက်ပွဲ။ အသက်ကိုပါ ပေးဆပ်လိုက်ရသည့် တိုက်ပွဲ။

ဟော်လီ ပါကာအင်ဒါဆင်ကမူ ပီတိတခဏလေးမျှ သေရာမှ ပြန်ရှင်လာသည်။ သည်လိုရှင်လာရခြင်းမှာ သူ့ဘဝ ဆက်လက် သေဆုံးနေခွင့် ဆုံးပါးမသွားရအောင်ကို ကာကွယ်ဖို့ သက်သက်မျှသာ။

× × ×

## အခန်း ( ၂၀ )

အသက်နှစ်ဆယ်ခွန်နှစ်ရှိကလေးသာ ရှိသည့် မင်းမျိုးရယ်လိုပက်ကား တော်တော်ကို အစိုးရိမ် ကြီးတတ်သူ ခုလည်း လူသတ်မှု ဖြစ်ပွားခဲ့သည့် အခန်းနှင့် ပါတ်သက်၍ ထူးခြားသော လုပ်ရပ်များတွင် သူပါ တစ်နည်းတစ်ဖုံပါဝင်နေသဖြင့် ပူပန်သောက ဖြစ်နေရှာသည်။

ရဲအရာရှိနှစ်ဦးက တွေ့သမျှ ကြုံသမျှ အကြောင်းရင်းကို လိုရင်း တိုရှင်း ပြောပြရန် သူ့အား တိုက်တွန်းနေရသည်။

သူက ဟော်လီကို တစ်ချက်မျှပင် စွေစောင်း ကြည့်ဖော်မရ ထို့အတူ လူသေအလောင်းကြီးကိုလည်း ငဲ့၍မျှ မကြည့်။ ရဲအရာရှိနှစ်ဦးက သူ့ကို စိတ်မအားရအောင် အလုပ်ပေးထားသည်လေ။

'သူ့အခန်းနဲ့ ဟိုတယ်မန်နေဂျာကို လှမ်းခေါ်နိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် စားပွဲထိုးချုပ်ကိုခေါ်ပေါ့၊ ခုတော့ဗျာ . . . ကျွန်တေ ကိုက ကံဆိုးချင်တော့ . . . အခန်းတာဝန်ကျကို ခေါ်ရတ လို့ပဲ . . .'

ဟော်လီ ကြမ်းပေါ်တွင် ထိုင်နေသည်။ ဒန်စူလေဗန် အလောင်းနဘေးမှာ။ မျက်လုံးများက တစ်နေရာရာကို အမြင်မဲ့ စိုက်ငေးလျက်။ သူက သူ့ကိုယ်သူ ဒြပ်မဲ့ ကမ္ဘာထဲသို့ ပို့ထားပြီး သေခြင်း တရားကို တတ်နိုင်သမျှ တုန်လှုပ်ခြင်းကင်းစွာ ရင်ဆိုင် စောင့်စားနေပြီ။

ရဲအရာရှိ နှစ်ဦးဖြစ်သော ဘရွန်လီနှင့် ကုမ်းတို့၏ လုပ်သက် အတွေ့အကြုံများကား သမနီရှည်လှပြီ။ သည်တော့ တရားခံ တစ်ဦ တွင် ဖြစ်ပေါ်လေ့ရှိသော သည်လိုစိတ်ခံစား အခြေအနေမျိုး တွေ့ဖူးပေါင်း မနည်းလှတော့။

နှမ်းလျှမျက်နှာရှိသော ရဲအရာရှိ ကုမ်းက လူသတ်လက်နက် ကို လခွေးပြားဖြင့် ထုပ်ယူသည်။ ပြီးတော့ လိုပက်ကို ချဥ်ချ တူးတူး လှမ်းကြည့်သည်။ လူရွယ်၏ မျက်မြင်သက်သေ ထွက်ချက် ဆက်လက် ထွက်ဆိုရန် တွန်းအားပေးလိုက်သည့် အကြည့်။

'ကျွန်တော် အခန်းထဲဝင်လာတော့ သူ့ကို အဲဒီသေနတ်န တွေ့ရပါတယ်၊ သူက 'ရဲကိုသွားခေါ်စမ်း၊ ငါ လူတစ်ယောက်သတ် လိုက်ပြီ' လို့ပြောပါကယ်'

ကုမ်း ခေါင်းညိတ်၏။

'ကောင်းပြီ လူလေး၊ မင်းကို လိုအပ်တဲ့အခါ တို့များခေါ် မယ်'

လိုပက်က ဘရွန်လီကို ကွေ့ရှောင်ပြီး တစ်ချိုးတည် လစ်တော့၏။ ထိုသို့သွားရင်း သူခေါင်းကို သွက်သွက်ခါ ယမ်း





သွား၏။ မျက်စိ လျင်သော ဘရွန်လီက သဲ့သဲ့ပြုံးသည်။

'ကျုပ် အထင်တော့ ဒီလူသေတာ နှစ်နာရီလောက် ရှိသွား ပြီ ထင်တယ်'

ကုမ်းက မှတ်စုစာအုပ် အနက်ကလေး ထုတ်ယူသည်။ ဘရွန် လီက နောက်ထပ်ကြည့်ရှုစစ်ဆေးစရာများ တွေ့လိုတွေ့ငြား အိပ်ခန်း ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ဟော်လီကတော့ ကြမ်းပြင် ပေါ်မှာပင် ထိုင်နေဆဲ။ နာနာဘာဝတစ်ကောင်လို မျက်လုံးတွေ သေ ချက် တစ်နေရာကိုစိုက်ငေးလျက်။ ကုမ်းက သူ့အနားသွားပြီး ခါးကိုင်း ကာ

'မိန်းကလေးရေ၊ မင်းနာမည် ပြောပါဦး'

ဟော်လီ ပြန်မဖြေ။

'ပြောလေကွယ် မင်းနာမည်ကို သိပါရစေဦး'

တုံ့ပြန်မှု ဘာမျှမရှိ။ ကုမ်းက ညာဘက်နားရွက်ကို လက်ညှိုး ဖြင့် နှိုက်ရင်း တွေးဆနေသည်။ ပြီးမှ အိပ်ခန်းဘက်သို့ လှမ်းမေး သည်။

'အမျိုးသမီးနဲ့ ပတ်သက်ပြီး သိနိုင်စရာ ဘာများတွေ့လဲ ဟ'

ဘရွန်လီ့ဖြေသံ ခပ်အုပ်အုပ် ထွက်လာ၏။

'သူ့ ပိုက်ဆံအိတ်ထဲမှာ ဘာမှမရှိဘူး'

ကုမ်းက ဘရွန်လီပြန်အထွက်အလာကို စောင့်နေသည်။ အမျိုး သမီးကိုလည်း စောင့်ကြည့်နေသည်။

ဘယ်အချိန် မျက်ရည်ဖြိုင်ဖြိုင်ကျလာမည် မပြောတတ်။ ဒီ သို့ မျက်ရည်ကျလာပြီဆိုလျှင် ထိတ်လန့်ချောက်ချားမှုတွေ ပြေတော့သတ်သွားသည့် သဘော၊ အရှိဘဝသို့ ပြန်ရောက်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်လက္ခဏာ။ အမယ်လေး မြတ်စွာဘုရား ကျွန်မဘာတွေ လုပ်လိုက်မိပါလိမ့် ဆိုသည့် လမ်းစဉ်၊ ချောပေ့လှပေ့ ဆိုသည့် မိန်းမ တွေလည်း အတူတူပါပဲ။

သည်မိန်းမ ပုံစံကတော့ ညိုးနွမ်း စုတ်ပြတ်နေပြီ၊ သို့တိုင် သူ့မျက်နှာကလေးတွင် အလှတရားတွေ တင်ကျန်နေဆဲ၊ တစ်ချိန် တုန်းကတော့ အလှပဂေးလေး ဖြစ်နိုင်သည်။

ဘရွန်လီပြန်လာသည်။ လက်ထဲတွင် ကျိုးပဲ့နေသော ကဒ်ထူပြား တစ်ခုနှင့်သားရေစ တစ်စ။

'အဲဒါက ဘာလဲကွ'

'ကျုပ် အစွမ်းကုန် စဉ်းစားလို့ရသမျှတော့ ဓာတ်ပုံဘောင် ဘ် တစ်ခုထင်တာပဲ'

ကုမ်း တစ်ချက်ညည်း၏။

'မီးလင်းဖိုထဲမှာ တစ်ခုခုကို မီးရှို့ထားတာလဲ ဖြစ်နိုင်တယ်။ ဘာလဲတော့ အတပ်မပြောနိုင်ဘူး၊ နိုင်ငံကူးလက်မှတ်ဖိုင် ဖြစ်ချင်ဖြစ် မယ်'

ဘရွန်လီက ကြမ်းပေါ်တွင် ထိုင်နေသည့် အမျိုးသမီးကို စိုက် ကြည့်၏။

'ဘာဖြစ်လို့ အဲဒါတွေ လျှောက်လုပ်ပစ်သလဲ မသိပါဘူး ဗျာ'

'ငွေညှစ်ခံရတာက နေပြီး မုဒိမ်းကျင့်ဖို့ ကြံစည်ခံရတာထိ တစ်မျိုးမဟုတ် တစ်မျိုးဖြစ်နိုင်တယ်၊ ဘယ်သူဘာပြောနိုင်မလဲ၊ သူ့စိတ် ပုံမှန်ပြန်ဖြစ်လာတဲ့အခါ သိရမှာပေါ့ကွာ။ ဒါပေမယ့် မြန်မြန် ဆန်ဆန် ပုံမှန်ပြန်ဖြစ်စေချင်လှပါပြီ၊ အဲဒီလို ငုတ်တုတ်ကြီး ကျောက်ရုပ်လို ထိုင်နေတော့ ငါလဲ စိတ်ညစ်လာပြီကွ'





နှစ်ဦးသား အမျိုးသမီးကို ကြည့်လိုက်ကြ၏။

သူ့ကြည့်ရသည်မှာ မှော်ဆရာ တစ်ဦးလိုလို၊ အစွဲချွတ်ဆရာ တစ်ဦးလိုလို၊ စိတ်မနှံ့သူ တစ်ဦးလိုလို၊ အလောင်းကောင်ကြီး နံဘေး ကြမ်းပြင်ပေါ်တွင် တောင့်တောင့်ကြီး ထိုင်လျက်။ ရှေ့တည့်တည့်သို့ ငေးစိုက်ကြည့်လျက်။

သူ့ကိုသည်ပုံစံဖြင့် မြင်နေရတော့ ရဲအရာရှိ နှစ်ယောက်စလုံး ကြက်သီးမွေးညင်း ထသွား၏။ သည်လိုအနေအထားမျိုးတွင် လူသား ဟု ခေါ်ဆိုရန် စရိုက်လက္ခဏာ လုံးဝမရှိ။

သူ့မျက်လုံးတွေမှာ ဘာအဓိပ္ပာယ်မျှ ရှာမရ ဘာအနှစ်သာရ မျှမရှိ၊ မျက်လုံးသေများ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

သင်သည် လူတစ်ယောက်ကို သတ်လိုက်ပြီးနောက် လျှပ်စစ်ကုလားထိုင်သို့ ခေါ်သွားသည်ကို ခံလိုက်ရုံမျှဖြင့် ကိစ္စတွေ အဝဝပြီးပြတ်သွားသည် ထင်ပါသလား။

ဘယ်ပြီးပြတ်လိမ့်မလဲ။

သူ့ကို တရားဥပဒေကြောင်းအရ အရေးယူ စစ်ဆေးပြီး သူ့အသက် ဝိညဉ်ကို နုတ်မယူမီ နယူးယောက်ပြည်နယ်က စုံစမ်းအတည်ပြုချက်တွေ တစ်ပြုံတစ်ခေါင်းကြီး ပြုလုပ်ဦးမည် ဖြစ်ကြောင်း ဖော်လီ သိလာရသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများထဲမှ တစ်မျိုးမှာ ထောင်ဆေးရုံဆရာဝန်က စမ်းသပ်စစ်ဆေး ခြင်းပင်။

ဆရာဝန်၏ အမည်မှာ ဒေါက်တာ အီဗန်း။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း မေးခွန်းတွေ တစ်သီကြီး မေး၏။ စူးစမ်းသည် စုံစမ်းသည်။ စမ်းသပ်သည်။ သူ့အားထုတ်ချက် အားလုံးကို ဟော်လီက ကျောက်တုံးတစ်တုံးလို အလှုပ်ရှားမဲ့ ခံယူသည်။

သည်စမ်းသပ်မှုတွေက တကယ်မှ မဟုတ်ပဲ မေးတာကော စူးစမ်းတာကော ဘာတစ်ခုမှ တကယ်မဟုတ်။ ယုံတမ်းနယ်မြေသို့ ခဏ တစ်ဖြုတ်မျှ အလည်အပတ် သွားနေခြင်း မျှသာ။

ခုတော့ သူ့ကိုတယ်အရာကမျှ မထိခိုက်စေနိုင်တော့၊ သူသည် သူ့အုတ်ဂူကို ပျော်ပျော်ကြီး သွားနိုင်ပြီ။

သူ့လုပ်ငန်းက ပြီးသွားပြီ မဟုတ်လား။

အနစ်မဲ့ သူ့ဘဝတစ်လျှောက်တွင် နောက်ဆုံးတိုက်ခိုက်ခြင်း အဖြစ် ဒန်စူလေဗန်ကို စိန်ခေါ် တိုက်ခိုက်ခဲ့ပြီလေ။

သူ့ကို စမ်းသပ်နေသည့် ကာလတစ်လျှောက်လုံး သူ့နံဘေးတွင် အဖြူရောင် ယူနီဖောင်းဝတ် သူနာပြုဆရာမ တစ်ဦး အသင့်ရှိနေသည်။

'သွေးဖိအားကျတယ်'

ဒေါက်တာ အီဗန်း ဆေးစကားပြောသည်။ သူနာပြုဆရာမက သူ့လက်ထဲမှ လူနာမှတ်တမ်းတွင် ရေးမှတ်သည်။

'နာကျင်မှုဝေဒနာကို တုန့်ပြန်မှုမရှိ၊ နှုတ်မိန့်ကို မနာခံ၊ ကျုပ်တို့ သူ့ကို နာလင်း တစ်ဆယ်မီလီဂရမ် ထိုးပေးမယ်။ ဆယ့်ငါးမိနစ်ကြာလို့မှ ပုံမှန်အနေအထား မရောက်ရင် နောက်ထပ် ငါးမီလီဂရမ် ထပ်ထိုး ကြည့်မယ်'

ဆရာမက ဆေးထိုးအပ်ပြင်၏၊ ဆေးထိုးအပ် စိုက်ထားသည့် အတွက် ဟော်လီ နာကျင်မှုကို မခံစားရ ရဲအရာရှိ ကမ်း သူ့နောက်မှ ဆေးခန်းထဲ ဝင်လာသည်ကိုလည်းမမြင် ကမ်းကဖိုင်ထည့်သည့်





သံဗီရိုကြီးကို မှီရပ်ပြီး ဒေါက်တာ အီဗန်းကို လက်ပြ၏။

ဟော်လီက လေထုကိုသာ ဆက်လက်စိုက်ကြည့်နေဆဲ။ ဒေါက်တာအီဗန်းက ခေါင်းငဲ့ပြီး ကမ်းကိုလှမ်းပြောသည်။

'သူ့ကိုစစ်ဆေးကြည့်ဖို့ စိတ်ရောဂါဌာနကို လွှတ်ရလိမ့်မယ်'

ကမ်းခေါင်းညိတ်၏။ ပြီးတော့ ဟော်လီကို ကြည့်သည်။ သူ့မျက်လုံးတွေမှာ ဘာခံစားချက်မျှမပေါ်။

သို့သော် ဒေါက်တာအီဗန်း၏ မှတ်ချက်။ ဟော်လီအရှိုက်ကို ထိသွားဟန်တူ၏။ သူပထမဆုံးအကြိမ် စကားစပြောသည်။

'မသွားဘူး'

ကမ်းနှင့် ဒေါက်တာ အီဗန်းတို့ အလန့်တကြား အကြည့်ချင်း ဖလှယ်လိုက်ကြသည်။

ဟော်လီ သူတို့ဘက်လှည့်လိုက်၏။ အေးစက်သော ဒေါသများ ပြည့်လျှမ်းလျက်။

'ကျွန်မ သူ့ကို သတ်ခဲ့တယ် ဖြောင့်ချက်မှာ ကျွန်မ လက်မှတ်ထိုးမယ်၊ ကျွန်မ ဖြောင့်ချက်ပေးချင်တယ်'

ကမ်းက အီဗန်းကို ဦးစွာကြည့်၏။ ဆရာဝန်က စိတ်မချမ်းမြေ့စွာ ပခုံးတွန့်ပြ၏။

'မင်းမှာ ရှေ့နေငှားခွင့်ရှိတယ်ကလေးမ၊ ကျုပ်ရှေ့နေ တစ်ယောက် ခေါ်ပေးရမလားဟင်'

ကမ်း ရင်းနှီးဖော်ရွေစွာ မေး၏။

ဟော်လီ ခေါင်းခါသည်။ မျက်လုံးတွေ အဝေးသို့ရောက်သွားပြန်သည်။

ကမ်းက သူနာပြုစားပွဲပေါ်ရှိ အနက်ရောင် လက်နှိပ်စက် ရှိရာသို့ သွားသည်။ လက်နှိပ်စက်ထဲသို့ စာရွက်လွတ်တစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



လှည့် ထည့်သည်။ စကားလုံးအနည်းငယ်ကို စနစ်တကျ ရိုက်သည်။ ပြီးတော့ ဟော်လီ့အခြေအနေကို အကဲခတ်ကြည့်သည်။

'ကဲ . . . မင်း သူ့ကိုဘာဖြစ်လို့သတ်လိုက်တာလဲ'

ဟော်လီမဖြေ။

'သူက မင်းကို ရိုက်လို့နှက်လို့လား။ အကျပ်ကိုင် ငွေညှစ်လို့လား။ဒါမှ မဟုတ်မင်းကို မတော်မတရား ကြံစည်လို့လား'

ခဏနားလိုက်၏ ကြံရာမရတော့

'သတ်မှုဖြစ်သွားတာ ဘယ်အချိန်ကလဲ'

ခုထိအဖြေမရသေး

ကုမ်း မျက်မှောင်ကြုတ်ပြီး လက်နှိပ်စက်ဘက် ပြန်လှည့်သွားသည်။ မိနစ်အနည်းငယ်ကြာအောင် လက်နှိပ်စက် ရိုက်သည်။ ထို့နောက် ဖြောင့်ချက် ရိုက်ပြီးသား စာရွက်ကို ဟော်လီ့ရှေ့ ချပေးသည်။

ဟော်လီ လှုပ်ရှားလာသည်။

'ကျွန်မကို ကလောင်တန်ပေးပါ'

တိုးတိတ်စွာပြောသည်။

'ဖတ်ဦးလေ အဲဒါတွေ မှန်ရဲ့လား ဆိုတာ ကြည့်ဦးလေ'

'ကျွန်မကို ကလောင်တန်ပေးပါ'

ထပ်ပြော၏။

ကုမ်း စိတ်မကောင်းစွာ ခေါင်းယမ်းသည်။ ထို့နောက် သူ့အိပ် ထဲမှ ဘောပင်ကို ယူပေးသည်။

လက်နှိပ်စက် ရိုက်ထားသည့် ဖြောင့်ချက်ကို ဖတ်ရှုဖို့ နေနေ သာသာ ဂရုပင်မစိုက်။ စာရွက်ပေါ်တွင် လက်မှတ်ထိုး၏။ ပြီးတော့ ရဲအရာရှိထံ ပြန်ပေးသည်။

ကုမ်း၏ နဖူးကြောတွန့်သွားသည်။ နာမည်တစ်လုံးကို လက်





မှတ်ထိုးဖို့ အချိန်ယူသည်မှာ မြန်ဆန်လွန်းနေသည်။ သူက စာရွက် အောက်ခြေကို ကမန်းကတန်း ကြည့်လိုက်၏။

ဒေါသတကြီး မဆဲမိအောင် ထိန်းထားလိုက်ရ၏။

အစက်ကလေးတွေ ချထားသည့် မျဉ်းကြောင်းဖေါ်တွင် အမျိုးသမီး ရေးခြစ်ပေးလိုက်သည်မှာ ကြီးမား ပီသသော ကြက်ခြေ ခတ်ကြီး

'ဒေါက်တာ အီဗန်း ခင်ဗျား ဒီလက်မှတ်ကို မြင်တွေ့ကြောင်း တစ်ဆိတ်လောက် သက်သေခံပါလား ခင်ဗျာ'

ကုမ်း မျက်စိပျက် မျက်နှာပျက်ဖြင့် လှမ်းပြောသည်။ နောက်နေ့နံနက်ပိုင်းထုတ် သတင်းစာ မျက်နှာဖုံးသတင်းများက နယူးယောက် မြို့တော်ကြီး၏ မြို့ပြလူတန်းစားများကို တုန်လှုပ် သွားစေ၏။

ဒေါ်ကြက်ခြေ လူသတ်မှုဖြင့် တရားစွဲခံရ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

ဟော်လီဖါကာအင်ဒါဆင် ဘာဆိုဘာမျှ အာရုံမငြိ ရုံးတော်က ခန့်အပ်လိုက်သော တရားခံ အကျိုးဆောင်သည် စစ်မေးခန်းထဲ ဝင်လိုက်သည်နှင့် ဤအနေအထားကို သိမြင်လိုက်၏။

မိန်းမသားတစ်ယောက် အရှိဘာဝနှင့် သည်လောက် ကင်းကွာနေပုံမျိုး သူတစ်ကြိမ်မျှ မတွေ့စဖူး၊ ဥပေက္ခာ မဟာတံတိုင်းကြီး နောက်ကွယ်တွင် သည်လို ပုန်းကွယ်နေပုံမျိုး သူတစ်ကြိမ်မျှ မတွေ့စဖူး'

အစောင့်ရဲမေက အခန်းထောင့် တစ်နေရာသို့ ရှောင်ထွက်သွားသည်။ ရဲမေ၏ မျက်နှာတွင် နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း ဘာမျှ မပေါ်၊ ဥပဒေပညာရှင်တွေနှင့် ပါတ်သက်၍မူ သည်လောက် ငယ်ရွယ် နုပျိုသည့် ရှေ့နေတစ်ယောက်ကို မတွေ့ဖူး မကြုံဖူးသေး။

ရည်မွန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်ရှေ့နေကလေးကတော့ အစစအရာရာ သစ်လွင်နေသည်။ ဘွန်းလမ်းချုပ် ဝတ်စုံ၊မော်ရိုကို မှတ်စုစာအုပ်၊ မိကျောင်းနက် သရေအိပ်နှင့် ရွှေဖောင်တိန်။

ဟော်လီက ရှေ့နေကိုရော ရဲမေကိုပါ ဘယ်သူ့မျှ မကြည့် သည်နေရာမှာ ထိုင်ပြီး မေးခွန်းတွေ ဖြေရမည်ဆိုသည်၊ တစ်နည်း တဖုံဖြင့် ကိစ္စပြတ်အောင် လုပ်ရုံပဲပေါ့။

တကယ်တော့ ဒါတွေအားလုံး ငတုံး အလုပ်တွေ

ဒန်စူလေဗန်က သေသွားပြီ။ ဒန်ကို သူသတ်ခဲ့၏။ သည် ငေ ဂက် ရှင်းနေသည့် ကိစ္စကို ဘာ့ကြောင့်များ သူတို့ကရှုပ်နေကြ တာလဲ'

အစောင့်ရဲမေက ရှေ့နေလေးကို မလှုပ်မရှက်ကြည့်နေ၏။ ရှေ့နေလေးကြည့်ရတာ တော်မည့်ပုံ။ ထက်မြက်မည့်ပုံ။ ရှင်သည် လျင်သည် တရားခံအကျိုးကို ဆောင်ရွက်ပေးဖို့လည်း စိတ်အား ထက်သန် နေပုံပင်။

'မင်္ဂလာရှိတဲ့နံနက်ခင်းပါ ခင်ဗျာ၊ ဒေါ်ဒေါ့ဘက်က ကာကွယ် ပေးဖို့ ရုံးတော်က ကျွန်တော့်ကို ခန့်အပ်လိုက်ပါတယ်'

ရှေ့နေလေးက အကျဉ်းသမကို ကြည်ကြည်ရွှင်ရွှင် ပြော၏။

ရှေ့နေလေးသည် အချိန်တန်အရွယ်ရောက်သော ငှက်ငယ် တစ်ကောင်ပမာ မိမိ၏ တောင်ပံများဖြင့် ဖြန်းဖြန်း ရိုက်ခတ် ပျံသန်းကြည့်ဖို့ အားထုတ်နေသည်ဟု ရဲမေကြီး ကောက်ချက်ချထား၏။ ခုပဲကြည့်လေ။ ရှေ့နေလေးက သူ့အမှု သည်အားပြောလိုက်သော နှုတ်ဆက်စကားဖြင့် သူ့အရည်အသွေးကို ဖော်ပြလိုက်ပြီ။

ရဲမေကြီး သဘောကျသွား၏။ ရှေ့နေလေးက ဒေါ်ကြက်ခြေ





(တရားခံ အမျိုးသမီးကြီးကို သတင်းစာဆရာတွေ သမုတ်လိုက် သည့် ကြောင်တောင်တောင်အမည်)အား ဘုရင့်ဆွေတော် မျိုးတော် များနှင့် တွေ့လျှင် နှုတ်ဆက်သကဲ့သို့ လေးစားမြတ်နိုးမှု၊ ရိုးကျိုးနှိမ့်ချမှု အပြည့်ဖြင့် နှုတ်ခွန်းဆက်နေ၏။

သူက ဒေါ်ကြက်ခြေနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ သို့သော် ရုတ်ချည်း သူ့ကိုယ်သူ မယုံမရဲဖြစ်သွားသည်။ နောက် တစ်ကြိမ် စကားပြောသောအခါ သူ့အသံ ပုံမမှန်ချင်တော့ ။

'ဒေါ်ဒေါ့အနေနဲ့ ကျွန်တော့ထက် ပိုအသက်ကြီးတဲ့ လူ၊ ပိုအတွေ့ အကြုံရင့်တဲ့လူမျိုး လိုချင်မယ်ဆိုတာ ကျွန်တော် သဘော ပေါက်ပါတယ်'

ဒေါ်ကြက်ခြေ ဘာမျှပြန်မဖြေ။

အစောင့်ရဲမေကြီး ရှေ့နေပေါက်စလေးကို သနားသွားသည်။

ရှေ့နေလေး သူ့ကုလားထိုင်ကို ရှေ့သို့တိုးသည်။ မိကျောင်း နက် သားရေအိတ်ဘေးတွင် တံတောင်နှစ်ဖက်ထောက်သည်။ စိတ်ဆန္ဒ ပြင်းပြမှုအပြည့်ဖြင့် ခပ်တိုးတိုးပြောသည်။,

'ကျွန်တော် ဒီကိုရောက်လာတာ ဒေါ်ဒေါ့ကို ကူညီဖို့ပါ။ ဒေါ်ဒေါ့ဘက်က ဖာတ်လမ်းကို ဘယ်သူမှ မကြားရသေးဘူးလေ။ ဘယ်လို ဖြစ်ပျက်ခဲ့တယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါလား ဟင်'

သူငံ့လင့်နေသည့် အဖြေကားပေါ်မလာ သူသည် အမှုသည် သစ်အား ချဉ်းကပ်လို့မရသေး ပါကလား။

'ဒေါ်ဒေါ် ကျွန်တော့်ကို ယုံကြည်စိတ်ချနိုင်ပါတယ် ဒေါ်ဒေါ် ကျွန်တော်က ဒေါ်ဒေါ့ဘက် သားပါ'

ဒေါ်ကြက်ခြေ ခေါင်းလှည့်၍ပင်မလာ။

ဒေါ်ဒေါ့အသက်အတွက် အန္တရာယ် သိပ်ကြီးနေပြီ ဒေါ်ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ့်အတွက် ကျွန်တော်တစ်နည်းနည်းနဲ့ဝင်ကူပါရစေလား ဟင်'

အမျိုးသမီးကြီးတဒင်္ဂမျှ သတိပြန်လည်လာဟန်ရှိသည်။ သူသည် ရွှေနေလေးဆီကကော၊ သည်အခန်းထဲကကော၊ အရာအားလုံး ဆီကပါ ထွက်ပြေးလွတ်မြောက် နေခဲ့သည်လေ။

နှစ်ယောက် အကြည့်ချင်း ဆုံသွားသည်။

အမျိုးသမီးကြီး၏ မျက်လုံးထဲတွင် ဘာမျှော်လင့်ချက်မှ မရှိ။ အဆုံးစွန်သော စွန့်လွှတ်ခြင်း၊ အရှုံးပေးခြင်းတွေသာ တွေ့နေရ၏။ ရွှေနေလေး မင်တက်မိသွားသည်။

'ဒါဆို ဒေါ်ဒေါ့်အတွက် ဒိုပစ်လိုက်လေ၊ ဒါပေမယ့် ဒေါ်ဒေါ့်အသက်အတွက်တော့ အသနားခံမနေနဲ့'

ဒေါ်ကြက်ခြေ တိုးတိတ် ပြောသည်။ နောက်တော့ သူ့မျက်လုံးတွေ အဝေးသို့ လွင့်စဉ်သွားပြန်သည်။

ရွှေနေလေးက သူ့လက်မောင်းကို ဖမ်းကိုင်လိုက်မိ၏။ ထူးခြားဆန်းကြယ်သော စွမ်းအားတစ်ရပ်က သူ့အား တွန်းအား ပေးနေသည်။ ဘာကြောင့်ရယ်တော့ သူ့ကိုယ်သူလည်းမသိ။

'ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါ ဒေါ်ဒေါ်ရယ်၊ ကျွန်တော့်ကို ကူညီခွင့်ပြုပါ . . . .

သူ့တောင်းပန် တိုးလျှိုးမှုများက အချည်းနှီး။

ဒေါ်ကြက်ခြေသည် သူ လက်လှမ်းမမီနိုင်သော ကမ္ဘာတစ်ခုသို့ရောက်နေပြီ။

နောက်ဆုံး ရွှေနေလေး ထိုင်ရာမှ ထ၏။ သားရေအိတ်အသစ် မှတ်စုစာအုပ်အသစ်နှင့် ရွှေဖောင်တိန်တို့ကို သိမ်းဆည်း၏။

ရှုံးနိမ့်ခြင်းကား ဆေးခါးကြီးနှယ်ပါတကား။

မျက်နှာ ပျက်မနေအောင် ကြိုးစားထိန်း၏။ ပြီးတော့ အစောင့်





ရဲမေကြီးဘက်သို့ မျှော်လင့်ချက်မဲ့စွာ လှည့်ကြည့်သည်။

'ဒီနေ့အဖို့တော့ ဒီလောက်ပဲ တော်လောက်ပါပြီ ရဲမေ'

ထောင်မောင်းသွယ်လျသော ကိုယ်ခန္ဓာကြီး စစ်မေးခန်းထဲမှ ထွက်ခဲ့၏။ စိတ်ထဲမှာတော့ ရှုပ်ထွေးနောက်ကျိလျက်။ နာကျည်းခံပြင်း နေသည်။ နှလုံးသားတွင် ရှုံးနိမ့်ခြင်း ဝေဒနာ တမြေ့မြေ့ခံစားနေရ၏။

ဝတ်လုံခန်းသို့ စိတ်မချမ်းမြေ့စွာ လျှောက်လာသည်။ အုပ်ကြွပ်ခင်း စကြံလမ်းပေါ်တွင် မျက်နှာသွယ်သွယ်နှင့် ရွှေ့ဖတ်စာရေးကို တွေ့ရသည်။

'ဘယ်လိုအခြေအနေရှိသလဲ မစ္စတာ အင်ဒါဆင်'

'အခြေအနေသိရတဲ့အခါ ကိုယ်ပြောပါ့မယ်'

ဆဋ္ဌမမြောက် ကလေတန် အင်ဒါဆင် မအီမသာ ရယ်မောရင်း ချိုင်းအောက်မှ သားရေအိတ်ပြားကလေးကို တင်းတင်းညှပ်လိုက်၏။

'တရားခံကို ကာကွယ်ပေးမယ့် ရွှေနေဆိုတာ သူ့ကိုယ်သူလည်း ကာကွယ်တတ်ဖို့ လိုအပ်တယ်ဗျ'

ကလေတန်လေးသည် သူ့အမှုသည်ကို စတင် တွေ့မြင်လိုက်ရပြီး နောက်ပိုင်း တစ်ချိန်လုံး စိတ်ထဲ ဆူးစူးသလို ဖြစ်နေသည့် ခံစားချက် တစ်ရပ်ရှိ၏။ အဆိုပါ တစ်ခုတည်းသော ခံစားချက်မှာ သူသည်နာနာ ဘာဝ တစ်ဦးနှင့် ဆက်သွယ်ရသလိုဖြစ်နေခြင်းပင်။

တရားခံ ရွှေနေများအနေဖြင့် သူတို့ ပထမဦးဆုံး လိုက်ရသည့် လူသတ်မှုများတွင် သည်လိုပဲကြုံတွေ့ ခံစားကြရမှာပါပဲလေဟု ကလေတန်လေး စိတ်မချမ်းမြေ့စွာ တွေးလာသည်။

ဘွားဘွား အက်စ်တဲအင်ဒါဆင်၏ အိမ်ခန်း အရှည်အသွေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်မှာ 'အဖေ့အချိန်'များကို လစ်ဟာမသွားရအောင် ကွက်လပ်ဖြည့်ပေးနိုင်ခြင်းပင်။ အသက်ရှစ်ဆယ်အရွယ် ရောက်နေသည့်တိုင် သူ့ခါးက ဖြောင့်မတ်ဆဲ။ မျက်လုံးတွေ စူးရှဆဲ ငါကတော့ ကောဆဲ။

ကလေးတန်လေးက သူ့အခန်းထဲတွင် စိတ်လွတ် ကိုယ်လွတ် ထိုင်ရင်း ဥပဒေစာအုပ် တစ်အုပ်ထဲ ခေါင်းမြုပ်ထား၏။ သူ့ရှေ့ စားပွဲပေါ်တွင်မူ အစုံစုံအပြားပြားသော ဥပဒေစာအုပ်များ။

ဘွားဘွား အက်စ်တဲလ်က သူ့စားပွဲပေါ်သို့ နို့ဖန်ခွက်ရှည်ကြီး လာချပေးမှ ခေါင်းဖော်မိသည်။ ဘွားဘွားကို မြတ်မြတ်နိုးနိုး ပြုံးပြသည်။ မျက်လုံးတွေကိုလက်ဖြင့် ပွတ်သည်။

သူ့ရှေ့စားပွဲပေါ်တွင် ထောင်ထားသည်မှာ ခန့်ခန့်ညားညား မှန်ဘောင်သွင်းထားသည့် သူ့မေမေ၏ ဓာတ်ပုံကြီး။ ဟော်လီအင်ဒါဆင်၏ လှပချောမွေ့သောမျက်နှာက သူ့တစ်သက်လုံး သူ့ကို ပြုံးပြနေသည်လေ။

'သန်းခေါင်ယံ ကျော်သွားပြီ လူလေး'

ဘွားဘွား အက်စ်တဲလ်သတိပေး၏။

ကလေးတန်လေး အညောင်းဆန့်လိုက်သည်။ လက် ခေါက်တင် ထားသည့် ရှပ်အင်္ကျီစများက ချွေးစို့နေသည့် သူ့ကိုယ်ခန္ဓာကို ပွတ်သပ် မိသည်။

'ကျွန်တော့်ကို ကျွန်တော် ဒီလောက် ဗဟုသုတ နည်းမှန်း တစ်ခါမှ သတိမထားမိခဲ့ဘူးဗျာ'

အက်စ်တဲလ်က သူ့ကုလားထိုင်နောက်တွင် ရပ်နေ၏။ သူ့ဆံပင် ခွေကောက်ကောက် ကလေးများကို ညင်ညင်သာသာ ပွတ်သပ်ပေးသည်။

'ရာဇဝတ်မှုဥပဒေလား ရာဇဝတ်မှုဥပဒေလေ့လာဖို့များ





အင်ဒါဆင်မျိုးနွယ်တစ်ယောက်မှာ ဘာတွေပိုင်ဆိုင်ဖို့ လိုအပ်နေလို့လဲ ကွယ်'

ကလေးတန်လေးက သူ့မေမေ၏ ဓာတ်ပုံကိုပြုံးကြည့်လိုက်၏။

'ပါကာသေွး တစ်ဝက်ပါဖို့ လိုအပ်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့ ဘွားဘွားရဲ့'

'အင်း ဖြစ်နိုင်ပါတယ်'

အက်စ်တဲလ်အင်ဒါဆင် ခြောက်သွေ့စွာ ပြန်ပြော၏။

ကလေးတန်လေး နွားနို့ဖန်ခွက်ကို တစ်မော့တည်း အပြောင်ရှင်းပစ်၏။ ထိုအခိုက်မှာပါ ပဋ္ဌမမြောက် ကလေးတန်အင်ဒါဆင်က တံခါးဝ မှ ခေါင်းပြူကြည့်သည်။

'ဒီဟာက သီးသန့်ကလပ်စည်း ဆွေးနွေးပွဲလေးလား၊ ဒါမှ မဟုတ် တခြားလူ ဝင်ဆွေးနွေးလို့ ရနိုင်ပါသလား'

'ဟိုင်း . . . ဖေဖေ အစည်းအဝေး အဆင်ချောရဲ့လား'

ကလေးတန်ကြီး အခန်းထဲ လှမ်းဝင်လာသည်ကို ကလေးတန်လေး ဂုဏ်ယူဝံ့ကြွားစွာ ကြည့်နေ၏။

သူသည် ဖခင်တစ်ယောက် ဖြစ်နေသည့်တိုင် ရုပ်ရည်ကလူငယ်လေး တစ်ယောက်လို နုပျိုဆဲ အားနှင့်မာန်နှင့် တက်ကြွဆဲ။ သူ့ဆံပင် တစ်ချို့ ဖြူရောင်သန်းနေသည်က ကြည့်လို့ပင် ကောင်းနေသည်။ ဖေဖေ ကလေးတန်က ခန့်ညားသူ ပင်ကိုဟန်ရှိသူ။

'အလားအလာကောင်းပါတယ် သမ္မတလောင်းအဖြစ် အရွေးခံရဖို့ ဖေဖေတို့ဘက်မှာ သာရည်တွေ အများကြီးရှိတယ်လို့ ကိုးက ပြောတယ်ကွ'

'သိတ်ကောင်းတာပေါ့ ဖေဖေ'

အက်စ်တဲလ်က သားတော်မောင်ကို ခြေဖျားထောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နမ်း၏။ မျက်လုံးတွေထဲတွင်မူ သားတော်မောင်အတွက် ဂုဏ်ယူဝံ့ကြွားမှုများ ထင်ဟပ်လျက်။

'မေမေ့သား ကျမ်းသစ္စာကျန်ဆိုခြင်း အထိမ်းအမှတ်ကပွဲမှာ မေမေကရမယ်ဆိုတာ မေမေသိပြီးသားပါကွယ်'

ပျော်ရွှင်ကြည်နူးမှုကြောင့် သူ့အသံတုန်ခါနေသည်။

'ညီလာခံ မပြီးမချင်း လေထဲတိုက်အိမ်ဆောက်နေရတာပါ မေမေရယ်၊ ညီလာခံကို လူတွေအများကြီး လာကြမယ် ဒါပေမယ့် နှစ်ယောက်ထည်းပဲ အရွေးခံရမှာ မေမေရဲ့'

ကလေတန်ကြီးက သူ့မေမေကို သတိပေး၏။ သို့သော် အက်စ်တဲလ်က မလျှော့။

'မနက်ဖြန် မနက် မိုးလင်းတာနဲ့မေမေ ပွဲတက်ဝတ်စုံမှာရမယ်'

ပြောပြီး သားနှင့်မြေးကို မြူးတူးစွာ ခေါင်းညိတ်ပြရင်း အခန်းထဲမှ ထွက်သွားသည်။ သူလမ်းလျှောက်ပုံက ကြွားကြွားရွားရွား ထည်ထည် ဝါဝါ။

ကလေတန်ကြီး ရယ်မောရင်း သူ့သားဘက်လှည့်လာသည်။ ပြောင်ချော်ချော် မျက်လုံးများ အရောင်တဖျပ်ဖျပ် တောက်လျက်။

'သားရဲ့ ပထမဆုံးအမှုလောက် ဘယ်ဟာမှ အရေးမကြီးပါဘူးကွာ၊ မင်း လျှို့ဝှက်ဆန်းကြယ် ဒေါ်ကြက်ချေနဲ့ တွေ့ပြီးပြီလား'

'ဟုတ်ကဲ့ဖေဖေ'

'ဒီတော့'

'သူ့မြင်ရတာ ရင်ကျိုးစရာပဲ ဖေဖေရယ်၊ လောကကြီးထဲကနေ လုံးဝသိုထွက်ပြေးနေပြီး၊ သေနေ့ကိုစောင့်မျှော်နေတယ်လေ၊ သူက တရားခံရှေ့နေတောင် လိုချင်တာ မဟုတ်ဘူးဖေဖေရဲ့'

'ဒီအမှုမှာ သားဘက်က နိုင်လိမ့်မယ်လို့ ဘယ်သူကမှ မျှော်





လင့်မထားပါဘူး'

'ကျွန်တော် သူ့ကို ကယ်ရမယ် ဖေဖေ'

သားတော်မောင်၏ စိတ်ဓာတ်ကား မာကျောလှပါဘိ၊ နိုင်ကြည်သော သံမဏိဒ္ဒာန် တစ်ရပ်က သားအသံမှာ ထင်ဟပ်နေသည်။

လူငယ်ဘဝက ဟားဗတ်တက္ကသိုလ်သို့ မသွားပဲ ကော်နဲလ် ဥပဒေတက္ကသိုလ်သို့ သွားမည်ဟု ဆုံးဖြတ်စဉ်တုန်းကလိုပေါ့။ လွမ်းမောစရာ အတိတ်ဖြစ်ရပ်ကလေးကို သတိရပြီး ကလေတန်ကြီး ပြုံးမိ၏။

'ဖေဖေဟာ အတော်ဆုံး ဥပဒေသမား တစ်ယောက်ဆိုတာ ကျွန်တော်သိတယ်ဖေဖေ၊ ဖေဖေသာဆိုရင် ဒေါ်ကြက်ချေကို ဘယ်လိုကာကွယ်မလဲ ဟင်'

'အဲ . . . ပြောရရင်တော့ . . . ဖေဖေက ကော်ပိုရေးရှင်းတစ်ခုရဲ့ ရှေ့နေလောက်သာ ဖြစ်ခဲ့တာကွ၊ ဒါပေမယ့် ဟားဗတ်တက္ကသိုလ်က ပါမောက္ခကြီး တစ်ယောက် ပြောဖူးတာ ဖေဖေမမေ့သေးဘူး။ အကောင်းဆုံး ခုခံကာကွယ်ခြင်းဟာ အောင်မြင်တဲ့ တိုက်စစ်တစ်ခုပဲတဲ့။ ဒန်ဆူလေဗန် ဆိုတဲ့လူရဲ့ ဆိုးသွမ်း မှတ်တမ်းဟာ တစ်မိုင်လောက် ရှည်တယ် မဟုတ်လား'

သူ့သား၏မျက်လုံးတွေ အသစ်အသစ်သော စိတ်ဝင်စားမှုများဖြင့် အရောင်တောက်လာသည်။

'သိတ်ရှိတာပေါ့ ဖေဖေ ခိုးဝှက်မှုတွေ၊ ငွေညှစ်မှုတွေ၊ ဆေးခြောက် . . .

'သူ့အပေါ် ပုံချပေါ့ကွ'

ကလေတန်ကြီး ခန့်ညားစွာပြောသည်။

'ဂျူရီလူကြီးများဖြစ်ကြတဲ့ ဒေါ်ဒေါ် ဦးကြီးတို့ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ယခု တရားခွင်ရှေ့မှာ ရောက်နေတဲ့ သနားစရာ အမျိုး သမီးကြီး ဟာဖြင့် ပြစ်မှုကို ကျူးလွန်ခဲ့သူ မဟုတ်ပါဘူးခင်ဗျာ သူကသာ ပြစ်မှု ကျူးလွန် ခံခဲ့ရတဲ့သူပါ၊ . . .

ကလေတန်လေးက အောင်မြင်ကျော်ကြားလှသော သူ့ဖေဖေ ကို တအံ့တသြ မော့ကြည့်မိ၏။

'ဒန်စုလေဗန် အသတ်ခံရမှုအတွက် ဒန်စုလေဗန်ကို ပြန်ပြီး စွဲချက်တင်ဖို့လား ဖေဖေ'

ပဌမမြောက် ကလေကန်က ဆဋ္ဌမမြောက် ကလေတန်ကို ဂုဏ်ယူစွာကြည့်၏။ ပြီးမှ

'အတိအကျပေါ့ သားရာ'

သူက ခါတ်ပုံဘောင်ထဲမှ ချစ်စဖွယ် ဟော်လီပါကာ အင်ဒါဆင်ကို တမ်းတမ်းတတ ကြည့်သည်။ သူသာရှိလျှင် သားတော် မောင် ခုလို လူလားမြောက်လာသည်ကို ဝမ်းသာပီတိ ဖြစ်နေမှာပဲ ဟုတွေးနေ၏၊

ကလေတန်လေးကား လူတော်ကလေး။ ခုတော့ ပိုပြီးတော် သော လူကြီးအဖြစ်သို့ ကူးပြောင်းရင့်ကျက်လာလေပြီ။

ဒါက ကောင်းသော လက္ခဏာပါ။ သားလေး ဒီလိုဖြစ်လာ တာကို တွေ့ရတော့ ဟော်လီကို ဆုံးရှုံးလိုက်ရသည့်အတွက် ခံစား ရသော ဝေဒနာတွေ တစ်နည်းတစ်ဖုံ လျော့ပါး သွားစေသည်ပေါ့။

သို့ပေမယ့် ချစ်စွာသော ဟော်လီသေဆုံးပြီးဟု စတင် သိလိုက် ရချိန်ကစပြီး ခံစားခဲ့ရသည့် ခါးသီးသော တစစ်စစ် ကိုက်ခဲ နေသော ရင်မှ ဝေနာများကိုတော့ ဘယ်သောခါမျှ ဖျောက်ဖျက် ပစ်လို့ မရနိုင်ပါ တကား။

× × ×



## အခန်း ( ၂၂ )

ဟိုးလေးတစ်ကျော်ဖြစ်နေသော ဒေါ်ကြက်ခြေအမှုကြီး စတင်စစ်ဆေးသည့်နေ့

ထိုနေ့က တရားခွင်ထဲတွင်ရောက်နေသူတစ်ဦးသည် သို့လောသို့လော သံသယအဖြစ်ခံနေရသည့် အမျိုးသမီးကြီးကို မှတ်မှတ်ရရ ဖြစ်နေမည်မလွဲပေ။

ဒေါ်ကြက်ခြေက ကျောက်ဆစ်ရုပ်ကြီးတစ်ရုပ်လို ထိုင်နေ၏ ရှေ့တည့်တည့်ကို စိုက်ကြည့်နေ၏။ အခြယ်အသကင်းသော ဝတ်စုံ အနက်ပြောင်ကို ဝတ်ထားသည်။

သူ့ပါတ်လည်မှာ ဝန်းရံလွှမ်းခြုံနေသည်မှာ စိတ်လှုပ်ရှားမှုများ မျှော်လင့်တကြီး ပြောဆိုနေသော တီးတိုးလေသံများ၊



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဒါတွေကိုလည်း မသိ၊ မမြင်၊ မကြားသလို။

ကုလားထိုင်များ ခုံတန်းရှည်များတွင် လူတွေ ကျပ်ညပ်နေ၏။ သည်လူတွေ ခုလိုရောက်လာအောင် သူကပဲ သေနတ်တစ်လက်ကို မောင်းဖြုတ်ပြီး ဖိတ်ခေါ်ခဲ့သည်လေ။

သို့ပေမယ့် လူတွေကျပ်ညပ်နေသည့် မြင်ကွင်းကိုလည်း ဒေါ်ကြက်ခြေ စိတ်ဝင်စားဟန်မပြ။

ဥပဒေအကျိုးဆောင် မိုက်ကယ် စပေါလ်ဒင်း မတ်တပ်ရပ်လိုက်၏။ သည်လူက စိတ်မာသူ၊ အင်နှင့်အားနှင့်လူ၊ မနာလိုချင်စရာကောင်းလောက်အောင် တရားခွင်များတွင် အောင်ပန်းဆင်ခဲ့သူ။

တရားခွင် တစ်ခုလုံး တိတ်ဆိတ်သွား၏။

'နယူးယောက်ပြည်နယ်ရဲ့ ပြည်သူလူထုကို ကိုယ်စားပြုပြီး တရားလို ကျွန်တော်က တရားခံဟာ ပထမ ဒီဂရီအရ လူသတ်မှုကျူးလွန်ခဲ့ကြောင်း စွဲချက်တင်ပါတယ်၊ ဒီလိုကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် တရားခံအား သေဒဏ်အပြစ်ပေးဖို့ လျှောက်ထားအပ်ပါတယ် ခင်ဗျား'

သူ့အသံက ကျယ်လောင်နေ၏။ သူပြောနေသည်မှာ အမှန်တရားဖြစ်သည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချ ထားပုံမျိုး။

တရားခွင်ကို တရားမျှတစွာ အုပ်ချုပ်တတ်ပြီး သမာသမတ်ရှိမှုအတွက် ကျော်ကြားသော တရားသူကြီးက တရားခံ အကျိုးဆောင်ကို ကြည့်သည်။

'တရားခံဘက်က ဘယ်လိုလျှောက်လဲမလဲ'

ကလေတန်အင်ဒါဆင် ခပ်တောင့်တောင့် ရပ်လိုက်၏။ သူ့အရပ်ကထောင်မောင်းသည်၊ သူ့ရုပ်ရည်က ချောမောသည်။ သူ့မျက်နှာ ဖြူဖျော့နေပြီး စိတ်လှုပ်ရှားနေသည်။





'တရားခံဘက်က အပြစ်မရှိကြောင်း လျှောက်လဲပါတယ် တရားသူကြီးမင်းခင်ဗျာ'

စိတ်လှုပ်ရှားမှုနှင့် အံ့အားသင့်မှု ပေါင်းစပ်ထားသော သက်ပြင်း မှုတ်သံများ၊တရားခွင်တစ်ခုလုံး ပျံ့လွင့်သွားသည်။ စိတ်လှုပ်ရှားမှု လွန်ကဲနေသော မိန်းမတစ်ယောက်က လက်ခုတ်တီး ဩဘာပေးသည်။ လက်ခုတ်သံသည် အခန်းထဲတွင် တစ်သံတည်း ကြောင်တောင်တောင် ထွက်လာသည်။

တရားသူကြီးမင်းက အမျိုးသမီးကို ဒေါသမျက်လုံးများဖြင့် ကြည့်၏။ ပြီးတော့ သစ်သားတူဖြင့် စားပွဲကို ထုသည်။

ကလေတန်လေးက ဆက်ပြောသည်။

'ရာဇဝတ်မှု ဖြစ်ပွားခဲ့ရတဲ့ အတွက်၊ တရားခံမှာ တာဝန်မရှိဘူးဆိုတာ ကျွန်တော်တို့ဘက်က လျှောက်လဲပါ့မယ်၊ နောက်ပြီး ဖြောင့်ချက်လို့ အမည်တပ်ထားတဲ့ စာဟာလည်း အဓမ္မ တိုက်တွန်းခြင်းကြောင့် ပေါ်ပေါက်လာရတာ ဖြစ်ကြောင်းတင်ပြပါ့မယ်'

ရှေ့ဆုံးခုံတန်းပေါ်တွင် တန်းစီ ထိုင်နေသော သတင်းစာသမားများ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ တစ်ခုခုတော့ မြုပ်ကွက်ရှိနေပြီ။ ဒေါ်ကြက်ခြေ၏ ကံကြမ္မာသည် တရားရုံးတော်၏ ငွေညှာသနားမှုပေါ်မှာပဲ မူတည်နေတော့သည်ဟု သတင်းစာများက တွက်ဆထားခဲ့ကြသည်။ အင်ဒါဆင် ချာတိတ် ဘယ်လိုခြေလှမ်း မျိုးများ လှမ်းမလို့ပါလိမ့်။

တရားသူကြီး ခေါင်းညိတ်၏။ ဥပဒေအကျိုးဆောင်ကို ကြည့်သည်။ စိတ်ထဲမှာတော့ သည်ပွဲ တော်တော်ကြည့်ကောင်းမည့် ပွဲဟု မှတ်ချက်ချမိသည်။

သမ္မာရင့် ရှေ့နေ မိုက်ကယ်စပေါလ်ဒင်းနှင့် လူလားမြောက်စ



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်မှု ရှေ့နေကလေး ထိပ်တိုက်တွေ့သည့်ပွဲ။

တော်တော့်ကို စိတ်ဝင်စားစရာ ကောင်းမည်။

'တရားလိုဘက်က အမှုကိုတင်ပြပါ' ဟု မျှော်လင့်တကြီး ရေ ရွတ်လိုက်၏။

ဒေါ်ကြက်ခြေအမှုကို စတင်ကြားနာပြီ။

'တရားလိုဘက်က တရားခံကို ဖမ်းဆီးခဲ့တဲ့ ရဲအရာရှိ မက်သယူးကုမ်းကို သက်သေအဖြစ် ခေါ်ယူပါတယ်'

ကျယ်လောင်ပြတ်သားသော အသံဖြင့် စပေါလ်မင်း ကြေငြာ၏။

ကုမ်း သက်သေ ခုံကလေးဆီလာသည်။ ကျမ်းကျိန်သည် ခပ်တည်တည် ခပ်အေးအေးထိုင်သည်။

'လူကြီးမင်း ရာဇဝတ်မှု ဖြစ်ပွားတဲ့အခန်းထဲ ဝင်သွားတော့ တွေ့ရတဲ့တရားခံရဲ့ အနေအထားကို ပြောပြပါ'

'သူဟာ အလောင်းရဲ့ ဘေးမှာထိုင်နေပါတယ် လက်ထဲမှာ သေနပ်ကိုကိုင်ထားပါတယ်'

စပေါလ်ဒင်းက သက်သေခံပစ္စည်း 'က' ကြီး ကိုမြှောက်ပြလျက်။

'အဲဒီသေနတ်ဟာ ဒီသေနတ်လား'

'ဒီသေနတ်ပါပဲ'

ကလေတန်လေး ရှေ့သို့ ခါးကိုင်းသည်။ အောက်နှုတ်ခမ်းကို လျှာဖြင့် လိမ်းသပ်သည်။

သူ့နောက်တည့်တည့် ရှေ့ဆုံးတန်းတွင် ကလေတန်ကြီးနှင့် အက်စ်တဲလ်တို့ ထိုင်နေသည်။ သူတို့၏ ဂုဏ်ယူခြင်းနှင့် ချစ်ခြင်းများသည် ကလေတန်လေး၏ ပထမဆုံး အမှုကြီးအတွက် ကြောင့်ကျ





စိုးရိမ် ခြင်းများနှင့် ရောထွေးနေ၏။

'သေနတ်က ကျည်ထွက်ပြီးသားလား'

'ဟုတ်ကဲ့ ကျည်လေးတောင့် တိတိ ပစ်ပြီးသားပါ'

'နောက်ထပ် မေးဖို့မရှိတော့ပါဘူး'

စပေါလ်ဒင်း ဖြတ်ကနဲပြောသည်။

တရားသူကြီးက ကလေတန်လေး အလှည့်ဖြစ်ကြောင်း လက်ပြသည်။

'ပြန်လှန်မေးခွန်းထုတ်ပါ'

ကလေတန်လေး မတ်တပ်ရပ်၏။ ကုမ်းကို စူးစူးဝါးဝါး ကြည့်၏။

'လူကြီးမင်း တရားခံကိုတွေ့တော့ စကားပြောကြည့် သေးလား'

'ဟုတ်ကဲ့ ကျွန်တော် သူ့နာမည်ကို မေးပါတယ်'

'သူက ဘာဖြေသလဲ'

ကုမ်း ပခုံးတွန့်၏။

'သူက မဖြေပါဘူး'

'လူကြီးမင်းရဲ့ အစီရင်ခံစာအရဆို ခင်ဗျား သူ့ကိုမေးခွန်း တော်တော်များများ မေးခဲ့တယ်လို့ သိရတယ်။ အဲဒီမေးခွန်းတွေကို တရားခံက ဖြေသလား'

'မဖြေပါဘူး'

'လူကြီးမင်း သူ့ကိုစကားပြောတဲ့အခါ သူက ခင်ဗျားကို ကြည့် သလား'

'မကြည့်ပါဘူး သူကထိုင်ပြီး အဝေးကို ငေးနေတာ တစ်နည်း ပြောရရင် . . .'



www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်တဲ့အချက်ရအောင် လှည့်ပါတ်မေးလိုက်နိုင်သဖြင့် ကလင်တန်လေး မိန့်ရေရှက်ရေ ဖြစ်နေသည်။

'တရားခံကိုကြည့်ရတာ စိတ်ချောက်ချားနေတဲ့ အခြေအနေမျိုးမဟုတ်ဘူးလား'

စပေါလ်ဒင်း ချက်ချင်း မတ်တပ်ရပ်ပြီး ဖြစ်သွားသည်။

'ကန့်ကွက်ပါတယ် တရားခံရှေ့နေဟာ ဆေးဘက်ဆိုင်ရာသဘောထား မှတ်ချက်ကို တောင်းခံနေပါတယ် ခင်ဗျာ'

ကလေတန်လေး စိတ်ပျက်လက်ပျက် ခေါင်းရမ်းသည် တရားသူကြီးအား ကိုင်းရှိုင်းစွာကြည့်သည်။

'တရားသူကြီးမင်းခင်ဗျာ ရဲအရာရှိ တစ်ယောက်ဟာ လူတစ်ယောက် စိတ်ချောက်ချားနေတဲ့ အခြေကို အကဲခတ်နိုင်လောက်တဲ့ အတွေ့အကြုံရှိတယ်လို့ ကျွန်တော်တို့ မှတ်ယူထားနိုင်တယ် ထင်ပါတယ်'

တရားသူကြီးကလည်း ထိုအတိုင်းပင် ယူဆထားသည်။

'ကန့်ကွက်ချက်ကို ပယ်တယ်'

ကလေတန်ကြီးက အက်စ်တဲလ်၏ လက်အိတ်စွပ်ထားသည့် လက်ကို ဝင့်ဝင့်ကြွားကြွား ဖျစ်ညှစ်လိုက်၏။ သားတော်မောင်ကတာထွက် ကောင်းနေသည် မဟုတ်ပါလား'

'တရားခံဟာ စိတ်ဓာတ်ချောက်ချားတဲ့ အခြေအနေမျိုးမှာ ရှိနေပါသလား မစ္စတာကုမ်း'

'ဟုတ်ကဲ့ ရှိနေပါတယ်'

တရားခံ အကျိုးဆောင်က သက်သေကို ဆက်မမေးတော့၊ ရုံးတော်အတွင်း တီးတိုးလေသံတွေ ပျံ့နှံ့သွားသည်။

နောက်သက်သေမှာ မင်နျူးယယ်လိုပက်။





သူက ခုထိ ကတုန်ကရင် ဖြစ်နေဆဲ။ ယခုတစ်ချီ သူ သတိထား မိသည်မှာ သူ့အပေါ် မီးမောင်းကြီး ထိုးထားခြင်းမျှသာ။

စပေါလ်ဒင်း သူ့ဆီလျှောက်လာတော့ သူက ပြုံးပြဖို့ ကြိုးစားနေမိသည်။

'မောင်ရင် အမှုဖြစ်တဲ့ အခန်းထဲ ဝင်သွားတော့ တရားခံပြောတဲ့စကားတွေ ရုံးတော်ကို ပြန်ပြောပြပါလား'

လိုပက် စိတ်လှုပ်ရှားစွာ တံတွေးမျိုချ၏ ပြီးမှ။

'သူကပြောပါတယ်၊ ရဲကိုသွားခေါ်စမ်း ငါ လူတစ်ယောက်သတ်လိုက်ပြီတဲ့'

စပေါလ်ဒင်းက ထူးခြားမှုမရှိဟန်ဖြင့် အဝေးသို့ငေးနေသည်။ အခန်းပြင်ဆင်ပုံကို ငြင်ပြီး စိတ်ဝင်စားနေသလိုမျိုး။

'အသတ်ခံရတဲ့ လူကိုရော မောင်ရင်တွေ့သလား'

'ဟုတ်ကဲ့ ကြမ်းပေါ်မှာ လဲနေပါတယ်'

'မောင်ရင် သေနတ်တစ်လက် တွေ့ရသလား'

'ဟုတ်ကဲ့ သေနတ်ကို အဒေါ်ကြီးက ကိုင်ထားပါတယ်'

ခုချိန်တွင် လိုပက်သည် လက်တစ်ဖက်နှင့်တစ်ဖက် လိမ်ညှစ်နေပြီ။

တရားခံအကျိုးဆောင်က ပြန်လှန်မေးခွန်း ထုတ်ရာတွင် ခေါ်ကြက်ချေပြောသည့် စကားများကို တူးဖော်ကြည့်ရလျှင် မဆိုးဟု တွက်ဆသည်။

'တရားခံက 'ရဲကိုသွားခေါ်စမ်း ငါ လူတစ်ယောက်သတ်လိုက် ပြီ'ဆိုတဲ့စကားအပြင် တခြား ဘာများပြောသေးလဲ'

'ပြောပါတယ်ခင်ဗျ ကျွန်တော်က အခန်းထဲဝင်ပြီး ဖုန်းမဆက်ခင်တော့ ကျွန်တော် ညှော်ကြိုခန်းသွားနေတုန်း ခင်ဗျား ဒီမှာပဲနေပါလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်၊ ဒီတော့သူက 'မင်းအပြေးအလွှားလုပ်ဖို့မလိုပါဘူးကွယ် ဒီငနာကြီးက ဘယ်မှထွက်မပြေးဘူး၊ ငါလည်း ဘယ်မှထွက်မပြေးပါဘူးတဲ့' အဲတာ သူပြောတဲ့အတိုင်း အတိအကျပါပဲ'

'အဲဒီလိုပြောပြီးတော့ သူဘာလုပ်သေးလဲ'

သည်တစ်ကြိမ်တွင် လိုပက် ဖြေးလေးစွာဖြေ၏။ စိတ်ချောက်ချားဖွယ် မြင်ကွင်းကို ပြန်လည် ပုံဖော်ကြည့်နေသည့်အလား။

သူက ဒေါ်ကြက်ချေကို လှမ်းကြည့်သည်။ တရားသူကြီးကလည်း လှမ်းကြည့်သည်။

ဒေါ်ကြက်ချေကတော့ မထုံတက်တေး။ ရှေ့တည့်တည့်သို့ ငိုင်ငိုင်ငေးငေး။

'သူက ဒူးထောက်သလို ထိုင်ချလိုက်ပါတယ်၊ ပြီးတော့ အော်ပြီး ရယ်နေပါတယ်၊ ကျွန်တော် အဲဒီမြင်ကွင်းကို ဘယ်တော့မှ မေ့မရပါဘူး၊ ဟိုလူကြီးက ကြမ်းပေါ်မှာလဲနေပြီး အဒေါ်ကြီးက ဘေးနားမှာ ဒူးထောက်ပြီး တဟားဟား ရယ်နေတာပဲ'

ကလေတန်လေး တစ်ဖြုတ်မျှသာ အချိန်ဆိုင်း၏။

'မစ္စတာလိုပက် တရားခံက ဒန်စူလေဗန်ကို သတ်တာ ခင်ဗျား မျက်စိနဲ့ တွေ့မြင်ရပါသလား'

'ဟင့်အင်း ကျွန်တော်ရောက်သွားတော့ ဟိုလူကြီးက သေနေပါပြီ။

'ကျေးဇူးတင်ပါတယ် . . . နောက်ထပ် မေးစရာ မရှိတော့ပါဘူး'

တရားခံရှေ့နေ၏ ပြန်လှန်းမေးခွန်းကို မိုက်ကယ်စပေါလ်ဒင်းက လွှတ်ပေးလိုက်သည်။ လိုပက်လိုချာတိတ်၏ ထွက်ဆိုချက်မျိုးကို ပုံကြီးချဲ့ပြီး လျှောက်မေးနေတာ အဓိပ္ပါယ်မရှိ။ ဘာ





အချက် အလက်မျှ မပါ။

ဘာဘဲဖြစ်ဖြစ် ရဲကြပ်ကြီး ရိုင်လီကိုမေးလိုက်ရတာတော့ အကျိုး ရှိသည်။ တုတ်တုတ်ခိုင်ခိုင် မျက်နှာဝိုင်းဝိုင်းနဲ့ ရဲကြပ်ကြီးက လူဆိုးမှတ် တမ်းနှင့် ဖော်ထုတ်ရေး ဌာနမှ။

အစိုးရရှေ့နေ စပေါလ်ဒင်းက ကုလားထိုင်ပေါ်တွင် ရှေ့ကိုင်းထိုင်ကာ ကလေတန်၏ လုပ်ရှားမှုများကို စောင့်ကြည့်နေသည်။

ကလေတန်လေးက သူ့သေတ္တာပြားကလေးထဲမှ ထုတ်ယူလာသော ဓာတ်ပုံများကို ရဲကြပ်ကြီးအားပေး၏။ ရဲကြပ်ကြီးက ဓာတ်ပုံများကို အတွေ့အကြုံရင့်ပြီး မျက်လုံးများဖြင့် ကြည့်သည်။

'ရဲကြပ်ကြီးခင်ဗျာ ရဲကြပ်ကြီးကို ကျွန်တော် ဒီဓာတ်ပုံတွေပြပါတယ်၊ ပြီးတော့ ဘယ်သူ့ပုံတွေလည်းဆိုတာ ဖော်ထုတ် ပေးဖို့ မေတ္တာ ရပ်ခံပါတယ်'

'ဒီပုံတွေဟာ ရုံးတော်ကိုတင်ပြဖို့ ကျွန်တော်ဖော်ထုတ်ထားတဲ့ ပုံတွေပါ၊ ဓာတ်ပုံရှင်ကတော့ သေဆုံးသွားတဲ့ ဒန်စူလေဗန်ရဲ့ ပုံ ဖြစ်ပါတယ်'

စပေါလ်ဒင်း ဖြုန်းကနဲ မတ်တပ်ရပ်လိုက်၏။

ကန့်ကွက်ပါတယ် သေဆုံးသူရဲ့ မှတ်တမ်းတွေဟာ ဒီအမှုနဲ့ ဆက်နွယ်ပါတ်သက်ခြင်း မရှိပါဘူးခင်ဗျား'

'တရားသူကြီးမင်းခင်ဗျား'

ကလေတန်လေးက ပြေပြေပြစ်ပြစ် ဝင်ပြောသည်။

'သေဆုံးသူရဲ့ အကျင့်စရိုက်တွေဟာ သူ့ရဲ့ သေဆုံးမှုကို တိုက် ရိုက်အကျိုးသက်ရောက်စေတဲ့အကြောင်း တရားခံဘက်က လေးစားစွာ လျှောက်လဲအပ်ပါတယ်'

တရားသူကြီး ခေတ္တမျှ နှုတ်ဆိတ်နေသည့် တရားဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအရ စပေါလ်ဒင်းပြောတာမှန်သည်။ သို့သော် သည်လူက အစဉ်အလာများကို ချဉ်းကပ်လွန်းသည်။ တရားသူကြီးဆိုတာ ကတော့ တရားမျှတ ရေးကိုပဲ ပို့ပြီးဦးစားပေး ထောက်ထားရမည်။

'ဒီအမှုက အလွန်အင်မတန် ထူးခြားတဲ့ အမှုတစ်ခု ဖြစ်နေ တယ်၊ တရားဥပဒေအားလုံးရဲ့ မှန်မြတ်တဲ့ ရည်ရွယ်ချက်အားလုံးဟာ အမှန်တရားရဲ့ တရားမျှတမှုကို ရှာဖွေဖော်ထုတ်ဖို့ပဲ သက်သေ အနေနဲ့မေးခွန်းကိုဖြေဖို့ ကျုပ်ခွင့်ပြုတယ်'

စပေါလ်ဒင်း မျက်နှာရှုံ့မဲ့ကာ ပြန်ထိုင်သည်။ ကလေးတန်လေး က ရဲကြပ်ကြီးရိုင်လီကို ခေါင်းဆတ်ပြလျက်။

'ဒန်စူလေဗန်ရဲ့ ရာဇဝတ်မှုမှတ်တမ်းကို ရုံးတော်ရှေ့မှာ လူကြီးမင်း ဖတ်ပြပါလား ခင်ဗျာ'

လက်ထဲတွင် ကိုင်ထားဆဲ ဓာတ်ပုံများကို ရိုင်လီ ငုံ့ကြည့်၏။ သူ့အမူအရာ ဆတ်တောက်တောက်။ ဘယ်သူ့မျှ ငဲ့နေမည့်ပုံ မဟုတ်

'၁၉၅၄ ခုနှစ်မှာ အသေးစားလိမ်လည်မှု တစ်ခုနဲ့ ထောင်ဒဏ် သုံးလ အပြစ်ပေးခံခဲ့ရပါတယ်။ ၁၉၅၅ ခုနှစ်မှာ မစ္စအာသာ ဂိုးဒင်းရဲ့ တရားစွဲဆိုချက်အရ ချိန်းခြောက်ငွေညှစ်မှုနဲ့ ပြစ်မှု ထင်ရှားတဲ့အတွက် ဒေါ်လာတစ်ထောင် ဒဏ်ရိုက်ခံခဲ့ရပါတယ်'

လေ့လာသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မိန်းမ တစ်ယောက်က အသံထွက် ရှုတ်ချသည်။

'၁၉၅၇ ခုနှစ်မှာတော့ ဒန်စူလေဗန်ဟာ ပြည့်တန်ဆာ ခေါင်းလုပ်မှုနဲ့ ပြည်နယ်အကျဉ်းထောင်မှာ ထောင်ဒဏ်တစ်နှစ် ကျခံခဲ့ရပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ ပြည့်ထောင်စု မူးယစ်ဆေးဝါး ဥပဒေကို ချိုးဖောက်မှုနဲ့ ထောင်သုံးနှစ်ကျခဲ့ပါတယ်။'

ရုံးတော်တွင်းရှိ လူအများ အကဲခတ်ကြည့်ရှုခြင်း ခံနေရမှန်း





...သဖြင့် ကုလွှေကြီးတစ်ခွဲသား လုပ်နေရသော တရားသူကြီးသည် ...တော့ လူသားတစ်ဦးအဖြစ် လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသည်။

တရားခွင် တစ်နေရာမှ လေသံသဲ့သဲ့ ထွက်လာသည် တရား ...ကြီး မျက်မှောင်ကြုတ်သည်။

စပေါလ်ဒင်းက မှတ်စုတွေ သဲကြီးမဲကြီး ရေးမှတ်နေ၏။

နောက်ထပ်ဆက်လာမည့် ပြစ်မှုများကို ကလေတန်ကြီးနှင့် ...က်စ်တဲလ်တို့ နားစွင့်နေ၏။

ရိုင်လီ ဆက်လက်ထွက်ဆိုသည်။

'၁၉၆၃ ခုနှစ်မှာ မစ္စဖရန်းအဲလီယော၊ အသက် ခြောက် ...ယ့်သုံးနှစ်က မတရားငွေညှစ်မှုနဲ့ တရားစွဲဆိုချက်အရ ဒန်စူ ...ဗန် ကို ဖမ်းဝရမ်း ထုတ်ခဲ့ပါတယ်။ ဒါပေမယ့် ဖမ်းမမိခင် သူဟာ ...တ်ဆီကို ပြည်ထဲ ကူးဝင်သွားခဲ့ပါတယ်။'

'စူလေဗန်ကို ခြိမ်းခြောက်ငွေညှစ်မှုနဲ့တရားစွဲထားတာတွေ ...နောက်ထပ် ရှိပါသေးသလား'

'ရှိပါတယ် ခြိမ်းခြောက်ငွေညှစ်မှုနဲ့ လေးကြိမ်တိတိ တရားစွဲ ...ခဲ့ရပါတယ် ဒါပေမယ့် တရားစွဲသူများက လက်မှတ်ထိုးဖို့ ငြင်းဆို ...တဲ့အတွက် အမှုတွေ ပိတ်ခဲ့ရပါတယ်'

'တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်ကန့်ကွက်ရပါမယ်၊ ...စွဲ ချက်တွေဟာ ပြစ်မှုမမြောက်ဘူးဆိုရင် အမှုတွေကို သက်သေ ...ခံပြချက်အဖြစ် လက်မခံထိုက်ပါဘူး'

စပေါဒင်းလ် ထပြီးကန့်ကွက်ပြန်သည်။

ကိုယ့်ကိုယ်ကို တဖြည်းဖြည်း ယုံကြည်စိတ်ချလာသော ...ကလေတန်လေးက စိန်ခေါ်သည့်အပြုံးကို ပြုံးလိုက်သည်။

'တရားသူကြီးမင်းခင်ဗျား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း ခံရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်များဟာ စွဲချက်များမှာ လက်မှတ်ထိုးဖို့ ဆန္ဒမရှိတာများပါတယ်။

တရားသူကြီး ခေါင်းရမ်း၏။

'ကန့်ကွက်ချက်ကိုအတည်ပြုတယ်။ အချေကို ရုံးတော် မှတ်တမ်းထဲက ပယ်ဖျက်ပါ'

ထို့နောက် ဂျူရီလူကြီးများဘက်လှည့်ကာ

'ဂျူရီလူကြီးများ အနေနဲ့ နောက်ဆုံးမေးခွန်းနဲ့ အဖြေကို ထည့်သွင်း မစဉ်းစားဖို့ ညွှန်ကြားတယ်'

ကလေးတန်လေးက ရဲကြပ်ကြီး ရိုင်လီဘက် ပြန်လှည့်ကာ

'ရဲကြပ်ကြီးခင်ဗျာ၊ ပြစ်မှုထင်ရှားတဲ့ အမှုတွေအပေါ်မှာပဲ အခြေခံပြီး ကောက်ချက်ချရရင် ဒန်စူလေဗန်ရဲ ရာဇဝတ်မှုတွေဟာ အဓိကအားဖြင့် မိန်းမသားတွေအပေါ်မှာသာ ကျူးလွန်ခဲ့ကြောင်း တွေ့ရပါတယ် ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'နောက်ထပ် မေးစရာမရှိတော့ပါဘူး'

စပေါဒင်းလ် မတ်တပ်ထသည်၊ အကြီးအကျယ်စိတ်ဆိုးနေ၏။

'မေးစရာမရှိပါဘူး' ဟု ဗလုံးဗထွေး ရေရွတ်၏။

ကလေးတန်ကြီးက အက်စ်တဲလ်ဘက် စောင်းပြီး နားအနီးကပ်ပြောသည်

'ဘွားဘွားရေ . . . ကျွန်တော်တို့အိမ်မှာ ရှေ့နေ တစ်ယောက်ရှိနေပြီဗျ နောက်ပြီး ကျွန်တော် တွေ့ဖူးသမျှ ထဲမှာတော့ အတော်ဆုံးပါပဲ'

သူ့အသံမှာ ဂုဏ်ယူဝင့်ကြွားမှုများ လွှမ်းဝေနေ၏။





'ရှုး . . . သူတို့ အမှုကိုင် ဆရာဝန်ကို ခေါ်နေပြီ'

ဒေါက်တာ အီဗန်း သက်သေများထွက်ဆိုသည့် ဝက်ခြံသို့သွားသည်။

ဂျူရီလူကြီးတွေ သူ့ပုံပန်း ကိုအကဲစဖမ်းမိကြသည်။

သူတို့ရှေ့တွင် မြင်တွေ့နေရသူမှာ ဝန်နှင့်အား မမျှအောင် အလုပ်လုပ်လွန်းပြီး စိတ်အနားမရသူ ဆေးဘက်ဆိုင်ရာ အရာထမ်းတစ်ဦး။ သို့သော်ဆင်ခြင်တုံတရားရှိပြီး ပွင့်လင်း ဖြောင့်မတ်သူ။

ကလေးတန်လေးက ဒေါက်တာအီဗန်းကို မေးခွန်းမထုတ်မီ သူ့မှတ်စုများကို ပြန်ကြည့်နေ၏။

ဒေါ်ကြက်ချေကတော့ ကျောက်ရုပ်ကြီးပမာ မတုန်မလှုပ်။ သူ့ခေါင်းကို တစ်ချက်ကလေးမျှပင် လှည့်ဖော်မရ။

'ဒေါက်တာ၊ လူကြီးမင်းအနေနဲ့ ဂျူရီလူကြီးတွေကို အရက်စိမ်းဆိုတာ ရှင်းပြနိုင်ပါသလားခင်ဗျား'

'အဲဒီအရက်ဟာ အစိမ်းရောင်ရှိပြီး မူးယစ်စေတတ်တဲ့ သမကာ တစ်မျိုးပါ။ ဒီဂရီ ခုနှစ်ဆယ်နဲ့ ရှစ်ဆယ်ကြားမှာ ရှိပြီး ဒေါနဆီနဲ့ဆီမွှေးတွေကနေ ချက်လုပ်ပါတယ်'

'အဲဒီအရက်စိမ်းကို ဒီနိုင်ငံမှာ ဝယ်လို့ရနိုင်ပါသလား'

'တရားဝင် ဝယ်လို့မရပါဘူး'

စပေါလ်ဒင်း ကုလားထိုင်ပေါ်မှ ရှေ့သို့ ခါးကိုင်းလာသည်။ သူ့မျက်နှာတွေဝေနေ၏။

'အရက်စိမ်းကို ကမ္ဘာပေါ်မှာ ဘယ်ဒေသတွေမှာ တရားဝင် ဝယ်ယူလို့ ရနိုင်ပါသလဲ'

'ကျွန်တော် သိသလောက် တရားဝင်ဝယ်လို့ရတဲ့ ဒေသမရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ မရနိုင်တာပါလဲ ခင်ဗျာ'

တရားခံအကျိုးဆောင်က ဂျူရီလူကြီးအဖွဲ့ကို ကြည့်သည်။ နောင်ထပ်ထွက်ပေါ်လာမည့် အရေးပါသော စကားလုံးများကို လွတ် မသွားစေဖို့ အကြံပေးနေသည့်အလား။

'အရက်စိမ်းဟာ လူ့ကျန်းမာရေးကို ဆုတ်ယုတ်ညံ့ဖျင်းလာစေပါတယ်၊ အစာချေချက်တဲ့ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းတွေနဲ့ အာရုံကြောတွေကို ထိခိုက်ပျက်စီးစေပါတယ်၊ အဲဒီအရက်ကို စွဲသောက်တဲ့ အတွက် စိတ်ကယောက်ချောက်ချား ဖြစ်စေတယ်၊ တချို့ သိပ်လွန်သွားတဲ့ လူတွေဆိုရင် ရူးသွပ်သွားတတ်ပါတယ်'

ခပ်ကျယ်ကျယ် ခပ်စူးစူး ညည်းသံတစ်ခု တရားခွင်ထဲ လွင့်ပျံလာသည်။

'ဒေါက်တာခင်ဗျာ၊ တရားခံဟာ အရက်စိမ်းကို စွဲနေပါသလား'

'စွဲနေပါတယ်'

မျက်လုံးတွေ အားလုံး ဒေါ်ကြက်ခြေဘက်လည်သွားသည်။ သို့တိုင် သူကတော့ မသိသလို၊ ဘာမှလှုပ်ရှားမှုမျှ မပြ။

'နောက်ထပ် မေးခွန်းမရှိတော့ပါဘူး'

ကလေတန်လေး ပြန်ထိုင်လိုက်၏။

'ပြန်လှန်မေးခွန်း ထုတ်နိုင်တယ်'ဟု တရားသူကြီး ကြေညာ၏

စပေါလ်ဒင်း ထလာ၏။

'ဒေါက်တာ အီဗန်၊ တရားခံကို ဖမ်းလာပြီးတဲ့နောက်ပိုင်း ခင်ဗျား သူ့ကို ဆေးစစ်ကြည့်သလား'

'ဟုတ်ကဲ့'

'ခင်ဗျား စိတ်ရောဂါကု ဆရာဝန်နဲ့ပြကြည့်ဖို့ မေတ္တာရပ်ခံသေးသလား'

ဒေါက်တာအီဗန်း ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားသည်။

'ကျွန်တော် စဉ်းစားပါသေးတယ်'

အဲဒီလိုပြဖို့ ခင်ဗျား မေတ္တာရပ်ခံခဲ့သလား'

စပေါလ်ဒင်း ဝေါက်လိုက်၏။ ဒေါက်တာ အီဗန်း သက်ပြင်းချသည်။

'ဟင့်အင်း'

ဒါဆို တရားခံဟာ တရားဥပဒေကြောင်းအရ စိတ်မှန်နေတယ်လို့ ကျွန်တော်တို့ ယူဆလို့ ရတယ်ပေါ့၊ နောက်ထပ် မေးစရာ မရှိတော့ပါဘူး'

စပေါလ်ဒင်း ခပ်မြူးမြူး ပြန်ထိုင်၏၊ ကလေတန်ကလေးက ထိုအချက်ကို ပြန်လည်တိုက်ခိုက်သည်။

'ဒေါက်တာအီဗန်းခင်ဗျား၊ တရားဥပဒေအရ စိတ်မှန်နေတယ် ဆိုတဲ့ စကားစုရဲ့ အဓိပ္ပါယ်က ဘယ်လိုပါလဲ'

တရားခံဟာ သူ့လုပ်ဆောင်ချက်တွေရဲ့ သဘာဝကို နားလည်ပြီး ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေကို သဘော ပေါက်နေတယ် ဆိုတဲ့ အဓိပ္ပါယ်ပါ'

'လူတစ်ယောက်ဟာ တရားဥပဒေအရ စိတ်မှန်နေပြီး ဆေးပညာအရ စိတ်ဖောက်ပြန်နေတာမျိုး ရှိနိုင်ပါသလား'

ဆရာဝန် ခေါင်းညိတ်၏။

'စိတ်မချမ်းသာစရာ ကောင်းလောက်အောင် ရှိနိုင်ပါတယ်'

'တရားခံကို တရားခွင်မှာ ရင်ဆိုင်ဖို့ ဆရာခွင့်ပြုခဲ့တုန်းက တရားခံဟာ ဆေးပညာအရ စိတ်မှန်နေတယ်လို့ ယူဆခဲ့ပါသလား'

'ကန့်ကွက်ပါတယ်'







www.burmeseclassic.com

www.burmeseclassic.com



စပေါလ်ဒင်း ကမန်းကတန်း ထပြော၏။

'တရားခံ ဆေးပညာအရ စိတ်မှန်တာ ၊စိတ်ဖောက်ပြန်တာဟာ ဒီအမှုနဲ့ ဘယ်လိုမှ သက်ဆိုင်ခြင်း မရှိပါဘူး'

သူကသူ့ပြိုင်ဘက်ကို မီးဝင်းဝင်းတောက်မျှ လှမ်းကြည့်၏။

'နယူးယောက်ပြည်နယ်ရဲ့ ရာဇဝတ်မှုဆိုင်ရာ ကိုဥပဒေမှာ ရှင်းရှင်းလင်းလင်း ဆိုထားတာက . . .'

တရားသူကြီးက သတိပေးသည့်အနေဖြင့် လက်ကိုင်တင်းပုတ်ကို ထုသည်။

'လူကြီးမင်းတို့ လူကြီးမင်းတို့ရဲ့ တင်ပြချက်တွေကို ရုံးတော်ဘက် လှည့်ပြီး ပြောကြပါ။'

'ရုံးတော်ခင်ဗျား၊ တရားခံ ဆေးပညာအရ စိတ်မှန်ခြင်း စိတ်ဖောက်ပြန်ခြင်း၊ ဆိုတာ ဂျူရီအဖွဲ့ ထည့်သွင်းစဉ်းစားရမယ့် အချက်မဟုတ်ပါဘူး'

စပေါလ်ဒင်း ရှူးရှူးရှဲရှဲပြော၏။

'ဖယ်ချတယ်'

တရားသူကြီး ခပ်ဆတ်ဆတ်ပြောပြီး ဆက်လက်မေးခွန်းထုတ်ရန် ကလေတန်လေးအား အချက်ပေး၏။

ထိုအခိုက်တွင် ဒေါ်ကြက်ခြေ၏ ကိုယ်ခန္ဓာ အနေအထားရုတ်တရက် ပြောင်းသွားသည်ကို လေ့လာသူများ သတိထားမိလိုက်မိ၏။ သူ့ကြည့်ရသည်မှ လေးညို့ကို ဆွဲလိုက်သကဲ့သို့ တင်းမာသွားသည် ထင်ရ၏။ ခန့်မှန်းရတော့ ခက်သည်။ သို့ပေမယ့် သူ့ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များကို စတင် အာရုံစိုက်မိလာသည့်နှယ်။

ကလေတန်လေးက ဒေါက်တာအီဗန်းကို တည့်တည့်





စိုက်ကြည့် ၏။

'ဒေါက်တာ အီဗန်းခင်ဗျာ၊တရားခံဟာ ဆေးပညာအရ စိတ်မှန်နေတယ်လို့ လူကြီးမင်း ယူဆခဲ့ပါသလား'

မယူဆပါဘူး'

'မေးစရာမရှိတော့ပါဘူး'

စပေါလ်ဒင်းက မတိုက်ခိုက်ဘဲ လွှယ်လွှယ်အရှုံးပေးမည့်သူမဟုတ်။

'စွဲချက် အတင်ခံနေရသူရဲ့ စိတ်အခြေအနေမှန် မမှန်မှတ်ချက် ပေးရလောက်အောင် ခင်ဗျားကိုယ် ခင်ဗျား အရည်အချင်းပြည့်တယ် လို့ ယူဆထားပါသလား ဒေါက်တာအီဗန်း'

အီဗန်း ပြန်မဖြေနိုင်မီ ကလေတန်လေးက ခုန်ထလိုက်၏။ သူ့မျက်နှာ မဲ့ရွဲ့နေ၏။

'ကန့်ကွက်ပါတယ်ခင်ဗျာ၊ ဥပဒေအကျိုးဆောင်ဟာ သူကိုယ်တိုင် ခေါ်ယူတဲ့ သက်သေကို ပြန်ပြီးအယုံအကြည်မဲ့ကြောင်း တင်ပြဖို့ အားထုတ်နေပါတယ်၊ သူ့အနေနဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လုပ်လို့ မရပါဘူး၊ စောစောလေးကပဲ ဒေါက်တာအီဗန်းက တရားဥပဒေအရ စိတ်မှန်နေတယ်လို့ မှတ်ချက်ပေးတဲ့အတွက် တရားခံကို ရုံးတင်စစ် ဆေးတယ်လို့ ဂျူရီလူကြီးတွေ ရှေ့မှောက်မှာ လျှောက်လဲသွားပါတယ်'

သူ၏လျှောက်လဲချက် နိဂုံးချုပ်မည့်ဆဲဆဲ၊ တရားဥပဒေကြောင်း အရာ တိုက်ပွဲရှိန် အမြင့်ဆုံးအချိန်တွင်မှ ဒေါ်ကြက်ခြေဝုန်းခနဲ မတ်တတ်ရပ်သည်။

တရားခွင် တခုလုံး အပ်ကျသံကြားရမလောက် တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်အင်္ကျီ ဝတ်ထားပြီး ခြောက်ကပ်ကပ် မျက်နှာသေကြီးဖြင့် အမျိုးသမီးကြီး ဂျူရီအဖွဲ့ကို ရင်ဆိုင်ရပ်နေ၏။ သူ့တစ်ကိုယ်လုံး ဒေါသကြောင့် တုန်တုန်ရင်ရင် ဖြစ်နေ၏။

'တော်ကြပါတော့'

ဒေါသသည်းစွာ ပြော၏။ သူ့အသံမှာ အရှိန်မြင့်လာသည်။

'တော်ကြစမ်း၊ ကျုပ်နောက်ထပ် သည်းမခံနိုင်တော့ဘူး။ တရားခွင်ထဲရှိ တစ်စုံတစ်ယောက်ကိုပြောသည်ထက် သူ့ကိုယ်သူပြောသလို ညီးတွားလိုက်သည်။

'ကျုပ်က ဘယ်လောက်ကြာကြာစောင့်နေရဦးမှာလည်းဟင်'

တရားသူကြီး လက်ကိုင် တင်းပုတ်ကိုထုသည်။

ကလေးတန်လေး၏ မျက်နှာ မြင်သာထင်သာ နီရဲသွားသည်။ လေ့လာသူများ တီးတိုးပြောကြ၏။ အော်ကြဟစ်ကြ၏။ သည်အသံများက ဒီရေတက်လာသည့်ပမာ ရုံးတော်၏ နံရံများကို ကျော်လွှား ဝါးမြိုသွား၏။

ခုမှပင် အက်စ်တဲလ်သည် ဒေါ်ကြက်ချေ၏ မျက်နှာကို ပထမဆုံးအကြိမ်အဖြစ် ပြည့်ပြည့်ဝဝ မြင်လိုက်ရ၏။

အက်စ်တဲလ်က တုန်လှုပ်သော မယုံကြည်နိုင်သော မျက်နှာဖြင့် ကလေးတန်ကြီးကို လှည့်ကြည့်သည်။ ဆင်တူမှုကို တွေ့မြင်လိုက်ရသည့် ကလေးတန်ကြီးက သူ့မေမေကို ပြန်ကြည့်၏။

အဘွားကြီး၏ တုအံ့တသြ မျက်နှာကို မြင်လိုက်ရ၏။

နှစ်ယောက်သားမှာ မင်တက်မိစွာ ထိုင်နေကြ၏။ လှုပ်ပင် မလှုပ်နိုင်ကြ။

ဒေါ်ကြက်ခြေ ဒယီးဒယိုင်ဖြင့် သူ့ထိုင်ခုံတွင် ပြန်ထိုင်ရင်း ရှိုက်ကာ ရှိုက်ကာ ပြော၏။





'ဘယ်လောက်ကြာဦးမှာလဲ ကျုပ်က ဘယ်လောက်ကြာကြာ ဆက်ပြီး . . .

'ရုံးတော်ရဲ့အမိန့်'

တရားသူကြီးအော်ဟစ်၏။ တင်းပုတ်ကိုလည်း ခပ်ဆတ်ဆတ် ထု၏။ သူ့ရှေ့မှ ရုံးစုရုံးစု ပရိသတ်ကို စိုက်ကြည့်ရင်း ဆက်ပြော၏။

'ကျုပ် တရားခွင်ကိုရှင်းပစ်ရလိမ့်မယ်၊ တရားခံရှေ့နေက လူကြီးမင်းရဲ့ အမှုသည်ကို ထိန်းသိမ်းနိုင်းပါ။

'ကျွန်မကို သတ်လိုက်ပါ'

ဒေါ်ကြက်ချေက တရားသူကြီးကို ကျုံးအော်၏။

'မြန်မြန်သေလေ အေးလေပဲ၊ သတ်ပါ သတ်လိုက်စမ်းပါ'

ကလေးတန်လေး သူ့အမှုသည်ဆီ အပြေးသွားသည်။ မဆူညံ ဖို့နှစ်သိမ့်စကားဆိုသည်။

သို့သော် ဒေါ်ကြက်ခြေက သူ့ကိုခါထုတ်သည်။ ရှိုက်လည်း ရှိုက်သည်။ သေခွင့်ပြုဖို့ အကြောင်းလည်း အော်ဟစ်နေသည်။

တရားသူကြီးက စားပွဲကို တင်းပုတ်ဖြင့် ကျယ်လောင်စွာ ထုနှက်လိုက်ပြန်၏။

'ရုံးတော်ကို နှစ်နာရီအထိ ရပ်နားတယ်'

'တဆိတ်လောက် ဒေါ်ဒေါ်ရယ် အားလုံးအဆင်ပြေသွားမှာပါ'

ကလေးတန်လေး တိုးလျှိုးတောင်းပန်သည်။

'ငါ့ဘာသာငါ နေစမ်းပါရစေ မင်းငါ့ကိုမကယ်နိုင်ပါဘူး၊ ငါလည်း အကယ်မခံချင်ဘူး၊ ဒါကို မင်းမသိဘူးလားဟင်'

'ကျွန်တော် ဒေါ်ဒေါ့်ကို ကူညီချင်လို့ပါ ဒေါ်ဒေါ်၊ ဘာ့ကို ကူရမှာ မို့ပါ။'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြက်ခြေကို ထိန်းပေးရင်း ကလေတန်လေး ရင်ထဲအသံထဲမှ လှိုက်လဲစွာ ပြောသည်။

တရားသူကြီးက တရားခွင်ကို ကျောခိုင်းသွားပြီ။ ဂျူရီလူကြီးတွေ ဒေါ်ကြက်ခြေကို ဒေါသမျက်လုံးများဖြင့်ကြည့်ရင်း တရားသူကြီးနောက်မှ လိုက်သွားကြသည်။

ခပ်တောင့်တောင့် ရဲမေတစ်ဦးက ဒေါ်ကြက်ခြေကို တာဝန်ယူသည်။ ကလေးတန်လေးကို ရှောင်ပေးဖို့ပြောသည်။

ရှေ့နေလေး လိုက်လျှောက်ရသည်။ ဘာမျှမတတ်နိုင်။

ကလေတန်ကြီးက သူ့မေမေဘက် လှည့်ကြည့်သည်။ သူတို့ပါတ်လည်တွင်တော့ လေ့လာသူတွေ ရှုံးစရှုံးစ ဖြစ်နေသည်။ တရားခွင်၏ အလှည့်အပြောင်းသစ်ကို ဝေဖန်ဆွေးနွေးနေကြသည်။ ကလေတန်ကြီး၏ မျက်နှာမှာ မယုံကြည်နိုင်မှုများ လွှမ်းနေ သည်။

'ကျွန်တော့ စိတ်ထင်လို့လားတော့မသိဘူး၊ ကျွန်တော်သူ့ကို ဖျတ်ကနဲမြင် . . .!'

ခေါင်းကို သိသိသာသာ ရမ်းခါနေ၏။

'ဟင့်အင်း ဟင့်အင်း မဖြစ်နိုင်ပါဘူး၊ စဉ်းစဉ်းစားစားလဲ ပြောပါသားရယ်'

အက်စ်တဲလ် အင်ဒါဆင်နိုင်နိုင်မာမာကြီး ပြော၏။

ကလေတန်ကြီး လေပူကြီး မှုတ်ထုတ်၏။ ဟုတ်သည်။ မဖြစ်နိုင်၊ ငြင်းနိုင်ခြေ လုံးဝမရှိ။

ဟော်လီက သေပြီပဲ။

သူ့အသက်နှင့်ခန္ဓာ တည်မြဲနေသရွေ့ ကာလပတ်လုံး ချစ်နေမည့် မိန်းမချောလေး ဟော်လီက ယခုမြင်တွေ့နေရသည့် သနားစရာ စုတ်စုတ်ပြတ်ပြတ် မိန်းမကြီး ဘယ်လိုဖြစ်နိုင်ပါ့မလဲ။





သေတော့မှာဘဲ တူတူနိုင်လွှန်းလှတယ်

တကယ်လို့ သူသာ ဟော်လီ့အကြောင်း ကောင်းကောင်း သိမထားပါလျှင် . . . ။

သူ့မေမေ၏ တံတောင်ဆစ်ကို ကိုင်ကာ လူအုပ်ကြားထဲ တိုးဝင်ခဲ့၏။ နှုတ်ဆိတ်စွာ။

အက်စ်တဲလ်အင်ဒါဆင်၏ မျက်နှာကတော့ စိုးရိမ်သောက မျက်နှာဖုံးကို စွပ်လျက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

ဒေါက်တာ အီဗန်းက ဒေါ်ကြကြက်ခြေအား သနားညှာတာသော အားဖြင့် လက်မောင်းတွင် အိပ်ဆေးတစ်လုံးထိုးပေး၏။ ပြီးတော့ လူနာ စောင့်အဖြစ် တာဝန်ပေးခဲ့သည်။ ထို့နောက်လေးထောင့်ကွပ်ပျစ်ကလေးသာရှိပြီး ကြည်နူးစရာကင်းမဲ့သည့် အခန်းထဲမှ ထွက်ခဲ့သည်။ ခေါင်းကို ရမ်းခါလျက်။

ငြီးငွေ့စရာကောင်းလှသည့် ဟာလာဟင်းလင်း အခန်းကလေး။ လူတစ်ယောက် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ နေထိုင်ဖို့ ဘယ်သူမဆို သည်အခန်းထက် သာအောင် ပြုပြင် ထားနိုင်ပါသည်။ တရားခွင်အတွေ့ အကြုံများကြောင့် ဒေါက်တာအီဗန်း စိတ်ငွေ့နောက်ကျုနေသည်။

ညီမှန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်မှ အထွက်တွင် ကလေတန်လေးနှင့် ရင်ဆိုင်တိုက်မိတော့မလို ဖြစ်သွားသည်။ ရှေ့နေလေးက သူ့ကို ကြိုးစားပြီး ပြုံးပြသည်။ ပိုျမျစ်ချောမောသော မျက်နှာလေးက အိုနေသည်။ သောက လွှမ်းနေသည်။

တရားခွင်မှာတုန်းက သူ့ကို ဖော်ဖော်ရွေရွေ ဆက်ဆံခဲ့သည့် ရှေ့နေလေးအား ဒေါက်တာ အီဗန်း ပြန်ပြုံး ပြလိုက်သည်။

'သူဘယ်လိုနေသေးလဲ ဒေါက်တာ'

'ဆေးတစ်လုံး ထိုးပေးခဲ့တယ်၊ဒါပေမယ့် နာနာဘာဝ တစ်ကောင်ကို လိုက်ဆုပ်ဖမ်း နေရသလိုပါဘဲဗျာ။

'ကျွန်တော် သူ့ကို စကားပြောလို့ရမလားဟင်'

'ခဏတစ်ဖြုတ်ကလေးပဲ ပြောလို့ရမယ် သူ့ခမျာစိတ်ရောကိုယ်ပါ ယဲ့ယဲ့လေးပဲကျန်တော့တာ၊ သူသိပ်ကြာရှည် တောင့်မခံနိုင်တော့ဘူးဗျ။

စိတ်မချမ်းမြေ့စရာ အခန်းလေးထဲ ဝင်လိုက်မိသည်နှင့် ဒေါက်တာ အီဗန်းပြောတာမှန်ကြောင်း သိမြင်လိုက်၏။ ဒေါ်ကြက်ခြေက ကွပ်ပျစ်ပေါ်မှာ ပက်လက်ကလေး။ မှောင်မှောင်မှိုင်းမှိုင်း မျက်နှာကြက်ကို အာရုံမဲ့စွာ စိုက်ငေးလျက်။

သူ့နံဘေးရှိ သစ်သားကုလားထိုင် တစ်လုံးတွင် ကလေတန်လေး ဝင်ထိုင်သည်။ အဒေါ်ကြီး၏လက်ဖဝါးကို ဆုပ်ကိုင်လိုက်၏။ ဘာ့ကြောင့် သူလို ကိုင်ချင်စိတ်ပေါ်လာမှန်း မသိ၊ သည်အမျိုးသမီးကြီးကို စတွေ့ ရပြီးကတည်းက သူ့ရင်ထဲ လှုပ်ခတ်နေခဲ့သည်။ ဝေခွဲမရဖြစ်နေခဲ့သည်။

ခင်စစ် သူက ပို့မြစ်နုနယ် လွန်းသေးသူ သို့ပေမယ့် ထူးခြားသော သည်အမျိုးသမီးကြီးကို သံယောဇဉ် တွယ်နေမိသည်။ စာနာ





သနား မိသည်။ သည်လိုခံစားချက်တွေ သူ့မှာ ဖြစ်ပေါ်နေသည်ကိုသည်း သူဘာသာသူသိသည်။

သည်လိုဖြစ်ခဲ့ရသည်က ဘာကြောင့်လဲ၊ အံ့သြစရာတော့ကောင်းသား။

သည်အမျိုးသမီးကြီးကား ဖြူဖျော့လွန်းပြီး စိတ်ဓာတ်ပြိုကွဲ နေပြီ။ စိတ်ထောင်း ကိုယ်ကျေဘဝဖြင့် ယဲ့ယဲ့လေးသာရှိတော့သည်။ သို့တိုင် အမျိုးသမီးကြီး၏ မျက်နှာပေါ်တွင် လှပချောမွေ့ခြင်း လက္ခဏာများ ခုတိုင်ကျန်ရှိနေသေးကြောင်း သူတွေ့မြင်နေရ၏။ နောက်ပြီး သည်အဒေါ်ကြီး၏ အမှုက သူ့ရဲ့ ပထမဆုံးသောအမှု။ လူတိုင်း စိတ်ဝင် စားနေသည့်အမှုကြီးမဟုတ် လား။

သို့ပေမယ့် ဒါတွေကြောင့်လည်းမဟုတ် ဒါတွေထက် ပိုပါသည်။

သွေး၏ လှုံ့ဆော်ချက်များလား၊ ကော်နဲလ်တက္ကသိုလ်မှာတုန်းက သူ့အခန်းဖော် ရော်ဂျာဘရောင်းကပြောပြဖူးသည်။ အချို့အချို့သောလူတွေမှာ သွေးကစကားပြောတတ်သည်တဲ့။

'အချိန်သိပ်မရှိတော့ဘူး ဒေါ်ဒေါ်'

တိုးတိတ် နူးညံ့စွာပြော၏။ အမျိုးသမီးကြီး ကွယ်ဝှက် ပုန်းအောင်းနေသော ကိုယ်ပိုင် တံတိုင်းကြီးနောက်ကွယ်မှ ဆွဲထုတ်ကယ်တင်ဖို့ ကြိုးစား၏။

'ကျွန်တော်တို့မှာ မျှော်လင့်ချက် ရှိနေပါသေးတယ်၊ ဒေါ်ဒေါ်ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာသာ ကျွန်တော့်ကိုပြောပြရင် ကျွန်တော်ခုတိုင် တိုက်ခိုက်ဖို့ လက်နက်တစ်ခုခုသာပေးရင် . . .

ဒေါ်ကြက်ခြေကား မလှုပ်မချောက်၊ ခြောက်ခန်းသောမျက်လုံး များဖြင့်။ သူ့လက်ကို ကလေတန်လေးက ညင်သာနွေးထွေးစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖျစ်လိုက်၏။

'အချိန်တွေ သိပ်မနှောင်းမီ ကျွန်တော့်ကို ကူညီပါ ဒေါ်ဒေါ်ရယ်၊ တဆိတ်လောက် . . . ကျေးဇူးပြုပြီး ကူညီပါနော်'

သို့တိုင် . . . ဒေါ်ကြက်ခြေ ဘာတစ်ခွန်းမှမဖြေ။

ရွှေနေလေး ဒေါ်ကြက်ခြေကို စိတ်ဆင်းရဲစွာ ကြည့်၏။

သည်အဒေါ်ကြီးကား ဘဝကိုအရှုံးပေး လက်မြှောက်ထားသူတွေထဲတွင် တစ်ဦးအပါအဝင်ပါတကား။ သူ့ကိုချဉ်းကပ်လို့မရ စည်းရုံး လို့မရ။ သူ့ရင်ကို ငြိအောင်မစွမ်းဆောင်နိုင်။

ခဏနေလျှင် သူတို့ တရားခွင်ထဲ ပြန်ဝင်ရတော့မည်။ အဲသည် အခါကျ ရင်ကွဲစရာ ဇာတ်လမ်းကြီးကို လိုက်ကာချဖာပ်သိမ်း သွားတော့မည်။

သူ့အားထုတ်မှုတွေကား အချည်းနှီးဖြစ်ရတော့မည် တကား။ ကလေတန်လေး သက်ပြင်းချမိသည်။ သူသည်ပီဘိကလေး ငယ်တစ်ယောက်လို နုနယ်ငယ်ရွယ်လွန်းနေသည်ဟု ခံစားလိုက်ရ၏။

တစ်ဖန် . . .

သူ့ရှေ့မှ အမျိုးသမီးကြီးက သူ့ကိုနောက်ထပ်လေးနှစ်စာလောက် ပိုမိုအိုမင်း ရင့်ရော်သွားစေသည် ဟုခံစားလိုက်ရသည်။

×

မုန်းလွဲ နှစ်နာရီတိတိ၊

အနားယူချိန် ကုန်ဆုံးသွားပြီ တရားခွင် ပြန်စနေပြီ။

ဒေါ်ကြက်ခြေအား ရုံးတင်တရားစွဲဆိုခြင်းကို ကြားနာစစ်ဆေးမှု ပြန်လည်ပြုလုပ်နေပြီ ဖြစ်သည်။

ရဲမေကြီးက သူ့ကို ရုံးခန်းထဲခေါ်လာသည်။ သူ့ကုလားထိုင်ဆီသို့ ဦးဆောင်သွားသည်။





ရုံးခန်းတွင်းရှိမျက်လုံးအားလုံးက သူ့ကိုလိုက်ကြည့်ကြသည်။

သူလျှောက်လာပုံက စက်ရုပ်ဆန်ဆန် အသက်ဝိညာဉ် မပါသလို။ ဟော်လီ့မျက်လုံးတွေ ပြာဝေနေ၏။ မှုးရီမှူးနောက် ဖြစ်နေ၏။ သူ့ပါတ်ဝန်းကျင်ရှိ ကမ္ဘာတစ်ခုလုံး၊ မှောင်နှင့်မည်းမည်းအမှောင်ထုက အဆုံးအစမရှိ။

သူ့အခန်းကျဉ်းလေးထဲမှ ထွက်လာပြီး ဘေးတံခါးတစ်ပေါက်မှ ဝင်ခဲ့ရ၏။ ရုံးခန်းသို့အလာတွင် စကြံလမ်းပေါ်ချိုးကွေ့ဝင်လာသည့် ကလေတန်အင်ဒါဆင်ကြီးနှင့် ပက်ပင်းသွားတိုးသည်။ ကလေတန်ကြီးကို ပထမဦးဆုံးအကြိမ် အနီးကပ် မြင်တွေ့လိုက်ရခြင်း။

ကလေတန်ကြီး ခြေလှမ်းတွေ တုန့်ကနဲ ရပ်သွားသည်။ ကြောင်သွားသည်။ ဝေခွဲမရသော မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

ဟော်လီက သူ့ကိုမှတ်မိဟန် လုံးဝမပြ သူ့လမ်းသူ ဆက်လျှောက်သည်။

သို့သော် . . .

သူကလေတန်ကို မြင်တွေ့လိုက်ပါသည်။ ထို့နောက် ကလေတန့် မျက်နှာ ပျောက်သွားသည်။ အစောင့်ရဲမေက သူ့ကို လေးထောင့်အခန်း ကျယ်ကြီးထဲသို့၊ ကမန်းကတန်း ဆွဲခေါ်သွား သည်လေ။

အခန်းထဲမှာတော့ တရားသူကြီး၊ ဂျူရီလူကြီးများအဖွဲ့နှင့် ပြိုင်ဘက် ရှေ့နေများ သူတို့တတွေအားလုံး ယဲ့ယဲ့မျှ ကျန်နေသေးသော သူ့အသက်အတွက် သူနိုင်ငါနိုင် ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်။

ပဥ္စမမြောက် ကလေတန်အင်ဒါဆင်

သူကော တကယ်ဟုတ်ရဲ့လား။ သူ့ဆံပင်တွေ ဖြူရောင်စွက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သည့်တိုင် သူ့ရုပ်သွင်က သူများနှင့်မတူ ထူးခြားမှုထူး နေဆဲ ထင်ရှားပေါ်လွင်နေဆဲ၊ လူကြီးလူကောင်းတစ်ယောက် ဖြစ်နေသည့်တိုင် သူ့မျက်နှာက ဖျော့မျော့နွမ်းနယ်နေဆဲ။

မည်သို့ပင်ဖြစ်စေ ဟော်လီ့အတွက်တော့ ကလေတန်ကြီး ဆိုတာ တကယ်မရှိတော့ပါ။ ကလေတန်ကြီးဆိုတာ သူ့စိတ်ကူးထဲမှ တစ်ပိုင်းတစ်စ ပုံရိပ်ဖြစ်နိုင်သည်။ သို့မဟုတ် အိပ်မက်ထဲ၊ ဦးနှောက်ထဲမှ ပုံရိပ်တစ်ရိပ်ဖြစ်နိုင်သည်။

တရားခွင်တစ်ခုလုံး အပ်ကျသံကြားရမတတ် တိတ်ဆိတ် နေ၏။

ဟော်လီ ကုလားထိုင်တွင်ထိုင်လိုက်သည်။

တရားသူကြီး ရုံးခန်းတွင်းသို့ ဝင်လာသည်။

အစောင့်ရဲမေက ဟော်လီ့ကို ခပ်ကြမ်းကြမ်းဆွဲပြီး မတ်တပ် ရပ်စေ ပြန်သည်။ ရုံးခန်းထဲရှိသူ အားလုံးလည်း မတ်တပ်ရပ်ကြ၏။

ရုံးပြင်ကန္တာရဆန်ဆန် အော်လိုက်သောအသံတစ်သံ ထွက် လာပြီး လူတွေပြန်ထိုင်ကြ၏။ အခန်းတစ်ခန်းလုံး တိုးတိုးလေသံများ တစီစီ မြည်နေ၏။

ကလေတန်လေးက မျှော်လင့်ချက်အပြည့်ဖြင့် သူ့ဖေဖေနှင့် ဘွားဘွားကို ပြုံးပြသည်။ သို့တိုင်သူတို့က သူ့ကို သတိမထားမိကြ။ သူတို့အားလုံးသည် တရားခံခုံတွင် ထိုင်နေသော တစ္ဆေရိပ်ဆီသို့သာ အာရုံစိုက်နေကြ၏။ ကလေတန်ကြီးက ရှေ့တိုးပြီး တရားခံ အမျိုးသမီးကို အနီးကပ်ကြည့်ဖို့ ကြိုးစားသည်။ သို့သော် ရုံးတော် အစောင့်တစ်ယောက်နှင့် ကွယ်နေသဖြင့် သေချာမကြည့်လိုက်ရ။ သူ့အပြုအမူကြောင့် အက်စတဲလ်အင်ဒါဆင် မျက်လုံးပြူးသွားသည် မလိုလားအပ်သောပြဿနာတွေ ပေါ်ပေါက်လာနိုင်သည် မဟုတ်လား။





သူ့မျက်လုံးတွေကို ဟော်လီ့ထံမှ မခွာနိုင်။ အိုပင်းသော်လည်း ချောမွေ့နေဆဲ။ သူ့မျက်နှာမှာ မအောင်မြင်ခြင်းနှင့် စိတ်ဆင်းရဲခြင်း သရုပ်သဏ္ဌာန်များ ပေါ်လွင်နေ၏။

တခြားတစ်ပါးသူများ၏ ဘဝကို ကြိုးကိုင်ချယ်လှယ်ပြီး လူ့အဖွဲ့အစည်း ယန္တရားကြီး လည်ပတ်နေအောင် လုပ်လေ့ရှိသူများ ထုံးစံအတိုင်း အက်စ်တဲလ်အင်ဒါဆင်သည် ကံတရား၏ အလှည့်အပြောင်းကို ရင်ဆိုင်နေရပြီ။

သေရာမှ ဘွားကနဲ ပြန်ပေါ်လာသူကို ထိတ်လန့်တကြား မြင် တွေ့နေရပြီ။

သူ့ထက်ကော မြစိမ်းမြိုင်နှင့် ဤစကြာဝဠာကြီးအတွင်း ရှိရှိသမျှ ခနဓ္ဓေတွေထက်ပါ စွမ်းပကားကြီးသော ကံတရားလက် တန်ကြီးက သူ့လည်မျိုကို လာညှစ်နေလေပြီ။ အသက်အရွယ် အိုမင်းကမှ ထဝရဘုရားသခင်ထံ ခိုလှုံရခါနီးမှ ကာလဝိဘက် နောက်ပိုး တက်ရပြီ မို့ သူ့ဝိညာဉ်ကချမ်းမြေ့ခြင်းကင်းမဲ့စွာ ငိုကြွေးနေ၏။

သူ့အားထုတ် ကြိုးပမ်းမှုတွေ အချည်းနှီး အလဟဿ ဖြစ်ရ လေပြီလား သူသည် အင်ဒါဆင်ဆိုသော အမည်တစ်လုံး အမှိုက် တော ဒိုက်သရောထဲ မျောမပါအောင် ကာလကြာမြင့်စွာကတည်းက ဆယ်တင်ခဲ့၏။

ခုတော့ သူ၏လုပသော မဟာစီမံကိန်းကြီး သဲထဲရေသွန် ဖြစ်ရတော့မှာလား။

ကံတရားက မမျှတပါ။ ကံတရားက ရက်စက်လွန်းပါသည်။

သူ့နံဘေးတွင် ထိုင်နေသည့် ကလေတန်အင်ဒါဆင်ကြီးသည် ဘယ်ဘက်လက်ချောင်းများနှင့် ညာဘက်လက်ချောင်းများကို ပတ္တာဆက် နေ၏။ သူ့သားအကြောင်း ကောင်းကောင်းသိနေသော



www.burmeseclassic.com

www.burmeseclassic.com



အက်စ်တဲလ်က သားတော်မောင်၏ ရင်ထဲ မုန်တိုင်းထန်နေပြီ ဖြစ်ကြောင်း အကဲဖမ်းမိ၏။ တစ်ချိန်တွင်မူ ကလေးတန်ကြီးသည် လက်ဆစ်တွေကို ချိုးပစ်တော့မည်လား ထင်ရ၏။

ထိုနေ့၏ နောက်ပိုင်းကာလ တစ်လျှောက်လုံးအတွင်း ကလေတန်ကြီး သည့်လောက် စိတ်လှုပ်ရှားသည်ကို အက်စ်တဲလ် တစ်ခါမျှ မမြင်ဘူးခဲ့။

ထိုနေ့

ဟုတ်ပါသည် ထိုနေ့ပါ။

သူ့ဇနီးသည် ပင်လယ်ထဲသို့လိမ့်ကျပြီး ကွယ်လွန်သွားကြောင်းသူ့ကို ပြန်ပြောသည့် နေ့ပေါ့။

တရားခွင်ထဲတွင် စိတ်မောစွာ လည်ချောင်းရှင်းသံများ ထွက် ပေါ်လာ၏။

ဥပဒေအကျိုးဆောင် မိုက်ကယ်စပေါလ်ဒင်းက ဂျူရီလူကြီးများ ရှေ့မှောက်တွင် လျှောက်လဲချက်ပေးဖို့ မတ်တပ်ရပ်၏။

သတင်းစာဆရာများက စူးရှထက်မျက်သော သူ့မျက်နှာသွင်ပြင်ကို သားကောင်အား ထိုးသုတ်သတ်ဖြတ်တော့မည့် ဓွန်ရဲ တစ်ကောင်နှင့် နှိုင်းယှဉ်တင်စား ရေးသားကြ၏။ သည်သွင်ပြင် သည် ဟန်ပန်မျိုးကို သူတို့ အကြိမ်ကြိမ် မြင်တွေ့ခဲ့ဘူးကြပြီ။ စပေါလ်ဒင်းကား သူ့လုပ်ငန်း သူ့လောကတွင် ထိပ်တန်းစာရင်းဝင် တစ်ဦး မဟုတ်လား။

'ဂျူရီအဖွဲ့ဝင် အမျိုးကောင်းသမီးများနဲ့ လူကြီးမင်းများ ခင်ဗျား၊ ခုဆိုရင်လူကြီးမင်းတို့ လူသတ်လက်နက်ကို မျက်မြင် ကိုယ်တွေ့ မြင်တွေ့ကြရပြီးပါပြီ။ ဟိုတယ်အမှုထမ်း လိုပက်နဲ့ ရဲအရာရှိကုမ်းတို့ကို တရားခံကိုယ်တိုင်က အပြစ်ရှိကြောင်း ဝန်ခံချက်ကိုလည်း





ကြားနာ ပြီးကြပါပြီ။

တရားခွင်တစ်ခုလုံး နားစွင့်နေကြ၏။

'တရားခံ ဒေါ်ကြက်ခြေကိုယ်တိုင် ကြက်ခြေခတ် လက်မှတ်ထိုးခဲ့တဲ့ ဖျောင့်ချက်ကိုလည်း လူကြီးမင်းတို့ မြင်တွေ့ပြီးပါပြီ။ ဒါကြောင့် လူကြီးမင်းများ အနေနဲ့ တရားခံမကို ယောင်မှားပြီး သနား ကြင်နာစိတ် ဝင်မသွားဖို့ ကျွန်တော် လေးလေး မြတ်မြတ် လျှောက်လဲ အပ်ပါတယ်။

ဒေါ်ကြက်ခြေ ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ နောက်ဘက်သို့လှည့်ကြည့်သည်။ တရားရုံးတော်ထဲမှ တစ်စုံတစ်ယောက်ကို ရှာဖွေ နေသည့်နှယ်။

သူ့မျက်လုံးများ ပဌမမြောက် ကလေတန်အင်ဒါဆင်၏ မျက်လုံးများနှင့် ထိပ်တိုက်ဆုံမိသည်။ ထိုအခါသူက အကြည့်ကို ချက်ချင်းလွှဲဖယ်ပစ်လိုက်သည်။

ရေရွတ်သံတစ်ခု လျှပ်စစ်ဓာတ်မီးသံလို လူအုပ်ကြားထဲ ဖျံ့သွားသည်။

စပေါလ်ဒင်း၏ အေးစက်မာကြောသောအသံ ထွက်ပေါ်လာပြန်၏။

'သူဟာလူသတ်သမား ဘုရားသခင်ရဲ့ ပညတ်တော်ရော လူသားတွေရဲ့ဥပဒေကိုပါချိုးဖောက်ကျူးလွန်ခဲ့တဲ့ လူသတ်သမ၊ ဒါကြောင့် သူဟာသူ့ပြစ်မှုအတွက် ပြစ်ဒဏ်ကျခံရမှာမလွဲမသွေ ဖြစ်တယ်။

သူက ကလေတန်လေးဘက်သို့မလိုတမာကြည့်လိုက်၏ ပြီးမှ။

'တရားခံရှေ့နေက ဒန်စူလေဗန် အသတ်ခံရမှုအတွက် ဒန်စူလေဗန်ကိုပဲ ပြစ်ဒဏ်ချမှတ်ဖို့လူကြီးမင်းတို့ကို စည်းရုံးတိုက်တွန်း



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်။ သူက ဒန်စူလေဗန်ဟာနာမည်ဆိုးထွက်နေသူ တစ်ယောက်ဖြစ်တဲ့အတွက် ဒေါ်ကြက်ခြေရဲ့လုပ်ရပ်ဟာ မှန်ကန်ကြောင်း တရားမျှတကြောင်း လူကြီးမင်းများယုံကြည်လာအောင် လျှောက်လဲပါလိမ့်မယ်။

ကလေတန်ကြီးကတော့ ဒေါ်ကြက်ခြေနှင့် မျက်လုံးခြင်းဆုံမိအောင် ကြိုးစားနေမိသည်။ စောစောက တစ်ဖြုတ်မျှ အကြည့်ခြင်း ဆုံလိုက်သည့် တဒံဂတွင် တစ်ဦးကိုတစ်ဦး မှတ်မိသည့် လက္ခဏာလေး ဖျတ်ကနဲ တွေ့လိုက်ရသည်။ သည်အကြည့်မျိုးကို သူ့တစ်သက်လုံး ယဉ်ပါးလာခဲ့သည် မဟုတ်လား။

စပေါလ်ဒင်းက သွက်လက် ဖျတ်လတ်သော လက်ဟန်ခြေဟန်များဖြင့် ဆက်လက်လျှောက်လဲနေသည်။

'နာမည်ဆိုးထွက်သည်ဖြစ်စေ၊ နာမည်ဆိုး မထွက်သည်ဖြစ်စေ ဒန်စူလေဗန်ကတော့ သေဆုံးသွားပါပြီ။ ဂုဏ်သရေရှိ လူကြီးမင်းက ချမှတ်ပေးမယ့် တရားမျှတပြီး တော်တည့်မှန်ကန်သောစီရင်ချက်ကို သူဘယ်သောအခါမှ ပြန်လည်သိခွင့်ကြားခွင့် ရနိုင်တော့မှာမဟုတ်ပါဘူး။ အဲဒီ့တရားမျှတပြီး တော်တဲ့မှန်ကန်တဲ့ စီရင်ချက်ကို ဂျူရီ လူကြီးများက ချမှတ်ပေးဖို့ ဒန်စူလေဗန် ကိုယ်စားကျွန်တော်က တောင်းဆိုပါတယ်။ ဒေါ်ကြက်ခြေဟာ သူ့ကိုယ်သူကွယ်လွန်သူအား စီရင်ဆုံးဖြတ်တဲ့ တရားသူကြီးအဖြစ် လည်းကောင်း၊ ဂျူရီလူကြီး အဖြစ်လည်းကောင်း၊ ကွပ်မျက်သူ အဖြစ်လည်းကောင်း ခန့်အပ်ခဲ့ပါတယ်။

ခုတော့ ဒေါ်ကြက်ခြေ မလှုပ်မချောက် ပြန်ဖြစ်နေပြီ။ ရှေ့တည့်တည့်ကို စိုက်ငေးလျက်။ တမ်းတစရာ အမှတ်ရစရာတွေက။ သူ့အား တိုက်ခိုက် ညှဉ်းပန်းလျက်။

ကလေတန် . . . ကလေတန် . . . မောင် . . . ။





'အလွန်မတန်ထက်မျက်သော၊ အောင်မြင်ကျော်ကြားသော ဖခင်တစ်ဦးရဲ့ သားဖြစ်တဲ့ တရားခံရှေ့နေဟာ သူ့ရဲ့ ပထမဦးဆုံးအမှုကို လူကြီးမင်းများရှေ့မှောက်မှာ လျှောက်လဲခဲ့ပါတယ်။ ငယ်ရွယ်နုပျိုပြီး စိတ်အားထက်သန် တက်ကြွနေတဲ့တရားခံရှေ့နေ ကလေတန်အင်ဒါဆင်လေးဟာ တရားခွင်မှာ ပြောင်ပြောင်မြောက်မြောက်တိုက်ပွဲဝင်နိုင်ခဲ့ပါတယ်။ ဒီအတွက် သူ့ဖခင် ပြည်နယ်အုပ်ချုပ် ရေးမှူးအင်ဒါဆင်အနေနဲ့ ဂုဏ်ယူမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။

သည်နာမည်

ထူးခြားထင်ရှားသောနာမည်။

သည်နာမည်က ပေါ်လီ့ နှလုံးသား အခြေသို့တိုင် စူးဖောက်ဝင်ရောက်သွားသည်။

တိုက်ဆိုင်မှုကား မဖြစ်နိုင်စရာ။ မယုံနိုင်စရာပါတကား။

တကယ်ဖြစ်နေတာမှ ဟုတ်ပါလေစ။

'ဒါပေမယ့် တရားခံရှေ့နေ လူငယ်လေးအပေါ် ခင်မင်လေးစားစိတ်၊ ဒါမှမဟုတ် သူ့အမှုသည်အပေါ် စာနာသနား စိတ်များက လူကြီးမင်းတို့ရဲ့ ဆုံးဖြတ်ချက်ကို မယိမ်းယိုင်စေသင့်ပါဘူး။ လူကြီးမင်းတို့ အနေနဲ့ တရားဥပဒေ စိုးမိုးရေးကို ဆုပ်ကိုင်မြှင့်တင်ပြီး တရားဥပဒေ ချိုးဖောက်သူများကို အပြစ်ပေးဖို့ ကျွန်တော်လျှောက်လဲပါတယ်'

ပဌမမြောက် ကလေတန်အင်ဒါဆင်ကို နောက်တစ်ကြိမ်သပ်ကြည့်ဖို့ ဒေါ်ကြက်ခြေ နောက်သို့လှည့်လိုက်ပြန်သည်။ သူ့မျက်လုံးတွေ ရုတ်ချည်း ပြောင်းလဲသွားသည်။ ချစ်သော မောင်အားအသံမဲ့စွာ အသနားခံနေသည်။ သည်အကြည့်ကား တောင်းပန်ဘိုးလျှိုးသည့်အကြည့်။ အကူအညီ တောင်းခံသည့်အကြည့်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတန့်ဦးနှောက်တွေ ချာချာလည်သွားသည်။ ထိုင်ရာမှ ထမိသည်။ ကုလားထိုင်မှအထ လမ်းတစ်ဝက်တွင် အက်စ်တဲလ်က သူ့လက်မောင်းကို ဆွဲဆိတ်လိုက်၏။

ဥပဒေအကျိုးဆောင် မိုက်ကယ်စပေါလ်ဒင်းက သူ၏ နိဂုံးချုပ် လျှောက်လဲချက်ကို မိုးကြိုးပစ်သလို ပစ်လွှတ်လိုက်သည်။

'ဒေါ်ကြက်ခြေဟာ လူသတ်မှု ကျူးလွန်ခဲ့တဲ့မိန်းမ၊ သူဟာ လူ့အသက်တစ်ချောင်းကို အသေသတ်ခဲ့တဲ့သူ၊ ဒါကြောင့် သူခံစားထိုက်တဲ့ ပြစ်ဒဏ်အဖြစ် တရားခံကို သေစားသေစေဖို့ စီရင်ချက်ချမှတ်ပေးပါရန် ပြည်သူလူထုကိုယ်စား ကျွန်တော်က လိပ်ပြာသန့်စွာ တောင်းဆို အပ်ပါတယ်'

သာမန်အခြေအနေမျိုးဆိုလျှင်မူ တရားခွင် တစ်ခွင်လုံးသည် အိပ်မွေ့ချထားခြင်း၊ ခံရသူများပမာ စပေါလ်ဒင်း၏ အဟောအပြော စွမ်းရည်များထဲတွင် နစ်မျောပါသွားကြမည်ဖြစ်၏။ ဝေဆာပြောင်မြောက်သော သူ့လျှောက်လဲချက်ကို တလေးတစား နားထောင်ရင်း သူတောင်းဆိုချက်များအတိုင်း လိုက်လျောအညံ့ခံမိကြမည် ဖြစ်၏။

သို့သော် ယခုမူ တရားခွင်ရှိ လူအားလုံးက မမျှော်လင့်ပဲ တုန်လှုပ်စရာ ကောင်းလောက်အောင် သူ့ကိုဆန့်ကျင်နေကြ၏။ ကန့်ကွက်နေကြ၏။

ဒေါ်ကြက်ခြေ ထိုင်ရာမှ မတ်တပ်ရပ်လိုက်၏။

သူက ရုံးတော်ဘက်သို့ မျက်နှာမူထားသည်။ သူ့မျက်လုံးတွေ မျက်ရည်ဝဲနေ၏။ သူ့မျက်နှာ ဝင်းပနေ၏။

အသိသစ် အမြင်သစ်နှင့် အံ့သြမှုက ဟော်လီ့ကို စိုးမိုးနေ၏။ သူ့ရင်ကို တုန်ယင်လင်လှိုက်မောနေစေ၏။ သည်အံ့သြမှုကြောင့်ဝင်သူဆက်ပြီး ရေငုံနှုတ်ပိတ် မနေနိုင်တော့





'နေပါဦး'

သူကြွေးကြော်လိုက်၏။

တရားခွင်တစ်ခုလုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ တိတ်ဆိတ်မှု အသစ်ကို မွေးဖွားပေးလိုက်သည်။

'ကျွန်မပြောချင်တာလေး ရှိလို့'

'မင်းလုပ်တာ စည်းလွတ် ကမ်းလွတ်ဖြစ်နေတယ်'

တရားသူကြီးက ကြိမ်းမောင်းသလိုပြော၏။ သို့သော် သူပြောဟန်က အကြင်နာမဲ့ ဟန်ပန်မျိုး မဟုတ်။

'မင်းထွက်ဆိုချက်ပေးချင်ရင် ကျမ်းကျိန်ပါ၊ သက်သေဝက်ခြံကိုသွားပါ'

'ဟုတ် . . ဟုတ်ကဲ့ ကျွန်မ လုပ်ပါ့မယ်'

လေသံမှုဖြင့် ပြော၏။

ကလေးတန်လေးက ကန့်ကွက်သည် သူ့ကိုပြန်ထိုင်ဖို့ နားချသည်။

'မလုပ်နဲ့ ဒေါ်ဒေါ် မလုပ်နဲ့ ၊ တရားသူကြီးမင်းခင်ဗျား ကျွန်တော့် အမှုသည်နဲ့ ခဏလေး တိုင်ပင်ခွင့် ပြုပါခင်ဗျာ'

ထိုအခါတွင် ဟော်လီ သူ့ကို ပြည့်ပြည့်ဝဝ မြင်လိုက်ရ၏။

အင်ဒါဆင်အနွယ်၏ မျက်နှာကျ။

ပါကာအနွယ်၏ မျက်လုံးများ။

ဟော်လီ့ရင်ထဲ အံ့သြတွေဝေမှုများနှင့် ဂုဏ်ယူဝင့်ကြွားမှုများ ကြွတက်လာသည်။

'စိတ်မပူပါနဲ့ ကလေးရယ် ဘာမှမဖြစ်ပါဘူး'

'ဒေါ်ဒေါ်က သက်သေအဖြစ် အစစ်ခံဖို့ ပြင်ဆင်ထားတာမှမဟုတ်ဘဲ ဒေါ်ဒေါ်'



www.burmeseclassic.com

www.burmeseclassic.com



ကလေတန်လေး ကြံရာမရ ရေရွတ်၏။

ဒေါ်ကြီး ပြောချင်တဲ့စကားကို ဒေါ်ကြီး ကောင်းကောင်း သိပါ တယ်ကွယ်'

ဟော်လီ အတိုင်းအဆမဲ့ ကြင်နာမှုများဖြင့် ပြောလိုက်၏။ ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် ရှေ့ဖတ်စာရေးထံ သွားသည်။ ကျမ်းသစ္စာ ကျိန်ဆိုရန် လက်တစ်ဖက်မြှောက်သည်။

ခွန်အားသစ်တစ်ရပ်က သူ့အား မားမားမတ်မတ် 'တောင့် တောင့် တင်းတင်း၊ ဖြစ်နေစေဟန်ရှိသည်။ သူသည်စောစောပိုင်း မိနစ် အနည်းငယ် အတွင်းက မြင်တွေ့ခဲ့ရသည့် ဘဝကိုအရှုံးပေး လက်မြှောက် ထားသူတစ်ဦး မဟုတ်တော့။

တရားသူကြီးက သူ့အားတွေးတွေးဆဆ လှမ်းကြည့်နေ သည် ပြီးမှ ဆက်လက် ကျမ်းကျိန်ခွင့်ပြုဖို့ စိတ်ဆုံးဖြတ်လိုက်၏။

ကျမ်းသစ္စာ ကျိန်ဆိုပြီး သက်သေဝက်ခြံတွင် နေရာယူ နေသော ဒေါ်ကြက်ခြေကို ကလေတန်လေး သောကကြီးစွာ ကြည့် နေမိ၏။

ကလေတန်ကြီးကတော့ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်။ ရင်ထဲဖြောင်းဆန်နေပြီ။

လေ့လာသူအားလုံး မင်တက်မိနေကြ၏။ ပါးစပ်အဟောင်း သား သတင်းထောက်တွေ ခဲတံချွန်ကြသည်။

အက်စ်တဲလ်အင်ဒါဆင် ငြိမ်ကုတ်နေ၏။ မျက်နှာ တစ်ခုလုံး ဖြူရော်လျက်။ ကျိန်းသေပွင့်ထွက်လာတော့မည့် ပေါက်ကွဲမှု ဒဏ်ကို ခံယူဖို့ အသင့်ပြင်အားတင်းလျက်။

× × ×



## အခန်း ( ၂၅ )

'ဒေါ်ဒေါ် ခင်ဗျား ...

ကလေတန်အင်ဒါဆင်လေးက သူ့အမှုသည်ကို နူးညံ့စွာ ခေါ်လိုက်၏။

ဟော်လီမှာ မေတ္တာလှိုင်းများ အကြင်နာလှိုင်းများထဲတွင် မျောပါနေသဖြင့် သူ့ရှေ့နေလေး၏ အသံကိုပင် မကြားလိုက်မိ။ သူ့သားလေးနှင့် နီးနီးကပ်ကပ် နေနေရသည့်အတွက် ပျော်နေသည်။ သူ့သားလေး၏ အသံကို ကြားနေရသည့်အတွက် ကြည်နူးနေ သည်။ သူက ခေါင်းမော့လိုက်၏။ တရားခွင်တစ်ခုလုံးကို စူးစူးရဲရဲ ကြည့် လိုက်၏။

သိရခက်သော လျှို့ဝှက်ဆန်းကျယ် ဒေါ်ကြက်ခြေသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင် ကို ဟင်းလင်းဖွင့်ပြတော့မည်။

'မင်းဟာ မှောင်ကြီးမည်းကြီးထဲမှာ တစ်ကိုယ်တည်း တိုက်ပွဲဝင်နေရတဲ့ ... ပီဘိ ကလေးငယ်လေးတစ်ယောက်ပဲကွယ်၊ ဒေါ်ကြီးလေ ... ဘာရှင်းလင်းချက်မှပေးမနေတော့ဘဲ ဒီကမ္ဘာလောကကြီးကို ကျောခိုင်းစွန့်ခွာ သွားတော့မလို့ပါ။ ဒါပေမယ့် မင်းလေး ... မင်းလေးတစ်ယောက်တည်းအတွက်နဲ့ ဒေါ်ကြီးရဲ့ အစီအစဉ်တွေ မဖြစ်တော့ဘူးလေ။

သူ့မျက်လုံးများကို ကလေးတန်လေးထံမှ ဖယ်ခွာကာ တရားသူကြီးကို မော့ကြည့်သည်။

'ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ ပြောပြဖို့ ဒီကလေးက ကျွန်မကို ထပ်ခါတလဲလဲ အသနားခံခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မ တစ်ခါမှပြောမပြခဲ့ဘူး၊ သူ့လက်ထဲမှာ လက်နက်မပါဘဲ တရားသူကြီးမင်းရှေ့မှာ ကြောင်တောင်တောင် ရပ်နေပစေဆိုပြီး ကျွန်မ သူ့ကို ဥပက္ခာပြုထားခဲ့တယ်၊ ဘာဝဆိုတာ ကျွန်မအတွက် အဓိပ္ပာယ်မဲ့ခဲ့ တာ ကြာပြီဆိုတော့ သူ့ကို ဘယ်အခြေထိ တွန်းပို့နေမိသလဲ ဆိုတာ ကျွန်မ မစဉ်းစားခဲ့မိဘူး၊ ဂရုလည်းမစိုက်ခဲ့ဘူး'

သူ့မျက်လုံးတွေ ကလေးတန်လေးဆီ ပြန်ရောက်လာသည်။

'ခွင့်လွှတ်ပါ ကလေးရယ်၊ ဒေါ်ကြီးကိုခွင့်လွှတ်ပါ၊ တကယ်တမ်းကျတော့ ဒေါ်ကြီးသေမှ မသေသေးဘဲ။ သေလွန်ပြီးတဲ့ မိန်းမတွေ ဆိုတာ မငိုဘူးလေ၊ ခုလို ရင်ထဲနင့်နေအောင်လဲ မနာရဘူးလေ၊ ကလေး ရယ် ... ရှေ့ဆက်ပြီး တိုက်မနေပါနဲ့တော့နော်၊ ဒေါ်ကြီး ဒန်ရှူလေ ဗန်ကို သတ်ခဲ့တယ်လေ၊ သူက ဒေါ်ကြီးကို မက်ဆီကို အမှိုက်ပုံထဲက ဆွဲထုတ်လာတာ၊ သူက ဒေါ်ကြီးကို အပေါ်စား အက်စ်ပရင်ဆေးနှစ် ပြားရယ်၊ အရက်ပုလင်း အနည်းအကျဉ်းရယ်





ဝယ်ပေးခဲ့တယ်၊ အဲ နောက်တော့—ဒေါ်ကြီးသူ့ကိုသတ်လိုက်တယ် ...

သူ့အသံ တဖြည်းဖြည်း တိုးတိတ် ပျောက်ကွယ်သွား၏။

'ဒေါ်ဒေါ် သူ့ကို ဘာဖြစ်လို့ သတ်လိုက်တာလဲဟင်'

တိတ်ဆိတ်မှု ထုထည်ကြီး ဖိစီးနေသည့် တရားရုံးခန်းထဲတွင် သူမေးလိုက်သည့် စကားလုံးတိုင်း စကားလုံးတိုင်း တွဲခိုကျန်နေသည်။

ဟော်လီက သူ့ရင်သွေးလေးအား တယုတယကြည့်သည်။ ကြည့်မဝ ရှုမဝ၊ တင်းတိမ်ရောင့်ရဲခြင်းကင်းသော မျက်လုံးများဖြင့် ကြည့်သည်။

သူ့ဖြေသံက တိုးတိုးညင်ညင်ကလေး၊ သူ့အသံကိုကြားရဖို့ လူတွေအားလုံး နားစိုက်ထောင်ကြရသည်။

'ဒန်ရှူလေဗန်ဟာ သူ့ ပိုက်ဆံအိတ်ကို တခြား လူတွေရဲ့ သောကဗျာပါဒတွေနဲ့ ချုပ်ထားတဲ့လူ၊ ဒေါ်ကြီးမှာ တစ်ချိန်က သားလေးတစ်ယောက်နဲ့ အိမ်ထောင်တစ်ခု ... ဂုဏ်နဲ့ဒြပ်နဲ့၊ အိမ်ထောင်တစ်ခု ရှိခဲ့တယ်ဆိုတာ သူသိသွားတယ်၊ သူတို့ကတော့ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော် ကတည်းက ဒေါ်ကြီးသေသွားပြီးလို့ ထင်ထားကြတာပေါ့'

ကလေးတန်ကြီးက ဟော်လီ့ မျက်နှာကိုစူးစူးစိုက်စိုက်ကြည့်နေ၏။ ရင်ထဲမှာ သောကအစိုင်အခဲကြီးဖြင့် ဆို့နင်နေသည်။

သူ့မေမေ အက်စ်တဲလ်ကတော့ မျက်မမြင် မိန်းမကြီးတစ်ဦး ပမာ ကြောင်တောင်ငေးလျက်။

'ရှူလေဗန်က ဒေါ်ကြီး အသက်ရှင်လျက် ရှိနေသေးတဲ့ အကြောင်း၊ ဒေါ်ကြီးရဲ့ သားကို သွားပြောဖို့ ကြံစည်တယ်၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီး ဘာဖြစ်နေတယ်ဆိုတာ . . .'

သူ့အသံ ကွဲအက်ပြတ်တောင်းနေ၏။ ခေါင်းငုံ့လိုက်၏။ နောက် ပြန်မော်သည်။ ဝံ့ဝံ့စားစား ပြုံးသည်။

'ဒေါ်ကြီးသားအတွက် အမွေပေးခဲ့ဖို့ ဒေါ်ကြီးမှာ ဘာမှ လောက် လောက်လားလား မရှိဘူးလေ၊ သူ့မေမေဟာ ခြောက်ပြစ်ကင်း သံလဲစင်တစ်ဦးပါဆိုတဲ့ မှသားစကားတစ်လုံးပဲ ထားရစ်နိုင်ခဲ့မယ် မဟုတ်လား'

ကလေးတန်လေးက ဒေါ်ကြက်ခြေနှင့်ပိုပြီး နီးကပ်သွားအောင် ခါးကိုင်လိုက်၏။

အက်စ်တဲအင်ဒါဆင် ငိုလင့်နေ၏။ လူသေကောင်ကြီးလို မလှုပ်နိုင် မရှားနိုင်။

'ဒေါ်ကြီးက တန်းမမီဘူးလေ'

ဟော်လီ ရှီးရှီးကလေးပြော၏။

'တကယ်ကိုလဲ ဒေါ်ကြီးက တန်းမမီ၊ မထိုက်တန်တာပါ။ ဒါကို ဘာဖြစ်လို့ အဲဒီလောက်အကြာကြီးကြာမှ သဘောပေါက်လာရတယ်ဆိုတာ မတွေးတတ်တော့ပါဘူးကွယ်'

အက်စ်တဲလ် အင်ဒါဆင်၏ မျက်လုံးများတွင် မျက်ရည်တွေ အိုင်ထွန်းလာ၏။ သူ သတိမပြုမိခင်မှာပင် မျက်ရည်ဥများက ပါးပြင် ပေါ်သို့ လိမ့်ဆင်းကျနေ၏။

ကလေးတန်ကြီးကတော့ အလှုပ်အရှားမရှိ၊ ကျောက်ရုပ်ပကာတိ။ သက်သေစင်ပေါ်မှ ဟော်လီကိုသာ စိုက်ကြည့်နေ၏။

'ဒေါ်ကြီးအကြောင်းတွေ ဒေါ်ကြီးရဲ့သား သိမသွားရေးအတွက် ဒေါ်ကြီး ဒန်စူလေဗန်ကို ပစ်သတ်လိုက်ရတယ်'

သူက ကလေးတန်လေးကို ကြည့်သည်။ ပြုံးလျက်။





'ဒီအတွက် ဒေါ်ကြီး စိတ်မဆင်းရဲပါဘူး၊ တကယ်လို့ အချိန်တွေကိုသာ နောက်ပြန်ရွှေ့လို့ ရယင်ဒေါ်ကြီး သူ့ကို နောက်တစ်ချီ ထပ် သတ်ဦးမှာပဲ၊ အဲဒါ သစ္စာစကားပဲ ကလေးရယ်၊ အလုံးစုံသော သစ္စာစကားပါပဲ'

ကလေးတန်ကြီး သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ထဲ အပ်လိုက်၏။

အက်စ်တဲလ် အင်ဒါဆင် အသံမဲ့စွာ ငိုကြွေးနေ၏။ ရင်နင့်ကြေကွဲမှုကြောင့် သူ့မျက်နှာ မဲ့ရွဲ့နေ၏။

တရားရုံးခန်းထဲရှိ အခြားမိန်းမတွေလည်း ကိုယ့်ခံစားချက်ဖြင့် ကိုယ် ငိုကြွေးနေကြလေသည်။

×

ဂျူရီလူကြီးများထိုင်သည့် စင်ရှေ့တွင် တရားခံရှေ့နေကလေးတန်ကလေး ရပ်နေ၏။ သူ့လျှောက်လဲချက် အတွက် သင့်တင့်လျှောက်ပတ်သော စကားလုံးများကို ရွေးချယ်နေ၏။ စကား လုံးတွေက သူ့အလို အလျှောက်ပင် အထစ်အငေါ့မရှိ ထွက်လာသည်။ ဥပဒေအကျိုးဆောင် မိုက်ကယ်စပေါလ်ဒင်းက ကလေးတန်လေးကို ကြည့်ရင်း စိတ်ထဲမှကျိတ် ချီးကျူးနေမိ၏။

ကလေးတန်လေး ဖြည်းဖြည်းမှန်မှန် ပြောနေ၏။

'ခုပြောမယ့် စကားတွေဟာ ကျွန်တော့် တစ်သက်တာအတွင်း ပြောခွင့်ရတဲ့ စကားတွေအနက် အတိမ်းအစောင်းခံနိုင် လောက်တဲ့ အရေးအကြီးဆုံး စကားတွေဖြစ်ပါလိမ့်မယ်၊ ဒီနည်းတူစွာ လူကြီးမင်းတို့ အနေနဲ့လဲ အတိမ်းအစောင်းခံနိုင် လောက်တဲ့ အရေးကြီးဆုံး ဆုံးဖြတ် ချက်ကို ချမှတ်ကြရမှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ခုဆိုရင် ကျွန်တော်ဟာ သေခြင်းတရားနဲ့ မိန်းမသား တစ်ဦးအကြားမှာ မားမားရပ်နေပါတယ်၊ လူကြီးမင်းတို့လဲ ကျွန်တော်နဲ့ အတူ မားမားရပ်နေကြပါတယ်၊ အစကတော့ လျှောက်လဲ ချက်တစ်ခု ကျွန်တော့်ဘက်က တင်ပြဖို့ပါပဲ၊ ဒါပေမယ့် ကျွန်တော် မတင်ပြနိုင်တော့ပါဘူး၊ သူ့ရဲ့ရိုးသားတဲ့ရင်ကျိုးစရာ ကောင်းတဲ့ စကားလုံးတွေကိုကြား ရပြီးတဲ့နောက် ကျွန်တော့် လျှောက်လဲချက်တွေ ပြောမထွက်ဖို့တော့ပါဘူး။

သူက သူ့ကို ခုတိုင် ကြည့်နေဆဲဖြစ်နေသည့် ဒေါ်ကြက်ခြေ ဘက်သို့ ရိုးရိုးကလေး ညွှန်ပြသည်။

'မစ္စတာစပေါလ်ဒင်းက ဒန်စူလေဗန် အသတ်ခံရမှု အတွက် ဒန်စူလေဗန်ကိုပဲ ပြန်ပြီစီရင်ချက်မချမိဖို့ လူကြီးမင်း များကို သတိပေးသွားပါတယ်၊ အဲဒီလိုမလုပ်ရင် လူကြီးမင်းတို့ တခြားဘာလုပ်စရာရှိ တော့သလဲ၊ တကယ်လို့ ဒန်စူလေ ဗန်ဟာ သူ့ရဲ့ဝိသမလောဘကြောင့် ကောက်ကျစ်ယုတ်မာစွာ မကြံစည်ခဲ့ရင် ခုချိန်မှာ သူဟာသက်ရှိထင်ရှား ရှိနေမှာ သေချာပါတယ်၊ ခုတော့ သူ့ရဲ့အကုသိုလ်စရိုက်များက သူ့ကို ပြန်လည် ပြစ်ဒဏ် ခတ်ခဲ့ပြီး သူ့အတွက်ကြံမှာရဟတ် တစ်ပတ်လည်တဲ့ ဒဏ်ကို ခံခဲ့ရတာ ဖြစ်ပါတယ်။

'တစ်ဖက်က ဥပဒေအကျိုးဆောင်ကြီးက ကျွန်တော့်အမှု သည်ဟာ ထာဝရဘုရားသခင်ရဲ့ ပညတ်ချက်ကို ချိုးဖောက်ခဲ့တယ်လို့ စွပ်စွဲချင်မှ စွပ်စွဲတော့မှာပါ၊ ဘာကြောင့်လည်းဆိုတော့ ဂျူရီ လူကြီးမင်းများ ကျိုးကြောင်းဆင်ခြင် ကြည့်တော်မူကြပါ။

'ခြသေ့်မကာစ်ကောင်ဟာ သူ့ရင်သွေးတွေကို ကာကွယ်ဖို့ တိုက် ခိုက်သတ်ဖြတ်တဲ့အတွက် ထာဝရဘုရားသခင်ရဲ့ သနား





ကရုဏာတော်ကို ဆုံးရှုံးရမလား၊ သူ့ရဲ့သားသမီးတွေကို ကာကွယ် ဖို့ ဂုဇကနေ့ ဆီးကြိုတိုက်ခိုက် သတ်ဖြတ်တဲ့ အတွက် ထာဝရ ဘုရားသခင်ရဲ့ သနားဂရုဏာတော်ကို မရတော့ဘူးလား။

'ထာဝရဘုရားသခင် ဖန်ဆင်းထားတော်မူတဲ့ သတ္တဝါ အားလုံး အကြောင်း လူကြီးမင်းတို့ပြန်ပြီး လေ့လာသုံးသပ်ကြည့် ကြစေချင်ပါတယ်၊ ကိုယ့်ရင်မှာလွယ်ပြီး မွေးထုတ်ခဲ့တဲ့ အသက် တစ်ချောင်း ကိုကာကွယ်စောင့်ရှောက်ဖို့ ကိုယ့်အသက်ကို မစွန့် လွှတ်ရဲဘူးဆိုတဲ့မိခင်မျိုး ဒီကမ္ဘာပေါ်မှာ ရှိပါသလားခင်ဗျား'

သူ၏ လေးနက်ထိရောက်သော စကားလုံးများက ရုံးတော် အခန်းတွင်းရှိ မိန်းမသားတိုင်း၏ နှလုံးသားများထဲသို့ စိမ့်ဝင် သွားသည်။ သူ့ဘွားအေကြီးကတော့ သူ့မှတ်စုစာအုပ်ကလေးကို ဖွင့်ပြီးအထဲတွင် ညှပ်ထားသည့် လက်ကိုင်ပဝါကို ထုတ်ယူနေ၏။

'အမှောင်လွှမ်းပြီး ကြောက်မက်ဖွယ်နှစ်ကာလတွေ ဟာ အနာဂတ် ဘဝမှာ ရှိနေပါတယ်။ ဒီအချိန် ဒီကာလတွေဟာ ကျွန်တော့် အမှုသည် အမျိုးသမီးကြီးနှင့် သူ့သားရဲ့အကြားမှာ ရှိနေပါတယ်။ ဒါပေမယ့် ခုကိုဘဲ သူဟာ သူ့အသက်နဲ့ရင်းပြီး သူ့သား သူ့ရင်သွေးကို ကာကွယ်စောင့်ရှောက်နေပါတယ်။ သူ့သားလေးခမျာ သူ့မေမေ သူ့အပေါ် ဘယ်လောက်ချစ်ခဲ့တယ်၊ မြတ်နိုးခဲ့တယ်၊ အတွယ်အတာ ကြီးခဲ့တယ် ဆိုတာ ဘယ်တော့မှ သိခွင့်ရတော့မယ် မဟုတ်ပါဘူး'

ကလေးတန်လေးက ဟော်လိုမျက်လုံးများထဲသို့ ရူးရူး ဝင်ဝင် ကြည့်လိုက်၏။

'မအေကြီးကတော့ သူ့သားလေးဟာ သူ့အတွက် ကောက်ရှာ ပေမယ်လို့ တွေးထင်ယူဆနေပါတယ်။ ကျွန်တော်ကတော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



သားလေးဟာ သူ့ခြေရင်းမှာ ဝပ်ဆင်းပြီး သူ့ခြေဖမိုးကို နမ်းရှုံ့လိမ့်မယ်လို့ ထင်ပါတယ်'

ဒေါ်ကြက်ခြေမှာ ထူးဆန်းသော ရင်တွင်းပီတိ အဟုန်ကြောင့် မျက်နှာတစ်ခုလုံး ဝင်းပနေသည်။

ကလေတန်လေးက ဂျူရီလူကြီးများ ဘက်လှည့်ပြီး မှန်တိုင်း တိုက်သလိုပြောသည်။ တောင်းဆိုသွားပါတယ်။

'ကျွန်တော်ကတော့ ဆိုဖိုကယ်လ်ရဲ့ စိုးမိုးနိုင်လွန်းတဲ့ စကားများနဲ့ လူကြီးမင်းတို့ကိုကော ဥပဒေအကျိုးဆောင်ကြီးကိုပါ နှိုးဆော်ခြင်ပါတယ်၊ ဆိုဖိုကယ်လ်က မိန့်ကြားခဲ့တဲ့စကားက အတိုင်းအတာ တစ်ခုသို့ရောက်လျှင် တော်တည့်မှန်ကန်မှု သည်ပင်လျှင် မတရားမှု ဖြစ်သွားသည်' တဲ့။ တော်တည့်မှန်ကန်မှုဟာ လျော်ကန်သင့်မြတ်ရပါမယ်။ တော်တည့်မှန်ကန်မှုဟာ သနားကြင်နာရပါမယ်၊ တော်တည့် မှန်ကန်မှုဟာ စာနာနားလည်ရပါမယ်။

'ကျွန်တော့်အမှုသည်ဟာ သူ့သား သူ့ရင်သွေးအတွက် စိတ်ချရပြီဆိုတာ သိနေတဲ့ အတွက် သေခြင်းတရားကို ရင်ဆိုင်ဖို့ အသင့် ဖြစ်နေပါတယ်။ သူဟာ သူ့အသက်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ အသနားမခံပါဘူး။ ဒါပေမယ့် ကျွန်တော်က မေတ္တာရပ်ခံပါတယ်၊ ကျွန်တော်ဟာ ဒီအမျိုးသမီးကြီးရဲ့ အသက်ကို လူကြီးမင်း. တို့ရဲ့လက်ထဲဝကွက်အပ်နှင်းလိုက်ပါတယ်၊ ပြီးတော့ အဲဒီ အသက်ကို သူ့အားပြန်ပေးဖို့ အသနားခံ ပန်ကြားအပ်ပါတယ်'

ကလေတန်လေး သူ့နေရာသို့ ပြန်သွားသည်။ သူ့ဖိနပ်ခွာသံသည် ချောမွတ်သော ကြမ်းပြင်ပေါ်တွင် တဒေါက်ဒေါက်မြည်လျက်

ဟော်လီက မွတ်သိပ်သော မျက်လုံးများဖြင့် သားတော်





မောင်ကို လိုက်ကြည့်သည်။ သူ့မျက်နှာဝင်းပနေ၏။ သားတော်မောင်ကို ချီးပသြဘာပေးတော့မည့်အလား တရားသူကြီးက ဂျူရီလူကြီးများအား လမ်းညွှန် မိန့်ကြားနေသည်ကိုပင် မကြားမိ။

'အမျိုးကောင်းသမီးများနဲ့ လူကြီးမင်းများတို့ ခင်ဗျားတို့ သက်သေထွက်ချက်တွေနဲ့ ညွှန်ကြားချက်တွေကို ကြားနာခဲ့ရပြီ၊ ခု ခင်ဗျားတို့ရဲ့ ဆုံးဖြတ်ချက်အတွက် စေ့စေ့စပ်စပ် စဉ်းစားနိုင်အောင် အနားယူကြပါ'

တရားသူကြီး၏ မိန့်ကြားချက်မဆုံးမီ ရုံးခန်းထဲမှ လူတွေ ရုတ်ရုတ်သဲသဲမထမီကလေးတွင် ဟော်လီပါကာ အင်ဒါဆင် (ဖ်) ဒေါ်ကြက်ခြေသည် သူ့ကုလားထိုင်မှ ထလိုက်၏။ သူ့အား သက်သေကုလားထိုင်မှ ဖေးကူတွဲခေါ်လာရန် ကလေတန်လေး ရှေ့တိုးသွားသည်။

ဝင်းပနေသော သူ့မျက်နှာသည် ဝေဒနာကြောင့် ရှုံ့မြည်း ရှုံ့မဲ့သွားသည်။

ကလေတန်လေး လက်လှမ်းမမီခင်မှာပင် သူမေ့လဲသွားသည်။

ရုံးခန်းတစ်ခန်းလုံး အသံဗလံများဖြင့် ပေါက်ကွဲဆူညံသွား၏။

×

ပဋ္ဌမမြောက် ကလေတန်အင်ဒါဆင်က စကြံလမ်းပေါ်တွင် ချပ်ရင်း တရားခံ ဒေါ်ကြက်ခြေနှင့် တွေ့ဆုံခွင့်ပေးဖို့ တာဝန်ခံ အစ်ဦးအား စိတ်လောကြီးစွာ ရှင်းပြနေ၏။

အက်စ်တဲလ်အင်ဒါဆင်က သူတို့အနီးတွင် ရပ်ရင်းစိတ်ညစ်လက်ရှည် စောင့်နေ၏။ သူ့မျက်နှာတွင် ဘာခံစားချက်မျှမပေါ်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သူနဲ့တွေ့ရမှဖြစ်မယ်၊ အဲဒီလိုတွေ့ရဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာတော့ ကျွန်တော်ပြောမပြနိုင်ဘူးဗျာ'

ဒါပေမယ့် သူ့အခြေအနေက အားပြတ်ပြီးလဲနေ ...'

'တခဏလောက်ဗျာ'

'ကျွန်တော် အခြေအနေ ကြည့်လိုက်ပါဦးမယ်၊ ပြည့်နှယ် အုပ်ချုပ်ရေးမှူး ခင်ဗျာ'

တာဝန်ခံအရာရှိ ခပ်သုတ်သုတ် လျှောက်သွားသည်။ ဒေါ်ကြက်ခြေကို ခေါ်သွင်းသွားသည့် ဟာလာဟင်းလင်း အခန်းကျဉ်းကလေးဆီ ဦးတည်လျက်။

ကလေတန်ကြီးကား မူလကလေတန်ကြီးနှင့် မတူတော့။ သူ့မျက်နှာညှိုးချုံးနေ၏။ ကြံရာမရ ဦးနှောက်ခြောက်နေသော သူ့ပုံ၊ သူ့ပါတီဝင် ရဲဘော်များသာတွေ့လျှင် သူတို့အားထားနေသည့်ခေါင်းဆောင်ကလေးကလောင်းဟု ဘယ်သူမျှမှတ်မိကြမည်မဟုတ်။

'ကျွန်တော် အတွေးခေါင်နေပြီ၊ ဟော်လီက ရေနစ်သွားတာပဲ၊ သူဘယ်လိုလုပ်ပြီးအသက်ရှင်နေနိုင်ပါ့မလဲ'

သူ့မေမေကို စိုက်ကြည့်ရင်း တီးတိုးရေရွတ်နေ၏။

အက်စ်တဲလ် အင်ဒါဆင်၏ မျက်လုံးများက ကြောင်တောင်တောင်ငေးလျက်။

သူ့သားတော်မောင်ကို အဖြေမပေး။

× × ×



## အခန်း( ၂၆ )

ဘာအခင်းအကျင်းမျှ မရှိသည့် လေးထောင့်ကွပ်ပျစ်ပေါ်တွင် ဒေါ်ကြက်ခြေ။

ငြိမ့်ငြိမ့်သက်သက် ပက်လက်ကလေး၊ တုတ်တုတ်နိုင်နိုင် အစောင့်ရဲမေက သူ့နံဘေးမှာရပ်လျက်။ ဒေါက်တာအီဗန်းက သူ့အပေါ်ခါးကိုင်းပြီး ဂရုတစိုက်အကဲခတ်စောင့်ကြည့်နေသည်။

'ကျွန်မ ရှေ့နေလေး'

ဟော်လီ တိုးညင်စွာပြော၏။ ရင်ထဲမှာတော့ ကြည်နူးချမ်းမြေ့နေဆဲ။

'သူ ဘယ်မှာလဲဟင်'

'ဒေါ်ဒေါ် ငြိမ်ငြိမ်ကလေးနေရမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



ဟော်လီသူ့ကိုယ်ကို ပန်းလျှော့လှုပ်ယမ်း၏။ ကျိုးထိုးကြိုးစား၏။ ဝေဒနာတစ်ရပ် သူ့ရင်ထဲ စူးခနဲတိုးဝင်လာ၏။ ရုတ်တရက် အသက်ရှုကျပ်လာသည်။

'ကျွန်မ သူ့နဲ့တွေ့ရမှ ဖြစ်မယ်'

'ဒေါ်ဒေါ် ငြိမ်ငြိမ်ကလေး လှဲနေပါ့မယ်လို့ကတိပေးရင် ခေါ်ပေးမယ်'

ဒေါက်တာအီဗန်း၏လက်က သူ့အား ညင်ညင်သာသာကလေး တွန်းလှဲလိုက်သည်။

'မြန်မြန်'

အသက်ကို မနည်းရှုနေရသည်။ သူ့အခြေအနေ၏ နောက်ဆုံးအဆင့်နှင့် မလွဲမသွေ ရင်ဆိုင်ရတော့မည့် အမှန်တရားကို ရိပ်စားမိနေပြီ။

'မြန်မြန်ခေါ်ပေးပါ'

အမြင်အာရုံတွေကို ပိတ်ဆီးစိုးမိုးစပြုလာသည့် အမှောင်ထုကြီးအား ဟန့်တားနိုင်ရန် မျှော်လင့်ချက်ဖြင့် ပက်လက်လဲနေရင်း မျက်နှာကြက်ကို အားစိုက်ကြည့်၏။ အစောင့်ရဲမေ၏ ယူနီဖောင်းဖြူဖြူသည် ဝေဝေဝါးဝါး။

ဟုတ်ပြီ၊ သေခြင်းတရား၊ ဒါကိုတော့ ရင်ဆိုင်ရမှာပဲလေ။ အနေးနဲ့အမြန်ပေါ့၊ မဟုတ်ဘူးလား။

သေခြင်းတရားဆိုတာ လူတိုင်းရင်ဆိုင်ကြရမည်။ ဒါကရှောင်လွှဲလို့မရ။ အဲ . . . ဟော်လီပါကာ အတွက်သာ သေခြင်းတရားကို နှစ်ကျော့ပြန် ရင်ဆိုင်ရသလို ဖြစ်နေသည်။

ဟော သူရောက်လာပါပြီကော၊ ကြည့်စမ်း ချောလိုက်တာ၊ မျက်နှာက ဖြူဖျော့ပြီး သောကတွေ လွှမ်းလို့ပါလား။





ဟော်လီကသားငယ်၏ အပြုံးမျက်နှာကို တွေ့သည်နှင့် သားငယ်လက်ကို လှမ်းကိုင်သည်။ မျက်လုံးတွေ စုံမှိတ်လိုက်သည် . . . ခုလို လုပ်လိုက်ရတော့ ရင်ထဲမှာဝေဒနာတွေ လွင့်စဉ်သွားသလိုလို။

'ဒေါ်ကြီးတို့ နှစ်ယောက်တည်း ရှိမှာလားဟင်'

ဟော်လီ တိုးတိုးညင်းညင်း မေး၏။ ထို့နောက် ဒေါက်တာအီဗန်း၏အသံကို သူကြားရသည်။

'ကျွန်တော်တို့ အပြင်မှာရှိနေမယ်၊ ဒေါ်ဒေါ် ငြိမ်ငြိမ်သက်သက်ကလေးနေရမယ်ဆိုတာ မမေ့နဲ့နော်'

ဆရာဝန် သတိပေးချက်ကို ဟော်လီပြုံး၏။ သိပ်မကြာလွန်းသော အချိန်အတွင်း၊ ဒေါ်ကြီးထာဝရနှုတ်ပိတ်ရတော့မှာပါကွယ်။

တံခါးပိတ်သံ သဲ့သဲ့ကိုကြားရတော့ မျက်လုံးတွေ ဖွင့်လိုက်၏။ သားတော်မောင် ဆင္ဓမမြောက် ကလေးတန်အင်ဒါဆင်ကို တဝကြီးကြည့်သွားချင်သည်လေ။ မရောင့်ရဲနိုင်သော မေတ္တာများဖြင့် အခွင့်အရေးရသလောက် တစိမ့်စိမ့်တသိမ့်သိမ့် ကြည့်သွားချင်ပါသေးသည်။

'ဒီအမှုမှာ ကျွန်တော်တို့ နိုင်မှာပါဒေါ်ဒေါ်၊ ဘာမှစိတ်မပူနဲ့သိလား'

'မင်းက ကျောင်းမှာ စာသိပ်တော်တာပဲလား ဟင်'

ယုယုယယ မြတ်မြတ်နိုးနိုးကြီး မေးလိုက်၏။ သူ့အမေးကြောင့် ရေ့နေလေးအံ့အားသင့်သွားသည်။

'ရှက်ကြမ်းရေကျို့ အဆင့်ထက်တော့ သာပါတယ်'

'ရှက်ကြမ်းရေကျို့'



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ရေရွတ်ရင်း ဟော်လီ တခစ်ခစ် ရယ်လိုက်၏။

'အဲဒီ အသုံးအနှုန်းကို ဒေါ်ကြီးဖေဖေ ဆုံးပြီးကတည်းက တစ်ခါမှ ထပ်မကြားခဲ့ရဘူး'

'ဒေါ်ဒေါ့်သားကို ကျွန်တော် သွားခေါ်ပေးပါရစေလား ဒေါ်ဒေါ်ရယ်၊ သူသာသိသွားရင်လေ ... ကျွန်တော်ထင်ပါတယ်'

'မင်းကဘယ်မှာနေလဲဟင်'

အချိန်တွေ သိပ်မနှောင်းမီ သားလေးအကြောင်း အကုန်အစင် သိသွားချင်သည်လေ။

'နယူးယောက်မှာပါ'

သားလေးအသံက သူ့ဖအေ အသံနှင့် တစ်ထေရာတည်းပါလား၊ သူနားထဲမှာတော့ ဖအေ့အသံအတိုင်း ကြားနေရသည်။

'တစ်ယောက်တည်းနေတာလား'

ဟာလာဟင်းလင်း အခန်းကလေးသည် တိတ်ဆိတ်ငြိမ်သက်လွန်းနေ၏။ သချိုင်းတစ်နေရာရှိ အုတ်ဂူကလေး တစ်ခုပမာ။

'အိပ်ခန်းတစ်ခန်းပါတဲ့ အထပ်တစ်ထပ် ငှားထားတယ်ခင်ဗျ'

ဒေါ်ကြက်ခြေနှင့်ပိုနီးသွားအောင် တလေတန်လေး ရှေ့သို့ ခါးကိုင်းလိုက်၏။ သူ့သွင်ပြင်က အရေးတကြီး ဖြစ်လာသလို။

'ဒေါ်ဒေါ် အသက်ထင်ရှား ရှိနေသေးတဲ့အကြောင်း၊ ဒေါ်ဒေါ့်သားကို အသိပေးလိုက်ပါလား ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ့်ကို ချစ်ဖို့အခွင့်အရေးကလေး သူ့ကိုပေးလိုက်ပါဦးလားဟင်'

'မင်းမှာ ရည်းစားရှိလားကွယ်'

သားသား၏ လက်ချောင်းကလေးများကို တယုတယ





ဆုပ်နယ်လိုက်၏။ ခေါင်းထဲမှာတော့သားချော့တေးကို ဆိုညည်းနေသည့် သူ့အသံနှင့် မကျေမနပ်မေးခွန်းထုတ်နေသော သားငယ်လေး၏ အသံကိုကြားယောင်နေသည်။ မေမေ သေလွန်ခြင်းဆိုတာ ဘာလဲမေမေ။

'ဟုတ်ကဲ့ ရှိပါတယ် ကျွန်တော်တို့ မကြာခင်လက်ထပ်တော့မှာပါ'

'မင်းသူ့ကို သိပ်ချစ်တာပဲလား ဟင်'

'သိပ်ချစ်တာပေါ့ ဒေါ်ဒေါ်ရာ'

သူတို့စကားပြောနေတာက တရားခွင်ထဲမှာလို၊ မေးခွန်းများနှင့် အဖြေများ။ သို့ပေမယ့် ခြားနားမှုတော့ရှိပါသည်။ နှလုံးသားမှာ နွေးထွေးရသော၊ မေတ္တာခြုံသော ခြားနားမှုတစ်ရပ်ရှိနေပါသည်။

'ဘဝမှာ မက်မောစရာဆိုလို့ ချစ်နေရတဲ့ သမယကလေးတွေပဲ ရှိတာပါကွယ်၊ ချစ်နေရတဲ့သမယကလေးတွေဟာ ဘဝရဲ့ထွန်းလင်းတဲ့အချိန် ဝင်းပတဲ့အချိန်ကလေးတွေပဲ၊ နောက်တော့ အဲဒီအချိန်တွေ မှေးမှိန်ပျောက်ကွယ်သွားတတ်တယ်လေ။ အဲဒီအချိန်သမယလေးတွေကို မင်းရင်ထဲမှာအမြတ်တနိုးသိမ်းထားနော်'

ခဏနားလိုက်၏။ သင့်တင့်လျောက်ပတ်မည့် စကားလုံးတွေရွေးနေ၏။ ရင်ထဲဝယ် ဗူးကနဲတိုးအောင့်လာ၏။

'မင်းတို့လက်ထပ်ပြီးရင်လေ၊ ... နှစ်ယောက်ထည်းနေကြသိလား၊ နှစ်ယောက်ထည်း လွတ်လွတ်လပ်လပ်နေဖို့ သိပ်အရေးကြီးတယ်နော်သိလား'

ကလင်တန်လေး တရင်းတနှီးရယ်ရင်း။

'သားတွေ သမီးတွေ ရတဲ့အချိန်ထိပေါ့နော်'

'ဟုတ်တယ် သားတွေ သမီးတွေရတဲ့အချိန်အထိပဲ၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းကလေးတစ်ယောက်ရပြီဆိုတာနဲ့ အိမ်လေးတစ်လုံးဝယ်ပေတော့'

သူသည် အမှောင်ထုထဲသို့ မျောပါသွားပြီဖြစ်ကြောင်း သူ့ကိုယ်သူ ခံစားသိရှိလိုက်၏။ အိမ်ကလေးကို သူ့မျက်စိထဲ ကွင်းကွင်းကွက်ကွက် မြင်နေရ၏။

'အိမ်ကလေးက အုတ်နံရံအနီရောင်နဲ့ နေချင့်စဖွယ် လမ်းကလေးထဲမှာ၊ အိမ်နီးချင်းကောင်းတွေနဲ့၊ နောက်ပြီး သားတွေသမီးတွေ တစ်ပြုံတစ်မကြီးနဲ့'

ကလေးတန်လေး၏ အသံသည် ဟိုအဝေးကြီးမှ လွင့်ပျံ့လာသည်။ သူ့မျက်နှာက မှုန်မှုန်ဝါးဝါး။

'ဒေါ်ဒေါ့်မှာ အဲဒီအိမ်ကလေးမျိုး ရှိခဲ့သလား ဟင်'

'ရှိတော့မယ့် ဆဲဆဲပေါ့ကွယ်၊ အို . . . ဒေါ်ကြီးဟာလေ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး အပျော်ရွှင်ဆုံးမိန်းမတစ်ယောက်ဘဝကို ရလုဆဲဆဲ ဖြစ်ခဲ့ပါတယ်ကွယ်'

ပျော့ခွေ အေးစက်နေသော သူ့လက်ချောင်းကလေးများကို ကလေးတန်လေး ပိုပြီးတင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်မိ၏။

'တဆိတ်လောက် ဒေါ်ဒေါ်ရယ် . . . ဒေါ်ဒေါ့်သားကို ကျွန်တော် သွားခေါ်ပါရစေလား ဟင်'

'ဟင့်အင်း'

'ကျွန်တော်သာ ဒေါ်ဒေါ့်သားဖြစ်ရင်လေ ကျွန်တော်သိချင်နေမှာပဲ၊ သူ့အတွက် တစ်ဘက်သတ် ဆုံးဖြတ်ချက်တွေ မလုပ်ပါနဲ့လား ဒေါ်ဒေါ်ရယ်'

ဟော်လီ့အသံ အားပျော့လာသည်။ အမှောင်ထုက ပို၍ သိပ်သည်းလာသည်။

'ဒေါ်ကြီးမှာ ပိုင်ဆိုင်ခွင့်ဆိုလို့ အဲတာတစ်ခုပဲ ရှိတော့တာ





ပါကွယ်'

'မအေ တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်လေ၊ အဲဒါမှသူဟာ ဒေါ်ကြီး ရဲ့ အကုသိုလ် ဒုစရိုက်တွေနဲ့ ကင်းလွတ်ရမယ် မဟုတ်လား'

'ဒေါ်ဒေါ့်သားဟာ ဒေါ်ဒေါ့် နံဘေးမှာ ရှိကိုရှိနေသင့်တယ်ဗျ'

ကလေးတန်လေး ယုံကြည်စွဲမြဲစွာပြော၏။

ဟော်လီက သားတော်မောင်၏ လက်ကို ဖျစ်ညှစ်လိုက်၏။ အမြင်ကတော့ ကွယ်နေပြီ၊ သူ့သားကို သူမမြင်ရတော့။

'ဒေါ်ဒေါ့်နံဘေးမှာ မင်းရှိနေသားပဲကွယ်'

'ဟုတ်ကဲ့ပါ'

သူ့အသံတွင် ရှိုက်သံတစ်ဝက်စွက်သွားသည်။

သားလေး၏အနမ်း သူ့ပါးပေါ်ကျရောက်လာသည်ကို ဟော်လီ ထိတွေ့ရ၏။ နူးညံ့သောအနမ်း၊ ကြင်နာသောအနမ်း၊ ညင်သာသောအနမ်း။

သူ့ရင်မှာ ကြည်နူးမှုအပြည့် ချမ်းမြေ့မှုအပြည့်

သူ့ရင်သွေး၏ မျက်နှာကို ရှုရှုလေးစမ်းကြည့်သည်၊ လက်… ဖက်ကြားတွင် ဖွဖွလေးကိုင်ထားသည်။ ပီဘိတဒင်္ဂမျှသော ကာ… ယ်အတွင်း သားလေး၏မျက်နှာကို ပြန်မြင်ပြီး မြင်လိုက်ရ၏။ သူမြင်… ရသည့်မျက်နှာမှာ သူ့ဘဝနှင့်ရင်းပြီး ချစ်ခဲ့ရသည့် ချစ်သော မောင်… မျက်နှာ။ ကလေးတန်ကြီး၏မျက်နှာ၊ နောက်ပြီး ပါကာသွေးပါသည့် မျက်လုံး။

'ဒီနေ့'

သူ့ အသံ တိုးတိမ်အားပျော့လွန်းနေ၏။

'ဒေါ်ကြီးမှာ သားတစ်ယောက်ရပြီလေ၊ အို . . .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ကြည်နူးချမ်းမြေ့စရာ ကောင်းလိုက်လဲကွယ်'

ကြီးရာမရ ငိုညည်းသံတစ်ခု ကလေတန်လေး နှုတ်ဖျားမှ ပွင့်ထွက်သွား၏။ ဝုန်းခနဲခုန်ထပြီး မတ်မတ်ကြီးရပ်နေမိ၏။

ဟော်လီပါကာအင်ဒါဆင်၏မျက်လုံးများ ထာဝရမှေးမှိတ်သွားလေပြီ။

ဒေါ်ကြက်ခြေ ကွယ်လွန်သွားပြီဖြစ်၏။

ဒေါက်တာအီဗန်းက ခုတင်နံဘေးမှ လှည့်ထွက်လာသည်၊ ခေါင်းယမ်းလျက်။

တရားရုံးစင်္ကြံတစ်လျှောက် ကလေတန်လေး လေးတွဲ့စွာလျှောက်လာ၏။ သူ့အား သူ့ဖေဖေစောင့်နေသည်ကို တွေ့ရသည်။

'ဂျူရီလူကြီးတွေ ပြန်ရောက်နေပြီ၊ တရားခွင်မှာ သားရှိနေဖို့လိုတယ်လေ၊ မင်းနိုင်မှာပါကွာ၊ ဒီအမှုမှာမင်းနိုင်ဖို့သေချာပါတယ်သားရယ်'

ကလေတန်လေး၏ မျက်လုံးတွေ မျက်ရည်များကြောင့် အရောင်လဲ့နေ၏။

'ခုမှတော့ နိုင်နိုင်မနိုင်နိုင် မထူးတော့ပါဘူး ဖေဖေ'

ဖေဖေကလေတန်ကြီးက သားတော်မောင်ကို စူးစူးငေးငေးကြည့်၏။ သူ့မျက်နှာတွင် ခိုင်မာသောသန္နိဋ္ဌာန်တစ်ရပ် ထင်ဟပ်နေ၏။ ထို့နောက် တိုးတိတ်စွာပြောသည်။

'ထူးတယ်သား၊ သိပ်ကိုထူးတာပေါ့၊ ဘယ်လိုထူးသလဲဆိုတာ သား ဒီတသက် သိနိုင်မှာမဟုတ်တော့ပါဘူးကွယ်'

သူ့ သားကရုတ်တရက် ရှိုက်လိုက်၏။ တစ်ဖက်သို့လှည့်သွားသည်။ သူ့တစ်ကိုယ်လုံး သိမ့်သိမ့်ခါနေသည်။

'ဘာကြောင့်ရယ်တော့ မသိဘူးဖေဖေ၊ ကျွန်တော် သူ့ကို





ချစ်တယ်၊ သူ့ကိုစမြင်မြင်ချင်းကတည်းက သံယောဇဉ်ဖြစ်ပြီး ချစ်နေမိတာ'

သူ့ဖေဖေက သူ့ပခုံးပေါ် လက်တစ်ဖက်တင်လာသည်။ ပြီးတော့ ညင်ညင်သာသာလေး ပုတ်နေသည်။ ထို့နောက် သူတစ်ယောက်တည်းသာ နားလည်ခံစားနိုင်သော အတိုင်းအဆမဲ့အဓိပ္ပါယ်ဖြင့် ပြောလိုက်၏။

'ဖေဖေသိပါတယ် သားရယ်'

ကလေတန်လေး တဒင်္ဂမျှနောက်ဘက်သို့ ပြန်လှည့်ကြည့်၏။

ဒေါ်ကြက်ခြေ သေဆုံးကျန်ရစ်ခဲ့သည့် အခန်းကျဉ်းကလေးဆီသို့။

ထို့နောက် သူ့ဖေဖေ ဦးဆောင်ခေါ်သွားသည့်အတိုင်း စင်္ကြံလမ်းတစ်လျှောက် လိုက်လာသည်။ တရားခွင်သို့ ပြန်ဝင်သည်။

ထိုအခိုက်အတန့် ထိုသမယများတွင် သူ့ဖေဖေ၏ ရင်တွင်း၌ ဘယ်လိုခံစားနေရသည်ကို သူမသိ၊ နားမလည်။

ပဋ္ဌမမြောက်ကလေတန်အင်ဒါဆင်သည် သူတို့နှစ်ယောက် ဆုံးရှုံးစွန့်လွှတ်ခဲ့ရသော အံထိုးကျန်ကာလများအတွက် မှတ်မှတ်သိပ်သိပ် တမ်းတမ်းတတ ယူကျုံးမရဖြစ်နေ၏။ သူ နှင့်နှင့်နဲနဲ ချစ်ခဲ့ရသောဟော်လီဆိုသည့် မိန်းမတစ်ယောက်အတွက် ရင်ထဲမှာ ကျိတ်ငိုနေ၏။

ဟုတ်သည်။

သူချစ်ခဲ့ရသော မိန်းမတစ်ယောက်။

ဘယ်ရင်သွေးကမဆို သူ့မေမေပါဟု ဝင့်ကြွားဂုဏ်ယူစွာ ကြေညာနိုင်သည့် မိခင်တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



သူမရှိတော့သည့် နောက်ပိုင်း မြစိမ်းမြိုင် စံအိမ်ကြီးသည် ဘယ်တုန်းကမျှ ယခင်နှင့်မတူခဲ့တော့ပါချေ။

× × ×

မြတ်ငြိမ်း
၂၀–၁၂–၈၆

www.burmeseclassic.com